SYNERGY
Publications

# နိုင်းနိုင်းစနေ

## နှလုံးသားဝန်ဆောင်မှု နှင့်

အခြား ချစ်ခြင်းမေတ္တာ စိတ်ခွန်အားဖြည့်စာစုများ



UAL ART
RUARY 2011

# နှိုင်းနှိုင်းစနေ

## နှလုံးသားဝန်ဆောင်မှု နှင့်

အခြား ချစ်ခြင်းမေတ္တာ စိတ်ခွန်အားဖြည့်စာစုများ



NNSN11 - 2000 MMK
ISBN 9901100120197
9 901100 120197

နိုင်းနိုင်းစနေ

**နှလုံးသားဝန်ဆောင်မှု**

Synergy Publications
အမှတ်(၂၃)၊ ပထမထပ်၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၂၅၄၀၀၆၀၄၉၊ ၀၉ - ၅၀၃၃၉၄၁

ပုံနှိပ်ခြင်း ပထမအကြိမ် (၂၀၁၂ ဇန်နဝါရီ)
ဒုတိယအကြိမ် (၂၀၁၇၊ ဇူလိုင်)
အုပ်ရေ ၁၀၀၀
မျက်နှာဖုံး CHEN HMINE AUNG
ကွန်ပျူတာစာစီ Synergy
ထုတ်ဝေသူ ဦးသုတ (၀၀၅၁၂)၊ Synergy Publication၊
အမှတ်(၂၃)၊ ပထမထပ်၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်၊ အမှတ် (၄၂၃)၊ (၁)ရပ်ကွက်၊
အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်။
တန်ဖိုး ၂၀၀၀

၁၃၁.၃
နိုင်းနိုင်းစနေ
နှလုံးသားဝန်ဆောင်မှု / နိုင်းနိုင်းစနေ။ - ရန်ကုန်၊
Synergy Publication၊ ၂၀၀၇။
၁၀၀ - စာ၊ ၁၅၂ - မျက်နှာ၊ ၁၂ စင်တီမီတာ၊ ၁၈.၃ စင်တီမီတာ။
(၁) နှလုံးသားဝန်ဆောင်မှု

# မာတိကာ

(၁) အရှုးနှစ်ယောက်ရဲ့ချစ်ပုံပြင် ၇
(၂) ပုစဉ်းရင်ကွဲ ၁၃
(၃) "ဆောရီး" လို့ အလွယ်တကူ မပြောပါနဲ့ ၁၈
(၄) ကွာရှင်းဟိုတယ် ၂၆
(၅) အပျော်ရွှင်စေဆုံး စကားတစ်ခွန်း ၃၅
(၆) အချစ်ဝေဖန်ရေးဆရာ ၃၈
(၇) အချစ်ကို မငြင်းဆန်နဲ့ ၄၂
(၈) သော့အိမ်နဲ့သော့လိုအချစ် ၄၅
(၉) အချစ်တွေ ဘယ်လောက်မှ လုံလောက်သလဲ ၄၉
(၁၀) အချစ်ရယ်၊ ဘာကြောင့် ရန်ဖြစ်ရက်တယ် ၅၃
(၁၁) အချစ်ရဲ့အရိပ်အယောင် ၆၂
(၁၂) အချစ်အက္ခရာ A to Z ၆၉
(၁၃) အင်တာနက်ပေါ်က "အချစ်" ၇၈
(၁၄) ချစ်ဖို့မလောနဲ့၊ အချိန်ပေးပါ ၈၂
(၁၅) ဘာလဲ အချစ်ဆိုတာ ၈၇
(၁၆) ဝမ်အမ် ဌတ်နိုက် ၉၁
(၁၇) အောင်မြင်တဲ့ အိမ်ထောင်ရေး ၉၅
(၁၈) လွင့်ပါးခဲ့တဲ့ အချစ် ၁၀၀
(၁၉) ဝေးလွင့်နေစွဲ ဖေဖော်ဝါရီ (၁၄) ၁၀၅
(၂၀) နှလုံးသားဝန်ဆောင်မှု ၁၁၉
(၂၁) သော့ ၁၂၅

| | | |
|---|---|---|
| (၂၂) | နလုံးသွေးမျက်ရည် | ၁၂၉ |
| (၂၃) | ရေခဲမြစ်ထဲက ချစ်ပုံပြင် | ၁၃၄ |
| (၂၄) | ရုပ်လှစရာမလို အနေလှဖို့သာလို | ၁၃၈ |
| (၂၅) | လမ်းခွဲရှင်းတမ်း | ၁၄၃ |
| (၂၆) | အိမ်ထောင်ရေး (၃)မျိုး | ၁၄၅ |
| (၂၇) | ယောကျ်ားတွေကို ကျဆုံးစေသော | ၁၄၉ |
| (၂၈) | အိမ်ထောင်ရေးမည်သော ဖိနပ်တစ်စုံ | ၁၅၆ |
| (၂၉) | အိမ်ထောင်ရေးဆိုတဲ့ ကားတစ်စီး | ၁၆၁ |
| (၃၀) | ခွင့်လွှတ်ခြင်းကို ရွေးချယ်သူ | ၁၆၄ |
| (၃၁) | စွန့်လွှတ်ခြင်းကို ရွေးချယ်သူ | ၁၆၈ |
| (၃၂) | စကားနှစ်ခွန်း လျှော့ပြောပါ | ၁၇၂ |
| (၃၃) | အိမ်ထောင်ရေး ကယ်တင်ကြိုးပမ်းပွဲ | ၁၇၇ |
| (၃၄) | မိန်းကလေးတွေ လှကြစမ်းပါ | ၁၈၆ |
| (၃၅) | မိန်းကလေးတွေ လှကြစမ်းပါ (၁) | ၁၉၁ |
| (၃၆) | ယောကျ်ားတွေ ယောကျ်ားပီသကြစမ်းပါ | ၁၉၅ |
| (၃၇) | ဆင်းရဲဒုက္ခကို ကျော်လွှားတဲ့ အမျိုးသမီး | ၂၀၀ |
| (၃၈) | မိန်းမသားတွေရဲ့စိတ်နေသဘောထား | ၂၀၂ |
| (၃၉) | မိန်းမသားတွေရဲ့စိတ်နေသဘောထား (၁) | ၂၀၅ |
| (၄၀) | တိုးတိုးတိတ်တိတ် စကား (၁၀)ခွန်း | ၂၀၇ |
| (၄၁) | လက်ထပ်ရှင်းတမ်း | ၂၁၃ |
| (၄၂) | ချမ်းသာသူကို ဘယ်လိုလက်ထပ်ယူရမလဲ | ၂၁၇ |
| (၄၃) | ယောကျ်ားများကြောက်သော မိန်းမ | [illegible] |
| (၄၄) | ကျိန်စာသင့် မျက်နှာဖုံး | ၂၂၈ |


# အရူးနှစ်ယောက်ရဲ့ချစ်ပုံပြင်

'ဟား ... ဟား ... ကျွန်တော် လူသတ်လိုက်ပြီ၊
ခင်ဗျားတို့ကြည့်၊ ကျွန်တော် လူသတ်လိုက်ပြီ ...'

ဟိုးရှေးရှေးတုန်းက ဒီလိုအချစ်ပုံပြင်လေးတစ်ပုဒ် ရှိခဲ့ဖူးတယ်။

ပုံပြင်ထဲက ယောကျ်ားနဲ့မိန်းမ နှစ်ဦးစလုံးဟာ ရူးနေကြတယ်။ သူက ရူးနေလို့ တစ်ချိန်လုံး အရူးစကားပဲ ပြောတတ်တယ်၊ သူမကလည်း ရူးနေပြီး တစ်ချိန်လုံး သူ့ကိုပဲ ခပ်တုံးတုံးရယ်ပြပြီး စိုက်ကြည့်နေတတ်တယ်။

အစက သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မသိကြဘူး။ သူက တောင်အရပ်မှာနေပြီး သူမက မြောက်အရပ်မှာနေကြတယ်။ အိမ်ကလူတွေက သူတို့နှစ်ယောက်ကို တုံးအတယ်ဆိုပြီး ဂရုမစိုက်ဘဲ သွားချင်ရာသွားဆိုပြီး စွန့်ပစ်ထားကြတယ်။ တောင်အရပ်ကနေ မြောက်အရပ်ဆီဦးတည်

ပြီး သူ ထွက်လာခဲ့တယ်။ မြောက်အရပ်ကနေ တောင်အရပ်ဆီဦးတည်ပြီး သူမ လေလွင့်ခဲ့တယ်။ နှစ်ယောက်စလုံး လေလွင့်ခဲ့ကြတယ်။

တကယ်တော့ အရင်က သူ မရူးဘူး။ တစ်ခါက အလုပ်ခွင်မှာ ခေါင်းကို အုတ်နဲ့ရိုက်မိပြီး သူ ရူးသွားတာဖြစ်တယ်။ သူမလည်း အစက မရူးဘူး။ တက္ကသိုလ်ဝင်တန်းမှာ မြို့နယ်ပထမရခဲ့တဲ့ သူမနေရာကို သူဌေးသမီးတစ်ယောက် ဝင်ယူလိုက်ရာက ဘယ်သူနဲ့မှ သူမ စကားမပြောတော့ဘူး။ အဖေအမေကိုလည်း ဂရုမစိုက်တော့ဘူး။ နောက်တော့ သူမ ရူးသွားခဲ့တယ်။

လမ်းခရီး ဘယ်လောက်ကြာကြာ သူတို့ လျှောက်ခဲ့ကြမှန်း မသိဘူး။ သူ့ကိုယ်ပေါ်က အဝတ်အစားတွေ ညစ်ပတ်ပေရေနေတယ်။ မည်းညစ်နေတဲ့ ခြေဖျားတွေ ဖိနပ်ထိပ်မှာ ပြူထွက်နေတယ်။ သူမကိုယ်ပေါ်က အနီရောင်ဝတ်စုံလည်း မီးခိုးရောင်ဖြစ်နေခဲ့တယ်။ ရှုပ်ပွနေတဲ့ သူမဆံပင်ပေါ်မှာ မြက်ခြောက်တွေ ကပ်ငြိနေတယ်။ ဒါပေမယ့် သူမမျက်နှာ ဖြူနေတယ်။ ဖြူရော်နေတယ်။ လက်ထဲမှာ ရေပုလင်းတစ်လုံးကိုင်ထားပြီး လမ်းသွားလမ်းလာတွေကို ထုံ့အအ သူမ ရယ်ပြနေခဲ့တယ်။

ညနေဝင်ရီတရောအချိန်မှာ သူနဲ့သူမ တွေ့ကြတယ်။ အမှိုက်ပုံးတစ်ခုမှာ မှိုတက်နေတဲ့ ပေါင်မုန့်တစ်ချပ်ကို အတူတွေ့ကြရင်း သူတို့နှစ်ယောက် ဆုံခဲ့ကြတယ်။ ပေါင်မုန့်ဆီ နှစ်ဦးသား လက်လှမ်းပြီး ကောက်ယူချိန် ခေါင်းချင်းတိုက်ဆုံခဲ့ကြတာဖြစ်တယ်။ သူမကို သူ ရှုးရှုးစိုက်စိုက်ကြည့်ပစ်လိုက်တယ်။ သူ့ကို သူမ ရယ်ပြနေတယ်။ နောက်ဆုံး သူ့လက်ထဲ ပေါင်မုန့်ပါလာတယ်။ မည်းညစ်နေတဲ့ ပါးစပ်ကြီးကိုဟပြီး ပေါင်မုန့်ကို ခပ်နာနာ တစ်ချက်ကိုက်ချလိုက်တယ်။ သူမ မလှုပ်ဘဲ သူ့ကို ငေးစိုက်ကြည့်နေတယ်။





သူမကို အရောင်မပါတဲ့မျက်လုံးနဲ့ သူ တစ်ချက် စောင်းကြည့်လိုက်တယ်။ တံတွေးတွေကို မပြတ်မျိုချရင်း သူ့ကို သူမ ငေးကြည့်နေခဲ့တယ်။ စားလက်စပေါင်မုန့်ကိုရပ်ပြီး ထုံ့အအနဲ့ သူ့ကိုစိုက်ကြည့်နေတဲ့ သူမကို ပြန်စိုက်ကြည့်လိုက်တယ်။ အဲဒီလိုနဲ့ အရူးနှစ်ယောက် ဘာအမူအရာမှမပြဘဲ အချင်းချင်း စိုက်ကြည့်နေကြတယ်။

သူမကို သူ ပေါင်မုန့်ကမ်းပေးလိုက်တယ်။ တစ်ဝက်သာကျန်တဲ့ ပေါင်မုန့်ကို သူမ ဆတ်ခနဲဆွဲယူပြီး အားရပါးရ စားလိုက်တယ်။ နေရာက သူ လှည့်ထွက်လာခဲ့တယ်။ နောက်လှည့်မကြည့်ဘဲ အိပ်နေကျအိမ်အိုကြီးဆီ သူ ပြန်လာခဲ့တယ်။ အိမ်နားရောက်မှ သူ့နောက်မှာ သူမ လိုက်ပါလာမှန်း သိတယ်။ သူ့ကို သူမ ရယ်ပြပြန်တယ်။ သူတို့အချင်းချင်း စကားတစ်ခွန်းမှ မပြောကြဘဲ အိမ်အိုကြီးထဲမှာ အတူနေခဲ့ကြတယ်။

ညအိပ်ချိန်မှာ တစ်ခါမှ မခံစားဖူးတဲ့ နွေးထွေးမှုကို သူ ခံစားမိတယ်။ နိုးလာတော့ သူမက သူ့ကိုဖက်ပြီး အိပ်နေတယ်။ အရူးတစ်ယောက်ပုံစံနဲ့ မတူဘဲ နှစ်နှစ်ခြိုက်ခြိုက် သူ့ကိုဖက်ပြီး သူမ အိပ်ပျော်နေခဲ့တယ်။

အဲလိုနဲ့ အရူးနှစ်ယောက် တစ်အိမ်ထဲမှာ အတူနေဖြစ်ခဲ့ကြတယ်။ နေ့ခင်းမှာ နှစ်ယောက်အတူ ဈေးထဲက စားစရာတွေကောက်ယူစားပြီး သူတို့ ဗိုက်ဖြည့်ကြတယ်။ ညဘက်မှာ အိမ်အိုကြီးဆီ ပြန်အိပ်ကြတယ်။ တစ်ရက်ပြီး တစ်ရက်၊ တစ်လပြီးတစ်လ နေ့ရက်တွေကို သူတို့ ကျော်ဖြတ်ခဲ့ကြတယ်။

တစ်ညမှာ ဘယ်ကကောက်ရမှန်းမသိတဲ့ လက်စွပ်တစ်ကွင်းကို သူ ယူပြန်ခဲ့တယ်။ သံချေးတွေတက်နေတဲ့ လက်စွပ်ကို သူမလက်ထဲ သူ စွပ်ပေးလိုက်တယ်။ သူမက ထုံးစံအတိုင်း သူ့ကိုကြည့်ပြီး ရယ်နေတယ်။ အဲဒီညက သူမ အားရပါးရရယ်ဖြစ်တယ်။ တိတ်ဆိတ်တဲ့ညမှာ သူမရယ်သံကို အတိုင်း

သားကြားနေရတယ်။ ရယ်သံတွေရဲ့နောက်မှာ ငိုသံတွေ ပါနေခဲ့တယ်။ ပထမဆုံးအကြိမ် သူမ ငိုမိတယ်။ သူ့ကိုဖက်ပြီး ဘာမှန်းညာမှန်းမသိ သူမ ငိုနေမိတယ်။ သူက မတုန်လှုပ်တဲ့အပြင် မျက်နှာမှာလည်း ဘာအမူအရာမှ မပြခဲ့ဘူး။

သူမ ဖျားနေတယ်။ တစ်ခါမှ မဖျားဖူးတဲ့သူမ အပြင်းဖျားနေခဲ့တယ်။ သူနဲ့အတူ မနက်စာထွက်မကောက်ခဲ့ဘူး။ သူ့ကို ရယ်ပြမနေခဲ့တော့ဘူး။ သူ တစ်ယောက်တည်း အစာတွေသွားကောက်ပြီး မနေ့ခင်းမှာ ပြန်လာခဲ့တယ်။ လက်ထဲမှာ ရေအသစ်တစ်ဗူးနဲ့ ပေါင်မုန့်အသစ်တစ်ထုပ်ယူပြီး သူ ပြန်လာခဲ့တ်။ သူ့မျက်နှာတွေ ဖူယောင်နေတယ်။ လက်ညှိုးတွေလည်း ညိုမည်းနေတယ်။ နာခေါင်းမှာလည်း သွေးတွေပေနေတယ်။ ဆိုင်ထဲက ရေနဲ့ပေါင်မုန့်ကို သူဝင်လုတဲ့အချိန် ဆိုင်ပိုင်ရှင် ရိုက်ထားလို့ဖြစ်တယ်။

မျက်လုံးတွေကို သူမ မှိတ်ထားလည်း သူ့ကို အရင်လိုပဲ ရယ်ပြနေခဲ့တယ်။ ပေါင်မုန့်ကိုယူပြီး သူမပါးစပ်ထဲ သူ ထည့်ပေးလိုက်တယ်။ သူမ မစားနိုင်တော့ဘူး။ ကြည့်ရတာ သူမ သိပ်မဟန်တော့ဘူး။ အဖျားတွေတက်ပြီး သူမ မေ့မျောသွားခဲ့တယ်။ သူ့မျက်နှာပေါ်မှာ ပထမဆုံးအကြိမ် အမူအရာတွေကို မြင်ရတယ်။ စိုးရိမ်တဲ့အမူအရာ၊ အကူအညီမဲ့တဲ့ အမူအရာ၊ အိမ်အိုထဲကနေ သူ ထွက်ပြေးလာခဲ့တယ်။ အစိမ်းရောင်ဝတ် ရဲသားတစ်ဦးကိုတွေ့တော့ သူ ငိုတယ်။ ပထမဆုံးအကြိမ် သူ ငိုခဲ့တယ်။

"ကျွန်တော့်အမျိုးသမီးကို ကယ်ပါ" လို့ ပါးစပ်ကအော်ပြီး သူ ငိုတယ်။

"သွားစမ်း။ အရူး၊ တောက် . . . အိမ်ကထွက်တာနဲ့ ဘယ်ကအရူးနဲ့လာတိုးနေမှန်း မသိဘူး"





ရဲသားက ပြောပြောဆိုဆို သူ့ကို ကန်ထည့်လိုက်တယ်။ မြေကြီးပေါ် သူ ပက်လက်လှန်ကျသွားတယ်။ ရဲသားက သူ့ဗိုက်တည့်တည့် အားနဲ့ သုံးလေးချက်ဆင့်ပြီး ကန်ချလိုက်တယ်။ ပြီးတော့ သူ့မျက်နှာပေါ် တံတွေးတစ်ချက်ထွေးထည့်ပြီး နေရာက ထွက်သွားတယ်။ မြေပေါ်မှာ သူ အကြာကြီးလဲနေခဲ့တယ်။ သူ ထနိုင်တဲ့အချိန် မျက်နှာပေါ်ကတံတွေးတောင် ခြောက်နေခဲ့ပြီ။

သူမကို ကျောပိုးပြီး လမ်းမကြီးပေါ် သူ ရောက်လာခဲ့တယ်။ လမ်းပေါ်မှာ လူတွေအများကြီး။ ဒါပေမယ့် သူတို့ကို တစ်ယောက်မှ ဂရုစိုက်မကြည့်ကြဘူး။ ကြည့်ကြတဲ့လူတွေကလည်း ရွံရှာတဲ့ အေးတိအေးစက်အကြည့်နဲ့ တစ်ချက်ကြည့်ပြီး ကိုယ့်လမ်းကိုယ်သွားလိုက်ကြတယ်။ သူမကို လမ်းဘေးတစ်နေရာမှာ သူ ချလိုက်ပြီး အကူအညီမဲ့မျက်လုံးနဲ့ လူတွေကို သူ လိုက်ကြည့်နေခဲ့တယ်။ သူမ အသက်မျှင်းမျှင်းလေးပဲ ရှူနေတယ်။ ရုတ်တရက် လမ်းဘေးက ဖန်ကွဲစတစ်စကို သူ ကောက်ယူပြီး သူမရဲ့ ညစ်ပတ်ပိန်လှီနေတဲ့လက်ပေါ် ခုတ်ချလိုက်တယ်။ သူမလက်ထဲကသွေးတွေ ဖြာခနဲ သူ့မျက်နှာပေါ်ပန်းတက်လာတယ်။

"ဟား . . . ဟား . . . ကျွန်တော် လူသတ်လိုက်ပြီ၊ ခင်ဗျားတို့ကြည့်၊ ကျွန်တော် လူသတ်လိုက်ပြီ"

အဲဒီနောက် အရေးပေါ်လူနာတင်ကားရောက်လာပြီး သူမကို သယ်ထုတ်သွားကြတယ်။ ဝိုင်းကြည့်နေတဲ့လူတွေက သူ့ကို ကန်ကျောက်ပြီး ဆဲဆိုထွက်သွားကြတယ်။ ကယ်တင်ခံရပေမယ့် နောက်ဆုံးမှာ သူမ သေဆုံးသွားခဲ့ရတယ်။ အရေးပေါ်ခန်းမှာ တစ်နာရီလောက်တောင် သူမ မနေခဲ့ရဘဲ ရင်ခွဲရုံထဲ ပို့ခံခဲ့ရတယ်။ သေဆုံးသွားပေမယ့် သူမမျက်နှာက ပြုံးနေခဲ့တယ်။ သေ

ဆုံးချိန်ထိ သူမလက်သူကြွယ်မှာ သံချေးတက်နေတဲ့ လက်စွပ်ကို စွပ်ထားဆဲဖြစ်တယ်။

သူမပြန်အလာကို သူ အကြာကြီးစောင့်နေခဲ့တယ်၊ ဒါပေမယ့် သူမလုံးဝပြန်မလာခဲ့တော့ပါဘူး။ သူ့ကိုရယ်ပြဖို့ ပြန်မလာခဲ့တော့ပါဘူး။ သူ ငိုမိတယ်၊ အားပါးတရ သူ အော်ငိုမိတယ်၊ ညတစ်ညလုံး သူ့ငိုသံတွေ လွှမ်းနေခဲ့တယ်။ ဒါပေမယ့် ဘယ်သူမှ သူ့ငိုသံကို သတိမထားခဲ့မိကြဘူး။

သူတို့စတွေ့ခဲ့တဲ့ အမိုက်ပုံးဘေးမှာပဲ သူ့ရဲ့ အေးစက်နေတဲ့အလောင်းကို လူတွေ တွေ့ခဲ့ကြတယ်၊ သူ့မျက်နှာပေါ်ကအပြုံးတောင် အေးစက်နေခဲ့ပါပြီ။ မှိုတက်နေတဲ့ပေါင်မုန့်တစ်ချပ်နဲ့ မဖောက်ရသေးတဲ့ ရေတစ်ပုလင်းက သူ့ရင်ခွင်ထက်မှာ တင်းတင်းကျပ်ကျပ်ပွေ့ဖက်လို့။

မူရင်း - http://www.duwenzhang.com/wenzhang/aiqingwenzhang/shanggan/20071216/1494.html

* * *

# ပုစဉ်းရင်ကွဲ

"လုံးဝ နောင်တမရပါဘူး" မျက်ရည်တွေကို သုတ်ရင်း သူ ပြန်ဖြေတယ် ..."

အေးချမ်းတဲ့မြို့လေးတစ်မြို့မှာ တစ်ဦးကိုတစ်ဦး အရမ်းချစ်ကြတဲ့ ချစ်သူနှစ်ဦးရှိတယ်။ သူတို့ဟာ အမြဲမခွာ တတွဲတွဲပဲ နေ့တိုင်း ပင်လယ်ဘေးကိုသွားပြီး နေထွက်၊ နေဝင်ချိန်ကို သွားကြည့်ကြတယ်။ သူတို့က မြင်သူတကာအားကျတဲ့ စုံတွဲလေးပါ။

ဒါပေမယ့် တစ်နေ့မှာ မတော်တဆ ကားတိုက်မှုကြောင့် ကောင်မလေး အပြင်းအထန် ထိခိုက်ဒဏ်ရာရပြီး မေ့မြောသွားခဲ့တယ်။ အိပ်ရာထဲမှာပဲ ငြိမ်သက်စွာ လဲလျောင်းနေရတယ်။ နေ့ဘက်ဆိုရင် ကောင်လေးက ကောင်မလေးနားမှာနေပြီး သူ့နာမည်ကို တတွတ်တွတ်ရွတ်ခေါ်တယ်။ ညဘက်ဆိုရင် ဘုရားကျောင်းသွားပြီး ကောင်မလေး ကျန်းမာလာစေဖို့ ဘုရားသခင်ထံ ဆုတောင်းတယ်။ အချိန်တွေ တဖြည်းဖြည်း ကုန်လွန်သွားခဲ့ပြီး ကောင်လေးခမျာ ငိုရလွန်းလို့ မျက်ရည်တွေတောင် ခမ်းလုနီးနေပြီ။ ကောင်

မလေးက မေ့မြောနေဆဲပဲ။ ဒါပေမယ့် ကောင်လေး လက်မလျှော့ခဲ့ဘူး။ ဘုရားသခင်ထံ ဆုတောင်းမြဲဆုတောင်းတယ်။

ဒီလိုနဲ့ တစ်ညမှာ ဘုရားသခင်က ကောင်လေးရဲ့ မလျှော့တဲ့ဇွဲနဲ့ ကောင်မလေးအပေါ်ထားတဲ့ မေတ္တာတရားကြောင့် သူ့အပေါ် သနားသက်ဝင်ပြီး မျှော်လင့်ချက်တစ်ခု ပေးလိုက်တယ်။ ဘုရားသခင်က ကောင်လေးကို "ကောင်မလေးရဲ့အသက်ကို ကိုယ့်ဘဝနဲ့ လဲလှယ်နိုင်မလား" လို့ မေးတယ်။ ကောင်လေးက တွေဝေမနေဘဲ လဲလှယ်နိုင်ကြောင်း ချက်ချင်းပြန်ဖြေတယ်။

"ဒါဆို ကောင်းပြီ၊ ကောင်မလေး အမြန်နိုးလာဖို့ အသင် ပုစဉ်းဘဝနဲ့ သုံးနှစ်အသွင်ပြောင်းရမယ်၊ သဘောတူနိုင်လား" လို့ ဘုရားသခင်က မေးမြန်းတယ်။ ကောင်လေးက မဆိုင်းမတွဘဲ သဘောတူကြောင်း ချက်ချင်းပြန်ဖြေလိုက်တယ်။

မိုးလင်းတာနဲ့ ကောင်လေးဟာ ပုစဉ်းတစ်ကောင်အသွင် ပြောင်းသွားခဲ့တယ်။ ပုစဉ်းလေးက ဆေးရုံဘက်ကို အလျင်အမြန်ပျံလာတယ်။ လူနာခန်းထဲဝင်ကြည့်တော့ ကောင်မလေးက နိုးနေပြီး ဆရာဝန်တစ်ဦးနဲ့ စကားပြောနေတာကို တွေ့တယ်။ သူတို့ပြောနေတာတွေကို ပုစဉ်းက မကြားရဘူး။ တစ်ပတ်၊ နှစ်ပတ်နေတော့ ကောင်မလေး ကျန်းမာလာပြီး ဆေးရုံက ဆင်းခဲ့တယ်။ ဒါပေမယ့် သူ မပျော်ဘူး။ နေရာအနှံ့ ကောင်လေးကို လိုက်စုံစမ်းတယ်။ လိုက်ရှာတယ်။ ကောင်လေးက ပုစဉ်းအသွင်နဲ့ ကောင်မလေးဘေးမှာ ရစ်ဝဲပျံသန်းနေပေမယ့် ကောင်မလေးကို သူ ခေါ်လို့မရဘူး။ ပွေ့ဖက်လို့ မရဘူး။ ကောင်မလေးကိုပဲ ငေးစိုက်ကြည့်နေခဲ့ရတယ်။

ဒီလိုနဲ့ နွေရက်တွေ တဖြည်းဖြည်း ကုန်လွန်ပြီး ဆောင်းဦးကို ရောက်လာခဲ့တယ်။ ဆောင်းလေညင်းတွေကြောင့် သစ်ရွက်တွေ တဖြုတ်ဖြုတ်ကြွေ





ကုန်တယ်။ ပုစဉ်း ဒီနေရာက ခွာရတော့မယ်။ နောက်ဆုံးအကြိမ်အဖြစ် ကောင်မလေးရဲ့ပခုံးထက်နားကို သူ အရဲစွန့်ပြီး သွားနားလိုက်တယ်။ နူးညံ့တဲ့ တောင်ပံနဲ့ ကောင်မလေးရဲ့ပါးပြင်ကို ထိလိုက်တယ်။ သေးငယ်တဲ့ပါးစပ်နဲ့ ကောင်မလေးရဲ့ပခုံးသားကို နမ်းရှိုက်လိုက်တယ်။ ကောင်မလေး သတိမထားမိခင်မှာ သူ တိတ်တဆိတ် ထပျံလာခဲ့တယ်။

မျက်စိတမှိတ်အတွင်းမှာပဲ နွေဦးရာသီကို ရောက်လာခဲ့တယ်။ နွေရောက်တာနဲ့ ချက်ချင်းပဲ ပုစဉ်းဟာ ကောင်မလေးနားကို အရောက်ပျံသန်းလာခဲ့တယ်။ ဒါပေမယ့် သူ ရင်းနှီးတဲ့ကောင်မလေးရဲ့ဘေးမှာ ခန့်ညားတဲ့ သူစိမ်းကောင်လေးတစ်ယောက်ကို သူ တွေ့လိုက်တော့ ပျံသန်းနေတဲ့ သူ့တောင်ပံတွေ လေဟာနယ်တစ်ဝက်တစ်ပျက်မှာ အရုပ်တန့်ခံလိုက်ရတယ်။

လူတွေက ကောင်မလေး ကားတိုက်ခံရတာ ဒဏ်ရာတွေ ဘယ်လောက်ပြင်းထန်ကြောင်း၊ ဒဏ်ရာတွေကို ကုသပေးတဲ့ ဆရာဝန်ဟာ ကောင်မလေးအပေါ် ဘယ်လောက်ဂရုစိုက်ကြောင်း၊ သူတို့ရဲ့အချစ်တွေက စံတင်ထိုက်တဲ့အကြောင်း၊ ကောင်မလေးဘဝက အရင်လို ပျော်ရွှင်ချမ်းမြေ့နေပြီဖြစ်တဲ့အကြောင်း ပြောသံတွေကို ပုစဉ်း ကြားလိုက်ရတယ်။ ပုစဉ်း ရင်ကွဲရပြန်တယ်။ ဆရာဝန်ကောင်လေးနဲ့ ကောင်မလေး ပင်လယ်ဘေးသွားပြီး နေဝင်၊ နေထွက်ကြည့်တာကို သူ အမြဲတွေ့နေရပေမယ့် တစ်ခါတလေ ကောင်မလေးရဲ့ပခုံးထက်မှာ ခဏသွားနားတာကလွဲလို့ သူ ဘာမှမတတ်နိုင်ခဲ့ဘူး။

ပုစဉ်းလေးဟာ ရင်ထဲကဝေဒနာတွေကို ကြိတ်မှိတ်ခံစားရင်း ဒီနှစ်နွေဟာ ခါတိုင်းနွေထက် ပိုရှည်လျားနေတယ်လို့ ထင်မိတယ်။ ကောင်မလေးနားမှာ ရစ်ဝဲပျံသန်းဖို့လည်း သူ့မှာ ခွန်အားတွေ ယုတ်လျော့နေတယ်။ ဆရာဝန်

ကောင်လေးနဲ့ ကောင်မလေးရဲ့ တီးတိုးစကားပြောသံနဲ့ ရယ်သံတွေက သူ့ကို အသက်ရှူကျပ်စေတယ်။

သုံးနှစ်ပြောက်နေ့ရောသီမှာတော့ ပုစဉ်းဟာ ကောင်မလေးကို ခဏ ခဏ သွားမကြည့်တော့ဘူး။ သူနားနေကျ ကောင်မလေးရဲ့ပခုံးကို ဆရာဝန် ကောင်လေးက တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားတယ်။ သူ့တောင်ပံနဲ့ထိနေကျ ကောင်မလေးရဲ့ပါးပြင်ဟာလည်း ဆရာဝန်ကောင်လေးက တယုတယ နမ်းနေတယ်။ ပုစဉ်းရင်ကွဲတစ်ကောင်က သူတို့အေးမှာ ရစ်ဝဲနေတယ်ဆိုတာကို ချစ်တင်းနှောပြီး ကြည်နူးနေတဲ့ သူတို့နှစ်ယောက် သတိထားမိမှာ မဟုတ်ဘူး။ ကောင်မလေးကလည်း အတိတ်ဆိုတာကို လုံးဝသတိမေ့သွားခဲ့ပြီလေ။

သတ်မှတ်ထားတဲ့ သုံးနှစ်ဆိုတဲ့အချိန်ကိုရောက်ဖို့ တစ်ရက်အလို မှာ ကောင်မလေးနဲ့ ဆရာဝန်ကောင်လေးတို့ လက်ထပ်လိုက်ကြတယ်။ ဘုရားကျောင်းထဲ သူ ပျံဝင်ပြီး ကောင်မလေးရဲ့ပခုံးထက်မှာ နားလိုက်တယ်။ ကောင်မလေးနဲ့ ဆရာဝန်ကောင်လေးရဲ့ ဘုရားသခင်ထံ သစ္စာခံယူနေတဲ့ အသံကို သူ ကြားလိုက်တယ်။ ဆရာဝန်ကောင်လေးက ကောင်မလေးရဲ့လက် ကို လက်ထပ်လက်စွပ်ဖွပ်ပေးပြီး နမ်းလိုက်တာကို သူ ငေးကြည့်နေမိတယ်။ သူ့ပါးပြင်ငယ်ပေါ်မှာ မျက်ရည်တွေ စီးကျလာခဲ့တယ်။

"အသင် နှောင်တရပြီလား" ဘုရားသခင်က ပုစဉ်းကို မေးတယ်။

"လုံးဝ နှောင်တမရပါဘူး" မျက်ရည်တွေကိုသုတ်ရင်း သူ ပြန်ဖြေ တယ်။

"မနက်ဖြန်ဆို လူ့ဘဝအသွင် ပြောင်းလို့ရပြီ" ဘုရားသခင်က ပြော တော့ ပုစဉ်းက ခေါင်းခါပြီး "ပုစဉ်းအဖြစ်နဲ့ ကျွန်တော် တစ်သက်လုံး နေပါရစေ





တော့၊ တချို့ကံတရားက လက်လွှတ်ဆုံးရှုံးဖို့ စီရင်လာပြီးသားပါ၊ တချို့ဖူးစာ က ပေါင်းစပ်ဖို့ ကံပါမလာခဲ့ဘူး၊ လူတစ်ယောက်ကိုချစ်တာ ရယူပိုင်ဆိုင်မှ မဟုတ်ပါဘူး၊ ဒါပေမယ့် လူတစ်ယောက်ကို ရယူပိုင်ဆိုင်ပြီးရင်တော့ ကောင်း ကောင်းတန်ဖိုးထား ချစ်တတ်ရမယ်"

သင့်ပခုံးပေါ်မှာရော၊ ပုစဉ်းလေးတစ်ကောင် နားခဲ့ဖူးသလား။

မူရင်း - http://www.youthwant.com.tw

* * *

# "ဆောရီး" လို့ အလွယ်တကူ မပြောပါနဲ့

"ဆောရီးပဲ၊ နင့်ကိုပဲ ငါ ချစ်ပါတယ်ကွာ၊
နင့်ကိုပဲ ငါ တကယ်ချစ်တာပါ ..."

ကောင်လေးနဲ့ကောင်မလေးက ငယ်ငယ်လေးကတည်းက အတူကြီးပြင်းလာကြသူတွေဖြစ်တယ်။ ကောင်လေးက ကောင်မလေးကို အမြဲအဖော်ခေါ်ပြီး ရွာပြင်ဘက်က ချောင်းစပ်မှာ ငါးသွားဖမ်းလေ့ရှိတယ်။ ငါးဖမ်းပြန်တိုင်း ကောင်လေးရဲ့ပုလိုင်းထဲမှာ ငါးတွေကအပြည့်။ ကောင်မလေးမှာတော့ လက်ဗလာနဲ့ပြန်ခဲ့ရတာချည်းပဲ။ ငါးမရခဲ့တဲ့ ကောင်မလေးက မျက်ရည်အဝဲသားနဲ့ အိမ်ပြန်ရောက်တဲ့အထိ မပျော်ရွှင်ခဲ့ဘူး။

ညစာစားခါနီး အိမ်ရှေ့တံခါးခေါက်သံကြားတော့ ကောင်မလေးက တံခါးဖွင့်ကြည့်တယ်။ တံခါးရှေ့မှာရပ်နေတဲ့ ကောင်လေးကိုတွေ့တော့ နှုတ်ခမ်းစူပြီး လှည့်ထွက်မယ်လုပ်တော့ ကောင်လေးက ကပျာကယာရှေ့တက်ပြီး





"နင့်ငါးတွေ ငါဖမ်းပစ်လိုက်တာ ဆောရီးနော်၊ ရော့ . . . ဒါ နင့်အတွက်"လို့ တောင်းပန်ပြီး ငါးတွေထည့်ထားတဲ့ ဖန်ငါးကန်လေးကို လှမ်းပေးတယ်။ စူနေတဲ့ ကောင်မလေးရဲ့နှုတ်ခမ်းလေး ပြေလျော့သွားပြီး အပြုံးပန်းတစ်ပွင့် ဖူးပွင့်လာခဲ့တယ်။ ရိုးသားဖြူစင်တဲ့ ကလေးဘဝကို အဲဒီလို အပြစ်ကင်းကင်း သူတို့ဖြတ်သန်းရင်း တဖြည်းဖြည်း ကြီးပြင်းလာခဲ့ကြတယ်။

အဲဒီ "ဆောရီး" က ရိုးသားဖြူစင်တဲ့ ဆောရီးဖြစ်ပါတယ်။

ကောင်လေးက ကောင်မလေးကို အမြဲ စနောက်တတ်တယ်။ ကောင်မလေးငိုတဲ့အထိ သူ အစသန်ခဲ့သလို ကောင်မလေးရယ်တဲ့အထိ သူ ချော့တတ်ခဲ့တယ်။ ကောင်လေးက ကောင်မလေးရဲ့စက်ဘီးကို အမြဲ လေခိုးလျှော့ပြီး တစ်နေရာမှာ ပုန်းနေတတ်တယ်။ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေတဲ့ ကောင်မလေးကို ချောင်းကြည့်ရင်း သူ့ဆီဆက်လာမယ့် ကောင်မလေးရဲ့ဖုန်းကို သူ စောင့်နေခဲ့တယ်။ ပြီးတော့ ကောင်မလေးဆီက လေခိုးလျှော့တဲ့ သူခိုးကို ဆူပူကြိမ်းမောင်းသံတွေ နားထောင်ပြီး သူ သဘောကျနေတတ်တယ်။ ဘာကြောင့်မှန်းမသိ ကောင်မလေးရဲ့ အဲဒီလိုအပြုအမူကို သူ အရမ်းနှစ်ခြိုက်ခဲ့တယ်။

ချောင်းကြည့်ရာကနေ ကောင်လေးထွက်လာပြီး အဝေးက အခုမှရောက်လာဟန်နဲ့ လေမရှိတဲ့စက်ဘီးကို ကူတွန်းပေးတတ်တယ်။ ဘေးက ပွစိပွစိရေရွတ်နေတဲ့ ကောင်မလေးကိုကြည့်ပြီး သူ ခိုးရယ်နေတတ်တယ်။ ပြီးမှ စိတ်မကောင်းဟန်နဲ့ "ဆောရီး၊ ငါမှားသွားတယ်"လို့ တောင်းပန်တတ်တယ်။ ကျိန်ဆဲနေတဲ့ ကောင်မလေးနှုတ်ခမ်းတွေ ပျော့ပျောင်းသွားပြီး နောက်တစ်ကြိမ် ဒီလိုမလုပ်ဖို့ ကောင်လေးကို ဆုံးမတတ်တယ်။ ကောင်မလေးရဲ့

အဆုံးအမအောက်မှာ ကောင်လေးက ခေါင်းငုံ့လို့၊ နေ့ရက်တွေကို ရယ်မောခြင်းနဲ့ သူတို့ အဆုံးသတ်ခဲ့ကြတယ်။

အဲဒီ "ဆောရီး" က ပျော်ရွှင်တဲ့ ဆာဒီးဖြစ်ပါတယ်။

ဒီလိုနဲ့ကျောင်းပြီးတော့ ကောင်လေးနဲ့ကောင်မလေးကိုယ်စီအလုပ်ဝင်ကြတယ်။ ကောင်လေးက အလုပ်များပြီး နားရက်တွေ သိပ်မရှိခဲ့ဘူး။ ကောင်မလေးက သူ့ကို ဂရုမစိုက်ဘူးဆိုပြီး ကောင်လေးကို အပြစ်တင်တယ်။ နောက်တော့ ပထမဆုံးအကြိမ် သူတို့ ရန်ဖြစ်ခဲ့ကြတယ်။ ကောင်မလေးငိုတော့ ကောင်လေးက "ဒါငါ့အလုပ်အတွက်" လို့ ဖြေရှင်းတယ်။

ဒီလို သွေးအေးစစ်ပွဲက ရက်တော်တော်ကြာသွားတယ်။ နောက်တော့လည်း ကောင်မလေးက မနေနိုင်ပါဘူး။ ကောင်လေးကိုပြန်ခေါ်ပြီး စစ်ပြေငြိမ်းကြောင်း လက်နက်ချတယ်။ နောက်ပိုင်းမှာ သူတို့ မကြာခဏ ရန်ဖြစ်လိုက်၊ ပြန်ခေါ်လိုက် လုပ်ခဲ့ကြတယ်။ ရန်ဖြစ်တိုင်းလည်း ကောင်မလေးဘက်ကစပြီး ပြေငြိမ်းတာချည်းပဲ။

အဲဒီနှစ်က ကောင်မလေးရဲ့မွေးနေ့မှာ ရှိမန်တစ်ဆန်ဆန် မွေးနေ့ပွဲလုပ်ပေးမယ်လို့ ကောင်လေးက ကောင်မလေးကို ကတိပေးတယ်။ မွေးနေ့မှာ ကောင်လေးအလာကို ကောင်မလေး စောင့်နေခဲ့တယ်။ ညဉ့်နက်သန်းခေါင်အထိ၊ မိုးလင်းတဲ့အထိ စောင့်နေခဲ့တယ်။ မနက်နိုးလာတဲ့ ကောင်မလေးရဲ့ ပါးပြင်ပေါ်မှာ မျက်ရည်စီးကြောင်းရာတွေ စွန်းထင်းလို့၊ ကောင်လေးရောက်လာတော့ ကောင်မလေးရဲ့မျက်ရည်တွေကို သုတ်ပေးရင်း "ဆောရီးနော်၊ နင့်ကို ငါ လက်ထပ်ပါရစေ" ဆိုပြီး လက်စွပ်တစ်ကွင်း ထုတ်ပေးတယ်။

အဲဒီ "ဆောရီး" က တစ်ဘဝစာကို တာဝန်ယူရဲတဲ့ ဆောရီးဖြစ်ပါတယ်။





မင်္ဂလာဆောင်၊ အတူနေပြီးနောက် ကောင်လေးရဲ့အလုပ်အကိုင်တွေ ပိုတိုးတက်အောင်မြင်ခဲ့တယ်။ ကောင်မလေးက ကောင်လေးအတွက် နေ့တိုင်း ချက်ပြုတ်၊ လျှော်ဖွပ်နဲ့ ကျွမ်းကျင်တဲ့အိမ်ထောင်ရှင်မတစ်ဦး ဖြစ်ခဲ့တယ်။ ကောင်မလေးက ဈေးသွားတိုင်း ငါးတွေဝယ်လာပြီး ကန်လေးထဲမှာ မွေးထားတတ်တယ်။ "ဘာကြောင့်လဲ" လို့ ကောင်လေးမေးခဲ့ရင် ဘာမှပြန်မဖြေဘဲ သူ ပြုံးနေတတ်ခဲ့တယ်။

တဖြည်းဖြည်း ကောင်လေး အိမ်ပြန်နောက်ကျလာတယ်။ ပြန်လာတိုင်းလည်း ရေမွှေးနံ့တစ်မျိုးမျိုးက ကောင်လေးကိုယ်မှာ ကပ်ငြိလာတတ်တယ်။ ဒါကို ကောင်မလေးမမေးခင် အကြောင်းအမျိုးမျိုးပြပြီး ကောင်လေးဖြေရှင်းတတ်တယ်။ အဲဒီကာစ ကောင်မလေး စကားသိပ်မပြောတော့ဘူး။ အရင်ကလိုလည်း မသွက်လက်တော့ဘူး။ ဘယ်မှလည်း သိပ်မသွားတော့ဘဲ မရွှင်မပျနဲ့ အိမ်ထဲမှာပဲ အောင်းနေတတ်ခဲ့တယ်။ ခံစားချက်များတဲ့ ကိုရီးယားကားတွေကြည့်ပြီး ကောင်မလေး ငိုနေတတ်တယ်။

နောက်ပိုင်း ကောင်လေး နောက်ကျပြန်လာတိုင်း သူ့ကိုယ်ပေါ်မှာ ရေမွှေးနံ့တစ်မျိုးပဲ ရတတ်တော့တယ်။ ကောင်မလေး ဘာမှမမေးခဲ့ပါဘူး။ ဒါကို ကောင်လေးက မလုံသလိုနဲ့ "ဆောရီး၊ ဒီနေ့ အလုပ်မှာ စားပွဲသောက်ပွဲရှိပြန်တယ်" လို့ ပြောတတ်တယ်။

အဲဒီ "ဆောရီး" က လိမ်ညာခြင်းအစရဲ့ ဆောရီးဖြစ်ပါတယ်။

တဖြည်းဖြည်း အလုပ်အကြောင်းပြပြီး ကောင်လေး အိမ်မပြန်လာခဲ့တော့ဘူး။ အလုပ်အကိုင်ကောင်းလေ၊ ဘေးက မြှောက်ပင့်တဲ့လူများလေနဲ့ ကောင်လေးရဲ့နေ့ရက်တွေက မြှောက်ပင့်သံတွေကြားထဲမှာ ဂုဏ်ယူစွင့်ကြွားစွာနဲ့ ကုန်ဆုံးခဲ့တယ်။ ကောင်မလေးကတော့ အိမ်ထဲအိမ်ပြင်တောင် အထွက်

နည်းခဲ့တယ်။ ကိုယ့်ကိုယ်ကို အိမ်ထဲမှာ ပိတ်လှောင်ပြီးနေခဲ့တယ်။ အရင်တုန်းက ကောင်လေးနဲ့ ပြောမကုန်နိုင်တဲ့ တီတီတာတာစကားလေးတွေ ရှိခဲ့ပေမယ့် အခုချိန်မှာတော့ ကောင်မလေးက တစ်ယောက်တည်း အဖော်မဲ့လို့ အထီးကျန်နေခဲ့ရတယ်။

ကောင်လေးကို "ဘယ်အချိန်ပြန်လာမလဲ" လို့မေးတိုင်း ကောင်လေးက အစာနင်သွားတဲ့အသံနဲ့ "ဆောရီး၊ ငါ အလုပ်များနေတယ်" လို့ ပြန်ဖြေတတ်တယ်။ ဖုန်းခွက်ကို မသာမယာချရင်း ကောင်မလေး စိတ်မကောင်းဖြစ်ခဲ့တယ်။ အဲဒီနောက်မှာတော့ ကောင်လေး ဘယ်အချိန်အိမ်ပြန်လာမလဲဆိုတာကို သူ မမေးခဲ့တော့ဘူး။

အဲဒီ "ဆောရီး" က ဝတ်ကျေတန်းကျေပြောတဲ့ ဆောရီးဖြစ်ပါတယ်။

ရုပ်ရှင်တွေထဲကလိုမျိုး ကောင်မလေးက သူ့ကိုယ်သူ အလှစပြင်ခဲ့တယ်။ ကောင်လေး အိမ်မပြန်တာဟာ တစ်နေ့တစ်နေ့ အိုစာသွားတဲ့ သူ့ရုပ်ရည်ကြောင့်ဖြစ်မယ်ဆိုပြီး အလှတွေ စပြင်ခဲ့တယ်။ ကိုယ့်ရဲ့ပျော်ရွှင်ခြင်းကို ကိုယ်ကိုယ်တိုင် လုပ်ဆောင်မှရနိုင်မယ်။ တွန့်ဆုတ်နေလို့မဖြစ်မှန်း သူ သိခဲ့တယ်။

အဲဒီနေ့က ကောင်မလေး အလှတွေပြင်ပြီး ကောင်လေးဆီကို သွားခဲ့တယ်။ ဒါဟာ ကောင်လေးရဲ့အလုပ်ဆီ ပထမဆုံးအကြိမ် သူ သွားခဲ့တာဖြစ်သလို နောက်ဆုံးအကြိမ်လည်း ဟုတ်ခဲ့တယ်။ ဓာတ်လှေကားခလုတ်ကိုနှိပ်ပြီး ကောင်လေးအမြဲပြောတဲ့ "အလုပ်များတယ်" ဆိုတဲ့နေရာကို သူ ရောက်လာခဲ့တယ်။ ခမ်းခမ်းနားနားပြင်ထားတဲ့ ကုမ္ပဏီထောင့်တိုင်းကို သူ လိုက်ကြည့်ခဲ့တယ်။ နေရာတိုင်းက လှပလို့နေတယ်။ ဝရန်တာကိုထွက်ပြီး ကောင်





လေးရဲ့ရုံးခန်းဆီ သူ ရောက်လာခဲ့တယ်။ ရုံးခန်းတံခါးကို သူ သာသာလေးတွန်းဖွင့်ကြည့်လိုက်တဲ့တစ်ခဏ သူ အံ့သြမင်သက်သွားမိတယ်။

သူ့မျက်စိရှေ့မှာ တွေ့ရတဲ့သူက သူ့ခင်ပွန်းမဟုတ်ခဲ့ဘူး။ သူ့စက်ဘီးကို လေအမြဲခိုးလျှော့တဲ့ နောက်တောက်တောက်ကောင်လေး မဟုတ်ခဲ့ဘူး။ ငါးတွေဖမ်းပြီး ကန်ထဲထည့်ခဲ့တဲ့ကောင်လေးလည်း မဟုတ်ခဲ့ဘူး။

တခြားမိန်းမတစ်ယောက်နဲ့ အကြည့်ဆိုက်နေတဲ့ယောကျ်ား၊ သွေးသားတွေ ဆာလောင်နေတဲ့ အရိုင်းတိရစ္ဆာန်ဖြစ်နေခဲ့တယ်။

ကောင်မလေးကိုတွေ့တော့ ကောင်လေးက ကပျာကယာဖြေရှင်းဖို့ လုပ်တယ်။ နေရာကနေ ကောင်မလေး ချက်ချင်းလှည့်ထွက်တော့ နောက်ကနေ ကောင်လေး အပြေးလိုက်တယ်။ အဲဒီညက မိုးတွေ သည်းသည်းမည်းမည်းရွာသွန်းလို့။

ကောင်လေးရဲ့အော်သံတွေကို ကောင်မလေး ဂရုမစိုက်ခဲ့တော့ဘူး။ "ဆောရီးပဲ၊ နင့်ကိုပဲ ငါ ချစ်ပါတယ်ကွာ၊ နင့်ကိုပဲ ငါ တကယ်ချစ်တာပါ" တဲ့။ ကောင်လေးရဲ့အော်သံတွေ မိုးသံနဲ့အတူ ရောထွေးလို့ ကောင်မလေး မကြားခဲ့ပါဘူး။

အဲဒီ "ဆောရီး" က လူကို ထိခိုက်နာကျင်စေတဲ့ ဆောရီးဖြစ်ပါတယ်။

ကောင်မလေးကို ကောင်လေး ရှာမတွေ့ခဲ့တော့ဘူး။ ကောင်မလေး ပျောက်နေခဲ့တယ်။ ကောင်မလေးမရှိတော့ ကောင်လေးရဲ့ကမ္ဘာက မှောင်မည်းလို့။ အလုပ်လုပ်ချင်စိတ်လည်း မရှိတော့ဘူး။ နေ့ရက်တွေကို အရက်နဲ့ ဖြတ်သန်းခဲ့တယ်။ ကောင်မလေးကို လိုက်ရှာချင်ပေမယ့် သူငယ်ချင်းမရှိတဲ့ ကောင်မလေးကို ဘယ်သွားရှာရမှန်းမသိခဲ့ဘူး။ ကောင်မလေးရဲ့တစ်ဦးတည်းသောသူငယ်ချင်းက သူပဲရှိခဲ့တာမို့ ဖုန်းအလာကိုစောင့်နေဖို့ပဲ ကောင်လေး

တတ်နိုင်ခဲ့တယ်။ ကောင်မလေးရဲ့ဖုန်းတွေ လွတ်သွားမှာစိုးလို့ ဖုန်းကို (၂၄) နာရီလုံးဖွင့်ပြီးစောင့်နေခဲ့တယ်။

ကောင်လေးရဲ့ ဒီလိုစောင့်မျှော်ခြင်းက နှစ်ဝက်အထိ ကြာသွားခဲ့တယ်။ တစ်နေ့မှာ စာတိုက်ကနေ ဗူးလေးတစ်လုံး ရောက်လာခဲ့တယ်။ ဗူးထဲမှာ ချောင်းငါးလေးတွေရဲ့ နမူနာကြွေရုပ်လေးတွေ ပါတယ်။ ငါးတချို့က သစ်ရွက်လေးဘေးမှာ၊ တချို့က မြက်တွေကြားထဲမှာ ပုံစံအမျိုးမျိုးနဲ့ ရှိနေခဲ့တယ်။ ဗူးထဲမှာ စာတစ်စောင်လည်းပါပြီး စာထဲမှာ ဒီလိုရေးထားပါတယ်။

"နင့်ကိုတွေ့ဖို့ ငါ့မှာ သတ္တိမရှိခဲ့ဘူး၊ ငါ ပျော့ညံ့လွန်းလို့ဖြစ်မယ်၊ ဒါမှမဟုတ် နင့်ကို ငါ လုံးဝမတွေ့ချင်လို့လည်းဖြစ်မယ်။ ငါ နေကောင်းတယ်။ နင့်ကိုခွဲပြီး ဘယ်လိုရှင်သန်ရမယ်ဆိုတာကို ငါသိခဲ့တယ်။ ငါ့ကိုယ်ငါ ဂရုစိုက်ကျွေးမွေးနိုင်ခဲ့တယ်။ နင့်အပြန်ကို ငါ နေ့တိုင်း စောင့်စရာမလိုတော့ဘူး။ ဟင်းတွေ ပူပူနွေးနွေးချက်ပြီး အေးစက်သွားတဲ့အထိ ငါ စောင့်စရာမလိုတော့ဘူး။ ဖုန်းလည်း ငါ မသုံးတော့ဘူး။ နင့်အတွက်နဲ့ (၂၄)နာရီလုံး ဖုန်းကို ငါ ဖွင့်ထားစရာလည်းမလိုတော့ဘူး။

ငါ့ကိုယ်ငါ ဘယ်လိုကြင်နာရမယ်ဆိုတာကို ငါ နားလည်သွားပြီ။ လှပတဲ့နေ့ရက်တွေကို ဘယ်လိုတန်ဖိုးထားရမယ်ဆိုတာကို ငါသိသွားပြီ။ နင့်ကို ဘယ်လိုချစ်ရမယ်ဆိုတာကို ငါ မေ့လိုက်နိုင်ခဲ့ပြီ။ ဘာဖြစ်လို့လဲဆိုတော့ ငါ့အချစ်တွေကို အနာတရဖြစ်အောင် နင် ဆော့ကစားခဲ့လို့ဖြစ်တယ်။ ကွာရှင်းစာချုပ်ကို ငါးကန်အောက်မှာ ငါ ဖိထားခဲ့တယ်။ နင် လက်မှတ်ထိုးပြီးရင် ဒီလိပ်စာအတိုင်း ငါ့ကို ပို့ပေးပါ။ ဆောရီးပဲ၊ ငါ့စိတ်တွေ ပင်ပန်းနွမ်းနယ်သွားခဲ့ပါပြီ"





လိပ်စာအတိုင်း ကောင်မလေးကို ကောင်လေး သွားရှာခဲ့တယ်။ ရင်ထဲမှာ မျှော်လင့်ချက်အပြည့်နဲ့ ကောင်မလေးဆီက ခွင့်လွှတ်ခြင်းတွေယူပြီး ကောင်မလေးမရှိရင် သူ့ဘဝ မရှင်သန်ရဲတဲ့အကြောင်းပြောဖို့ ကောင်လေး လိုက်သွားခဲ့တယ်။ ဒါပေမယ့် အိမ်တံခါးဖွင့်ပေးတဲ့သူက ကောင်မလေးကိုယ်တိုင် မဟုတ်ခဲ့ဘူး။ ကောင်လေးဆီကို စာရေးပြီးတဲ့နောက် သူ့ကိုယ်သူ အဆုံးစီရင်သွားပါတယ်လို့ ကောင်မလေးအဖေက စိတ်မကောင်းစွာ ပြောတယ်။ ကောင်လေးအသိတွေ ချာချာလည်ကုန်တယ်။ နောင်တတွေက တစ်ပွေ့တစ်ပိုက်နဲ့ သူ့တစ်သက်တာတောင် ထမ်းပိုးလို့ မနိုင်ခဲ့ပါဘူး။

တချို့ "ဆောရီး" က အဲဒီလိုနည်းနဲ့ အဆုံးသတ်ခဲ့ကြတယ်။

ဘဝတလျှောက်မှာ ကိုယ့်ကို တစ်သက်တာတန်ဖိုးထားမြတ်နိုးသူတစ်ယောက်ကိုတော့ လူတိုင်း ကြုံကြရမှာပဲ။ အဲဒီလို ကိုယ့်ကိုယ်ကို တန်ဖိုးထားသူကို မြတ်နိုးတတ်ပါစေ။ "ဆောရီး" ဆိုတဲ့ တောင်းပန်မှုတိုင်းက "ကိစ္စမရှိပါဘူး" ဆိုတဲ့စကားနဲ့ လဲလှယ်လို့ မရနိုင်ပါဘူး။ ကိုယ်ချစ်တဲ့သူကို မမြင်နိုင်တဲ့ အနာတရနဲ့ ဒဏ်ရာတွေ မပေးမိပါစေနဲ့။ ဒါဟာ နှစ်ဦးနှစ်ဖက်စလုံးကို ထိခိုက်နာကျင်စေပါတယ်။

ဒီပုံပြင်ကို ကြိုက်နှစ်သက်ခဲ့ရင် သူငယ်ချင်းတွေကို မျှဝေပေးပါ။ "အချစ်" ဆိုတာ ခံစားစေပြီး "ဆောရီး" ကို အလွယ်တကူမပြောမိဖို့ သူတို့ နားလည်တတ်ပါစေ။

("ဆောရီး" ဆိုတဲ့စကားတိုင်းက "ကိစ္စမရှိပါဘူး" ဆိုတဲ့စကားနဲ့ လဲလှယ်လို့ မရနိုင်ခဲ့ပါဘူး)

မူရင်း - http://english.tw/space-9206-do-blog-id-9944.html

* * *

# ကွာရှင်းဟိုတယ်

'မကြောက်နဲ့၊ မောင်ရှိတယ်၊
လာ ... အပြင်ကို တိုးထွက်ရအောင် ...'

သူနဲ့သူမ မင်္ဂလာဆောင်တာ (၁၀)နှစ်တင်းတင်း ပြည့်ခဲ့ပြီ။ လင်မယားနှစ်ယောက်ကြားမှာ ဘာစိတ်လှုပ်ရှားမှုမှ မရှိတော့သလို စိတ်ဝင်စားမှုလည်း မရှိတော့ဘူး၊ အချိန်ကြာလေ သူမကို တာဝန်နဲ့ဝတ္တရားအရ သူ ဆက်ဆံနေရတယ်လို့ သူ ထင်လာလေဖြစ်တယ်။ သူမအပေါ် သူ ငြီးငွေ့လာခဲ့တယ်။ အထူးသဖြင့် သူ့အလုပ်မှာ အသစ်ဝင်လာတဲ့ သွက်သွက်လက်လက် ကောင်မလေးတစ်ယောက်ကြောင့် ဖြစ်တယ်။ ကောင်မလေးက သူ့ကို ရူးသွပ်စေခဲ့တယ်။ ဒါဟာ သူ့ရဲ့ဒုတိယအရွယ် စိတ်လှုပ်ရှားခြင်းလို့ သူ ထင်ခဲ့တယ်။

အကြိမ်ကြိမ် တွေးတောဆုံးဖြတ်ပြီးနောက် သူမနဲ့ကွာရှင်းဖို့ သူ ဆုံးဖြတ်လိုက်တယ်။ ဒီလိုခံစားချက်မျိုးက သူမအတွက် ထုံကျဉ်နေပါပြီ။





တည်တည်ငြိမ်ငြိမ်နဲ့ သူ့ရဲ့တောင်းဆိုချက်ကို သူမ ခေါင်းညိတ်ခဲ့တယ်။ နှစ်ဦးသား တရားရုံးသွားပြီး ကွာရှင်းခဲ့ကြတယ်။ ကွာရှင်းစာချုပ်ပေါ်မှာ လက်မှတ်ထိုးပြီး ရုံးကနေ သူတို့ ထွက်လာကြတယ်။ နှစ်ယောက်စလုံး သူတစ်လမ်းကိုယ်တစ်လမ်း လွတ်လပ်သူတွေ ဖြစ်သွားကြပြီ။ ဒါပေမယ့် ဘာကြောင့်မှန်းမသိ သူ့စိတ်ထဲမှာ ဟာတာတာခံစားနေရတယ်။ သူမကို သူ တစ်ချက်ကြည့်ပြီး...

"မိုးတောင်ချုပ်နေပြီ၊ ငါတို့ညစာအတူသွားစားရအောင်"

"ကောင်းပြီလေ၊ "ကွာရှင်းဟိုတယ် (Divorce Hotel)"ဆိုတဲ့ စားသောက်ဆိုင်အသစ် ဖွင့်ထားတယ်လို့ကြားတယ်၊ အဲဒီ "ကွာရှင်းဟိုတယ်"က ကွာရှင်းပြတ်စဲပြီးစ ဇနီးမောင်နှံတွေ နောက်ဆုံးတစ်နပ်အတွက် သီးသန့်ဖွင့်ထားတဲ့ ဟိုတယ်ပါတဲ့၊ အဲဒီမှာ သွားစားရအောင်"သူ့ကို တစ်ချက်ကြည့်ပြီး သူမ ပြောတယ်။

သူ ခေါင်းညိတ်ပြီး နှစ်ဦးသား နှုတ်ဆိတ်လို့ ဟိုတယ်ထဲ ရှေ့ဆင့်နောက်ဆင့် ဝင်သွားကြတယ်။

"ကောင်းသောညနေခင်းပါ"

အခန်းထဲထိုင်လိုက်တာနဲ့ ဟိုတယ်ဝန်ထမ်းက ရောက်လာတယ်။

"ဘာများ သုံးဆောင်ကြမလဲရှင်"

"မင်း မှာကွာ"သူမကိုကြည့်ပြီး သူ ပြောလိုက်တယ်။

"ကျွန်မ အပြင်သိပ်မထွက်တော့ ဒါတွေကို မသိဘူး၊ ရှင်ပဲ မှာပါ"သူမ ခေါင်းခါပြီး ပြောတယ်။

"ဆောရီး၊ ကျွန်မတို့ ကွာရှင်းဟိုတယ်မှာ စည်းကမ်းတစ်ခုရှိတယ်၊ ဒီညစာကို မိန်းမဖြစ်သူက ယောကျ်ားကြိုက်တတ်တာတွေ မှာပေးရသလို

ယောက်ျားဖြစ်သူကလည်း မိန်းမကြိုက်တတ်တာတွေကို မှာပေးရပါတယ်၊ ဒါကို "နောက်ဆုံးအမှတ်တရ" လို့ ခေါ်ပါတယ်"

"ကောင်းပြီလေ" ဆံပင်ကို သူမ သပ်တင်ပြီး ဟင်းတွေ မှာလိုက်တယ်။

"ငါးပေါင်းတစ်ပွဲ၊ မှိုကြော်တစ်ပွဲ၊ မှို့နားရွက်သုပ်တစ်ပွဲ၊ ဒီဟင်းအားလုံး ဂျင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ မထည့်နဲ့နော်၊ ကျွန်မအမျိုးသားကြော်...ဒီအမျိုးသားက အဲဒါတွေ မစားဘူး"

"လူကြီးမင်းကရော၊ ဘာမှာမလဲ" ဝန်ထမ်းက သူ့ကိုကြည့်ပြီး မေးတယ်။

တစ်ခဏလောက် သူ ငေးကြောင်သွားမိတယ်။ လက်ထပ်ပြီး (၁၀) နှစ်မှာ ကိုယ့်မိန်းမ ဘာကြိုက်တတ်မှန်း သူ မသိခဲ့ဘူး။ ပါးစပ်ကြီးဟပြီး သူ ဘာပြောရမှန်းမသိ ဖြစ်နေခဲ့တယ်။

"ဒါတွေပဲ လုပ်ပါ၊ အဲဒီဟင်းက ကျွန်မတို့နှစ်ယောက်စလုံးကြိုက်တဲ့ဟင်းပါ" သူ့အဖြစ်ကို သူမက အလျင်အမြန် ဝင်ကယ်တယ်။

ဝန်ထမ်းကောင်မလေးက ရယ်ပြီး "တကယ်တမ်းပြောရရင် ကျွန်မတို့ကွာရှင်းဟိုတယ်ကို နောက်ဆုံးကြိမ် ညစာလာစားကြတဲ့ ဇနီးမောင်နှံတွေက ဘာမှစားချင်စိတ် ရှိကြတော့တာမဟုတ်ဘူး၊ ဒါကြောင့် ဒီ "နောက်ဆုံးအမှတ်တရ"ကို မစားကြတော့ဘဲ ကျွန်မတို့ဟိုတယ်က ကွာရှင်းသူတွေအတွက် အထူးစီမံထားတဲ့ အအေးကိုပဲ သောက်ကြရအောင်၊ ကျွန်မတို့ဟိုတယ်ကို ရောက်လာသူတိုင်းက ဒါကို မပြင်းဘဲ မှာကြတယ်"

"အင်း . . . ဒါဆိုလည်း အအေးပဲ မှာကြတာပေါ့" သူတို့နှစ်ဦးစလုံး ခေါင်းညိတ်ပြီး ပြောတယ်။





သိပ်မကြာဘူး၊ ဝန်ထမ်းကောင်မလေးက အအေးနှစ်ခွက် လာပို့တယ်။ တစ်ခွက်က ရေခဲပါတဲ့ အပြာနုရောင်ဖြစ်ပြီး တစ်ခွက်က အငွေ့ထောင်းထောင်းထနေတဲ့ အနီရောင်အရည်ဖြစ်တယ်။

"ဒီအအေးကို "မီးတောက်တစ်ဝက်၊ ပင်လယ်ရေတစ်ဝက်" လို့ ခေါ်တယ်၊ သုံးဆောင်နိုင်ပါပြီ"

ဝန်ထမ်းကောင်မလေးက ပြောပြောဆိုဆို နေရာက ခွာတယ်၊ အခန်းတစ်ခုလုံး တိတ်ဆိတ်နေတယ်။ နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်ပြီး ဘာပြောရမှန်းမသိ ဖြစ်နေကြတယ်။

"တောက်...တောက်...တောက်"

တံခါးခေါက်သံနဲ့အတူ ဝန်ထမ်းကောင်မလေး ဝင်လာပြန်တယ်။

"လူကြီးမင်း၊ သူ့ကို ပထမဆုံးအကြိမ် ပန်းစည်းလက်ဆောင်ပေးတဲ့အဖြစ်ကို မှတ်မိသေးလား၊ အခု အရာအားလုံးက ပြီးဆုံးသွားခဲ့ပြီ၊ လင်မယားမဟုတ်တော့ပေမယ့်လည်း သူငယ်ချင်းမိတ်ဆွေအဖြစ် အသိအမှတ်ပြုလို့ရတယ်၊ သူ့ကို နှင်းဆီတစ်ပွင့် လက်ဆောင်ပေးလိုက်ပါဦး"

သူမတစ်ကိုယ်လုံး တုန်လှုပ်သွားမိတယ်။ လွန်ခဲ့တဲ့ (၁၀)နှစ်က သူ ပန်းစည်းပေးတဲ့ ပုံရိပ်တွေကို သူမ မြင်ယောင်လာမိတယ်။ အဲဒီတုန်းက ဆွေမရှိ မျိုးမရှိတဲ့ သူစိမ်းမြို့မှာ သူတို့ ဘာမှမရှိခဲ့ဘူး။ အရာအားလုံး သုညကစခဲ့ကြတယ်။ နေ့လယ်နေ့ခင်း နေရာအနှံ့ သူတို့ အလုပ်လိုက်ရှာကြတယ်။ ရှုန်းကန်ကြတယ်။ ညအခါ ညဈေးမှာ သူမ ဈေးရောင်းထွက်သလို သူက စားသောက်ဆိုင်မှာ ပန်းကန်ဆေးတယ်။ ညဥ့်နက်သန်းခေါင်ရောက်မှ ငှားနေတဲ့ (၁၀) ပေပတ်လည်အခန်းကျဉ်းထဲ သူတို့ ပြန်ခဲ့ကြတယ်။ နေ့ရက်တွေကို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းဖြတ်ကျော်ခဲ့ရလည်း သူတို့ ပျော်ရွှင်ခဲ့ကြတယ်။

အဲဒီမြို့ကိုရောက်တဲ့ ပထမဆုံးအကြိမ် ချစ်သူများနေ့မှာ သူမအတွက် သူ ပထမဆုံးအကြိမ် နှင်းဆီအနီရဲရဲတစ်ပွင့် လက်ဆောင်ပေးတယ်။ သူမ မျက်ရည်ကျအောင် ပျော်ရွှင်ခဲ့မိတယ်။

(၁၀) နှစ်တိုင်ခဲ့ပါပြီ။ သူတို့ဘဝ အရာအားလုံး ပြည့်စုံလာချိန် လမ်းခွတစ်နေရာမှာ သူတို့ရောက်နေခဲ့တယ်။ အတိတ်ကအကြောင်းတွေတွေးရင်း သူမ မျက်ရည်ကျမိတယ်။

"မလိုတော့ပါဘူး" လက်ကာပြပြီး သူမ ပြောတယ်။

လွန်ခဲ့တဲ့ (၁၀)နှစ်အဖြစ်ကို သူလည်း မြင်ယောင်နေမိတယ်။ သူမအတွက် နှင်းဆီပန်းမပေးမိတာ ငါးနှစ်၊ ခြောက်နှစ်ရှိခဲ့မှန်း အခုမှ သူ သတိရတယ်။

"လိုတယ်၊ ပန်းယူမယ်" လက်ပြပြီး သူပြောတယ်။

ဝန်ထမ်းကောင်မလေးက နှင်းဆီတစ်ပွင့်ကိုယူပြီး နှစ်ပိုင်းခွဲလိုက်တယ်။ ပြီးနောက် ပွင့်ဖတ်တွေကို သူတို့ရဲ့ အအေးခွက်ထဲ ပစ်ထည့်လိုက်တယ်။ ပွင့်ဖတ်တွေက အအေးထဲ ပျော်ဝင်ကုန်တယ်။

"ဒီနှင်းဆီပွင့်က ကျွန်မတို့ဟိုတယ်က ကောက်ညှင်းနဲ့ အထူးပြုလုပ်ထားတဲ့ နှင်းဆီတွေပါ၊ ဒါဟာလည်း လူကြီးမင်းတို့အတွက် တတိယမြောက် စားစရာတစ်ခုပါပဲ၊ ဒါကို "ရောင်ပြန်အလှ" လို့ ခေါ်တယ်၊ လူကြီးမင်းတို့ ဖြည်းဖြည်းသုံးဆောင်ကြပါ၊ လိုအပ်ရင် ကျွန်မကို ခေါ်လိုက်ပါ"

ဝန်ထမ်းကောင်မလေးက ပြောပြောဆိုဆို လှည့်ထွက်သွားတယ်။

"...ဟို...မောင်..."

သူ့အသံတွေ လည်ချောင်းဝမှာ ပျောက်နေတယ်။ သူမလက်ကို သူ ဖမ်းဆုပ်လိုက်တယ်။ သူမလက် လှုပ်သွားတယ်။ ဒါပေမယ့် မရုန်းမိဘူး။





နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် မျက်နှာချင်းဆိုင် ကြည့်နေကြတယ်၊ ဘာမှ မပြောဖြစ်ကြဘူး။

"ဖပ်"

ရုတ်တရက် မီးမှိတ်သွားတယ်။ အခန်းတစ်ခုလုံး မှောင်အတိကျ သွားတယ်။ အပြင်က အရေးပေါ်ခေါင်းလောင်းသံ မြည်လာပြီး အခန်းထဲ မီးခိုး တွေ လိုမ့်ဝင်လာတယ်။

"ဘာဖြစ်တာလဲ"

နှစ်ယောက်လုံး အမြန်ထရပ်လိုက်ကြတယ်။

"ဟိုတယ် မီးလောင်နေတယ်ဗျို့ အားလုံး လုံခြုံရေးလမ်းညွှန်ဘက် အမြန်သွားကြပါ"

အပြင်က အသံကုန်အော်ဟစ်သံကို ကြားလိုက်တယ်။

"မောင်၊ ကျွန်မ ကြောက်တယ်" သူ့ရင်ခွင်ထဲ သူမ တိုးဝင်လိုက်တယ်။

"မကြောက်နဲ့၊ မောင်ရှိတယ်၊ လာ ... အပြင်ကို တိုးထွက်ရအောင်" သူမကို တင်းတင်းပွေ့ပြီး သူ ပြောတယ်။

အပြင်ကိုရောက်တော့ အပြင်ကမီးရောင်နဲ့ လင်းနေတာကို တွေ့ လိုက်တယ်။ ဘာမှမဖြစ်ပျက်ခဲ့သလို အရာတိုင်းက သူ့နေရာနဲ့သူ ရှိနေတယ်။ အဲဒီအချိန်မှာ ဝန်ထမ်းကောင်မလေး ရောက်လာပြီး...

"ဆောရီး၊ လူကြီးမင်းတို့ကို ထိတ်လန့်စေခဲ့ပြီ၊ ဟိုတယ်ကြီး မီး မလောင်ပါဘူး၊ အခန်းထဲ မီးခိုးတွေ တမင်လွှတ်ခဲ့တာပါ၊ ဒါဟာ ကျွန်မတို့ရဲ့ စတုတ္ထမြောက်ဟင်းပါပဲ၊ ဒါကို "ရင်ထဲကရွေးချယ်ခြင်း" လို့ ခေါ်တယ်၊ အခန်း ထဲ ပြန်ဝင်နိုင်ပါပြီ"

အခန်းထဲ သူတို့ပြန်ဝင်လာခဲ့ကြတယ်။ အခန်းထဲမှာ ပကာတီအတိုင်း မီးရောင်နဲ့ လင်းနေတယ်။ သူမကို သူ ဆွဲပွေ့ပြီး…

"ဟန်နီ၊ ဝန်ထမ်းကောင်မလေးပြောတာ မှန်တယ်၊ အခုနက ဟန်နီနဲ့ မောင်ရဲ့ တကယ့်ရင်ထဲက ရွေးချယ်တာတွေဖြစ်တယ်၊ တကယ်တော့ မောင်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မခွဲနိုင်ကြဘူး။ မနက်ဖြန် မောင်တို့ မင်္ဂလာပြန်ဆောင်ကြရအောင်ကွာ"

"မောင်၊ ဆန္ဒရှိလို့လား" နှုတ်ခမ်းကိုက်ပြီး သူမ မေးတယ်။

"ဆန္ဒရှိတာပေါ့၊ အခု ဘာမဆို မောင် နားလည်သဘောပေါက်လာပြီ ဟန်နီ၊ မောင်တို့ မနက်ဖြန် အစောကြီး မင်္ဂလာဆောင်ရအောင်ကွာ၊ ရှင်းမယ်ဟော့" ပြောပြောဆိုဆို ဝန်ထမ်းကောင်မလေးကို သူ လှမ်းအော်လိုက်တယ်။

ဝန်ထမ်းကောင်မလေး ဝင်လာပြီး အနီရောင်ငွေတောင်းခံလွှာကို ကမ်းပေးတယ်။

"လူကြီးမင်းတို့နှစ်ယောက်အတွက် ဒါဟာ ဒီဟိုတယ်ရဲ့ နောက်ဆုံးလက်ဆောင်ပါ၊ ဒါကို "ထာဝရတောင်းခံလွှာ" လို့ ခေါ်တယ်၊ နှစ်ယောက်လုံး ထာဝရသိမ်းထားပေးပါ"

စာရွက်ကို သူ ကြည့်လိုက်တယ်။ သူ့မျက်လုံးအိမ်မှာ မျက်ရည်တွေ ပြည့်လျှံလာတယ်။

"ဘာဖြစ်တာလဲ" သူမ စိုးရိမ်တကြီး မေးတယ်။

"ဟန်နီ၊ မောင် မှားပါတယ်၊ မောင် တောင်းပန်ပါတယ် ဟန်နီ" စာရွက်ကို ကမ်းပေးရင် သူ ပြောတယ်။





စာရွက်ကို သူမ ကြည့်လိုက်တယ်။ စာရွက်ပေါ်မှာ ရေးထားတာက

နွေးထွေးတဲ့မိသားစုတစ်စု
ကြိုးစားရုန်းကန်လာခဲ့တဲ့ လက်တစ်စုံ
သင့်ပြန်အလာကို ညဉ့်နက်သန်းခေါင်အထိ စောင့်နေတဲ့
မငြိမ်းတဲ့မီးတစ်ပွင့်
ကျန်းမာရေးဂရုစိုက်ပါလို့ ၁၂ – ရာသီလုံးမှာတဲ့စကား
အနိုင်းမဲ့တဲ့ ဂရုစိုက်မှု
ယောက္ခမအတွက် အပြုအစု
ကလေးအတွက် မနက်မိုးချုပ် စောင့်ရှောက်မှု
သင်ကြိုက်တဲ့ အစားအစာအတွက် အချက်အပြုတ်
သင့်အတွက် ဆုံးရှုံးလိုက်ရတဲ့ နုပျိုခြင်းတွေ…
ဒါဟာ သင့်ဇနီးမယားပဲဖြစ်တယ်။

"မောင်၊ မောင်လည်း ပင်ပန်းပါတယ်၊ ဒီနှစ်တွေမှာ မောင့်ကို ကျွန်မ လျစ်လျူရှုမိခဲ့တယ်"

လက်ထဲကစာရွက်ကို သူမ ကမ်းပေးပြီး ပြောတယ်။ စာရွက်ကို သူ ကြည့်လိုက်တယ်။ စာရွက်ပေါ်မှာ ရေးထားတာက…

ယောက်ျားတစ်ယောက်ရဲ့တာဝန်
ကြီးလေးတဲ့တာဝန်ကို ပခုံးနှစ်ဖက်နဲ့ ထမ်းထားတယ်
ညဉ့်နက်သန်းခေါင်မှ ပင်ပင်ပန်းပန်းပြန်လာတယ်
စားဝတ်နေရေးအတွက် နေရာအနှံ့အပြား ပြေးလွှားရတယ်
ပြောမထွက်ခဲ့တဲ့ စိတ်ဆင်းရဲခြင်းတွေ

မျက်နှာပေါ်က ရင့်ရော်ခြင်းတွေ
ခယ်မ၊ ယောက္ခမတွေအတွက် တာဝန်တွေ
ကျရှုံးခြင်း၊ ဆုံးရှုံးခြင်းနဲ့ ရန်ငြိုး မှုတွေ
မိသားစုအတွက်၊ သားသမီးအတွက် မေတ္တာတွေ....
ဒါဟာ သင့်ခေါင်းပွန်းပဲဖြစ်တယ်။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ပြီး သူတို့ ငိုမိကြတယ်။ ငွေရှင်းပြီး ဟိုတယ်မန်နေဂျာကို သူတို့ ကျေးဇူးတင်စကား ပြောကြတယ်။ အဲဒီနောက် တစ်ယောက်လက်ကိုတစ်ယောက်တွဲပြီး ဟိုတယ်က သူတို့ ထွက်ခဲ့ကြတယ်။ ပျော်ရွှင်သွားကြတဲ့ သူတို့နောက်ကျောပုံရိပ်ကိုကြည့်ပြီး ဟိုတယ်မန်နေဂျာ ခေါင်းတဆတ်ဆတ်ညိတ်နေတယ်။

"သိပ်ပျော်စရာကောင်းတာပဲ၊ ကျွန်တော်တို့ ကွာရှင်းဟိုတယ်က မိသားစုတစ်စုကို ကယ်တင်လိုက်ပြန်ပြီ"

မူရင်း - http://blog.jxwmw.cn/u/3747/archives/2009/17838.html

* * *

# အပျော်ရွှင်ဆုံး စကားတစ်ခွန်း

'အဲဒီစကားတစ်ခွန်းက ကျွန်မရင်ကို
ခုထက်ထိ နွေးထွေးစေပါတယ်...'

တီဗွီအသံလွှင့်ဌာနတစ်ခုက အစီအစဉ်လေးတစ်ခု ကျင်းပခဲ့တယ်။ အဲဒီအစီအစဉ်က အမျိုးသမီးပရိသတ်တွေဆီကနေ "အပျော်ရွှင်ဆုံး စကားတစ်ခွန်း" ကောင်းဆိုတဲ့ အစီအစဉ်ဖြစ်တယ်။ ကြေညာချက်ထုတ်ပြန်ပြီးနောက် အနယ်နယ်အရပ်ရပ်က ပရိသတ်တွေရဲ့စာတွေ အသံလွှင့်ဌာနဆီ ပလူပျံခဲ့တယ်။ စာတွေအများကြီးထဲက နောက်ဆုံး "နင် အိပ်နေ၊ ငါ ထမယ်" ဆိုတဲ့ စကားတစ်ခွန်းက ပထမရသွားခဲ့တယ်။

"နင် အိပ်နေ၊ ငါ ထမယ်" ဆိုတဲ့ စကားရဲ့နောက်ကွယ်မှာ ဒီလိုဇာတ်လမ်းလေးတစ်ပုဒ် ရှိခဲ့တယ်။

ငယ်ရွယ်တဲ့ဇနီးမောင်နှံနှစ်ဦးဟာ မင်္ဂလာဆောင်ပြီး သိပ်မကြာခင်မှာပဲ ကလေးရလိုက်တယ်၊ ကလေးထိန်းခေါ်ဖို့ အပိုဝင်ငွေမရှိတာကြောင့်

မိန်းမဖြစ်သူက အိမ်မှုကိစ္စနဲ့ ကလေးထိန်းတာဝန်ကိုယူပြီး ယောကျ်ားဖြစ်သူက စားဝတ်နေရေးအတွက် အလုပ်ထွက်လုပ်ခဲ့တယ်။

ဒါပေမယ့် ကလေးငယ်က မိဘတွေ မျှော်လင့်ထားသလို မကျန်းမာခဲ့ဘူး။ အသားဝါရောဂါဖြစ်လိုက်၊ အဆုတ်ရောင်ရောဂါဖြစ်လိုက်နဲ့ ချူချာခဲ့တယ်။ မိန်းမကလည်း နေ့မအား ညမအား ကလေးငယ်ကို ပြုစုစောင့်ရှောက်ခဲ့တယ်။

ကလေးငယ် အသက်ရှင်ကျန်းမာဖို့ မျှော်လင့်ရင်း ဇနီးမောင်နှံနှစ်ဦးဟာ တစ်ဦးကိုတစ်ဦး ယုံကြည်မှုတွေ၊ ရဲစွမ်းသတ္တိတွေ ဖြည့်ခဲ့ကြတယ်။ အလုပ်ကပြန်လာတိုင်း ယောကျ်ားဖြစ်သူဟာ အိမ်ထဲမဝင်ခင် ရှုပ်ပွနေတဲ့ ဆံပင်၊ အင်္ကျီတွေကို သပ်သပ်ရပ်ရပ်ပြုပြင်ပြီး ပင်ပန်းနွမ်းနယ်နေတဲ့မျက်နှာကို လန်းဆန်းတက်ကြွတဲ့အသွင် ဆောင်ပြီးမှ တံခါးခေါက်လေ့ရှိတယ်။ မိန်းမဖြစ်သူကလည်း ယောကျ်ားရဲ့ အိမ်အပြန်ခြေသံကို ကြားတာနဲ့ ညှိုးနွမ်းနေတဲ့ မျက်နှာထားကိုပြင်၊ ဖရိုဖရဲဆံပင်၊ အင်္ကျီတွေကိုပြင်ပြီးမှ တက်ကြွတဲ့အပြုံးနဲ့ ယောကျ်ားကို တံခါးဖွင့်ကြိုဆိုလေ့ရှိတယ်။

တစ်နေ့မှာ တံခါးအပြင်က ယောကျ်ားဖြစ်သူရဲ့ လျှို့ဝှက်ချက်ကို မိန်းမ သိသွားခဲ့တယ်။ ဒါပေမယ့်လည်း မျက်ရည်စီးကြောင်းတွေကို အမြန်ဖျက်ပြီး အပြုံးနဲ့ ယောကျ်ားကို တံခါးဖွင့် သူ ကြိုခဲ့ပါတယ်။ လင်ယောကျ်ားကို ပိုသနားကြင်နာမိတဲ့ မိန်းမဟာ ညအခါ ကလေးငိုချိန် သူ ဘယ်လောက်ပဲ ပင်ပန်းနွမ်းနယ်နေပါစေ ယောကျ်ားကို မနှိုးရက်ဘဲ တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်ထပြီး ကလေးကို ချော့မြူခဲ့တယ်။

မိန်းမရဲ့လျှို့ဝှက်ချက်ကို ယောကျ်ား သိသွားပြီးတဲ့နောက် မိန်းမကို ပိုဂရုစိုက်ကြင်နာခဲ့တယ်။ ညမှာ ကလေးလေးငိုတာနဲ့ သူ ချက်ချင်းထတတ်ပြီး





မိန်းမကို "နင် အိပ်နေ၊ ငါ ထမယ်" ဆိုပြီး ပြန်အိပ်ခိုင်းစေခဲ့တယ်။ ကျန်းမာရေးမကောင်းတဲ့ ကလေးငယ်က ညတိုင်းလိုလို ငိုကျွေးယိုတော့ လင်ယောကျ်ားရဲ့အဲဒီစကားတစ်ခွန်းကိုလည်း ညတိုင်းလိုလို မိန်းမ ကြားခဲ့ရတယ်။

ဇာတ်လမ်းကို အစီအစဉ်တင်ဆက်သူ ပြောအပြီးမှာ ပရိသတ်ကြားကနေ တစ်ခေါင်းလုံး ဆံပင်ဆွတ်ဆွတ်ဖြူနေတဲ့ လင်မယားနှစ်ဦး တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး ထရပ်တယ်။ မိန်းမဖြစ်သူက ရစ်ဝဲနေတဲ့ မျက်ရည်နဲ့ ပရိသတ်ဘက်လှည့်ပြီး "ဇာတ်လမ်းထဲက ယောကျ်ားဟာ သူပါ၊ ကျွန်မတို့ အိမ်ထောင်သက် ၅၈ – နှစ်ရှိပါပြီ၊ အဲဒီစကားတစ်ခွန်းက ကျွန်မရင်ကို ခုထက်ထိ နွေးထွေးစေပါတယ်" လို့ ပြောတယ်။

မိန်းမရဲ့စကားကိုကြားတော့ ယောကျ်ားက သွားမရှိတော့တဲ့ ပါးစပ်ကိုဟာပြီး ရယ်တယ်။ ပရိသတ်အများရဲ့ ပါးပြင်ပေါ်မှာ မျက်ရည်ဥလေးတွေ တွဲခိုနေခဲ့တယ်။

"အပျော်ရွှင်စေဆုံး စကားတစ်ခွန်း" က တကယ်တော့ ကျွန်တော်တို့ရင်ဘတ်ထဲကနေ ထွက်လာတဲ့ စစ်မှန်တဲ့အပြုအမူလေးတစ်ခု ဖြစ်တယ်။ အဲဒီအပြုအမူလေးတစ်ခုက ချစ်ခြင်းမေတ္တာကို နိုးဆွနိုင်ခဲ့တယ်။ လောကကြီးကို ချစ်ခြင်းရနံ့တွေ ပျံ့လွင့်ပြီး မွှေးကြိုင်စေခဲ့ပါတယ်။

သင့်ရဲ့အပျော်ရွှင်စေဆုံးစကားတစ်ခွန်းက ဘာလဲ။ (ချရေးကြည့်ပါ)

သူ့အတွက် အပျော်ရွှင်စေဆုံး စကားတစ်ခွန်း သင် ပြောခဲ့ပြီးပြီလား။

မှရင်း – http://www.greenland-book.com/bbs/viewthread.
php?tid=638

* * *

# အချစ်ဝေဖန်ရေးဆရာ

'ရေခဲသေတ္တာလိုအေးစက်တဲ့
အချစ်ဝေဖန်ရေးဆရာ' တဲ့၊ ဟုတ်ပါတယ် ...

လက်ထပ်ပြီး သုံးနှစ်မြောက်မှာ သူမအကြည့်၊ သူမဆုံးဖြတ်ချက်ကို သူမ သံသယ စ,ဝင်လာမိတယ်။ ဘာဖြစ်လို့ အစကတည်းက ဒီလိုယောကျ်ားမျိုးကိုမှ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ခဲ့မိသလဲ။ ထက်မြက်တဲ့၊ တော်တဲ့ ယောကျ်ားတွေ ဒီလောက်အများကြီးထဲမှာ ဘာဖြစ်လို့ ဆိုးကွက်တွေပရပွနဲ့ ဒီလိုယောကျ်ားကိုမှ သူမ ရွေးချယ်ခဲ့ရသလဲ။

သူ မှတ်ဉာဏ်မကောင်းဘူး။ သူ့ကို မှာလိုက်တဲ့ကိစ္စတိုင်း မျက်စိတမှိတ်အတွင်းမှာ သူ မေ့သွားတတ်တယ်။

သူ သန့်ရှင်းမှုကို ဦးစားမပေးဘူး။ သူမသာ တဖျစ်ဖျောက်တောက် မရှုတ်ရင် သူဟာ ဘယ်တော့မှ ကိုယ်တိုင်အဝတ်အစားလဲသူ မဟုတ်ဘူး။





ချစ်စရာစကားတွေကို တီတီတာတာ သူ မဆိုတတ်ဘူး၊ သူဟာ ဘယ်တော့မှ သူမမျက်နှာ နီမြန်းသွားစေတဲ့၊ ရင်ခုန်သွားစေတဲ့စကားကို မပြောခဲ့ဘူး။

ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့ကို သူမ အကြိမ်ကြိမ် အပြစ်တင်၊ ဝေဖန်ခဲ့ပေမယ့် သူ မပြောင်းလဲခဲ့ပါဘူး။ လင်မယားနှစ်ယောက်ရဲ့ကြားမှာ တင်းမာမှုတွေ ပိုပိုလာခဲ့ပါတယ်။

ချစ်သူရည်းစားဖြစ်ချိန်မှာ ချွဲနွဲ့ခဲ့တဲ့စကားတွေ၊ ကြည်နူးခဲ့တဲ့ အပြုအမူတွေက အခုချိန်မှာ ရေခဲပြင်လို အေးစက်နေခဲ့တယ်။ သူမ ခံစားရခက်လာတယ်။ ဒီလိုနဲ့ သူငယ်ချင်းကောင်းတစ်ယောက်ဆီ ယောကျ်ားဖြစ်သူရဲ့ "အပြစ်"တွေကို သူမ ရင်ဖွင့်ခဲ့မိတယ်။ သူ့ရဲ့အပြစ်တွေ၊ ဆိုးကွက်တွေတိုင်းက သူမကို မခံမရပ် ဖြစ်စေခဲ့တယ်။

သူမပြောသမျှကို သူငယ်ချင်းက စိတ်ရှည်လက်ရှည် နားထောင်ပေးပြီး သူမကို မေးတယ်။

"နင်က အချစ် ဝေဖန်ရေးဆရာလား၊ သူ့အပေါ် ဝေဖန်ဖို့ကိုပဲ နင် ရှာနေတော့မှာလား၊ နင့်စိတ်ကို ချမ်းသာစေတဲ့အရာ သူ့အပေါ်မှာ ရှာမတွေ့နိုင်တော့ဘူးလား"

"ရှာမတွေ့လို့ဘဲ ပြောတာပေါ့၊ သူ့ဆိုးကွက်တွေပြောမှ သူ့ကို ပြုပြင်နိုင်မယ်လေ၊ ကောင်းကွက်တွေ ဘာလို့ပြောနေရမလဲ"

"နင် မှားပြီ၊ သူ့ကောင်းကွက်တွေကို မကြာခဏ ပြောရတယ်၊ ငါတို့ဟာ နေ့ရက်တွေကို ဖြတ်ကျော်နေကြတဲ့ သာမန်ဇနီးမောင်နှံတွေဖြစ်လို့ပဲ၊ ငါတို့က ရေခဲသေတ္တာလိုအေးစက်တဲ့ အချစ်ဝေဖန်ရေး ဆရာတွေ မဟုတ်ဘူး" သူငယ်ချင်းက ပြုံးပြုံးလေးနဲ့ ပြောတယ်။

"ရေခဲသေတ္တာလိုအေးစက်တဲ့ အချစ်ဝေဖန်ရေးဆရာ" တဲ့။ ဟုတ်ပါတယ်။ အိမ်မှာ သူမဟာ ဒီလိုဇာတ်ကောင်နဲ့ပဲ အမြဲသရုပ်ဆောင်ခဲ့တာပဲ မဟုတ်လား။

ချစ်သူရည်းစားဖြစ်တုန်းက ချိုမြိန်ကြည်နူးခဲ့ကြတဲ့ အချစ်တွေ ခုတော့ တဖြည်းဖြည်းနဲ့ ပျောက်ဆုံးခဲ့ကုန်ပြီ။ ဘဝရဲ့ မီးခိုးမီးငွေ့တွေက သူမရဲ့ အကြင်နာခေါင်းတိုင်ကိုတဖြည်းဖြည်းဖုံးလွှမ်းဝါးမျိုသွားခဲ့ပြီ။ ပေါ့ပေါ့တန်တန် နေ့ရက်တွေက သူမရဲ့ စိတ်ရှည်၊ သည်းခံ၊ ခွင့်လွှတ်စိတ်ကို ပျောက်ဆုံးစေခဲ့ပြီ။ အသံအနေအထား၊ မျက်နှာအနေအထားနဲ့ ကလေးတစ်ယောက်ကို သွန်သင်ဆုံးမသလိုမျိုး အစတုန်းက ကိုယ်တိုင်ရွေးချယ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ကို သူမ ပြစ်တင်မောင်းမဲနေခဲ့ပြီ။

သူငယ်ချင်းနဲ့ လမ်းခွဲ အိမ်ပြန်လာပြီးနောက် သူ့အပေါ်ကြည့်တဲ့ အမြင်ကို သူမ ပြောင်းလိုက်တယ်။ ဝေဖန်တဲ့မျက်လုံးနဲ့ သူမ မကြည့်တော့ဘူး။ အေးစက်စက် ဝေဖန်ရေးသမားတစ်ယောက် မဖြစ်အောင် သူမ နေတယ်။ ယောကျ်ားနဲ့ သူမရဲ့ကြား ပြောင်းလဲမှုက သိသာလာခဲ့တယ်။ အနည်းဆုံးတော့ မကျေနပ်တာတွေဘဲ သူမရင်ထဲ အပြည့်ထည့်မထားခဲ့မိတော့ဘူး။

သူ မှတ်ဉာဏ်မကောင်းဘူး၊ ဒါပေမယ့် သူမနဲ့ ပတ်သက်သမျှကိုတော့ သူ မှတ်မိနေတယ်။ သူမကြိုက်တဲ့ မင်္ဂဇင်းကို သူ မှတ်မိတယ်။ အလုပ်ဆင်း အိမ်ပြန်တဲ့အခါ သူမအတွက် နောက်ဆုံးထွက်တဲ့ မင်္ဂဇင်းကို သူ ဝယ်လာတတ်တယ်။

လစဉ်တိုင်း သူမ နေထိုင်မကောင်းတဲ့ရက်တွေကို သူ မှတ်မိနေပြီး သူမအတွက် ဆေးဝါးတွေကို သူ ပြင်ဆင်ပေးတတ်တယ်။





သူ သန့်ရှင်းမှုကို ဦးစားမပေးဘူး၊ ဒါပေမယ့် သန့်ရှင်းတာကို သူမ ကြိုက်တယ်ဆိုတာ သူ သိတယ်။ ရုံးပိတ်ရက်တွေမှာ အိမ်သန့်ရှင်းရေးကို သူ လုပ်တတ်တယ်။ တန်ဖိုးရှိတဲ့ သူ့အချိန်တွေနဲ့ ဝိုင်းကူလုပ်ပေးသည့်တိုင် သူ မညည်းတွားခဲ့ဘူး။

ချစ်စရာစကားတွေ တီတီတာတာ သူ မဆိုတတ်ဘူး၊ ဒါပေမယ့် သူမ အကြိုက်ကို သူ ဂရုစိုက်တတ်တယ်။ သူမကြိုက်တဲ့ဟင်းတွေ သူ သင်ယူပြီး အားလပ်ချိန်မှာ သူမကို သူ ချက်ကျွေးတတ်တယ်။

အချစ်ရဲ့ဝေဖန်ရေးဆရာ မလုပ်တော့တဲ့နောက်ပိုင်းမှာ သူမရဲ့ ပျော်ရွှင်၊ စိတ်ချမ်းသာမှုက အဆင့်တစ်ဆင့် တိုးသွားတယ်။ သူ့အပြုအမူ၊ ဂရုစိုက်မှုတွေက ဟိုးအရင်တည်းက ရှိပြီးသားဆိုပေမယ့် ဆိုးကွက်ကိုသာ ပိုမြင်ခဲ့တဲ့ သူမ ဒါတွေကို သတိမထားခဲ့မိဘူး။ မမြင်ခဲ့မိဘူး။ အခုတော့ သူ့ကောင်းကွက်ကိုသာ သူမ ရွေးချယ်ကြည့်တတ်ခဲ့လို့ သူမရဲ့စိတ်တွေလည်း ပိုလန်းဆန်းလာခဲ့တယ်။ ပိုပျော်ရွှင်လာခဲ့တယ်။ အချစ်လည်း ပိုနွေးထွေး၊ ပိုချိုမြိန်လာခဲ့တယ်။

"အချစ်ဝေဖန်ရေးဆရာ မလုပ်ဘူး" ဒါဟာ ဘဝတစ်သက်တာရဲ့ ပျော်ရွှင်ခြင်းကို သက်ရောက်စေသလို ကျွန်တော်တို့တစ်သက် သင်ယူလေ့လာဖို့ လိုအပ်တဲ့ ဘဝသင်ခန်းစာတစ်ပုဒ်လည်း ဖြစ်တယ်။ အိမ်ထောင်ရေးကို သာယာစေတဲ့ အစွမ်းလည်းဖြစ်တယ်။ ကျွန်တော်တို့တစ်သက်လုံး လေ့လာလိုက်စားထိုက်ပါတယ်။

မူရင်း - Miao Chun Fu

* * *

# အချစ်ကိုမငြင်းဆန်နဲ့

"အသံကျယ်ကြီးနဲ့ "မိန်းမရေ ငါ နိုင်ပြီဟ၊
နင်ကျွေးတဲ့ခရမ်းချဉ်သီးကိုစားပြီး ..."

မိန်းမဖြစ်သူက မီးဖိုထဲ ထမင်းဟင်းချက်နေတယ်။ ယောကျ်ားဖြစ်သူက ဧည့်ခန်းမှာ ကျွန်တော်နဲ့ စစ်တုရင်ကစားနေတယ်။

"ခဏဝင်လာခဲ့ပါ" မိန်းမ လှမ်းအော်တယ်။ အသံကျယ်ပေမယ့် နွေးထွေးသိမ်မွေ့တယ်၊

ယောကျ်ား ချက်ချင်းထသွားတယ်။ မီးဖိုနဲ့ဧည့်ခန်းက ခြေလှမ်းသုံးလှမ်းသာ လှမ်းရတယ်ဆိုပေမယ့် သူ အပြေးလေးသွားတယ်။

မီးဖိုကထွက်လာတဲ့ ယောကျ်ားရဲ့လက်ထဲမှာ ခရမ်းချဉ်သီးတစ်ခြမ်းပါလာတယ်။ ခရမ်းချဉ်သီးကို တစ်ကိုက်ကိုက်ရင်း "ဒီတစ်ခါ ဘယ်သူ့အလှည့်လဲ" လို့ ကျွန်တော့်ကို သူ မေးတယ်။





"မင်း ခရမ်းချဉ်သီး ကြိုက်တယ်လား"

"သိပ်မကြိုက်ဘူး" ခရမ်းချဉ်သီးတစ်ကိုက်ကိုက်ရင်း မီးဖိုဘက်ကြည့်ပြီး သူ ပြန်ဖြေတယ်။

"သူ ဘာလို့ မင်းကို ခေါ်တာလဲ၊ ပြီးတော့ ခရမ်းချဉ်သီး ပေးလိုက်လဲ"

"ငါကြိုက်တယ်လို့ သူထင်လို့" သူက ဆက်ပြောတယ်။

"မင်္ဂလာဆောင်စက ငါတို့ အရမ်းကျပ်တည်းတယ်၊ ငါကလည်း မလည်မဝယ်ဆိုတော့ အိမ်မှာ ခရမ်းချဉ်သီးချက်စားတိုင်း သူက ငါ့ပါးစပ်ထဲ ခရမ်းချဉ်သီး ထိုးထိုးထည့်ပေးတတ်တယ်၊ အဲဒီတုန်းက ခရမ်းချဉ်သီးကို ငါ ကြိုက်တယ်၊ ဒါပေမယ့် ခု သိပ်မကြိုက်တော့ဘူး"

"မင်း မကြိုက်ကြောင်း သူ့ကို ဘာလို့ မပြောပြတာလဲ"

"ဘာလို့ ပြောရမှာလဲ၊ တကယ်လို့ သူကျွေးတဲ့ ခရမ်းချဉ်သီးကို ငါ မကြိုက်မှန်း သူ သိသွားရင် သူ စိတ်မချမ်းသာဖြစ်မှာပေါ့"

အဲဒီစစ်တုရင်ကစားပွဲမှာ သူ နိုင်သွားတယ်။ မီးဖိုဘက် သူ လှည့်ပြီး အသံကျယ်ကြီးနဲ့ "မိန်းမရေ၊ ငါ နိုင်ပြီဟ၊ နင်ကျွေးတဲ့ ခရမ်းချဉ်သီးကိုစားပြီး ငါ အားတွေတိုးလာတယ်၊ အတွေးတွေ သွက်လာတယ်" လို့ အော်ပြောတယ်။

အချစ်က လှစ်ဟပြသဖို့လိုတယ်။ လူနှစ်ယောက် ပေါင်းသင်းတာကြာလာတာနဲ့အမျှ တစ်ယောက်ကိုတစ်ယောက် ချစ်ကြောင်း၊ ဂရုစိုက်ကြောင်း ထုတ်ဖော်ပြသမှုတွေဟာ အသေးအမွှားကိစ္စတစ်ခုလိုဖြစ်ပြီး လျစ်လျူရှုမိတတ်တယ်။

ရေနွေးတစ်ခွက်ထည့်ပေးတာ၊ စောင်ခေါက်ပေးတာ၊ နောက်ပြောင်ကျီစယ်တာကအစ အစာတစ်ခု ပါးစပ်ထဲခွံ့ထည့်ပေးတာကအဆုံး ဒါဟာ အချစ်ရဲ့ အရိပ်အယောင်ကို လှစ်ဟပြတာဖြစ်တယ်။ ဂရုစိုက်၊ အလေးထား

တာကို ထုတ်ဖော်ပြတာဖြစ်တယ်။

ရေနွေးက အပူလောင်တတ်တယ်။ ဓောင်က ခေါက်စရာမလိုဘဲ ခေါက်တယ်။ နောက်ပြောင်စကားတွေက နည်းနည်းကြမ်းတယ်။ အစားက စားမကောင်းဘူးဆိုပေမယ့် မငြင်းဆန်လိုက်ပါနဲ့။ သင်ငြင်းဆန်တာဟာ အမြဲ အမှုတစ်ခုကို ငြင်းဆန်တာမဟုတ်ဘဲ အချစ်တစ်ခု၊ ဂရုစိုက်မှုတစ်ခုကို ငြင်းဆန်လိုက်လို့ပဲဖြစ်တယ်။

မူရင်း- http://www.duwenzhang.com/wenzhang/

* * *

# သော့အိမ်နဲ့သော့လိုအချစ်

"နင်ရွေးသင့်တာက လမ်းခွဲဖို့မဟုတ်ဘူး။
နှစ်ယောက်စလုံး လိုက်ဖက်တဲ့ချစ်သူဖြစ်အောင် ..."

အချစ်တိုင်းက သော့အိမ်နဲ့သော့ အချင်းချင်းရှာဖွေတဲ့ဖြစ်စဉ်ဖြစ်တယ်။

လူတိုင်းမှာ ၁၀၀ ရာခိုင်နှုန်းသင့်လျော်လိုက်ဖက်တဲ့ ဖူးစာရှင်တစ်ဦး ရှိသလို သော့တိုင်းမှာလည်း သော့ကိုဖွင့်နိုင်တဲ့ မှန်ကန်တဲ့သော့တစ်ချောင်း ရှိတယ်ဆိုတဲ့အဆိုကို လူတွေ ဘယ်ရာစုကတည်းက ယုံကြည်ကြခဲ့သလဲ မသိပါဘူး။

"ဒီလိုရာဇဝင်ကိုရော၊ နားထောင်ဖူးလား၊ လူတိုင်းရဲ့လက်မှာ မျက်စိနဲ့မမြင်နိုင်တဲ့ အနီရောင်ကြိုးစနဲ့ ချည်ထားကြတယ်။ ကျန်ကြိုးစကိုတော့ တခြားလက်တစ်ဖက်မှာ ချည်ထားတယ်။ အချစ်ဆိုတာ ကိုယ်နဲ့ အနီရောင်ကြိုးစချင်း ချည်ထားတဲ့လူကို ရှာတာဖြစ်တယ်"

ကျွန်မသူငယ်ချင်းတွေက ဒီလိုအချစ် အယူအဆကို ပိုထောက်ခံကြတယ်။ တကယ်လို့ တစ်ဖက်လူက ကိုယ်နဲ့ အမြင်ချင်းမတူတဲ့အခါ အကျင့်စရိုက် ခြားနားတဲ့အခါ၊ မကြာခဏ ငြင်းခုန်ကြတဲ့အခါ တစ်ဖက်လူကို Mr.Wrong လို့ သတ်မှတ်ပြီး သော့တံအရှာမှားတယ်လို့ သူတို့ ထင်ကြတယ်။

ခုတလော ကေသီနဲ့ သူ့ချစ်သူ မကြာခဏ ပြဿနာတက်တယ်။ အားပေးတဲ့ ဘောလုံးသင်းကအစ စားတဲ့အစားအစာအထိ သူတို့နှစ်ယောက်ရဲ့အကြိုက်က ဆန့်ကျင်ဘက်ဖြစ်နေတယ်။

"သူက ငါ့အတွက် ဘုရားသခင်ပေးတဲ့ သော့မဟုတ်ဘူး။ ငါ သော့တစ်ချောင်း လဲကြည့်သင့်ပြီထင်တယ်"လို့ ကေသီက သူ့စိတ်ကူးကို သူငယ်ချင်းတွေဆီ ရင်ဖွင့်တယ်။ ကျွန်သူငယ်ချင်းတွေက သဘောတူပေမယ့် ကျွန်မ ခေါင်းခါခဲ့တယ်။

"ကေသီ၊ ဒီလို ခဏခဏ ချစ်သူပြောင်းတိုင်း နင်နဲ့ အသင့်လျော်ဆုံး ချစ်သူ တကယ်တွေ့နိုင်မလား" သံသယအမေးနဲ့ ကျွန်မ မေးတယ်။

"တစ်ယောက်ကိုတစ်ယောက် နားမလည်နိုင်မှတော့ လမ်းခွဲတာ အကောင်းဆုံးပဲ၊ ဒီတိုင်းဆက်သွားရင်လည်း ဘာမှထူးမလာဘူး"ကေသီက နိုင်နိုင်မာမာ ပြန်ဖြေတယ်။

"ဟုတ်တယ်၊ စောစောလမ်းခွဲလေ စောစောပျော်ရလေပဲ" မိဆိုးက ဝင်ထောက်တယ်။

"မှန်တာပေါ့၊ ကားထားဖို့နေရာ လုပ်ပေးမှ တခြားကား ဝင်ရပ်နိုင်မှာပေါ့၊ ကိုယ်နဲ့မသင့်လျော်တဲ့လူကို နေရာပေးရင် တကယ့်ဖူးစာရှင်က ဘယ်မှာနေရာရှိတော့မလဲ" မော်လီက ထောက်ခံမဲဝင်ပေးတယ်။





"ဒါဟာ လောဂျစ်မှားတစ်ခုပဲ၊ ကေသီ့အတွက် ပိုသင့်လျော်တဲ့ ဖူးစာရှင်ရှိတယ်၊ မွေးကတည်းက သူ့အတွက် မှန်ကန်တဲ့သော့တစ်ချောင်း ပါလာတယ်လို့ နင်တို့ ထင်ခဲ့တယ်၊ အဲဒီအထင်က နင်တို့ရဲ့ဆုံးဖြတ်ချက်ကို ထိခိုက်စေခဲ့တာပဲ၊ သော့ဆရာတွေ သော့လုပ်တာကို နင်တို့ မြင်ဖူးကြရင် ငါဆိုလိုချင်တဲ့အဓိပ္ပာယ်ကို နင်တို့ နားလည်လိမ့်မယ်၊ သော့ဆရာက သော့တံတစ်ခုကို ယူတယ်၊ အဲဒီသော့တံက သော့အိမ်ကို ဒီအတိုင်း တိုက်ရိုက်ဖွင့်လို့မရဘူး၊ သော့အိမ်ကို ဖွင့်နိုင်တဲ့သော့ဖြစ်အောင် အဲဒီသော့တံကို စက်တွေနဲ့ သေချာပွတ်တိုက်ညှိပေးရတယ်။ ဒီကမ္ဘာမှာ မွေးလာကတည်းက ကိုယ်နဲ့လိုက်ဖက်မယ့် ဖွင့်နိုင်မယ့်သော့ရှိတယ်လို့ ငါတော့ မထင်ဘူး၊ အဲဒီလိုပဲ ကိုယ့်အတွက်ကြောင့် မွေးဖွားလာရတယ်ဆိုတဲ့လူလည်း ရှိမှာမဟုတ်ဘူး"

"ကိုယ်သိတဲ့ယောကျ်ားတစ်ယောက်က သော့တစ်ချောင်းဆိုပါစို့၊ ကိုယ်နဲ့သူဟာ လုံးဝမလိုက်ဖက်ဘူး၊ ဒါပေမယ့် သူဟာ ကိုယ့်အတွက် အသင့်တော်ဆုံးလူ ဖြစ်သွားနိုင်တယ်။ သော့တံကိုစက်တွေနဲ့ပွတ်တိုက်ညှိပေးသလို အချင်းချင်း ချစ်ကြိုက်တယ်ဆိုတာ မတူညီတာကို ပြင်ဆင်ညှိနှိုင်းပေးတာပဲ၊ ကိုယ့်အချစ်နဲ့ သူ့ရဲ့မချောမွတ်တဲ့ထောင့်တွေကို ပွတ်တိုက်ညှိပေးမယ်၊ ကိုယ်ကြိုက်တဲ့ပုံစံဖြစ်တဲ့အထိ လိုက်ဖက်အောင် ညှိပေးမယ်၊ သူလည်းပဲ သူ့အချစ်နဲ့ ကိုယ့်ရဲ့အဆင်မချောတဲ့ထောင့်တွေကို သူနဲ့ အဆင်ပြေချောမွတ်တဲ့အထိ ပြင်ဆင်ညှိပေးမှာပဲ၊ ဒီလိုနဲ့ တဖြည်းဖြည်း ချစ်သူနှစ်ဦးဟာ တူညီမှုတွေများလာတယ်၊ အကြိုက်ချင်းတွေ တူလာတယ်၊ ဘောလုံးပွဲတွေ အတူကြည့်လာနိုင်သလို၊ သူကြိုက်တဲ့အစားအစာ၊ ကိုယ်ကြိုက်တဲ့အစားအစာတွေကို အတူစားလာနိုင်တယ်။ ကိုယ်နဲ့မတူတဲ့ ယောကျ်ားတစ်ယောက်ကို ချစ်မိရင် ဘယ်အရာမဆို ကိုယ့်သဘောအတိုင်း ဖြစ်နိုင်မှာမဟုတ်ဘူး။ ဒီလိုအချိန်မှ အချင်း

ချင်း အဆင်ပြေပြေ၊ ချောချောမွတ်မွတ် ပြောဆိုဆက်ဆံတတ်ဖို့ ကိုယ်သင်ယူနိုင်မယ်၊ နားလည်ခွင့်လွှတ်တတ်လာမယ်၊ အလျှော့ပေးနောက်ဆုတ်တတ်လာမယ်၊ ကိုယ် ပိုရင့်ကျက်လာတယ်လို့ ခံစားမိလိမ့်မယ်"

"ကိုယ်နဲ့သင့်လျော်တဲ့ ဖူးစာရှင်ရှိတယ်ဆိုတာကိုပဲ ကိုယ်တွေးနေရင် အလုပ်နဲ့ သက်သေပြတာကို ကိုယ် ဖယ်ထုတ်မိပြီး "သူက ငါ့ရဲ့ တကယ့်ဖူးစာရှင် မဟုတ်သေးဘူး၊ နောက်တစ်ယောက် ပြောင်းဦးမယ်၊ အရှုံးတွေနယ်ပျိုတုန်း နောက်တစ်ယောက်ကို ငါ အမြန်ရှာမယ်"ဆိုတာမျိုးတွေ ဖြစ်သွားတတ်တယ်"

"နင် ရွေးသင့်တာက လမ်းခွဲဖို့မဟုတ်ဘူး၊ နှစ်ယောက်စလုံး လိုက်ဖက်တဲ့ချစ်သူဖြစ်အောင် သူ့ကို ပြင်ဆင်ဖို့နဲ့ ကိုယ့်ကိုယ်ကို ပြင်ဆင်ဖို့ပဲကောသီ"

လောကကြီးမှာ မွေးလာတာနဲ့ ကိုယ်နဲ့ အသင့်လျော်ဆုံးလူဆိုတာ မရှိသလို မသင့်လျော်ဘူးဆိုတာလည်း မရှိဘူး၊ အဓိကက ချစ်ကြိုက်သူနှစ်ဦး အဆင်ပြေချောမွေ့ဖို့အချင်းချင်း ပြင်ဆင်ညှိနှိုင်းတာပဲဖြစ်တယ်။

မူရင်း - Caffeine

* * *

# အချစ်တွေ ဘယ်လောက်မှ လုံလောက်သလဲ

'သူပြေခဲ့တာက 'အချစ်တွေမလောက်လို့
လမ်းခွဲလိုက်ကြတယ်' တဲ့ ...'

တစ်ချိန်က စကားဟာတာနဲ့ ----က အရေးပါတာလား၊ ငါက အရေးပါတာလားလို့ ပြောတတ်တဲ့ ကောင်လေးတစ်ယောက်နဲ့ ကျွန်မ ချစ်ကြိုက်ခဲ့ဖူးတယ်။

သူပြောတဲ့ ---က ဘယ်အရာမဆို ဖြစ်နိုင်တယ်။ ဥပမာ - ကျွန်မရဲ့ ချစ်သူဟောင်းဖြစ်မယ်၊ ကျွန်မရဲ့ သူငယ်ချင်းတွေဖြစ်မယ်၊ ရုပ်ရှင်ကားပိုင်းရှည်တစ်ကားလည်း ဖြစ်နိုင်တယ်။

ချစ်သူက သင့်ကို "တီဗွီက အရေးပါတာလား၊ ငါက အရေးပါတာလား"လို့ မေးတဲ့အခါ သင့်စိတ်ထဲမှာ "ဒီနံ့အတဲ့ကလေးသူငယ် ငါ့ရှေ့က ပျောက်သွားတာ အကောင်းဆုံးပဲ"လို့ တွေးကောင်းတွေးလိမ့်မယ်၊ အဲဒီနောက် နာရီဝက်ကြည့်ပြီး သူနဲ့ချိန်းတွေ့ဖို့ စိတ်ကူးထားတဲ့ သင့်စိတ်ကူးကို ပြောင်းပြီး တစ်နေကုန် အခွေတွေကို သင် ထိုင်ကြည့်ကောင်း ကြည့်နေလိမ့်

မယ်။ အဲဒီမှာ ချစ်သူက "တီဗွီကြည့်တာနဲ့" သူ့ကိုယ်သူ နှိုင်းလာတဲ့အခါ သူ့စိတ်ကို သင် ပိုကလီချင်လာလိမ့်မယ်၊ ဒါပေမယ့် သိပ်မကြာပါဘူး။ သင့်ကိုယ်သင်လည်း မရင့်ကျက်သူဖြစ်ကြောင်း ကိုယ့်ဘာသာသိထားမိပါလိမ့်မယ်။

သူ့ကို သင် ချစ်တယ်၊ သူနဲ့ လက်ချင်းတွဲပြီး ပျော်ပျော်ပါးပါး လျှောက်လည်ဖို့ကိုလည်း သင် မျှော်လင့်တယ်။ ဒါပေမယ့် အခြေအနေက ဘာဖြစ်လို့ ဒီလိုပုံစံ ပြောင်းသွားခဲ့ရသလဲ။ သင့်စိတ်ထဲမှာ သူ စိတ်တိုတာကို ပျော်ရွှင်တာထက် ပိုစေချင်တာလား။

ဒီလိုအခြေအနေမျိုးကို တစ်ချိန်က ကျွန်မ ဆန်းစစ်ခဲ့ဖူးတယ်။ ဒါဟာ စိတ်နေသဘောထားကြောင့်ဖြစ်မယ်လို့ ကျွန်မ ထင်တယ်။

တကယ်လို့ သူငယ်ချင်းတွေနဲ့ ကျွန်မ ထွက်လည်တယ်ဆိုပါစို့။

"သူငယ်ချင်းတွေက အရေးပါတာလား၊ ငါက အရေးပါတာလား" လို့ ပြောမယ့်အစား "ပျော်ပျော်ကစားခဲ့နော်" လို့ သူပြောခဲ့ရင် ညနေဝင်မိုးချုပ်ထိ သူ့ဖုန်းမကိုင်ဘဲ သူငယ်ချင်းတွေနဲ့ တစ်နေကုန် လျှောက်လည်မယ့်အစီအစဉ်ကိုဖျက်ပြီး သူ့ဆီ ကျွန်မ အမြန်ပြန်လာမိလိမ့်မယ်။

တကယ်လို့ ဇာတ်လမ်းတွဲတွေ ကျွန်မ ကြည့်ချင်တဲ့အခါ ဖုန်းမချခင် "ဇာတ်လမ်းက အရေးပါတာလား၊ ငါက အရေးပါတာလား" လို့ ပြောမယ့်အစား "အင်း . . . ကြည့်ပြီး စောစောအိပ်နော်" လို့ သူ ပြောခဲ့ရင် နာရီဝက်လောက်ပဲ အရွေ့ကြည့်ပြီး မအိပ်ခင် သူ့ကို တမင်မက်ဆေ့ချ်မပို့မယ့်စိတ်ကူးကိုဖျက်ပြီး "နင့်ကို ငါလွမ်းတယ်" လို့ သူ့ကို ကျွန်မ ဖုန်းဆက်မိလိမ့်မယ်။

နောက်ဆုံးမှာ အဲဒီကောင်လေးနဲ့ကျွန်မ လမ်းခွဲလိုက်ကြတယ်။ "နင့်အချစ်တွေ ငါ့အတွက် မလုံလောက်ဘူး" လို့ သူက ဆိုပါတယ်။ ဘယ်လိုအခြေအနေမှ "လုံလောက်တယ်" လို့ ခေါ်သလဲလို့ သူ့ကို ကျွန်မ မေးကြည့်ချင်





ပါတယ်။ သူကလွဲပြီး အရာရာကို ဥပေက္ခာပြုမှ လုံလောက်တယ်လို့ ဆိုရမလား။ ကိုယ်ပိုင်လွတ်လပ်မှုတွေ၊ ကိုယ်ပိုင်အခွင့်အရေးတွေကို လက်လွှတ်ပြီး အရာအားလုံး သူ့အတွက်ပေးဆပ်မှ လုံလောက်တယ်လို့ ခေါ်မလား။

သာမန်အားဖြင့် ငယ်ငယ်လေးကတည်းက စိတ်ကူးယဉ်ဆန်တဲ့ အချစ်ဝတ္ထု၊ အချစ်ရုပ်ရှင်တွေနဲ့ကြီးပြင်းလာခဲ့တဲ့ ကျွန်မတို့ဟာအချစ်အတွက် ပေးဆပ်ရမှာကို လိုလားကြတယ်။ "အချစ်အတွက် အရာရာ ပေးဆပ်ရဲတယ်" ဆိုတာကို ယုံကြည်ထားကြတယ်။

ဒါပေမယ့် တစ်ခါတလေမှာ အချစ်ဟာ အလှူခံဖြုတ်ပိုင်းနဲ့ တူတယ်။ ကျွန်မတို့မှာ တစ်ပြားတစ်ချပ်မှ မလှူတဲ့ ဆုံးဖြတ်ချက်တွေ ရှိပေမယ့် အသိစိတ်က ကျွန်မတို့ကို တစ်ကိုယ်ကောင်းမဆန်ဖို့ နှိုးဆော်နေတယ်။ မငြင်းရတဲ့ အသိစိတ်ကို အားနာတာကြောင့် စိတ်မပါ့တပါနဲ့ ပထမအကြိမ် ကျွန်မတို့ လှူတယ်။ ဒုတိယအကြိမ်၊ တတိယအကြိမ်၊ နောက်တော့ အလှူခံသူက ကျွန်မတို့လှူတာကို "လှူသင့်လှူထိုက်တယ်" လို့ထင်ပြီး ကျေးဇူးစကားတစ်ခွန်းမှ မပြောဘဲ လှူသမျှကို ယူသွားတော့တယ်။ ကိုယ့်ဘက်ကချည်း ပေးဆပ်ဖို့ ကျွန်မတို့ ပင်ပန်းနွမ်းနယ်လာတဲ့အခါ တစ်ဖက်လူက အကြွေးတောင်းသူတစ်ယောက်လို "အချစ်အတွက် ပေးဆပ်မယ်ဆို" လို့ အတင်းအကျပ် တောင်းဆိုလာတဲ့အခါ ပေးဆပ်ရမှာကို ကျွန်မတို့ ကြောက်တတ်လာတယ်။

ကျွန်မ မဆိုးဘူးလို့ ကျွန်မကိုယ်ကျွန်မ ထင်တယ်။ ဒါပေမယ့် "ချစ်တာ မလုံလောက်ဘူး" လို့ တခြားသူအပြစ်ဖို့တဲ့အခါ အပြစ်ရှိတဲ့ လက်ဝါးကပ်တိုင်ကို ထမ်းထားရတယ်လို့ ကိုယ့်ကိုယ်ကို ထင်မိတယ်။ လမ်းခွဲချိန်မှာလည်း

ကျွန်မ မနာကျင်၊ မခံစားခဲ့ရတာ မဟုတ်ဘူး။ ကျွန်မလည်း သူ့ကိုချစ်လို့ နာကျင်ခံစားခဲ့ရတာပါပဲ။

အချစ်ကို မတူတဲ့အတိမ်အနက်နဲ့ သတ်မှတ်ခဲ့လို့၊ သူ့အပေါ် ကျွန်မရဲ့အချစ်တွေ မလုံလောက်လို့၊ သူ့လိုအင်တွေများလို့ ဒါတွေဟာ ကျွန်မတို့ လမ်းခွဲကြတဲ့ အကြောင်းပြချက်ဖြစ်ခဲ့တယ်၊

အင်တာဗျူးတစ်ခုမှာ ဒါရိုက်တာတစ်ဦး ဖြေခဲ့တဲ့အဖြေကို ကျွန်မ သွားသတိရတယ်။ သူဖြေခဲ့တာက "အချစ်တွေမလောက်လို့ လမ်းခွဲလိုက်ကြတယ်"တဲ့။

သူပြောချင်တဲ့ အကြောင်းအရာက ရိုမီယိုနဲ့ ဂျူးလိယက်လို နိုင်ငံအချင်းချင်း ရန်ငြိုးထားပြီး မညားကြတဲ့ဇာတ် အခုခေတ်မှာ မရှိတော့ဘူး။ အခုခေတ်လူတွေ လမ်းခွဲကြတဲ့အကြောင်းက အချစ်တွေ မလောက်လို့ဖြစ်တယ်။

အချစ်တွေမလောက်လည်း အချစ်က ရှိနေဦးမှာဖြစ်တယ်၊ ဒါပေမယ့် လူတွေမှာ အချစ်ရှိနေရုံနဲ့ မလုံလောက်သေးဘူး၊ သူနဲ့ လမ်းခွဲလိုက်တယ်ဆိုတိုင်း သူ့ကို မချစ်လို့မဟုတ်ဘူး။ အချစ်တွေ မလောက်လို့ဖြစ်တယ်။ လူ့ဘဝလမ်းခရီးက ရှည်လျားတယ်၊ အဲဒီလမ်းခရီးမှာ သူ့တစ်ယောက်ပဲ ရှိနေရုံနဲ့ မလုံလောက်နိုင်ပါဘူး။

နင့်ကို ငါချစ်တယ်၊ ဒါပေမယ့် ငါ့မှာ သူငယ်ချင်း၊ အပေါင်းအသင်းဆိုတာရှိတယ်၊ ဝတ်ကောင်းစားလှတွေကို ငါ ကြိုက်တယ်၊ ဇာတ်လမ်းတွဲတွေ ငါကြိုက်တယ်၊ ငါ့အချစ်၊ ငါ့မေတ္တာတွေကို ငါ့အလုပ်၊ ငါ့လွတ်လပ်မှုအတွက် ခွဲဝေပေးရဦးမယ်၊ နင့်ကိုချစ်တဲ့ ငါ့အချစ်တွေ ဘယ်လောက်မှ လုံလောက်တယ်လို့ ထင်သလဲ၊

မူရင်း - http://fashion.msn.com.tw/View16054.aspx

*   *   *

# အချစ်ရယ်၊ ဘာကြောင့် ရန်ဖြစ်ရတာတယ်

"သူ့ယောက်ျားပြောတဲ့စကားက

"အိမ်က ရှုပ်ပွနေတာပဲ၊ ဘာဖြစ်လို့ မသိမ်းတာလဲ"

ချစ်သူတွေ၊ လင်မယားတွေ၊ အတူနေတာ ကြာပြီဆိုရင် ငြင်းခုန်ရန်ဖြစ်လေ့ရှိကြတယ်၊ အကြောင်းအရာတစ်ခုနဲ့ အကြိမ်ကြိမ် ငြင်းခုန်ရန်ဖြစ်လေ့ရှိကြတယ်။

တကယ်လို့ ရန်လည်းဖြစ်မယ်၊ ခံစားချက်လည်း မပြောင်းချင်ဘူး၊ တစ်ယောက်ကိုတစ်ယောက် ပိုချစ်ချင်တယ်၊ ပိုနားလည်ချင်အောင် ရန်ကို ဘယ်လိုဖြစ်ရမလဲ၊ ဘယ်လိုငြင်းခုန်ကြမလဲ၊

ဟောလိဝုဒ်ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Groundhog Day" ဇာတ်ကားက မိုးလေဝသကြော်ငြာသူတစ်ဦးဖြစ်တဲ့ Phil Connors (Bill Murray) က Pennsylvania မှာရှိတဲ့ မြို့လေးတစ်မြို့မှာ Groundhog Day ပွဲအကြောင်း သွားရောက်မေးမြန်းခဲ့တယ်၊ မမျှော်လင့်တဲ့ နှင်းမုန်တိုင်းကြောင့် အဲဒီမှာ သူ တစ်ညအိပ်ခဲ့ရတယ်။ ဒါပေမယ့် သူတည်းခဲ့တဲ့အချိန်က တစ်နေ့တည်း တစ်

ရက်တည်းဖြစ်နေတယ်။ သူ ဘယ်တော့မှ နိုးထလာလာ အချိန်က ဖေဖော်ဝါရီလ ၂-ရက်ဖြစ်နေပြီး Groundhog ကြွက်တွေ မြေအောက်က ထွက်လာတဲ့နေ့ပဲ ဖြစ်နေခဲ့တယ်။

မပြောင်းလဲတဲ့အချိန် တစ်ချိန်တည်းမှာပဲ ပိတ်မိနေတဲ့ Phil ဟာ အဲဒီမြို့လေးမှာပဲ မပြောင်းလဲတဲ့နေ့ရက်တွေကို ဖြတ်သန်းနေရတယ်။ နေ့တိုင်းတွေ့နေတဲ့ လူတွေနဲ့တွေ့ပြီး ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေနဲ့ပဲ ထပ်ထပ်ဆုံနေရတယ်။ တူတဲ့လမ်းတွေ လျှောက်ခဲ့ရတယ်။ ဖြစ်ပျက်တာတွေ ထပ်ထပ်ဖြစ်တာကြောင့် သူ ရူးမတတ်ဖြစ်ပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ ကြိုးစားခဲ့တယ်။ သူ ဘယ်လိုခံစားခဲ့ရပါစေ သူ နိုးထလာတိုင်း ဖေဖော်ဝါရီလ ၂-ရက်ဖြစ်နေပြီး ဖြစ်ပြီးသမျှကိစ္စတွေပဲ ထပ်ထပ်ဖြစ်နေပြန်တယ်။

ကျွန်တော်တို့ဘဝမှာလည်း ထပ်ခါထပ်ခါ ဖြစ်ခဲ့တဲ့ကိစ္စ၊ ဖြေရှင်းလို့မရတဲ့ကိစ္စ၊ စိတ်နောက်စရာတွေ ရှိခဲ့ဖူးကြမယ်၊ အထူးသဖြင့် ကိုယ့်အိမ်ထောင်ဘက်နဲ့ ငွေကြေးကိစ္စ၊ သားသမီးကိစ္စ၊ ယောက္ခမ ချွေးမကြားကိစ္စ၊ ဒါမှမဟုတ် အိမ်မှုကိစ္စတွေနဲ့ မပြတ်ငြင်းခုန်ကြရတယ်။ ရုပ်ရှင်ထဲက Phil လိုပဲ အကြောင်းအရာတစ်ခုမှာ ဒါမှမဟုတ် ဒီလိုနေ့ရက်တွေမှာ တဝဲလည်လည်ဖြစ်နေကြရတယ်။

ရုပ်ရှင်ထဲက Phil ဟာ စစချင်းမှာ ကိုယ်ကြုံရသမျှကို သံသယဖြစ်တယ်။ နောက်ပိုင်းမှာ စိတ်ဓာတ်ကျပြီး မျှော်လင့်ချက်ပါ မဲ့သွားတယ်။ နောက်ဆုံးမှ ကိုယ်ကြုံသမျှအဖြစ်အပျက်ကို လက်ခံပြီး ထင်မြင်ချက်ပေးတာတွေ ရပ်လိုက်တယ်။ မပြောင်းလဲဘဲ ထပ်တလဲလဲဖြစ်နေတဲ့ နေ့ရက်တွေမှာ ကိုယ့်ကိုယ်ကို ပျော်ရွှင်အောင်နေပြီး သူတစ်ပါးကို ဂရုစိုက်ရင်း၊ ကူညီရင်းနဲ့ ဖြတ်





ကျော်ခဲ့တယ်။ ချစ်ခြင်းမေတ္တာနဲ့ ရှေ့မတိုး နောက်မဆုတ်သာတဲ့ အချိန်တွေကို ကျော်ဖြတ်ခဲ့တယ်။

ဖြေရှင်းလို့မရတဲ့ ခြားနားချက်တွေ ရှိနေလို့လား။

တကယ်တော့ ရန်ဖြစ်ငြင်းခုန်တာဟာ "တစ်ဖက်လူကို ဒုက္ခပေးတယ်" ဆိုတဲ့ စကားလုံးနဲ့ပဲ အလွယ်တကူ ရှင်းလင်းချက်ထုတ်လို့ မရဘူး၊ "ကိစ္စရပ်တစ်ခုနဲ့ မကြာခဏ ရန်ဖြစ်တာဟာ လင်မယားကြားမှာ ဖြေရှင်းလို့မရနိုင်တဲ့ ခြားနားချက်တွေ ရှိနေလို့ဖြစ်တယ်။ အဲဒီခြားနားချက်က လင်မယားနှစ်ယောက်ရဲ့အချင်းချင်းတန်ဖိုးဖြတ်မှုကိုမလိုလားလို့၊ကိုယ့်မိသားစုဘက်က စခဲ့တဲ့ ပြဿနာမီး ဒါမှမဟုတ် လူမှုရေးကြောင့် စတာတွေဖြစ်တယ်"

တရုတ်စိတ်ရောဂါရှာဖွေရေးဌာန စိတ်ပညာဆရာဝန် —Zhao Wentao က "ငွေကြေးကြောင့် အမြဲရန်ဖြစ်တဲ့ လင်မယားနှစ်ယောက်ရှိတယ်။ ကိုယ့်ယောကျ်ား ဘာဖြစ်လို့ ဒီလောက်ကပ်စေးနဲမှန်း မိန်းမဖြစ်သူ မတွေးတတ်ခဲ့ဘူး။ ပိုက်ဆံတွေကို တင်းတင်းဆုပ်ကိုင်ထားပြီး မိန်းမ အသုံးအဖြုန်းကြီးတယ်လို့ပဲ သူ အမြဲဆိုနေခဲ့တယ်။ ဒါကို မိန်းမက လက်မခံနိုင်ဖြစ်ခဲ့တယ်။ နောက်ပိုင်း မိဘအိမ် တစ်ခေါက်ပြန်ဖြစ်မှ ယောကျ်ားဖြစ်သူဟာ ဆင်းရဲကျပ်တည်းတဲ့မိသားစုဘဝက ကြီးပြင်းလာခဲ့တာကို သိလိုက်ရတယ်။ ကိုယ်တိုင်ပိုက်ဆံရှာတတ်သည့်တိုင် ချွေတာသုံးစွဲခဲ့တယ်၊ ဒါကို မိန်းမ တဖြည်းဖြည်း နားလည်လာတဲ့အခါ ငြင်းခုန်တာတွေလည်း နည်းသွားတယ်"

နောက် အိမ်ရှင်မတစ်ဦးက သူ့ယောကျ်ား အိမ်ပြန်ရောက်တိုင်း ပြောတတ်တဲ့စကားတစ်ခွန်းကို လက်မခံနိုင်ဖြစ်နေခဲ့တယ်။ သူ့ယောကျ်ား ပြောတဲ့စကားက "အိမ်က ရှုပ်ပွနေတာပဲ၊ ဘာဖြစ်လို့ မသိမ်းတာလဲ" ဖြစ်တယ်။ ဒီစကားတစ်ခွန်းနဲ့ လင်မယားနှစ်ယောက် အမြဲ ရန်ဖြစ်ရတယ်။ နောက်

ပိုင်း အိမ်ထောင်တည်မြဲရေးသင်တန်းကို လင်မယားနှစ်ယောက် အတူတက်ဖြစ်မှ ကိစ္စရှင်းသွားတော့တယ်။

မိန်းမဖြစ်သူဟာ ငယ်ငယ်လေးကတည်းက စည်းကမ်းတင်းကျပ်တဲ့ မိသားစုက မွေးဖွားခဲ့ပြီး နေအိမ်၊ အိမ်ခန်း မသပ်ရပ်တိုင်း အဆူအဆဲခံခဲ့ရလို့ဖြစ်တယ်။ ဒါကြောင့် ယောကျ်ားဖြစ်သူ မတော်တဆပြောလိုက်တဲ့ စကားတစ်ခွန်းဟာ သူ့ကို အပြစ်ရှာ၊ ဆူဆဲခံခဲ့ရတဲ့ သူ့ငယ်ဘဝကို ပြန်ရောက်သွားစေလို့ဖြစ်တယ်။

မိန်းမရဲ့အခြေအနေကို နားလည်ပြီးနောက် အဲဒီစကားကို သူ အလွယ်တကူ မပြောတော့ကြောင်း၊ ယောကျ်ားဖြစ်သူက အပြုံးနဲ့ ပြောပါတယ်။ နောက်ပြီး မိန်းမ အလုပ်များတဲ့အချိန် ကိုယ်တိုင်လည်း ပစ္စည်းတွေ ကူသိမ်းပေးတတ်လို့ ငြင်းခုန်ရန်ဖြစ်တာတွေ နည်းသွားတယ်လို့ ဆိုပါတယ်။

ရန်ဖြစ်လေ ပိုချစ်လေဖြစ်စေမယ်။ ရန်ဖြစ်ငြင်းခုန်ခြင်းရဲ့နောက်မှာ ကိုယ့်စိတ်နဲ့ တစ်ဖက်သူရဲ့စိတ်ထဲမှာ ဖြေရှင်းလို့မရတဲ့ အစိုင်အခဲတွေ ရှိသေးကြောင်း သိစေပါတယ်။ အဲဒီအစိုင်အခဲတွေကို တမင်တကာပဲဖြစ်ဖြစ်၊ မတော်တဆပဲဖြစ်ဖြစ် ထိမိခဲ့ရင် မြေမြှုပ်ဗုံးနင်းမိသလို ချက်ချင်းပေါက်ကွဲတတ်တယ်။

အိမ်ထောင်ရေးနဲ့ Gender relations ကိုလေ့လာတဲ့ စိတ်ရောဂါဆရာဝန် Mrs.Zhao က ရန်ဖြစ်တယ်ဆိုတာ တစ်ဖက်သားနဲ့ ကိုယ့်ကိုယ်ကို ပိုနားလည်စေတဲ့ အကောင်းဆုံးအခွင့်အရေးလို့ ဆိုပါတယ်။ ဒါပေမယ့် ဘယ်လိုရန်ဖြစ်မှ တစ်ဖက်သားကို ပိုနားလည်၊ ပိုရင်းနှီးစေမလဲ။

Mrs.Zhao က တစ်ဖက်သားအပေါ်ထားတဲ့ ကိုယ့်ရဲ့ပြစ်တင်မှု၊ စိတ်တိုဒေါသထွက်မှုစတဲ့ ပေါက်ကွဲငြင်းခုန်တဲ့ ဖြစ်ရပ်တွေကို အချင်းချင်း





ဆက်ဆံပြောဆိုလို့ရတဲ့ အနေအထား၊ အချင်းချင်း လိုအပ်ချက်တွေကို ထုတ်ဖော်ပြောဆိုတဲ့ အနေအထားအဖြစ်သို့ ပြောင်းလဲပစ်ဖို့ အကြံပေးပါတယ်။

ဥပမာ - ကိုယ် စိတ်တိုဒေါသထွက်တဲ့အချိန် ဘာဖြစ်လို့ ဒီလိုခံစားချက်မျိုးကို ကိုယ် ခံစားရသလဲဆိုပြီး အရင် ဆန်းစစ်ရမယ်။ ကိုယ့်ထင်မြင်ချက်တွေခြိမ်းခြောက်ခံနေရပြီလား။ ဒါမှမဟုတ် ကိုယ်အလေးထားတဲ့လူ/အရာက ကိုယ့်ကို ထိခိုက်စေခဲ့တာလား။ ဒါမှမဟုတ် ကိုယ်တောင်းဆိုတဲ့ မေတ္တာဆိုချက်တွေ မပြည့်ဝခဲ့လို့လား။ ကိုယ့်ခံစားချက်ကို အရင်ဆန်းစစ်ပြီး တစ်ဖက်သားနဲ့ ကိုယ့်ရဲ့ခြားနားချက်ကို ရှာရမယ်။ သူ ဘာဖြစ်လို့ ဒီလိုလုပ်၊ ဒီလိုပြောရတာလဲ စသည်ဖြင့် ကိုယ့်ရှုထောင့်ကနေပဲကြည့်ပြီး စိတ်တိုဒေါသထွက်ဖို့မဟုတ်သလို ကိုယ့်ထင်မြင်ချက်၊ ယူဆချက်ကိုပဲ ခေါင်းမာတင်းခံနေဖို့မဟုတ်ပါဘူး။

ဒါကို နောက်ဥပမာနဲ့ ထပ်ပြောရရင် အချိန်တိုင်းအလုပ်များပြီး ညမှ အိမ်ပြန်ရောက်တတ်တဲ့ ယောကျ်ားဖြစ်သူဟာ ရုံးပိတ်ရက်မှာတောင် အိမ်မကပ်ဘဲ သူငယ်ချင်းတွေနဲ့ golf သွားရိုက်တယ်။ ဒါကို မိန်းမဖြစ်သူက ရုံးပိတ်ရက်ဆိုရင် အိမ်မှာပဲ နေသင့်ကြောင်း၊ စိတ်တိုဒေါသထွက်တယ်။ ဒါနဲ့ပဲ လင်မယားနှစ်ယောက် ရန်ဖြစ်ကြတယ်။ ဒါကို Mrs.Zhao က ဒီလိုအကြံပေးပါတယ်။ ပထမဦးဆုံး မိန်းမဖြစ်သူဟာ ကိုယ့်တောင်းဆိုမှုတွေ ဘာမပြည့်ဝသလဲလို့ အရင်ဆန်းစစ်သင့်တယ်။ (ယောကျ်ားဖြစ်သူ ကိုယ့်အနားမှာပဲ ရှိစေချင်တဲ့ဆန္ဒလား၊ ဒါမှမဟုတ် အိမ်မှုကိစ္စ ကူလုပ်စေချင်တာလား) နောက်ပြီး ယောကျ်ားက ဘာဖြစ်လို့ golf ရိုက်ဖို့ သွားကိုသွားရတာလဲ။ (လုပ်ဖော်ကိုင်ဖက်တွေကြောင့်လား၊ စိတ်အပန်းဖြေဖို့နဲ့ ကျန်းမာရေးအတွက်လား) နှစ်ဦးနှစ်ဘက်ကြားမှာ ကိုက်ညီနိုင်တဲ့အမှတ်တစ်ခုကို ရှာမတွေ့နိုင်တော့ဘူး

လား။ ဥပမာ - ယောကျ်ားက အပတ်တိုင်း golf ထွက်မရိုက်ဘူး၊ ဒါမှမဟုတ် golf ကစားပြီးလည်း ညနေစာ အိမ်ပြန်စားမယ်။ မိန်းမဖြစ်သူကလည်း ကိုယ့်တောင်းဆိုမှု၊ ကိုယ့်ဆန္ဒမှန်သမျှ လင်ယောကျ်ားကိုပဲ မှီခိုနေဖို့မလိုဘဲ ကိုယ့်သူငယ်ချင်း၊ ကိုယ့်မိတ်ဆွေတွေနဲ့လည်း စိတ်ပျော်ရွှင်ရာတွေ ရှာနိုင်ကြောင်း သိနားလည်သင့်တယ်။

အချစ်၊ ယုံကြည်မှုကို တည်ဆောက်မယ်။ သဘောထားကွဲလွဲမှုတွေကို ဖြေရှင်းနိုင်ခဲ့ပြီး (၁၀) နှစ်တိုင် မိသားစုပညာပေးဆွေးနွေးခြင်းလုပ်ငန်းတွေ လုပ်ဆောင်ခဲ့တဲ့ Zhao Wen Tao က လင်မယားကြားမှာ အလွယ်တကူ ငြင်းခုန်ရဖြစ်တတ်တဲ့အရာတွေကို ဖြေရှင်းနိုင်တဲ့နည်းနဲ့ အကြံတွေကို ပေးပါတယ်။

အခုခေတ် အလယ်အလတ်တန်းစား ဇနီးမောင်နှံတွေဟာ များသောအားဖြင့် ငွေကြေးကိစ္စနဲ့ ရန်ဖြစ်လေ့ရှိကြတယ်။ မိန်းကလေးတွေဟာ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းပြီး အလုပ်လုပ်လာကြတဲ့အတွက် အရင်ကထက် ပိုခေါင်းထောင်ရဲလာကြတယ်။ ဒါပေမယ့် ရန်ဖြစ်ငြင်းခုန်ရခြင်းမှာ ငွေကြေးက အဓိကမဟုတ်ဘဲ နှစ်ဦးစလုံးရဲ့ နောက်ခံဆက်စပ်မှုနဲ့ လုံခြုံမှုက ပိုအဓိကကျတယ်လို့ Zhao Wen Tao က ပြောပါတယ်။

ယောက္ခမချွေးမကြား ပြဿနာက လင်ယောကျ်ားအပေါ်မှာ မူတည်တယ်။ လင်ယောကျ်ားက ကြားဝင်ပြီး ဖျန်ဖြေသင့်တယ်။ မိန်းမရှေ့မှာဆိုရင် မိန်းမကိုနှစ်သိမ့်ပေးပြီး ကိုယ့်မိခင်ရှေ့မှာ မိခင်ရဲ့ခံစားချက်ကို နားလည်ပေးရမယ်။ နှစ်ဦးနှစ်ဘက်ရဲ့လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးတတ်ရမယ်။

ထို့အတူ တကယ်လို့ ယောက္ခမဘက်က ဒါမှမဟုတ် ကိုယ့်မိသားစုဘက်က ကိုယ့်အိမ်ထောင်ရေးကို လိုအပ်တာထက် ဝင်စွက်ဖက်ရင် ကိုယ့်





မိသားစုအသီးသီးနဲ့ အကျိုးအကြောင်း ဆက်ဆံပြောဆိုသင့်တယ်။ မီးလောင်ရာလေပင့်ပြီး ပြဿနာကို မျက်ကွယ်မပြုသင့်ဘူး။

ကလေးကိစ္စနဲ့ ရန်ဖြစ်ကြတဲ့ လင်မယားတွေကိုလည်း Zhao Wen Tao က မကြာခဏ ကြုံဖူးတယ်လို့ ဆိုတယ်။ ကလေးတွေနဲ့ ရန်ဖြစ်တဲ့ကိစ္စမှာ အထူးသဖြင့် လူပျို၊ အပျိုဘော်ဝင်စအရွယ်ဟာ မိဘတွေရဲ့ ထိန်းသိမ်းမှုနဲ့ သက်ဆိုင်တာကြောင့် မကြာခဏ လင်မယားချင်း စကားများတတ်ကြတယ်။ တချို့မိသားစုက စည်းကမ်းလည်းတင်းကျပ်ပြီး တောင်းဆိုမှုတွေ များတယ်။

တချို့မိသားစုက လွတ်လပ်ပွင့်လင်းပြီး ကိုယ့်ခံစားချက်ကို ထုတ်ဖော်ကြတယ်။ မတူတဲ့မိသားစုက ကြီးပြင်းလာကြတဲ့ လင်မယားတွေက ကလေးတွေကို ပြုစုပျိုးထောင်ရာမှာ အခန့်မသင့် ငြင်းခုန်ရန်ဖြစ်လေ့ရှိကြတယ်။

လင်မယားအချင်းချင်း တစ်ယောက်ကောင်းကွက်ကို တစ်ယောက်မြင်တတ်ဖို့၊ ဝေဖန်တာ၊ အပြစ်ရှာတာတွေ နည်းနိုင်သမျှနည်းဖို့ Zhao Wen Tao က အကြံပေးထားပါတယ်။ ကိုယ့်ဆန္ဒအတိုင်း၊ ကိုယ်ထင်သလိုပဲ ဖြစ်ရမယ်၊ ကိုယ်ထင်တာမှ မှန်တယ်ဆိုတဲ့ မျှော်လင့်ချက်တွေ မထားဖို့လည်း ဆိုထားပါတယ်။ ဥပမာပြောရရင် ကလေးတွေဟာ ဖခင်ကနေ စည်းကမ်းရှိတာတွေ သင်ကြားစေသလို မိခင်ဆီကနေ လွတ်လပ်ပွင့်လင်းတာလည်း သင်ကြားစေနိုင်ပါတယ်။

အိမ်မှုကိစ္စ ခွဲဝေရေးလည်း လင်မယားချင်း စကားများစေပါတယ်။ အိမ်မှုကိစ္စဆိုတိုင်းမိန်းမကိုပဲလုပ်ခိုင်းရမယ်လို့ထင်မြင်နေတဲ့လင်ယောကျ်ားတွေဟာ "အိမ်မှုကိစ္စတိုင်း မိန်းမကိုလုပ်ခိုင်းပြီး အိမ်ထောင်ရေးမှာ ငြင်းခုန်မှုတွေနဲ့ ပြည့်နေမယ့်အစား ငွေကုန်ကြေးကျခံပြီး အိမ်ဖော်တစ်ယောက်ရှာပြီး

အိမ်ထောင်ရေးကို သဟဇာတရှိစေတာ ပိုအရေးပါတယ်"ဆိုတာမျိုး တွေးကြည့်သင့်တယ်လို့ Zhao Wen Tao က အကြံပေးထားပါတယ်။ သူ ထပ်အကြံပေးထားတာက အိမ်မှုကိစ္စမကူတဲ့ လင်ယောကျ်ားကို တဗျစ်တောက်တောက် ရန်ရှာနေမယ့် မိန်းမဖြစ်သူကလည်း "တကယ်ပဲ ယောကျ်ားကို အိမ်မှုကိစ္စခိုင်းရမလား၊ မိသားစုအတွက် သူ ပေးဆပ်နေတာတွေ မလုံလောက်သေးဘူးလား၊ သူမကူနိုင်တဲ့ အိမ်မှုကိစ္စကို တခြားနည်းနဲ့ မဖြေရှင်းနိုင်တော့ဘူးလား" လို့ တွေးသင့်တယ်။ နောက်ခံဆက်စပ်မှုအကျိုးအကြောင်းကို အရင်သိအောင်လုပ်ပြီး ဖြေရှင်းနည်းကို ရှာတတ်ရမယ်။

အချစ်အတွက် ရင်းနှီးမြှုပ်နှံပါ။ စုဆောင်းပါ။ နှစ်ဦးနှစ်ဘက် ပြောဆိုဆက်ဆံရေးနဲ့ ငြင်းခုန်ရန်ဖြစ်ရေးအပြင် "အချစ်"နဲ့ "မိမိကိုယ်ကိုယ် လေးစားမှု"အပေါ်မှာလည်း ရင်းနှီးမြှုပ်နှံမှု၊ စုဆောင်းမှုတွေ များများလုပ်သင့်ကြောင်းလည်း Zhao Wen Tao က အကြံပေးထားပါသေးတယ်။ ရန်ဖြစ်ငြင်းခုန်တာနဲ့ အချစ်၊ ခံစားချက်တွေကို အလွယ်တကူ မပျက်စီးစေသင့်ပါဘူး။

"အချစ်"အကောင့်ထဲမှာ နှစ်ဦးနှစ်ဘက်ရဲ့ စိတ်ခံစားချက်၊ ထင်မြင်ချက်နဲ့ မျှဝေမှုတွေ စုဆောင်းထားမယ်၊ မကြာခဏဆိုသလို သူ့အပေါ်ထားကိုယ့်ရဲ့ဂရုစိုက်မှု၊ ကြင်နာမှုတွေကို ထုတ်ဖော်ပြသပြီး နှစ်ဦးနှစ်ဘက်ရဲ့အချစ်ကို မပြတ်ရှင်သန်စေမယ်။ မကြာခဏ ပွေ့ဖက်မှုတွေရှိပြီး သူ့ကောင်းကွက်ကို ချီးမွမ်းတတ်ရပါမယ်။

"မိမိကိုယ်ကို လေးစားမှု"အကောင့်ထဲမှာ ကိုယ်ဟာ တန်ဖိုးရှိကြောင်း၊ လေးစားထိုက်ကြောင်း၊ သူ့ကို သိစေရမယ်။ ငြင်းခုန်ရန်ဖြစ်ချိန်မှာ ထိခိုက်နာကျင်စေတဲ့စကားတွေဟာ လေးစားမှုတွေ လျော့စေနိုင်တာကြောင့်





ရန်ဖြစ်ပြီးနောက်လည်း အရင်လို ချစ်နေတဲ့ဘဝကို သူ လိုလိုလားလား ပြန်ရောက်စေရမယ်။

လေ့လာဆန်းစစ်ချက်တစ်ရပ်မှာ ချစ်ခင်သူရဲ့ကြားက ထိခိုက်နာကျင်စေတဲ့ စကားတစ်ခွန်းဟာ စကားကောင်းငါးခွန်းမှ ဆယ်ခွန်းနဲ့မှ သင့်မြတ်နိုင်ကြောင်း ဆိုထားတယ်။ ဒါကြောင့် ရန်တွေမပြတ်ဖြစ်နေပြီး အချစ်အကောင့်ထဲ ဘာမှမစုဆောင်းထားရင် တစ်ယောက်အပေါ်တစ်ယောက်ထားတဲ့ ခံစားချက်တွေဟာ အေးစက်သွားနိုင်တယ်။

တစ်ဦးနဲ့တစ်ဦး ချစ်ဖို့ရာ လွယ်ကူပေမယ့် ပေါင်းသင်းဖို့ရာ ခက်ပါတယ်။ ချစ်ဖို့သင်ယူရသလို သဘောထားကွဲလွဲမှုတွေကို ဖြေရှင်းနိုင်ဖို့ ပိုသင်ယူရပါမယ်။ မသင်ယူနိုင်ခဲ့ရင် ရန်ပွဲငြင်းခုန်မှုတွေက ဘယ်တော့မှ ပြီးပြတ်နိုင်မှာမဟုတ်ဘဲ အဖန်တလဲလဲ ဖြစ်နေလိမ့်မယ်။

"Groundhog Day" ဇာတ်ကားထဲကလို Phil ဟာ စစချင်းမှာ ကိုယ်ကြုံရသမျှကို သံသယဖြစ်တယ်။ နောက်ပိုင်းမှာ စိတ်ဓာတ်ကျပြီး မျှော်လင့်ချက်ပါ မဲ့သွားတယ်။ နောက်ဆုံးမှ ကိုယ်ကြုံသမျှ အဖြစ်အပျက်ကို လက်ခံပြီး ထင်မြင်ချက်ပေးတာတွေ ရပ်လိုက်တယ်။ မပြောင်းလဲဘဲ ထပ်တလဲလဲဖြစ်နေတဲ့ နေ့ရက်တွေမှာ ကိုယ့်ကိုယ်ကို ပျော်ရွှင်အောင်နေပြီး သူတစ်ပါးကို ဂရုစိုက်ရင်း၊ ကူညီရင်းနဲ့ ဖြတ်ကျော်ခဲ့တယ်။ ချစ်ခြင်းမေတ္တာနဲ့ ရှေ့မတိုး၊ နောက်မဆုတ်သာတဲ့အချိန်တွေကို ကျော်ဖြတ်ခဲ့ပါတယ်။

မှုရင်း - http://www.commonhealth.com.tw/article/index.jsp?id=4049

* * *

# အချစ်ရဲ့အရိပ်အယောင်

'အဲဒီတုန်းက ရှင် ကျွန်မကို
နက်နက်နဲနဲချစ်ခဲ့ ... ချစ်ခဲ့တယ်နော်'

မိတ်ကပ်လိမ်းခြယ်ပြင်ပွဲတစ်ခုမှာ သမီးလေးဒိုင်နာဝတ်ဖို့ အင်္ကျီတစ်ထည်ကို ကျွန်မရှာနေတယ်။ ထပ်ခိုးက သေတ္တာဟောင်းထဲမှာ လှန်လှောရင်း ဖဲကြိုးနဲ့ချည်ထားတဲ့ ဗူးလေးတစ်လုံးကို ကျွန်မ သွားတွေ့တယ်။ ဗူးထဲမှာ ဘာတွေထည့်ထားတယ်ဆိုတာကို ကျွန်မ မမှတ်မိတော့ဘူး။ ဖဲကြိုးနဲ့ချည်ထားပုံထောက်တော့ အဓိပ္ပာယ်ရှိတဲ့ အမှတ်တရပစ္စည်းတွေ ဖြစ်လိမ့်မယ်လို့ ကျွန်မ ထင်တယ်။ ထော်ဒယ်အိပ်ခန်းထဲရောက်နေတဲ့ ကျွန်မခင်ပွန်းတွမ်ရဲ့ တဒုန်းဒုန်းတဒိုင်းဒိုင်းထုသံကို ထပ်ခိုးပေါ်ကနေ ကျွန်မ ကြားနေရတယ်။ ရှိုးပိတ်ရက်စနေနေ့တိုင်း တွမ်က လက်သမားအလုပ်ကို လုပ်တတ်တယ်။ အရင်ပတ်ကလည်း ကျွန်မအတွက် ပန်းအိုးစင်လေး လုပ်ပေးပြီးပြီ။ ဒီတစ်ပတ်မှာ ထော်ဒယ်အတွက် ကျောက်စရစ်ခဲစုတဲ့ သေတ္တာတစ်လုံးကို [illegible] လုပ်နေတယ်။





ဗူးပေါ်ကဖဲကြိုးကို ကျွန်မ အလျင်စလို ဆွဲဖြည်လိုက်တယ်။ ဗူးကိုဖွင့်မယ့်တစ်ခဏ ဗူးထဲကပစ္စည်းတွေကို ဖျတ်ခနဲ ကျွန်မ သတိရလိုက်တယ်။ ကျွန်မ ဘယ်လိုမေ့နိုင်မှာလဲ။ ဗူးထဲမှာ ကျွန်မ နုပျိုစဉ်က အပျော်တွေ၊ မိန်းမပျိုတစ်ယောက်ရဲ့ အိပ်မက်တွေ၊ တွမ်ပေးတဲ့ Valentine Day ပထမဆုံးလက်ဆောင်ရယ်၊ နောက်ပြီး ရွှေဘောလုံးပါတဲ့ ဆွဲကြိုးတစ်ကုံးရယ်၊ အဲဒီဆွဲကြိုးက တွမ် တက္ကသိုလ်တက်စဉ် ကျောင်းအားကစားပွဲမှာရခဲ့တဲ့ လက်ဆောင်ဖြစ်တယ်။

ကျွန်မတို့ အတူနေထိုင်ခဲ့တဲ့ အချိန်တွေကို တစ်ကျော့ပြီးတစ်ကျော့ ကျွန်မ လှန်လှောကြည့်မိတယ်။ ညှိုးနွမ်းနေတဲ့ နှင်းဆီတစ်ပွင့်၊ ကျွန်မရဲ့ (၁၈) နှစ်ပြည့် မွေးနေ့လက်ဆောင် ဆွဲကြိုးတစ်ကုံး၊ စွဲမက်စရာကောင်းတဲ့ချစ်ကဗျာနဲ့ ကြင်နာမှုတွေ၊ နာကျင်မှုတွေပြည့်နေတဲ့ စာတွေ ...

အတိတ်ဒီရေနောက် ကျွန်မ စီးမျောခဲ့တယ်။ ချစ်စခင်စ ကြင်နာစအချိန်တွေက ရွှေရောင်အချိန်တွေလို တန်ဖိုးရှိတယ်။ ခါးသက်ပြီး ချိုမြိန်တဲ့ ငြင်းခုန်မှုတွေရှိတယ်။ မျက်ရည်ဝဲသီတဲ့ ခွင့်လွှတ်နားလည်မှုတွေ ပါတယ်။ နနယ်တက်ကြွမှုတွေ၊ တမ်းတလွမ်းဆွတ်မှုတွေ ပါတယ်။ တွမ်က အဲဒီလိုလေးအာရုံစိုက်ပြီး အချစ်ကြီးခဲ့တယ်။

မျက်ရည်တစ်စက်က ဖဲကြိုးပေါ် စီးကျလာတယ်။ မျက်လုံးတွေကို ပွတ်ပြီး ကိုယ့်ကိုယ်ကို ကျွန်မ သတိပေးမိတယ်။

"Lanna Xi အသက် (၃၄)နှစ်ရှိတဲ့ မိန်းမတစ်ဦးမှာ ဘာစိတ်ကူးယဉ်စရာတွေ ရှိဦးမလဲ"

မပျော်ရွှင်တဲ့ ခံစားမှုတစ်ခုက ကျွန်မရင်ဝမှာ လာဆို့တယ်။ ကြာခဲ့ပါပြီ။ ကျွန်မကို တွမ် လက်ဆောင်တွေမပေးခဲ့တာ ကြာခဲ့ပါပြီ။ ဒါပေမယ့် ကျွန်မ

အပေါ်ထားတဲ့ တွမ်ရဲ့အချစ်ကို ကျွန်မ သံသယမဖြစ်မိဘူး။ နှစ်ဦးသား ခုတင်ပေါ်လဲလျောင်းပြီး တိုးတိုးစကားဆိုချိန်၊ အားပါတဲ့လက်နှစ်ဖက်နဲ့ ကျွန်မကို သူပွေ့ဖက်ချိန် အရာအားလုံးက ကျွန်မအတွက် ချိုမြိန်လှပနေဆဲပါ။ ဒါပေမယ့် တစ်ချိန်က အယုယ၊ အကြင်နာတွေကို ကျွန်မ လွမ်းဆွတ်မိတယ်။ ဗူးထဲမှာ အချစ်တွေနဲ့ ပြည့်လို့နေတယ်။

ညစာစားချိန်မှာ ကျွန်မ စကားနည်းနေတယ်။ ဒိုင်နာနဲ့ထော်ဒယ်က စကားတတွတ်တွတ်နဲ့ ကျွန်မအဖြစ်ကို သတိမထားမိကြဘူး။ ဒါပေမယ့် မျက်လုံးတစ်စုံက ကျွန်မကို ဂရုစိုက်ကြည့်နေတယ်ဆိုတာ ကျွန်မ သိတယ်။ တွမ် ပန်းကန်ကိုင်ပြီး ကျွန်မနဲ့အတူ မီးဖိုထဲကို လိုက်ဝင်ခဲ့တယ်။

"Lan ဘာဖြစ်တာလဲ၊ ငါ့ကို ပြောပြနိုင်မလား"

ကျွန်မ ဘာပြောရမှန်းမသိ ဖြစ်နေတယ်။ လက်သုတ်ပြီး အိတ်ကပ်ထဲကနေ ဘောလုံးဆွဲကြိုးကို ကျွန်မ ဆွဲထုတ်လိုက်တယ်။

"ဒါကို မှတ်မိသေးလား"

"ဟား..." ဝင်းပတဲ့မျက်နှာနဲ့ တွမ်က ဝမ်းသာအားရအော်တယ်။

"ဘယ်မှာတွေ့တာလဲ"

"ထပ်ခိုးပေါ် သေတ္တာထဲက ဗူးလေးတစ်ခုထဲမှာ ဗူးထဲမှာ တခြားပစ္စည်းတွေလည်း ရှိသေးတယ်" ကျွန်မ ဆက်ပြီးပြောတယ်။ "လက်ဆောင်ရှိတယ်၊ ကဗျာရှိတယ်၊ နောက်ပြီး ကျွန်မတို့ရဲ့ မေတ္တာစာတွေ ရှိတယ်။ အဲဒီတုန်းက ကျွန်မတို့ စိတ်ကူးယဉ်ဆန်လိုက်ကြတာ၊ ကြင်နာလိုက်ကြတာ၊ အိပ်မက်ထဲ ရှင်သန်နေရသလိုပဲ"

"Lan" ကျွန်မ ငိုတော့မယ်ဆိုတာကိုသိတဲ့ တွမ်က သူ့ရင်ခွင်ထဲ ကျွန်မကို ဆွဲသွင်းတယ်။





"အဲဒီတုန်းက ရှင် ကျွန်မကို နက်နက်နဲနဲချစ်ခဲ့ ... ချစ်ခဲ့တယ်နော်" မျက်နှာကို တွမ့်ရင်ခွင်ထက်အပ်ပြီး ကျွန်မ ပြောတယ်။

"ခုတော့ ဘယ်လိုဖြစ်ရတာလဲ တွမ်၊ အဲဒီတုန်းက အကြင်နာတွေ ဘယ်ရောက်ကုန်ပြီလဲ"

"နေ့စဉ် စားဝတ်နေရေးက ငါတို့ကို ပြောင်းလဲလိုက်တာပါ Lan။ အိပ်မက်ထဲကနေ ငါတို့နိုးထခဲ့ကြပြီး တကယ့်လက်တွေ့ဘဝကို စခဲ့ကြ[illegible]ပါ"

"ဒါပေမယ့် အဲဒါတွေက အရမ်းလှပခဲ့တယ်လေ၊ မပြောင်းလဲသင့်ဘူး၊ ကျွန်မတို့ မဆုံးရှုံးသင့်ဘူး"

ကျွန်မကို ပွေ့ဖက်ထားတဲ့ တွမ်ရဲ့လက်တွေ တဖြည်းဖြည်း ပြေလျော့လာတယ်။

"ဟုတ်တယ်၊ အားလုံးဟာ လှပခဲ့တယ်၊ ဒါပေမယ့် အဲဒီအရာတွေကို ဘယ်သူက မပျောက်မပျက် သိမ်းထားနိုင်မလဲ၊ ပြောင်းလဲသင့်တာတွေ ပြောင်းသွားမှာပဲ၊ ငါတို့ ဘာဆုံးရှုံးသွားတယ်လို့ နင်ထင်သလဲ Lan။ ငါ စိတ်မကောင်းဘူးကွာ"

တွမ်က ပြောပြောဆိုဆို ကုလားထိုင်ပေါ်က သတင်းစာကို ကောက်ယူပြီး မီးဖိုထဲက ထွက်သွားခဲ့တယ်။

ပန်းကန်တွေတိုက်ဆေးရင်း နာကျင်နေတဲ့စိတ်ကို ကျွန်မဖြေတယ်။ တွမ်လည်း နာကျင်သွားမယ်လို့ ကျွန်မ ထည့်မတွက်ခဲ့မိဘူး။

အိုးခွက်ပန်းကန်တွေ တိုက်ဆေးရင်း ဒေါ်လေးEmily ပြောခဲ့တဲ့ စကားကို ကျွန်မ သွားသတိရတယ်။

"သမီးရေ၊ သေချာမှတ်ထားနော်၊ ဒီအိုးခွက်ပန်းကန်တွေက နေ့တိုင်းသုံးရမှာ" ကျွန်မရဲ့ နားမလည်တဲ့ဟန်ကြောင့် ဒေါ်လေးက ဆက်ပြီး "ဒီ

ပစ္စည်းတွေကို မပြတ်အမြဲသုံးပေးမှ သူ့ရဲ့တန်ဖိုးက ထာဝရတည်မြဲမှာ၊ သုံးတဲ့ကာလကြာလေ သူ့တန်ဖိုးက မြင့်လေပဲ၊ အမြဲသုံးစွဲမှ သူ့အသုံးဝင်တာကို ပိုသိစေတယ်လေ"

လက်ထဲကငွေဇွန်းကို ကျွန်မ တစ်ချက်ကြည့်လိုက်တယ်။ ဇွန်းက အရောင်တောက်ပပြီး လှနေတယ်။ ဒီနှစ်တွေမှာ ကျွန်မတို့ရဲ့ငွေရောင်အိုးခွက်ပန်းကန်တွေ ပိုပြီး လှသထက်လှလာတယ်။ ဒီငွေထည်ပစ္စည်းတွေက ကျွန်မရဲ့နေ့ရက်အချိန်တွေကို ဖြည့်တင်းပေးရင်း သူတို့ရဲ့တန်ဖိုးကို ပိုမြင့်တင်နေတယ်ဆိုတာ ကျွန်မ နားလည်လိုက်တယ်။

ပြတင်းပေါက်အပြင်ဘက် ကျွန်မ လှမ်းကြည့်လိုက်တယ်။ ဥယျာဉ်ထဲမှာ ပန်းမာန်တွေနဲ့ ပြည့်နေတယ်။ လှပတဲ့နှင်းဆီတွေရယ်၊ ပန်းပင်တိုင်းက တွမ်ရဲ့ ဂရုစိုက်ပြုစုပျိုးထောင်မှုအောက်မှာ ရှင်သန်ကြီးထွားလာခဲ့တာဖြစ်တယ်။ သူဆောက်ထားတဲ့ ဂိုဒေါင်က ရာဇဝင်ပုံပြင်ထဲက သစ်သားအိမ်ငယ်လေးလိုပါပဲ။ အဲဒီတုန်းမှာ ကျွန်မလက်ကို တယုတယဆွဲပြီး အဖြူရောင်အနားနဲ့ အပြာရောင်ဆေးသုတ်ထားတဲ့ ဂိုဒေါင်တံခါးဆီ ကျွန်မကို သူ ဆွဲခေါ်ခဲ့တယ်။

"ရှင်ဘုရင်ရဲ့နန်းတော်နဲ့ မနှိုင်းသာပေမယ့် သူ့စတိုင်လ်နဲ့သူတော့ ရှိတယ်မဟုတ်လား"

"အင်း...စတိုင်လ် အမိုက်စားလေးပဲ" တွမ်ရဲ့အပြောကို ကျွန်မ ဝမ်းသာအားရထောက်ခံအားပေးခဲ့တယ်။

နောက်ပြီး . . . နောက်ပြီး ရှိပါသေးတယ်။ တွမ်လုပ်ပေးတဲ့ ပန်းအိုးစင်လေး၊ နောက်ပြီး ထော်ဒယ်အတွက် ကျောက်စရစ်ခဲစုသေတ္တာလေး။

"မေမေ၊ ဒါဟာ Crystal Palace ဒါဟာ ဖေဖေ့ရဲ့အပြောင်မြောက်ဆုံး လက်ရာပဲ" ထော်ဒယ်က အားရဝမ်းသာပြောတယ်။





ဒီအရာတွေဟာ အခုတလော ကျွန်မတို့အတွက် တွမ်ကပေးတဲ့ လက်ဆောင်တွေဖြစ်တယ်။ ကျွန်မတို့ကို လက်ဆောင်အများအပြား သူ ပေးခဲ့ဖူးတယ်။ အဲဒီလက်ဆောင်တွေက ယောကျ်ားတစ်ယောက်ရဲ့ အကြင်နာမေတ္တာနဲ့ ဂရုစိုက်မှုကို ပြသနေပါတယ်။ သူ့မှာ အချစ်ရဲ့အရိပ်အယောင်တွေ မရှိတော့ဘူးလို့ထင်ပြီး ဒါဟာ ကျွန်မဘဝရဲ့ နစ်နာမှုလို့ ကျွန်မ ဘာကြောင့် ထင်ရက်ခဲ့သလဲ။

ဗူးလေးတစ်ဗူးမှာ ကျွန်မတို့ လက်မထပ်ခင်က အချစ်တွေကို ထည့်သွင်းထားသလို ဒီအိမ်ကြီးကတော့ ကျွန်မတို့အတွက် ပြည့်စုံတဲ့ဘဝကို နေ့တိုင်း ဖြည့်တင်းပေးနေတယ်။

ခါးစည်းပဝါနဲ့ စိုနေတဲ့လက်ကို ကျွန်မ သုတ်လိုက်တယ်။ ဧည့်ခန်းထဲက တီဗွီသံကို ကျွန်မ ကြားနေရတယ်။ တွမ် ညနေသတင်း ကြည့်နေပြီထင်ပါတယ်။ တွမ့်ဆီ ကျွန်မ သွားလိုက်တယ်။

တံခါးပေါက်ရောက်တာနဲ့ ခြေလှမ်းတွေကို ကျွန်မ တန့်လိုက်တယ်။ အခန်းထဲမှာ ဘယ်သူမှ ရှိမနေဘူး။ တွမ်စိတ်မကောင်းအောင် ကျွန်မ လုပ်လိုက်မိပြီထင်ပါတယ်။ ဒါပေမယ့် တွမ်မှာ ပြဿနာတစ်ခု၊ အခက်အခဲတစ်ခုကို ဖြေရှင်းနိုင်တဲ့နည်းတွေ ရှိတယ်။ ပြဿနာတစ်ခုကို ဦးနှောက်နဲ့ သေချာစိစစ်၊ တွေးတောပြီးမှ သူ ဖြေရှင်းတတ်တယ်။

နေရာကနေခွာဖို့ ကျွန်မ လှည့်ထွက်ချိန် ရင်ခွင်တစ်ခုနဲ့ တိုက်လုလုဖြစ်သွားတယ်။ တွမ်က တိတ်တိတ်ဆိတ်ဆိတ် ကျွန်မနောက်မှာ ရပ်နေတာဖြစ်တယ်။

"အင်း . . . တွမ်ကို ကျွန်မရှာနေတာ" ကျွန်မအသံတွေ တုန်ရင်နေနေတယ်။

"ကိုယ် ဒီမှာလေ"

"တွမ်"

တွမ်က နောက်ပစ်ထားကဲ့လက်ကို ထုတ်လိုက်တယ်။ သူ့လက်ထဲမှာ စက္ကူနဲ့ပတ်ထားတဲ့ နှင်းဆီတစ်ပွင့်ပါလာတယ်။ ကျွန်မ အရမ်းနှစ်သက်တဲ့ ပန်းတစ်ပွင့်။

"သတိထားနော်၊ ဆူးရှိတယ်"

တွမ်ကို ကျွန်မ တင်းတင်းလေး ပွေ့ဖက်လိုက်မိတယ်။

"တကယ်ပါ Lan။ (၁၈)နှစ်အရွယ်ဆီ ငါတို့ ပြန်မရောက်နိုင်တော့ဘူး၊ ဒါပေမယ့် အချစ်ရဲ့အရိပ်အယောင်က ဘယ်အသက်အရွယ်မှာပဲဖြစ်ဖြစ် လှပနေတယ်" ကျွန်မနဖူးကိုနမ်းပြီး သူ ပြောတယ်။

"နှင်းဆီပန်းနဲ့အတူ ကဗျာတစ်ပုဒ် ရေးမလို့ဘဲ၊ ဒါပေမယ့် တချို့အရာတွေက စကားလုံးတွေနဲ့ ဘယ်လိုမှ ဖော်ပြလို့မရနိုင်ဘူး Lan"

တွမ်ရဲ့နှုတ်ခမ်းအစုံက ကျွန်မပါးပြင်ပေါ် နွေးနွေးထွေးထွေး လာထိတယ်။

ရင်ခုန်ကြည်နူးစရာကောင်းတဲ့ ရိုမန်တစ်ဆန်တဲ့အချစ်တွေနဲ့ (၁၈) နှစ်အရွယ်ဆီ ကျွန်မတို့ မရောက်နိုင်ခဲ့တော့ပေမယ့် အချစ်ရဲ့ အရိပ်အယောင်တွေက ဘယ်အသက်အရွယ်မှာပဲဖြစ်ဖြစ် လှပနေတယ်။ သာယာတဲ့မိသားစု တစ်စုရယ်၊ လိမ္မာတဲ့ သားသမီးတွေရယ်၊ ပြည့်စုံတဲ့ဘဝတစ်ခုရယ်၊ နောက် မရေမတွက်နိုင်တဲ့အရာတွေ၊ ဒါတွေဟာ ကျွန်မအတွက် တွမ်ပေးတဲ့ လက်ဆောင်တွေပဲမဟုတ်ပါလား။

မူရင်း - http://www.aduba.cn/aduba/show.asp?id=6011

* * *

# အချစ်အကၡရာ A to Z

'အချစ်မှာ နူးညံ့မှုတွေ ရှိသင့်ပါတယ်၊
အချစ်မှာ နူးညံ့မှုတွေကင်းခဲ့ရင် ...'

Accept (လက်ခံသည်)

"လောကကြီးမှာ ချောက်ပစ်ကင်းသူ မရှိပါဘူး" သူ့ကိုချစ်တယ်ဆိုရင် သူ့အားနည်းချက်အပါအဝင် သူ့ရဲ့အရာအားလုံးကို လက်ခံနိုင်ရပါမယ်။

Belief (ယုံကြည်ခြင်း)

အချစ်မှာ ယုံကြည်ခြင်းတွေ လိုပါတယ်။ တစ်ဘက်သားကို မယုံကြည်ဘဲ အမြဲသံသယအမေး၊ သံသယအတွေးတွေနဲ့ အချစ်ကို မယုံကြည်ခဲ့ရင် နောက်ဆုံးမှာ လမ်းခွဲခြင်းနဲ့ပဲ အဆုံးသတ်ရပါလိမ့်မယ်။

Care (ဂရုစိုက်ခြင်း)

တစ်ဘက်သားကို ဂရုစိုက်တယ်ဆိုတာ သူ့အပေါ်ထားတဲ့ ကိုယ့်ရဲ့ အရေးပေးမှုကို ပြသနေသလိုပါပဲ။ ဖုန်းလေးတစ်ချက်နဲ့ "အလုပ်ပင်ပန်းလား" ဆိုတဲ့ ဂရုစိုက်တဲ့အမေးလေး မေးနိုင်သလို "မိုးအေးပြီနော်၊ အနွေးထည်ထပ်ဖို့ မမေ့နဲ့နော်" ဆိုတဲ့ မက်ဆေ့ချ်လေးလည်း ပို့နိုင်ပါတယ်။ ဒီလိုဂရုစိုက်မှုတွေက တစ်ဖက်သားအတွက် တကယ့်အသုံးမဝင်နိုင်ပေမယ့် အနည်းဆုံးတော့ သူ့စိတ်ကို နွေးထွေးကြည်နူးစေနိုင်ပါလိမ့်မယ်။

Devoted (သစ္စာနိုင်မြဲသည်)

လူတစ်ယောက်ကို ချစ်ပြီဆိုရင် သစ္စာနိုင်မြဲရတယ်။ လှေနံ့နှစ်ဖက်နင်းတာက ကိုယ်ချစ်တဲ့သူကို နာကျင်ဝမ်းနည်းစေတဲ့အပြင် နောက်ဆုံးမှာ လမ်းခွဲတာနဲ့ဘဲ အဆုံးသတ်ရတတ်တယ်။

Enjoy (ကျေနပ်စွာခံစားသည်)

တစ်ဖက်သားရဲ့အရာအားလုံးကို ကျေကျေနပ်နပ် လက်ခံတဲ့အပြင် အချစ်ကြောင့်ဖြစ်လာတဲ့ ပျော်ရွှင်ကြည်နူးခြင်းတွေကိုလည်း ကျေကျေနပ်နပ် ခံစားသင့်ပါတယ်။ ဒါမှ ချစ်ခရီးလမ်းက ပိုတာရှည်တည်မြဲ ပျော်ရွှင်မှာဖြစ်တယ်။

Freedom (လွတ်လပ်မှု)

လက်ထပ်ပြီး အတူနေသည့်တိုင် တစ်ဖက်သားကို ကိုယ်ပိုင်လွတ်လပ်မှုနဲ့ လျို့ဝှက်ချက်တချို့ ရှိစေသင့်တယ်။ ကိုယ်နဲ့အိမ်ထောင်ကျတာဟာ





ထောင်ထဲရောက်သွားသလို အချုပ်အနှောင်ခံတာမျိုး တစ်ဖက်သားကို မခံစားစေချင်ဘူး။ ဒါကြောင့် သူ့ကိုယ်ပိုင်လွတ်လပ်မှုဆိုတာ ရှိသင့်ပါတယ်။

Give (ပေးဆပ်ခြင်း)

အချစ်ဆိုတဲ့အရာက ကိုယ်ပေးဆပ်တိုင်း ပေးဆပ်သလောက် ပြန်ရမယ့်အရာ မဟုတ်ပါဘူး။ ဒါပေမယ့် မပေးဆပ်ရင်တော့ လုံးဝပြန်ရဖို့ မရှိပါဘူး။ ကိုယ်ပေးဆပ်သလိုမျိုး တစ်ဖက်သားက ပြန်ပေးဆပ်ခဲ့ရင် ဒါဟာ စစ်မှန်တဲ့ အချစ်လို့ ပြောနိုင်ပါတယ်။

Heart (နှလုံးသား)

အချစ်မှာ အရေးအပါဆုံးအရာက နှလုံးသားတစ်စုံပဲဖြစ်တယ်။ တစ်ဖက်သားကို နှလုံးသားနဲ့ရင်းပြီး ချစ်သင့်တယ်။ ကြင်နာနားလည်သင့်ပါတယ်။ တကယ်လို့ ချစ်ခြင်းမှာ နှလုံးသားတစ်စုံသာ မပါခဲ့ရင် အချစ်စစ်လို့ မည်လိမ့်မှာ မဟုတ်ပါဘူး။

Independence (မမှီခို၊ အားမကိုးဘူး)

စကားပြောကောင်းတဲ့ချစ်သူက "ငါဟာ မင်းအတွက် မွေးဖွားလာတာပါ" လို့ ပြောတတ်ကြတယ်။ တကယ်တော့ လူတိုင်းမှာ ကိုယ်ပိုင်ရှင်သန်မှုတွေ ရှိကြတယ်။ တစ်ဖက်သားကို အလွန်အကျွံ မှီခိုအားကိုးတာက သူ့ကို တာဝန်ပိုစေတဲ့အပြင် စိတ်ပင်ပန်းနွမ်းနယ်စေပါတယ်။

Jealousy (မနာလို၊ သဝန်တို)

သင့်တင့်တဲ့ မနာလို၊ သဝန်တိုမှုတွေက သူဟာ ကိုယ့်အတွက် ဘယ်လောက်အရေးပါကြောင်း၊ တစ်ဖက်သားကို ခံစားစေတယ်။ သဝန်တိုဖို့ အကျိုးအကြောင်း ညီညွတ်ရမယ်ဆိုတာ မမေ့သင့်ပါဘူး။ အကျိုးအကြောင်း အဆက်အစပ်မရှိတဲ့ သဝန်တိုမှုတွေက တစ်ဖက်သားကို မလိုလားမှုတွေ ဖြစ်ပေါ်စေပါတယ်။

Kiss (အနမ်း)

အနမ်းတစ်ပွင့်က စကားအခွန်းထောင်သောင်းထက် သာလွန်ပါသတဲ့။ ညင်သာတဲ့အနမ်းတစ်ပွင့်နဲ့ ကိုယ့်မြတ်နိုးမှု၊ ကြင်နာမှုကို ပြသနိုင်ပါတယ်။ ဒါကြောင့် ကိုယ်ချစ်တဲ့သူကိုနမ်းဖို့ မတွန့်တိုသင့်ပါဘူး။

Love (ချစ်တယ်)

ချစ်တာနဲ့ နှစ်သက်တာ မတူပါဘူး။ ချစ်မိပြီဆိုရင် တစ်ဖက်သားအတွက် အနာရာ ပေးဆပ်ရပါတယ်။ "ချစ်တယ်"ဆိုတဲ့စကားတစ်ခွန်းက တခြားတန်ဖိုးကြီးလက်ဆောင်တွေထက် တစ်ဖက်သားရဲ့ရင်ကို နွေးထွေးကြည်နူးစေပါတယ်။

Mature (ရင့်ကျက်)

တချို့က အချစ်ဦးနဲ့ ဘာကြောင့် အလွယ်တကူ ကွေကွင်းကြရသလဲ။ အကြောင်းက ငယ်ရွယ်စဉ် ရည်းစားထားချိန်မှာ ကလေးဆန်စိတ်တွေ များနေခဲ့လို့ဖြစ်တယ်။ ဘယ်သူကမှ အဆင်ခြင်မရှိ စူစူအောင့်အောင့် မကြီး





ပြင်းထတ်တဲ့ကလေးကို အမြဲအလိုလိုက် ချစ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် လူရင့်ကျက်ရင် အချစ်လည်း ရင့်ကျက်ပြီး လှပတဲ့အဖူးအပွင့်တွေ မြန်မြန်ဆန်ဆန် ဖူးပွင့်နိုင်မှာဖြစ်တယ်။

Natural (ပင်ကို၊ ပကတိ)

ချစ်စကြင်စမှာ လူတွေက ကိုယ့်အားနည်းချက်၊ အနာအဆာကို သိုဝှက်ပြီး ဟန်ဆောင်နေတတ်ကြတယ်။ အဲဒီအားနည်းချက်တွေက နှစ်ကြာမှ တဖြည်းဖြည်း ပေါ်လာတတ်တယ်။ ချစ်စတည်းက ပကတိအတိုင်းချစ်မယ်၊ သဘာဝအတိုင်း ဟန်ဆောင်မှုတွေကင်းခဲ့ရင် အချစ်က ပိုတာရှည်တည်မြဲမှာ ဖြစ်တယ်။

Observe (ဂရုတစိုက်ကြည့်ရှုမှတ်သား)

တစ်ဖက်သားရဲ့ဝါသနာ၊ ကြိုက်နှစ်သက်တာတွေကို ဂရုတစိုက်မှတ်သားခြင်းဖြင့် တစ်ဖက်သားကို ပိုနားလည်စေသလို တစ်ခါတလေမှာ သူ့ကိုထူးဆန်းအံ့ဩအောင်လုပ်နိုင်ပါတယ်။ ဥပမာ - မဂ္ဂဇင်းအတူကြည့်တုန်း တအုပ်ထဲက နာရီကို သူ သဘောကျကြောင်းပြောခဲ့ရင် သူ့မွေးနေ့မှာ သူ အံ့ဩဝမ်းသာအောင် လက်ဆောင်ပေးတာမျိုးဖြစ်တယ်။ အဲဒီလို တစ်ဖက်သားရဲ့အကြိုက်ကို ဂရုစိုက်တတ်တဲ့စိတ်က လက်ဆောင်ပစ္စည်းတွေထက် ပိုတန်ဖိုးရှိကြောင်း တစ်ဖက်သားကို ခံစားစေနိုင်ပါတယ်။

Protect (ကာကွယ်စောင့်ရှောက်)

ယောကျ်ားလေးချစ်သူက မိန်းကလေးချစ်သူကို ကာကွယ်စောင့်

ရှောက်တယ်ဆိုတာ သဘာဝပါ။ ဒါပေမယ့် မိန်းကလေးချစ်သူကလည်း ယောကျ်ားလေးချစ်သူရဲ့ လေးစားမှု၊ မျက်နှာသာပေးမှုကို ကာကွယ်စောင့် ရှောက်ပေးရပါမယ်။ လူတွေကြားမှာ သူ အရှက်မရဖို့၊ ထိခိုက်နာကျင်မှုတွေ မရဖို့ သတိထားရပါမယ်။

Quarter (ခွင့်လွှတ်သည်းခံ)

ခွင့်လွှတ်သည်းခံခြင်းတွေ အချစ်မှာ မရှိမဖြစ်တဲ့ အရာတွေဖြစ် တယ်။ တစ်ဖက်သားရဲ့အမှားကို ပြည့်ဝတဲ့သဘောထားနဲ့ ခွင့်လွှတ်သင့်ပါ တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကိုယ့်ရဲ့အချစ်ဆုံးသူ ဖြစ်နေလို့ပါပဲ။

Receive (လက်ခံ)

ကိုယ့်အတွက် ချစ်သူပေးဆပ်တဲ့အရာတိုင်းကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ စိတ်ပျက်သွားတဲ့အမူအရာမျိုး၊ စိတ်အနှောင့်အယှက် ဖြစ်သွားတဲ့ပုံစံမျိုး ထုတ်မပြသင့်ပါဘူး။ အဲဒီအပြုအမူတွေက သူ့ကို စိတ်ဓာတ် ကျ အားငယ်စေပါတယ်။ ကိုယ့်အတွက် ချစ်သူပေးဆပ်တာကို ကျေနပ်ပျော် ရွှင်တဲ့အသွင်နဲ့ လက်ခံပေးသင့်ပါတယ်။ ဒါဟာ နှစ်ဦးသားရဲ့အကြင်နာကို ပိုမို ခိုင်မြဲစေပါတယ်။

Share (မျှဝေ)

တကယ်ချစ်ကြပြီဆိုရင် ဘဝရဲ့ပျော်ရွှင်၊ ဝမ်းနည်းခြင်းတွေကို အတူ တကွ မျှဝေသင့်ပါတယ်။ ဒါဟာ ဘဝဖော်တစ်ဦးရဲ့ အရိုးရှင်းဆုံး ဝတ္တရားပဲ ဖြစ်တယ်။





Tender (နူးညံ့)

အချစ်မှာ နူးညံ့မှုတွေ ရှိသင့်ပါတယ်။
အချစ်မှာ နူးညံ့မှုတွေကင်းခဲ့ရင် အချစ်က
ချစ်စရာမကောင်းတော့ပါဘူး။

Understand (နားလည်)

တစ်ဖက်သားရဲ့ အမူအကျင့်ကို နားမလည်နိုင်ခဲ့ရင် အချစ်ဟာ အထီးကျန်ပြီး ဆက်ဆံရေးမဲ့သွားနိုင်ပါတယ်။ တစ်ဖက်သားရဲ့ရှုထောင့်ကနေ ပြီး တွေးတောခံစားပေးခြင်းအားဖြင့် တစ်ဖက်သားကို ပိုနားလည်စေနိုင်ပါ တယ်။

Veracity (ဖြောင့်မှန်၊ မှန်ကန်ခြင်း)

အချစ်မှာ ဖြောင့်မှန်၊ မှန်ကန်ခြင်းတွေ အဆတစ်ရာလိုပါတယ်။ ကိုယ်ကလည်း ကိုယ့်ချစ်သူကို "အပြောသမား"တစ်ယောက် မဖြစ်စေချင် သလို သူကလည်း ကိုယ့်ကို ဖြစ်စေချင်မှာမဟုတ်ပါဘူး။ အချင်းချင်း အချစ် ညာစားသူ မဖြစ်စေချင်ကြပါဘူး။

Wait (စောင့်သည်)

အချစ်မှာ စောင့်တာက အခြေခံလိုအပ်ချက်လေးဖြစ်တယ်။ တစ် ဖက်သားနဲ့အတူ ကြီးပြင်းရှင်သန်သင့်ပါတယ်။ ခရီးလမ်းဆုံးထိ တစ်ဦးကို တစ်ဦး ဖေးမစောင့်စားသင့်ပါတယ်။ ကိုယ် အရင်ခြေလှမ်းလှမ်းပြီး တစ်ဖက် သားကို နောက်ချန်ထားရစ်ခဲ့လို့ မသင့်ပါဘူး။

X (အမြောက်သောက်တ)

ချစ်သူအပေါ်ထားတဲ့ ကိုယ့်အချစ်ကို နေ့တိုင်း ဆတိုးပြီး မြှောက်သွားခဲ့ရင် အချစ်က အလိုလိုနေရင်း အဆုံးမရှိဖြစ်သွားနိုင်ပါတယ်။

Yield (အလျှော့ပေး)

နှစ်ယောက်အတူနေချိန်မှာ ငြင်းခုံမှုက ရှိစမြဲဖြစ်တယ်။ နောက်ခြေတစ်လှမ်းဆုတ် အလျှော့ပေးတာက ဒေါသမုန်တိုင်းကို ငြိမ်းအေးစေပါတယ်။ နောက်ပြီး ပြဿနာကို သဲသဲကွဲကွဲမသိခင် "လမ်းခွဲကြရအောင်" ဆိုတဲ့ စကားကို အလွယ်တကူ မပြောမိဖို့ သတိထားရပါလိမ့်မယ်။ စိတ်တွေငြိမ်သွားမှ ပြဿနာရင်းမြစ်ကိုရှာပြီး ဖြေရှင်းနည်းတွေရှာတာဟာ အကောင်းဆုံးဖြစ်တယ်။

Zero (စမှတ်)

အိမ်ထောင်ရေးတည်မြဲပြီလို့ မှတ်ယူတာပဲဖြစ်ဖြစ်၊ အချစ်ရေး ခိုင်မြဲပြီလို့ ထင်မြင်တာပဲဖြစ်ဖြစ် ချစ်နေချိန်မှာ အရင်ညားစ၊ ချစ်စ၊ ကြင်နာစက ခံစားချက်မျိုး စိတ်သဘောထားမျိုးထားဖို့ မမေ့သင့်ပါဘူး။ တည်မြဲပြီလို့ မှတ်ယူပြီး အချစ်ကို ပစ္စလက္ခတ်မထားဘဲ အနယ်မထိုင်စေဘဲ နေ့တိုင်း အချစ်ကို အသစ်အသစ်အဖြစ်နဲ့ ချစ်နိုင်၊ ခံစားနိုင်ခဲ့ရင် အချစ်ဟာ အမြဲနုပျိုလန်းဆန်းနေမှာဖြစ်တယ်။

လူတွေက အချစ်ကို အမျိုးမျိုးဖွဲ့ဆိုကြပါတယ်။ ဖွဲ့ဆိုကြတဲ့အထဲမှာ အချစ် တာရှည်ခိုင်မြဲဖို့၊ ချစ်ခရီးလမ်းဖြောင့်ဖြူးသာယာဖို့ အဓိကထား ရေးဖွဲ့ကြပါတယ်။ အချစ်အက္ခရာ A to Z ကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာနဲ့





ဖတ်ဖူးကောင်း ဖတ်ဖူးကြပါလိမ့်မယ်။ အချစ်က ဘယ်တော့မှ ဘာသာပြန်ဆိုလို့ ပြီးနိုင်မယ့်အရာ မဟုတ်တာကြောင့် အဲဒီအချစ်တွေကိုပဲ ကျွန်မက ထပ်ဘာသာပြန်ဆိုပါတယ်။ အချစ်အက္ခရာ A to Z လက်ခံသည်ကပဲ စမှတ်စခဲ့ပါတယ်။ အားလုံး ချစ်နိုင်ကြပါစေ။

* * *

# အင်တာနက်ပေါ်က 'အချစ်'

တကယ်လို့ အချစ်မှာ အကြောင်းပြချက်ရှိပြီဆိုရင်
ဒါ အချစ်မဟုတ်တော့ဘူး။
တကယ်လို့ အချစ်မှာ ရည်ရွယ်ချက်ရှိပြီဆိုရင်
ဒါ အချစ်မဟုတ်တော့ဘူး။
တကယ်လို့ အချစ်မှာ ဖြေရှင်းခွင့်ရှိပြီဆိုရင်
ဒါ အချစ်မဟုတ်တော့ဘူး။
တကယ်လို့ အချစ်မှာ ဆင်ခြေတွေရှိပြီဆိုရင်
ဒါ အချစ်မဟုတ်တော့ဘူး။
အချစ်က ဒဿနတွေနဲ့ မကိုက်ညီဘူး။ ဒါကပဲ
အချစ်ရဲ့ဒဿန ဖြစ်မယ်ထင်ပါတယ်။





ကိုယ့်ချစ်သူက လူအများသတ်မှတ်ထားတဲ့ ပြီးပြည့်စုံတဲ့သူ၊ ကိုယ်နဲ့ ထိုက်တန်တဲ့သူ၊ ကိုယ့်အတွက် မှန်ကန်သူ ဟုတ်ချင်မှဟုတ်လိမ့်မယ်၊ ဒါပေမယ့် သူဟာ ကိုယ့်အတွက် အရာအားလုံးကို မေ့ထားစေနိုင်တဲ့သူ၊ ကိုယ် မချစ်ဘဲ မနေနိုင်စေတဲ့သူဖြစ်တယ်။

အချစ်ခံရလို့ အချစ်ကို အချစ်လို့ ခေါ်တာမဟုတ်ဘူး။ ချစ်နေတာကိုက အချစ်ဖြစ်တယ်။ အချစ်မခံရလို့ ကိုယ့်အချစ်တွေ မဆုံးရှုံးသွားနိုင်ဘူး။ အချစ်က ချစ်သူရဲ့နှလုံးအိမ်ထဲမှာ ရှိတယ်။ အချစ်ခံသူရဲ့ အကြည့်ထဲမှာရှိတာ မဟုတ်ဘူး။

အချစ်က နှလုံးသားထဲမှာပဲ ရှိတယ်။ နှုတ်ခမ်းဖျားမှာရှိတာမဟုတ်ဘူး။ မချစ်လို့ ထုတ်မပြောတာ မဟုတ်ဘူး။ ချစ်လွန်းလို့ ထုတ်မပြောတာ။ ချစ်လွန်းလို့ ခံစားရမှာစိုးခဲ့တယ်။ ချစ်လွန်းလို့ ကိုယ်တိုင်ပဲ ခံစားခဲ့တယ်။ ချစ်လွန်းလို့ အချစ်ကို အလွယ်တကူ ဆုံးရှုံးရတတ်တယ်။

အချစ်က ကြောင်တောင်ကန်းပါ။ ချစ်နေချိန်မှာ တစ်ဖက်သားရဲ့ အားနည်းချက်ကို မမြင်တတ်ကြဘူး။ အားသာချက်ကိုပဲမြင်ပြီး အားသာချက်ဟာ အားသာချက်၊ အားနည်းချက်ဟာလည်း အားသာချက်ဖြစ်ခဲ့ရတယ်။ ဒါပေမယ့် လမ်းခွဲချိန်မှာတော့ အမှားဟာ အမှားပဲ။ အမှန်ဟာလည်း အမှား ဖြစ်ကုန်ကြတယ်။

အချစ်က မျက်ရည်ရဲ့ စစ်သို့ပန်း အဖြစ်မခံဘူး။ ရင်ခုန်ခြင်း၊ သနားကြင်နာခြင်းရဲ့စစ်သို့ပန်းအဖြစ်သာ ခံလိမ့်မယ်။

သဝန်တိုခြင်းက အချစ်ကို သိသာထင်ရှားစေတဲ့အရာ မဟုတ်ဘူး၊ အချစ်ရဲ့အရင်းခံက အချင်းချင်း ယုံကြည်တာပဲဖြစ်တယ်။ သဝန်တိုခြင်းမှာ သံသယနဲ့ မယုံကြည်တာတွေ ပါတယ်။

အချစ်မှာ ဘယ်တော့မှ မျှတမှုမရှိဘူး။ အချစ်မှာ မျှတမှုတွေရှိလာခဲ့ရင် အဲဒါ အချစ်မဟုတ်တော့ဘူး။ ချစ်သူအတွက် အရာရာကို ကိုယ်ပေးဆပ်နိုင်တယ်။ ဒါပေမယ့် ကိုယ့်အတွက်ပေးဆပ်ဖို့ အချစ်ကို မတောင်းဆိုသင့်ဘူး။ ချစ်သူကို ကိုယ် မစွန့်ခွာလို့ရတယ်။ ဒါပေမယ့် ကိုယ့်ကို ချစ်သူ စွန့်သွားတဲ့အခါ အချစ်ကို ရက်စက်တယ်လို့ အပြစ်မဆိုသင့်ဘူး။

အချစ်ကို အဓမ္မလုပ်ယူလို့မရသလို ပိုင်စိုးပိုင်နင်းလည်း လုပ်လို့မရဘူး။ အချစ်က နူးညံ့သိမ်မွေ့လွန်းတယ်။ အချစ်ကိုလိုချင်ရင် သူ့ကို လွတ်လပ်မှု အရင်ပေးပါ။ ကိုယ့်ဆီ သူပြန်လာရင် ဒါ ကိုယ့်ရဲ့အချစ်ဖြစ်တယ်။ တကယ်လို့ ပြန်မလာခဲ့ရင် သူပျော်ရွှင်ဖို့ တောင်းဆုပြုပါ။

ကိုယ် အလျှင်စလို ဖြတ်သန်းခဲ့တဲ့ ရှုခင်းက အလှဆုံးဖြစ်တယ်။ ကိုယ့်ကို နက်နက်ရှိုင်းရှိုင်း နာကျင်စေခဲ့တဲ့အချစ်က အချစ်ဆုံးဖြစ်တယ်။

နှလုံးသားရဲ့ အနာတရအတွက် ကိုယ်တို့မှာ ခံနိုင်ရည်ရှိတယ်။ ကြေမွစုတ်ပြတ်သွားတဲ့အချစ်ကို ကိုယ်တို့ လက်ခံနိုင်တယ်။ ဒါပေမယ့် ချစ်ခဲ့ဖူးတဲ့အတိတ်ကိုမေ့ဖို့ အတိတ်မေ့ဆေးကို ကိုယ်တို့ မသောက်ချင်ခဲ့ကြဘူး။

အပြစ်ရှာ၊ ငြင်းခုန်တာတွေက အချစ်ကို တာရှည်ခံစေတဲ့အရာမဟုတ်ဘူး။ တစ်ခါတလေမှာ ဆိတ်ဆိတ်နေ၊ သည်းခံတာတွေက အချစ်ရဲ့ ရုပ်ပုံမဟုတ်ဘူးဆိုပေမယ့် ဒါတွေက အချစ်ကို ထာဝစဉ်တည်မြဲစေတဲ့အရာဖြစ်တယ်။

အချစ်က အချစ်နဲ့အချစ်ရဲ့ ဆက်ဆံရေးဖြစ်တယ်။ ခံစားချက်ရဲ့ ပွဲတင်သံဖြစ်တယ်။ အချစ်က ရုပ်အဆင်းအင်္ဂါတွေ မတောင်းဆိုဘူး။ နှလုံးသားချင်းထပ်တဲ့ ကြင်နာဖော်ဖြစ်ဖို့ပဲ တောင်းဆိုတယ်။





အချစ်က မကျေနပ်တာတွေကို သည်းခံနိုင်တယ်။ အမုန်းကို လက်ခံနိုင်တယ်။

အချစ်မှာ အကြောင်းတရားမလိုဘူး။ အချစ်မှာ စည်းမျဉ်းမရှိဘူး။

အချစ်က အမှားအမှန် မခွဲခြားဘူး။

အချစ်က အရောင်လုံးဝမပယ်ဘူး။

အချစ်ကို အချစ်နဲ့ ချစ်တတ်ဖို့ပဲလိုခဲ့တယ်။

အင်တာနက်ပေါ်ကဖတ်ရတဲ့ "အချစ်"တွေကို ဘာသာပြန်ခံစားပါတယ်။

* * *

# ချစ်ဖို့မလောနဲ့၊ အချိန်ပေးပါ

'အရာအားလုံးပြီးပြီမ်းမှ 'အဆင်ပြေလား' ဆိုပြီး
ကိုယ့်ဆီပြန်လာတတ်တဲ့ ချစ်သူမျိုးကိုတော့ ...'

ချစ်သူရည်းစားဖြစ်ပြီးတဲ့လူနှစ်ဦးက ကိုယ်ဟာ သူ့ရင်ထဲက ချစ်သူ ဟုတ်မဟုတ်ဆိုတာကိုသိဖို့ အချိန်တအောင့်လောက် လိုအပ်တယ်။ အဲဒီ အချိန်တအောင့်က နှစ်ချီကြာနိုင်သလို တချို့က တစ်သက်၊ တစ်ဘဝအချိန်ကို အသုံးပြုပြီးမှ တစ်ဖက်သားကို နားလည်ကြရတယ်။

အကြံ (၁)

pheromone နည်းနည်းလျော့ပါ၊ အသိဉာဏ်များများပိုပါ။

ချစ်နေချိန်မှာ မျက်စိနဲ့ သေချာလေ့လာရတဲ့အပြင် ရုပ်ပိုင်းဆိုင်ရာကိုလည်း ကိုက်ညီကြည့်ဖို့ လိုအပ်တယ်။ ချစ်စမှာ လူတွေက မျက်ကန်းဆန်





ပြီး တစ်ဖက်သားကို အကောင်းပဲမြင်တတ်ကြတယ်။ ဒါတွေက ချစ်နေချိန်မှာ လူ့ခန္ဓာကထွက်တဲ့ Pheromone ကြောင့် မျက်ကန်းဆန်စေတာဖြစ်တယ်။ Pheromone ကြောင့် ချစ်နေချိန်မှာ တစ်ဖက်သားရဲ့အလှ၊ အကောင်းကိုပဲ မြင်ခဲ့တယ်။ ဒါကြောင့် "အချစ်မှာ မျက်စိမရှိ" ဆိုတဲ့စကား ပေါ်လာခဲ့တာဖြစ်တယ်။

ချစ်သူဖြစ်ပြီး သက်တမ်းအနည်းငယ်အကြာမှာ Pheromone က ပုံမှန်အနေအထားကို ပြန်ရောက်သွားတယ်။ ဒီလိုအနေအထားဖြစ်ဖို့ နှစ်ဝက်ကျော်လောက်ကြာတတ်တယ်။ အဲဒီအချိန်ကျရင် တစ်ဖက်သားကို ကိုယ်တကယ်ချစ်မချစ်၊ သင့်မသင့်ဆိုတာကို လေ့လာဆန်းစစ်နိုင်တယ်။ ဒါပေမယ့် တချို့ချစ်သူတွေက နှစ်ဝက်လောက်မခံဘဲ Pheromone လျော့နည်းချိန်မှာ လမ်းခွဲကြရတယ်။ ဒါကြောင့် အချစ်မှာ ချစ်ဖို့သံစဉ်တွေ လိုအပ်တယ်။ ချစ်စမှာ ဖြည်းဖြည်းချင်းနဲ့ ချစ်သံစဉ်တွေ အဆုံးထိ တီးခတ်သီဆိုနိုင်ဖို့ လိုအပ်တယ်။ ဒါမှမဟုတ်ရင် လှပတဲ့သီချင်းတစ်ပုဒ်က သံစဉ်ကြောင့် ပျက်သွားနိုင်တယ်။

အကြံ (၂)

သူနဲ့မတူချင်ရင် သူ့ကို မချစ်ပါနဲ့။

ချစ်နေချိန်မှာ အချင်းချင်း တူညီသက်ရောက်နိုင်ဖို့ တစ်ဖက်သားက အရေးပါတယ်။ တစ်ဖက်သားရဲ့ အပြောအဆို၊ နှစ်သက်တဲ့ အစားအသောက်တွေကို မသိမသာနဲ့ ကိုယ် သင်ယူမိတတ်တယ်။ နောက်ဆုံးမှာ ရုပ်ပါ ဖြည်းဖြည်းဆင်လာတာကို တွေ့ရတယ်။ ဒါကြောင့် အခုချိန်မှာ ကိုယ်ဟာ "ကိုယ်နဲ့မတူချင်တဲ့ လူတစ်ယောက်" နဲ့ ချစ်သူဖြစ်နေခဲ့ရင် ခဏလောက်

တော့ ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်သင့်တယ်။ သူ့ကို ကိုယ် တကယ်ချစ်သလား။

တစ်ကြိမ်မှာတော့ ဇီဇာကြောင်တဲ့လူတစ်ယောက်နဲ့ ကျွန်မ ချစ်သူဖြစ်ခဲ့ဖူးတယ်။ သူနဲ့ နိုင်ငံခြား အတူသွားလည်တဲ့အခေါက် မိတ်ဆွေတစ်ဦးအိမ်မှာ ကျွန်မတို့ ညမင်းအတူစားခဲ့ကြတယ်။ ထမင်းစားပြီးနောက် သူ မျက်ရိပ်နဲ့ ကျွန်မကို ပန်းကန်ကူဆေးသင့်ကြောင်း ပြတယ်။ မိတ်ဆွေအိမ်မှာ ပန်းကန်စက်ရှိပေမယ့် ကျွန်မရဲ့အကျင့်က သူတစ်ပါးဂရုစိုက် စောင့်ကြည့်တာမျိုးကို နှစ်သက်တာကြောင့် သူ့စိတ်ကြိုက် ပန်းကန်တွေအများကြီး ဆေးခဲ့ဖူးတယ်။ ဒါနဲ့တင် သူက မကျေနပ်ခဲ့ဘူး။ အဲဒီခရီးမှာ ကျွန်မတို့ အကြိမ်ကြိမ်ငြင်းခုန်ခဲ့ကြရတယ်။ ခရီးတစ်လျှောက် တင်းမာနေတဲ့ သူ့မျက်ရိပ်မျက်ကဲကိုပဲ ကျွန်မ ကြောက်ကြောက်ရွံ့ရွံ့ကြည့်ခဲ့ရတယ်။ ကိုယ့်နိုင်ငံပြန်ရောက်တာနဲ့ သူ့ကို ဖြတ်ပစ်မယ်လို့ စိတ်ထဲမှာ တိတ်တိတ်လေး ကျွန်မ ဆုံးဖြတ်လိုက်တယ်။ သူ့ရဲ့ချစ်သူ မဖြစ်ချင်တော့တဲ့အပြင် သူ့ကို ကျွန်မ ကြည့်လည်းမကြည့်ချင်ခဲ့တော့ဘူး။

အဲဒီတစ်ခေါက်မှာ အချစ်ကို စိတ်အစွဲအလမ်းနဲ့ပဲ ချစ်လို့မရမှန်း ကျွန်မ သိလိုက်ရတယ်။ "ခရီးဝေးမှ မြင်းရဲ့ခံနိုင်အားကို သိတယ်။ ပေါင်းသင်းတာကြာမှ လူ့စိတ်ကို သိတယ်" ဆိုသလိုမျိုး သူ့စိတ်ကို လုံးလုံးသိပြီး သူနဲ့မတူချင်ခဲ့ရင် စောစောစီးစီး လမ်းခွဲလိုက်ကြတာ ပိုကောင်းတယ်။ တကယ်လို့ သူ့ရဲ့အလေ့အထကို သိပြီးသည့်တိုင် သူ့ကို ဆက်ချစ်နေသေးတယ်ဆိုရင် သူဟာ ကိုယ် တကယ်ပေးဆပ်သင့်သူဖြစ်ခဲ့ပါတယ်။





အကြံ (၃)

အခက်အခဲကြုံချိန်မှာ အချစ်ရဲ့ရုပ်ပုံစစ်ကို မြင်ရတယ်။

အချစ်ခရီးလမ်းက နေရောင်ခြည်လိုပဲ၊ ထွန်းတောက်နေမှာမဟုတ်ပါဘူး။ တစ်ခါတလေ မတော်တဆတွေနဲ့လည်း ကြုံရတတ်တယ်။ ဒါဟာ အချစ်ကိုစမ်းသပ်တဲ့ အကောင်းဆုံး အခွင့်အရေးဖြစ်တယ်။ မိသားစုဝင်တစ်ယောက်ယောက် ဆေးရုံတက်ရတယ်။ ဒါမှမဟုတ် ကုမ္ပဏီက ရုတ်တရက် အရေးအကြောင်းရှိလာတယ်။ ဒီလို မတော်တဆတွေက အချစ်ကို သက်ရောက်စေတတ်တယ်။ ဒီလို အခက်အခဲကြုံချိန် အမြဲတွေ့နေကြ ချစ်သူနှစ်ဦးက ခေတ္တခဏတော့ ခွဲကြရတယ်။ ဒီလိုအချိန်မှာ ကိုယ့်ရဲ့လိုအပ်မှုကို ချစ်သူက ဘယ်လိုအကူအညီပေးသလဲ။ အကြံပေးသလဲ။ ဒါတွေက ချစ်သူနှစ်ဦးရဲ့ အနာဂတ်အတွက် အဆုံးအဖြတ်ပေးတတ်တယ်။

မတော်တဆဖြစ်ချိန် ကိုယ့်ကိစ္စကို သူ့ကိစ္စလိုသဘောထားပြီးကူညီဖြေရှင်းပေးတဲ့ချစ်သူ၊ ကိုယ့်လုံခြုံမှု၊ ကိုယ့်ပျော်ရွှင်မှုကို ရှေ့တန်းတင်တတ်တဲ့ ချစ်သူမျိုးကို ကျွန်မတို့က ယုံယုံကြည်ကြည်နဲ့ ချစ်သင့်ပါတယ်။ ချစ်ရတာလည်း တန်ပါတယ်။

တကယ်လို့ မတော်တဆဖြစ်ချိန် အလုပ်များတာကို အကြောင်းပြပြီး ကိုယ့်ကို ရှောင်ဖယ်တတ်တဲ့ချစ်သူ၊ အရာအားလုံးပြီး ငြိမ်းမှ "အဆင်ပြေလား" ဆိုပြီး ကိုယ့်ဆီပြန်လာတတ်တဲ့ ချစ်သူမျိုးကိုတော့ ချစ်ရတာ မထိုက်တန်ပါဘူး။

အကြံ (၄)

ပြောင်းလဲဖို့ အချိန်ပေးပါ။

အချစ်ကိုစွန့်ခွာချိန် အလျင်စလိုမလုပ်ဘဲ ပြောင်းလဲဖို့ သူ့ကို အချိန်ပေးသင့်ပါတယ်။ အခုချိန် သူ့ဆီမှာ အားနည်းချက်တွေ တစ်ပုံကြီးရှိတယ်ဆိုပေမယ့် ပြောင်းလဲပြုပြင်ဖို့ သူကိုယ်တိုင် သင်ယူလိုစိတ်ရှိတယ်ဆိုရင် သူဟာ ကိုယ့်အတွက် အဖော်ကောင်းတစ်ယောက် ဖြစ်နိုင်ပါတယ်။ ကျွန်မအဖေလိုမျိုး နှလုံးစဉ်မှာ မွေးရပ်ခဲ့တယ်။ အသက်ကြီးလာတော့ အိမ်အတွက် မိသားစုအတွက် တလျှောက်လုံး ပေးဆပ်လာခဲ့တဲ့ အမေကိုကြည့်ပြီး သူလည်းပြောင်းလဲလာခဲ့တယ်။ အမေ့ကို ပြန်ပေးဆပ်တတ်ဖို့ သူ သင်ယူခဲ့တယ်။ ဘဝတလျှောက်မှာ သားသမီး၊ လင်ယောကျ်ားအတွက် အရာရာကို ပေးဆပ်စတေးခံခဲ့တဲ့ အမေက နောက်ဆုံးမှ ကိုယ့်ကို ဂရုစိုက်တတ်တဲ့ လင်ကောင်းတစ်ယောက်ကို ရခဲ့တယ်။ သူ့ဘဝနောက်ဆုံးအချိန်အတွက် အဖော်ကောင်းဖြစ်ခဲ့တယ်။ အဖေ့အပေါ်ထားတဲ့ အမေ့ရဲ့အချစ်က အမြစ်တွယ်ခိုင်မြဲခဲ့တယ်။ ငြင်းခုန်မှုတွေ မပြတ်ရှိခဲ့တယ်ဆိုပေမယ့် အမေ မတုန်လှုပ်ခဲ့ဘူး။ အမေ့အတွက် တစ်ဖက်သားရဲ့အချစ်ကို နားလည်ဖို့ သူ့တစ်သက် အချိန်ယူခဲ့ရတယ်။

မူရင်း - Zhu Wei Yin

* * *

# ဘာလဲ အချစ်ဆိုတာ

'ကိုယ့်အကြိုက်ဆုံးပစ္စည်းတစ်ခု ယူခွင့်ရှိတယ်ဆိုလို့
ဒါဟာ ကျွန်မအကြိုက်ဆုံးအရာမို့ပါ ...'

ပုံပြင် (၁)

ဆေးရုံရဲ့အခန်းတစ်နေရာမှာ အသက်ယဲ့ယဲ့လေးရှူနေတဲ့ အဘိုးအိုတစ်ဦး လဲလျောင်းနေခဲ့တယ်။ လူ့ဘဝနောက်ဆုံးအချိန်လေးမှာ အဘိုးအိုက သူ့ရဲ့ အိုးမင်းရှုတ်တွနေတဲ့လက်နဲ့ အဘွားအိုရှိရာဘက် ကမ်းလိုက်တယ်။ ရာစုနှစ်တစ်ဝက်လောက် ကိုယ့်အပေါ် ဂရုစိုက်ကြင်နာခဲ့သူကို သူ ကျေးဇူးတင်နေမိတယ်။ မကြာခင် ဒီလောကကြီးကနေ သူ ယွက်သွားရတော့မယ်။ ထွက်မသွားခင် အဘွားအိုရဲ့ အကြင်နာ၊ ကရုဏာကို အသိအမှတ်ပြုရာရောက်အောင်၊ ပြီးတော့ ကိုယ်လည်း စိတ်ချလက်ချသွားနိုင်အောင် ရင်ထဲက လျှို့ဝှက်ချက်တစ်ခုကို ပြောပြဖို့ သူ ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် လျှို့ဝှက်ချက်ကိုမပြောခင် အဘွားအိုက တုန်ရင်ရင်လက်နဲ့ သူ့ပါးစပ်ကို အသာအယာလေးပိတ်ပြီး "အချစ်ရဲ့ ဘာလျှို့ဝှက်ချက်တွေမှ ကျွန်မ မလိုဘူး၊ အချစ်ရဲ့

အကြီးမားဆုံးလျှို့ဝှက်ချက်က ကျယ်ပြန့်တဲ့လွင့်ပြင်လယ်မှာ ရှင်နဲ့ကျွန်မ သိခဲ့တယ်၊ ချစ်ခဲ့တယ်။ တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး နေပူမိုးရွာမရှောင် အရာရာကို အနှစ် (၅၀)ကျော် ရင်ဆိုင်ခဲ့တာပဲဖြစ်တယ်" အဘွားအိုရဲ့စကားကြောင့် အဘိုးအို မျက်ရည်ကျမိတယ်။ နောက်ဆုံး အဲဒီလျှို့ဝှက်ချက်ကို ရင်ထဲထည့်ပြီး လောကကြီးထဲကနေ သူ ထွက်ခွာသွားခဲ့တယ်။

ပုံပြင် (၂)

ဟိုးရှေးရှေးတုန်းက မြို့တစ်မြို့ကလူတွေဟာ အခြားမြို့ကလူတွေနဲ့ စစ်ဖြစ်ခဲ့ကြတယ်။ စစ်ပွဲက နှစ်အတော်ကြာခဲ့တယ်။ ဒီမြို့နှစ်မြို့မှာ တစ်မြို့က တောင်ကုန်းပေါ်မှာရှိပြီး တစ်မြို့က လွင်ပြင်မှာရှိခဲ့တယ်။ တောင်ကုန်းပေါ်မှာရှိတဲ့မြို့က ရက်စက်တဲ့အကြံတစ်ခုထုတ်ပြီး ကိုယ့်တောင်ကုန်းပေါ်မှာရှိတဲ့ ဆည်ကို ဖွင့်ချလိုက်တယ်၊ ဆည်ကိုဖွင့်ချလိုက်တယ်ဆိုရင်ပဲ လွင်ပြင်မှာရှိတဲ့မြို့က ရေလွှမ်းသွားပြီး အော်ဟာစ်ပိုညည်းသံတွေနဲ့ သေကျေပျက်စီးကြရတော့မယ်။ ဒီလိုအခြေအနေမှာ မြို့စားမင်းက လှေတွေနဲ့ ရေနစ်သူတွေကိုကယ်ဖို့ အမိန့်ထုတ်လိုက်တယ်၊ ဒါပေမယ့် လှေအစီးရေ နည်းတဲ့အတွက် လူတချို့ကိုပဲ ကယ်စေခဲ့တယ်၊ မြို့စားမင်းက မိန်းမနှစ်သက်သူဖြစ်တာကြောင့် မိန်းမတွေကိုပဲ ကယ်စေခဲ့တယ်။ အဲဒီမိန်းမတွေက သူတို့နှစ်သက်တဲ့ပစ္စည်းတစ်ခုကိုပဲ ယူရမှာဖြစ်တယ်။

နှစ်သက်တဲ့ပစ္စည်းတစ်ခုဆိုတာကြောင့် မိန်းမအများက လက်ဝတ်လက်စား၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေယူပြီး လှေပေါ်တက်ကြတယ်။ မိန်းမတစ်ယောက်တည်းပဲ သူ့ယောကျ်ားကိုထမ်းပြီး လှေပေါ်တက်တော့ ရဲမက်တွေက "လှေပေါ်ကို မိန်းမတွေပဲ တက်ခွင့်ရှိတယ်၊ ယောကျ်ားတွေ





မတက်ရဘူး" လို့ ဆိုတယ်၊ "ကိုယ့်အကြိုက်ဆုံးပစ္စည်းတစ်ခု ယူခွင့်ရှိတယ်ဆိုလို့ ဒါဟာ ကျွန်မအကြိုက်ဆုံးအရာမို့ပါ" လို့ မိန်းမက ပြန်ပြောပါတယ်။ အဲဒီရေဘေးမှာ ယောကျ်ားတစ်ဦးပဲ အသက်ရှင်ကျန်ရစ်ခဲ့တယ်၊ အဲဒီမိန်းမရဲ့ယောကျ်ားပဲဖြစ်တယ်။

ပုံပြင် (၃)

ဒီပုံပြင်ကတော့ တီဗွီအစီအစဉ်တစ်ခုဖြစ်ပါတယ်၊ ဒီအစီအစဉ်က ယောကျ်ားသားတွေက မျက်စိကို အဝတ်စည်းပြီး ကိုယ့်မိန်းမကို ရွေးထုတ်ရမယ့် ကစားနည်းဖြစ်တယ်။

ဒီကစားနည်းမှာ လင်မယားစုံတွဲ (၆)တွဲပါဝင်ခဲ့တယ်။ ယောကျ်ား (၆)ဦးက မျက်စိကို အဝတ်စည်းပြီး မိန်းမ (၆)ဦးရဲ့လက်တွေကို သွားစမ်းရတယ်။ ပြီးမှ ကိုယ့်မိန်းမကို ရွေးထုတ်ရတယ်။ ရှေ့ယောကျ်ား (၃)ဦး မမြင်မစမ်းနဲ့ စမ်းတော့ ပရိသတ်တွေက တဝါးဝါးပွဲကျကြတယ်။

(၄) ယောက်မြောက်မှာ အစီအစဉ်တင်ဆက်သူက အရင်အတိုင်း သူ့မျက်စိကို အဝတ်စနဲ့စည်းပြီး နေရာမှာတင် သုံးပတ်ပတ်ခိုင်းလိုက်တယ်။ ပြီးမှ မိန်းမ (၆)ယောက်ကို ရွေးစေခဲ့တယ်။ အဲဒီလူက ပထမမိန်းမရှေ့ရပ်ပြီး လက်ကို ကိုင်ကြည့်လိုက်တယ်။ သုံးလေးစက္ကန့်အတွင်းမှာ "ဒါ ကျွန်တော့်မိန်းမ မဟုတ်ဘူး" လို့ ဆိုတယ်။ နောက် ဒုတိယမိန်းမရှေ့ရပ်ပြီး လက်ကို ကိုင်ကြည့်တယ်။ ဒီတစ်ကြိမ်ကိုင်တာ အချိန်နည်းနည်းပိုကြာတယ်။ ဆယ်စက္ကန့်ကြာတော့ "ဒါကျွန်တော့်မိန်းမ" လို့ သူက ဆိုတယ်။

တင်ဆက်သူက သူ့မျက်နှာပေါ်က အဝတ်စကို ဖြုတ်ပေးလိုက်တယ်၊ တကယ်ပဲ ဒုတိယအမျိုးသမီးက သူ့မိန်းမဖြစ်နေခဲ့တာကြောင့်

ပရိသတ်ဆီက လက်ခုပ်သံတွေ သူ ရခဲ့တယ်။ တွေဝေမှုမရှိဘဲ ကိုယ့်မိန်းမကို ရွေးထုတ်နိုင်ခဲ့တဲ့ သူ့ကို တင်ဆက်သူက "ဒီလောက်ထိ တိကျအောင် ရွေးထုတ်နိုင်ခဲ့တာ ဘာလျှို့ဝှက်ချက်များ ရှိလို့လဲ" လို့ မေးတယ်။

အဲဒီအချိန်မှာသူက "ဘာလျှို့ဝှက်ချက်မှမရှိပါဘူး၊လက်ရဲ့ခံစားချက်နဲ့ ကျွန်တော် ရွေးခဲ့တာပါ၊ အိမ်ထောင်သက်ဆယ်နှစ်အတွင်းမှာ ကျင့်သားရခဲ့တဲ့ လက်ခံစားချက်ကြောင့်ပါ" လို့ ဆိုပါတယ်။ နောက်ခံပိတ်ကားပေါ်မှာ သူ့မိန်းမရဲ့မျက်နှာက မျက်ရည်အဝဲသားနဲ့ ထင်ဟပ်လာခဲ့တယ်။ ဆယ်နှစ်လုံးလုံး မဖြုတ်ခဲ့တဲ့တွဲလက်ကြောင့် လက်ရဲ့ခံစားချက်နဲ့ လူအများကြားမှာ ကိုယ့်မိန်းမကို သူ ရွေးထုတ်နိုင်ခဲ့ပါတယ်။

မှရင်း - http://share.youthwant.com.tw

*   *   *

# ဝမ်အမ်ဂွတ်နိုက်

'WAN AN = Wo Ai Ni, Ai Ni (ဝေါ်အိုက်နီ၊ အိုက်နီ)
နင့်ကို ငါချစ်တယ်၊ ချစ်တယ်တဲ့ ...'

ကိုယ်ချစ်တဲ့သူနဲ့ သန်းခေါင်ယံညဥ့်နက်တဲ့အထိ စကားထိုင်ပြောဖူးလား၊ ချက်တင် (Chatting) ပြောဖူးပါသလား။

တကယ်လို့ ပြောဖူးရင် ဖုန်းမချခင် ဒါမှမဟုတ် စက်မပိတ်ခင် ဝမ်အမ်ဂွတ်နိုက်လို့ ပြောတတ်တဲ့အကျင့် ရှိသလား။

ဝမ်အမ်နဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်လေးတစ်ခု ပြောပြချင်ပါတယ်။

တစ်နေ့မှာ အားလပ်ရက်ရတဲ့ အိန်ဂျယ်တစ်ပါး လူ့ပြည်ကို အလည်ရောက်လာခဲ့တယ်။ လူ့ပြည်ကိုရောက်ပြီး ပျင်းတာနဲ့ အိန်ဂျယ်ဟာ ကောင်မလေးတစ်ယောက်ကို "မင်းရဲ့လိုအင်ဆန္ဒတွေအားလုံး ငါဖြည့်ပေးနိုင်တယ်။ အာဏာ၊ ငွေကြေး၊ ရုပ်ရည်၊ အချစ်၊ ဘာတွေလိုချင်သလဲ" လို့ မေးလိုက်တယ်။

အိန်ဂျယ်အမေးကို ကောင်မလေး အသေချာစဉ်းစားလိုက်တယ်။ ကောင်မလေးတောင်းဆိုသမျှကို သူ အစွမ်းကုန်ဖြည့်ပေးပြီး သူ့ကို လေးစားကြည်ညိုလာအောင် ဘုန်းတန်ခိုးတွေ ပြလိုက်မယ်လို့ အိန်ဂျယ် စိတ်ကူးနေခဲ့တယ်။

"ညတိုင်း ကျွန်မ အိပ်ရာမဝင်ခင် အရှင့်ဆီက ဝမ်အမ်ဆိုတဲ့စကားတစ်ခွန်းကို ကြားချင်ပါတယ်"

ကောင်မလေးရဲ့ရိုးရှင်းတဲ့စကားကိုကြားမှတော့ အိန်ဂျယ် အံ့ဩသွားတယ်။ သူထင်ထားတာက ရုပ်ရည်၊ ငွေကြေး စတာတွေကို ကောင်မလေး တောင်းလိမ့်မယ်လို့ ထင်ခဲ့တယ်။

"ကောင်းပြီ၊ ဒါ အလွယ်ကူဆုံးပဲ" ဆိုပြီး အိန်ဂျယ်က ဘာမှမစဉ်းစားဘဲ ကောင်မလေးကို လွယ်လွယ်ကူကူ ကတိပေးလိုက်တယ်။ ကောင်မလေးက မျှော်လင့်ချက်အပြည့်နဲ့ ညတိုင်း အိန်ဂျယ်ဆီက "ဝမ်အမ်" ဆိုတဲ့စကားတစ်ခွန်းကို စောင့်နေခဲ့တယ်။ အိန်ဂျယ်က ကောင်းကင်ပေါ်ပြန်ရောက်သွားလည်း ကောင်မလေးကို "ဝမ်အမ်" ဆိုတဲ့စကားတစ်ခွန်းနဲ့ အသဲပုံလေးပါဆွဲပြီး ဂွတ်နိုက် Kiss:-* လေးကို အင်တာနက်ကတစ်ဆင့် အမြဲပေးခဲ့တယ်။ အိန်ဂျယ်ဆီက နှစ်သိမ့်စကားတွေနဲ့ ညတိုင်း ကောင်မလေး ကျေကျေနပ်နပ် အိပ်ရာဝင်ခဲ့တယ်။ သူ့အိပ်မက်ထဲမှာတောင် ကြည်နူးခြင်းရနံ့တွေနဲ့ သင်းပျံ့မွှေးကြိုင်လို့နေတယ်။

ဒီလိုနဲ့ တစ်ခါတလေ အင်တာနက်လိုင်း ပြတ်တောက်သွားရင် အိန်ဂျယ်က ဖုန်းဆက်ပြီး ကောင်မလေးကို ဝမ်အမ်လို့ပြောတတ်တယ်။ ဖုန်းတစ်ဖက်ကနေ ကောင်မလေးနဖူးကိုနမ်းပြီး အိပ်မက်လှလှမက်ပါစေလို့ ဆုတောင်းပေးတတ်တယ်။





ဒါပေမယ့် ဘယ်အချိန်ကစပြီး အိန်ဂျယ် အလုပ်စရှုပ်ခဲ့မှန်း မသိဘူး။ အလုပ်တွေများလွန်းလို့ ကောင်မလေးကို ဝမ်အမ်လို့ နှုတ်ဆက်ရမှာကို အိန်ဂျယ် တဖြည်းဖြည်း မေ့သွားခဲ့တယ်။ ကောင်မလေးက ညတိုင်း အိန်ဂျယ်ရဲ့ "ဝမ်အမ်" ဆိုတဲ့ စကားတစ်ခွန်းကိုပဲ စောင့်မျှော်နေခဲ့တယ်။ စောင့်ခဲ့ပေမယ့် ညတိုင်း စိတ်ပျက်အားငယ်စွာနဲ့ အိပ်ရာဝင်ခဲ့ရတယ်။ အိန်ဂျယ်ရဲ့ နှစ်သိမ့်သံတွေ မကြားရတော့ ကောင်မလေးလည်း အိပ်မက်တွေ ကယောင်ချောက်ချားမက်လို့။ အိပ်မက်ထဲမှာ အဝေးတစ်နေရာကနေ အလုပ်များနေတဲ့ အိန်ဂျယ်ကိုပဲ သူ ငေးကြည့်နေခဲ့မိတယ်။ အလုပ်မများတော့တဲ့တစ်ရက် ဝမ်အမ်ပြောဖို့ သူ သတိရကောင်း ရလာလိမ့်မယ်လို့ထင်ပြီး ကောင်မလေး စောင့်နေခဲ့တယ်။ အိန်ဂျယ် အတိုးချပြီးပြောလာမယ့် ဝမ်အမ်တွေကို ကောင်မလေး မျှော်နေခဲ့မိတယ်။

ဒါပေမယ့် နောက်ဆုံးမှာ ကောင်မလေးကိုပါ အိန်ဂျယ် မေ့သွားခဲ့တယ်။ လုံးဝမေ့သွားပြီး ဝမ်အမ်အကြွေးတသီကြီးနဲ့ အဝေးကို ပျံသန်းသွားခဲ့တယ်။

နှစ်အတန်ကြာတဲ့အခါ ကောင်းကင်ပိတ်ရက်ရတဲ့ အိန်ဂျယ်တချို့လူ့ပြည်ကို အလည်လာပြန်တယ်။ ကောင်မလေးကိုတွေ့တော့ သူ့ရဲ့လိုအင်ဆန္ဒတွေ ဖြည့်ဆည်းပေးမယ်လို့ ဆိုပြန်တယ်။ အာဏာ၊ အချစ်၊ ငွေကြေး စတာတွေ ဘာအလိုရှိသလဲလို့ မေးတော့ ကောင်မလေးက ဘာမှပြန်မဖြေခဲ့တော့ဘူး။ ရိုးရှင်းလွယ်ကူတဲ့ဆန္ဒကို တန်ခိုးကြီးတဲ့အိန်ဂျယ်လည်း ဖြည့်ဆည်းပေးနိုင်မှာမဟုတ်ကြောင်း သူ သိနေခဲ့တယ်။

ကိုယ်ချစ်တဲ့သူနဲ့ သန်းခေါင်ယံညဉ့်နက်တဲ့အထိ စကားထိုင်ပြောဖူးလား၊ ချက်တင် (Chatting) ပြောဖူးပါသလား။

တကာယ်လို့ ပြောဖူးရင် ဖုန်းမချခင် ဒါမှမဟုတ် စက်မပိတ်ခင် ဝမ်အမ် (ဂွတ်နိုက်)လို့ ပြောတတ်တဲ့အကျင့် ရှိသလား။

ဝမ်အမ် WAN AN

"WAN AN" ဆိုတဲ့စကားလုံးကို ဖြန့်လိုက်ရင် ထိပ်စီးစာလုံးတွေက စာလုံးတစ်လုံးစီကို ကိုယ်စားပြုနေတာ တွေ့ရလိမ့်မယ်။

WAN AN = Wo Ai Ni, Ai Ni (ဝေါ်အိုက်နီ၊ အိုက်နီ)

နင့်ကို ငါချစ်တယ်၊ ချစ်တယ်တဲ့။

ဝမ်အမ်လို့ဝှက်ချက်ကို သိသွားပြီးရင် ကိုယ်ချစ်တဲ့သူနဲ့ စကားပြောပြီးတိုင်း "ဝမ်အမ်" (ဂွတ်နိုက်)လို့နှုတ်ဆက်ဖို့ မမေ့ပါနဲ့နော်။

မူရင်း - http://www.douban.com/group/topic/4932532/

* * *

# အောင်မြင်တဲ့အိမ်ထောင်ရေး

'ငါတို့လည်း ကွေးညွှတ်တတ်ရင် ထင်းရှူးပင်လို ကိုယ့်ကိုယ်ကို နှိမ့်ချတတ်ရင် အိမ်ထောင်ရေးက လဲပြိုစရာအကြောင်းမရှိဘူး ...'

စီးပွားရေးတစ်ခု လုပ်တော့မယ်ဆိုရင် အရင်ဆုံး ငွေကြေးရင်းနှီးရသလို စိတ်ပါဝင်မှု၊ ကြိုးပမ်းမှုတွေလည်းထည့်မှ အကျိုးအမြတ်ကို ခံစားရမှာဖြစ်တယ်။ ထိုနည်းတူ အိမ်ထောင်တစ်ခု ထူထောင်တဲ့အခါ ကျွန်တော်တို့က အချိန်၊ ဂရုစိုက်မှု၊ ခွင့်လွှတ်နားလည်မှု၊ ချစ်ခြင်းမေတ္တာ စတာတွေကို ထည့်သွင်းရမှာဖြစ်ပါတယ်။ ဒါမှ ပျော်ရွှင်ခြင်းတွေနဲ့ ပြည့်နက်နေတဲ့မိသားစုဘဝကို ခံစားနိုင်မှာဖြစ်တယ်။ ပျော်ရွှင်တဲ့အိမ်ထောင်တစ်ခုထူထောင်ဖို့ အချက် (၃) ချက်ရှိပါတယ်။

(၁) ဂရုတစိုက် နားထောင်မယ်

Seattle မြို့က တက္ကသိုလ်တစ်ခုဟာ (၁၀)နှစ်ကြာအချိန်ယူပြီး အိမ်ထောင်ရေးပြဿနာကို အဖြေရှာဆွေးနွေးခဲ့ကြတယ်။ အိမ်ထောင်ကျစ ဇနီးမောင်နှံနှစ်ဦးရဲ့ ပြောဆိုဆက်ဆံပုံကိုကြည့်ပြီး နောင်တစ်ချိန်မှာ သူတို့ ကွာရှင်းနိုင်၊ မကွာရှင်းနိုင်ဆိုတာကို လေ့လာခဲ့ကြတယ်။ အဲဒီလိုလေ့လာရာမှာ ၈၇-ရာခိုင်နှုန်း မှန်ကန်ခဲ့တာကို တွေ့ခဲ့ရတယ်။

ကွာရှင်းနိုင်မယ့် လင်မယားတွေကို ဆန်းစစ်ရာမှာ သူတို့ဟာ တစ်ဖက်သားနဲ့ ပြောဆိုဆက်ဆံရာမှာ လှောင်ပြောင်၊ ကဲ့ရဲ့တဲ့စကား၊ အမြင်စောင်းတဲ့စကားနဲ့ နှစ်ဦးနှစ်ဖက်ရဲ့ ကောင်းကွက်ကို လုံးဝထုတ်ဖော်မပြောတတ်သူတွေဖြစ်တာကို တွေ့ခဲ့ရတယ်။

ဇနီးမောင်နှံနှစ်ဦးရဲ့ဆက်ဆံရေး (Communication) ဟာ အခက်အခဲရှိရင် အဲဒီအခက်အခဲတွေက အိမ်ထောင်ရေးမပြေလည်စေတဲ့ဆူးညှောင့်ခလုတ်ပဲဖြစ်တယ်။ ဟောင်ကောင်ပညာရှင်တချို့ရဲ့ လေ့လာချက်တစ်ရပ်မှာ အိမ်ထောင်စုအများက သူတို့ရဲ့မိသားစုတွေ့ဆုံပွဲဟာ ရုပ်ရှင်အတူကြည့်တာဖြစ်ပြီး တစ်ဦးနဲ့တစ်ဦး ပြောဆိုဆွေးနွေးတာ၊ နားထောင်တာတွေ မရှိခဲ့ဘူးလို့ ဆိုပါတယ်။ ဒါတွေဟာ ဘာမှမဟုတ်တဲ့ အပြုအမူလေးဆိုပေမယ့် ကျွန်တော်တို့ သတိတစ်ချက်လစ်တာနဲ့ မိသားစုကြားက ပြောဆိုဆက်ဆံရေးတွေကို ကြီးကြီးမားမား ထိခိုက်စေနိုင်ပါတယ်။

ကျွန်တော့်မှာလည်း အကျင့်ဆိုးတစ်ခုရှိပါတယ်။ အဲဒီအကျင့်ဆိုးက ကျွန်တော့်မိန်းမ စကားပြောတဲ့အခါ ကျွန်တော်က တစ်ခုခုလုပ်ရင်း နားထောင်တတ်တာပါပဲ။ အဲဒီအချိန်မှာ မိန်းမက သူပြောတဲ့စကားကို ကျွန်တော် စိတ်ဝင်တစားနားထောင်နိုင်အောင် သူ့လက်နဲ့ ကျွန်တော့်ခေါင်းကို သူ့ဘက်





ငြင်ငြင်သာသာလှည့်ခိုင်းစေတတ်တယ်။ ပြီးတော့ ကျွန်တော့်မျက်လုံးနှစ်ဖက်က သူ့ကို ကြည့်နေစေတယ်။ တစ်ဖက်သားရဲ့စကားကို ဂရုတစိုက် စိတ်ဝင်တစား နားထောင်မှ အကျိုးရှိတဲ့ဆက်ဆံရေးကို ကျွန်တော်တို့ ရနိုင်မှာဖြစ်တယ်။

(၂) နောက်ဆုတ်သည်းခံမယ်

ပုံပြင်တစ်ခုမှာ အိမ်ထောင်ရေးပြိုကွဲလုဆဲဆဲ လင်မယားနှစ်ဦးဟာ အရင်က အတူကြည်နူးခဲ့ဖူးတဲ့ အတိတ်ဟောင်းတွေကို တူးဆွဖို့ ခရီးအတူထွက်ခဲ့ကြတယ်။ တကယ်လို့ အောင်မြင်ခဲ့ရင် အတူဆက်ပေါင်းပြီး မအောင်မြင်ခဲ့ရင် ကွာရှင်းဖို့ ဆုံးဖြတ်ခဲ့ကြတယ်။

ဒီလိုနဲ့ ဂူတစ်ဂူကို သူတို့ ရောက်သွားတဲ့အချိန် နှင်းတွေအဆက်မပြတ် ကျနေခဲ့တယ်။ တစ်ခဏအတွင်း ထင်းရှူးပင်တွေပေါ်မှာ နှင်းတွေ ထူထူထပ်ထပ် တင်ကျန်ရစ်နေခဲ့တယ်။ အပင်ပေါ်က နှင်းတွေ ထုထဲတဲ့ပြင်ညီ တစ်ခုရောက်တာနဲ့ ထင်းရှူးပင်တွေဟာ အပင်ကို ကိုင်းညွတ်လိုက်ပြီး နှင်းတွေကို လျောကျစေခဲ့တယ်။ ဒီလိုနဲ့ နှင်းတွေများလာလိုက်၊ အပင်ကို ကိုင်းညွတ်လိုက်နဲ့ ထင်းရှူးပင်ရဲ့ ကွေးညွတ်မှုကြောင့် နှင်းတွေဘယ်လောက်ပဲ သည်းသည်းထင်းရှူးပင်တွေကျိုးသွားတာမျိုးမရှိခဲ့ဘူး။ မကွေးညွတ်တတ်တဲ့ သစ်ပင်တွေသာ နှင်းတွေပိပြီး ကျိုးကြေပျက်စီးခဲ့ကြရတယ်။

ဒီမြင်ကွင်းကိုကြည့်ပြီး ယောကျ်ားလုပ်သူက မိန်းမကို "ငါတို့လည်း ကွေးညွတ်တတ်ရင် ထင်းရှူးပင်လို ကိုယ့်ကိုယ်ကို နှိမ့်ချတတ်ရင် အိမ်ထောင်ရေးက လဲပြိုစရာအကြောင်း မရှိဘူး" လို့ ပြောလိုက်တယ်။

ခေါင်းမာခြင်းက ပျက်စီးခြင်းကို သယ်လာတယ်။ အမှားကို ဝန်ခံတတ်ခြင်းက ငြိမ်းချမ်းခြင်းကို သယ်လာတယ်။ နောက်တစ်လှမ်းဆုတ်ခြင်းက မိသားစုတစ်စုလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ ရှေ့ဆက်သွားဖို့အတွက် ဖြစ်ပါတယ်။

(၃) ပွေ့ဖက်မယ်

ရှေ့နှစ်တွေတုန်းက ဩစတေးလျမှာ "Free Hugs" ဆိုတဲ့ လွတ်လပ်လပ်ပွေ့ဖက်တဲ့ အားကစားတစ်ရပ် ကျင်းပခဲ့တယ်။ သူစိမ်းတွေ အချင်းချင်း ပွေ့ဖက်ကြတာဖြစ်ပြီး အကြင်နာ၊ ကောင်းတာတွေ ဖလှယ်ကြတယ်။ လူလူချင်းကြားက အေးစက်တဲ့ဆက်ဆံရေးတွေ လျော့ပါးသွားအောင်ဖြစ်တယ်။ ဒီလိုပွေ့ဖက်ခြင်းကြောင့် နဂိုရှိတဲ့ စိတ်ပျက်ဝမ်းနည်းမှုတွေ လျော့နည်းသွားပြီး စိတ်တွေ ကြည်လင်လန်းဆန်းလာတယ်လို့ အများက ဆိုပါတယ်။

သိပ္ပံပညာရှင်တွေက ပွေ့ဖက်ခြင်းနဲ့ပတ်သက်တဲ့ စမ်းသပ်မှုကို ပြုလုပ်ခဲ့ကြတယ်။ ပွေ့ဖက်ချိန်မှာ ဦးနှောက်ထဲထုတ်လုပ်တဲ့ ဟော်မုန်းတွေက သွေးအားကျဆင်းအောင် ပြုလုပ်ပေးပြီး နှလုံးရောဂါဖြစ်ပွားဖို့ကို လျော့နည်းစေတယ်လို့ ဆိုပါတယ်။ စိတ်ပညာရှင်တွေကလည်း ပွေ့ဖက်ခြင်းဟာ ပျော်ရွှင်တဲ့စိတ်၊ တည်ငြိမ်လုံခြုံတဲ့စိတ်ကို ဖြစ်ပေါ်စေတယ်လို့ ဆိုပါတယ်။ ပွေ့ဖက်ခြင်းက ဆေးပညာလောကမှာ အခြေခံကျတဲ့ ဂရုစိုက်ကုသမှုဖြစ်ပါတယ်။

သူစိမ်းတစ်ယောက်ရဲ့ ပွေ့ဖက်ခြင်းကတောင် လူ့စိတ်ကို ငြိမ်သက်အေးချမ်းစေတယ်ဆိုရင် မိသားစုဝင်ရဲ့ ပွေ့ဖက်မှုက ပိုလို့တောင် ထိရောက်နိုင်ပါတယ်။ အာရှသားတွေက စိတ်ထဲကခံစားမှုကို [illegible]တ်ဖော်မပြကြဘူး။ ကိုယ်ထိလက်ရောက် ဖက်လှဲတကင်းဆက်ဆံတာမျိုးလည်း နည်းတယ်။





ကျွန်တော် အနောက်နိုင်ငံရောက်တုန်းက ကလေးတွေကို ကျောင်းပို့တဲ့အချိန် မိဘတွေက ကျောင်းပေါက်ဝမှာ ကိုယ့်သားသမီးကို ပွေ့ဖက်နမ်းရှုပ်ပြီးမှ ကျောင်းထဲဝင်စေတာကို တွေ့ခဲ့ရတယ်။ ကျောင်းဆင်းတော့လည်း သားသမီးတွေက ကျောင်းခန်းထဲကနေ မိဘရင်ခွင်ဆီ တဟုန်ထိုးပြေးပြီး ပွေ့ဖက်ကြတယ်။ နှစ်အကြာကြီး ခွဲထားသလိုမျိုး နှစ်နှစ်ကာကာ ပွေ့ဖက်ကြတယ်။ ဒီလို ရင်းရင်းနှီးနှီးခံစားမှုတွေ ထုတ်ဖော်ပြနေတာကို ကျွန်တော်တို့ သင်ယူသင့်ပါတယ်။

ဂရုတစိုက် နားထောင်မယ်၊ နောက်ဆုတ်သည်းခံတတ်အောင်နေမယ်၊ ပွေ့ဖက်ခြင်းတွေ ရှိခဲ့မယ်၊ မိသားစုအတွက် အချိန်ပေးမယ်၊ စိတ်ပါဝင်မှုတွေ ရှိမယ်ဆိုရင် အိမ်ထောင်ရေးရဲ့ အဖိုးမဖြတ်နိုင်တဲ့ အကျိုးအမြတ်တွေကို ခံစားရမှာ ဧကန်မလွဲဖြစ်ပါတယ်။

မူရင်း - http://www.atlaspost.com

* * *

# လွင့်ပါးခဲ့တဲ့အချစ်

'ဟင့်အင်း၊ ဒါငါ့အချစ်မဟုတ်ဘူး၊
ငါ့အချစ်က ပုလဲတွေ ...'

ချစ်နေချိန်မှာ အချစ်က စိတ်ကူးယဉ်ဆန်တယ်။ ဖမ်းဆုပ်လို့မရဘူး။
ရယူပြီးချိန်မှာ အချစ်က လှပချိုမြိန်တယ်။
လွမ်းဆွေးချိန်မှာ အချစ်က ခါးသက်တယ်။
အသဲကွဲချိန်မှာ အချစ်က နိုကိုးရာမဲ့လဲပြိုလို့။
"ဘာဖြစ်လို့ ကျွန်တော့်ကို စွန့်လွှတ်လိုက်တာလဲ"
အေးစက်စက်မြေပြင်ပေါ် လဲကျရင်း အချစ်က မေးတယ်။
"ဝါသနာနဲ့ မျှော်မှန်းချက်ကိုပဲ လိုချင်ခဲ့တာ"

"ကျွန်တော့်ကို ကောက်ယူပါ၊ ကျွန်တော် ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ နောက်တော့ ခင်ဗျား သိမှာပါ" အချစ်က ခယယ တောင်းဆိုတယ်။





"ဟို..."

အချစ်ရဲ့ ခယတောင်းဆိုမှုမှာ ကိုယ် တွေဝေနေမိတယ်။ ပြောစရာစကားလုံး ကိုယ် ရှာမတွေ့ခဲ့ဘူး။ ကိုယ့်အတွေးထဲမှာ အချစ်ကဒြပ်မဲ့ပစ္စည်း မမြင်နိုင်ဘူး။ ဆုပ်ကိုင်လို့ မရဘူး။ ဒါကြောင့် အချစ်နဲ့ မျှော်မှန်းချက်ကြားမှာ မျှော်မှန်းချက်ကိုရွေးဖို့ ကိုယ် ဆုံးဖြတ်လိုက်တယ်။

ဒါပေမယ့် မျက်ရည်တွေနဲ့ ပြည့်နှက်နေတဲ့ အချစ်ကို မကြည့်ရက်ခဲ့လို့ ခါးချိုးဦးညွှတ်ပြီး အချစ်ကို ကိုယ် ကောက်ယူလိုက်မိပြန်တယ်။ ဒီတစ်ကြိမ်မှာတော့ အချစ်က ကိုယ့်လက်ဖဝါးထဲက တစ်လက်လက်တောက်ပပြီး နွေးထွေးတဲ့ရောင်ခြည်တွေ ယှက်ဖြာနေတဲ့ ပုလဲတစ်လုံးလို့ ကိုယ် ခံစားမိတယ်။

ဒါပေမယ့် ...

"ကိုယ့်ရွေးချယ်မှုကို နားလည်ပေးပါ။ အခုအချိန်မှာ အချစ်က မျှော်မှန်းချက်လောက် အရေးမကြီးဘူးလို့ ကိုယ်ထင်တယ်"

နောက်ဆုံး အချစ်ကို ကိုယ် တီးတိုးတောင်းပန်ရင်း လွှတ်ချဖို့ပြင်တယ်။

"မလုပ်ပါနဲ့၊ ကျွန်တော့်ကို လွှတ်မချပါနဲ့၊ ကျွန်တော့်ကို ပေါင်နှံပြီး အလိုရှိတဲ့ပစ္စည်းနဲ့ လဲယူပါ၊ တစ်နေ့ ကျွန်တော့်ကို သတိရတဲ့အချိန် ကျွန်တော့်ကိုပြန်လာဝယ်ပါ"

အချစ်ကို လက်ဖဝါးထဲထည့်ပြီး အချစ်အပေါင်ဆိုင်ဆီ ကိုယ် ရောက်ခဲ့တယ်။ အပေါင်ဆိုင်ပိုင်ရှင်က ခေါင်းမဖော်ဘဲမေးတယ်။

"ဘာနဲ့ လဲမလဲ"

"မျှော်မှန်းချက်နဲ့ လွတ်လပ်မှု" စိတ်ထင့်ထင့်နဲ့ ကိုယ်ဖြေတယ်။

"အချစ်ကိုထားပြီး သွားနိုင်ပါပြီ"

ကိုယ့်အချစ်ကို အိတ်တစ်အိတ်ထဲထည့်ပြီး အိတ်ပေါ် အမှတ်တစ်ခု ကပ်လိုက်တာကို ကိုယ် လှမ်းမြင်လိုက်တယ်။ အမှတ်ပေါ်မှာက "၁၉၉၈ ခုနှစ်၊ ဇွန်လအချစ်" တဲ့။

"မျှော်မှန်းချက်နဲ့ လွတ်လပ်မှု" ကိုပိုက်ပြီး အပေါင်ဆိုင်က ကိုယ် အပြေးထွက်ခဲ့တယ်။

နောက်ဆုံး အချစ်ရဲ့ချုပ်နှောင်မှုတွေကင်းခဲ့လို့ ကိုယ် လွတ်လပ်ခဲ့တယ်။ မျှော်မှန်းချက် ကောင်းကင်အောက်မှာ ကိုယ် လွတ်လွတ်လပ်လပ် ဝဲပျံနိုင်ခဲ့တယ်။ ဒါပေမယ့် ကာလတစ်ခုအရောက်မှာ "အထီးကျန်ခြင်း" ဆိုသူတစ်ဦးက ကိုယ် သတိမထားမိချိန် ကိုယ့်အနား ရောက်ရောက်လာခဲ့တယ်။ သူ့ကို ကိုယ် ဘယ်လိုမှ ငြင်းပယ်မောင်းထုတ်လို့ မရခဲ့ဘူး။ ဒီလိုအချိန်ခါမျိုးမှာ အချစ်ကို ကိုယ် ပြန်သတိရမိတယ်။ လှပတဲ့ရောင်ခြည်တွေ ယှက်သန်းထားတဲ့ အချစ်ကို ကိုယ် ပြန်လွမ်းဆွတ်မိတယ်။

အချစ်အပေါင်ဆိုင်ထဲ ကိုယ် တစ်ခေါက်ရောက်ခဲ့ပြန်တယ်။ အပေါင်ဆိုင်ထဲမှာ အိတ်ကြီးအိတ်သေးတွေ အပြည့်ချိတ်လို့။ အပေါင်ဆိုင်ပိုင်ရှင်ကြီး ခေါင်းမဖော်နိုင်အောင် အလုပ်တွေရှုပ်နေခဲ့တယ်။

"၁၉၉၈ - ခုနှစ်၊ ဇွန်လကအချစ်ကို ပြန်ဝယ်ချင်လို့ပါ"

"ဘာနဲ့ဝယ်မလဲ"

ရင့်ရော်နေတဲ့အသံနဲ့ အပေါင်ဆိုင်ပိုင်ရှင်က ကိုယ့်ကို အေးစက်စက် မေးတယ်။

"ကိုယ့်ရဲ့ အခုလက်ရှိနဲ့ အနာဂတ်အားလုံး၊ ပြီးတော့ အသည်းနှလုံး တစ်စုံနဲ့ ပြန်ဝယ်မှာပါ" တွေဝေမှုကင်းတဲ့အသံနဲ့ ကိုယ် ပြန်ဖြေတယ်။





တုန်ရီနေတဲ့လက်နဲ့ အိတ်ကို ကိုယ် ဖွင့်ကြည့်လိုက်တယ်။ အိတ်ထဲ အချစ်က အရင်အတိုင်း လှပကြွရွနေတာကို တွေ့လိုက်တယ်။ အချစ်ကို တယုတယကိုင်တွယ်ရင်း အပေါင်ဆိုင်က ကိုယ် လှည့်ထွက်လာခဲ့တယ်။

အရင်က တန်ဖိုးထားရကောင်းမှန်း ကိုယ် မသိခဲ့လို့ဖြစ်လိမ့်မယ်။ ဒီတစ်ကြိမ်မှာတော့ လက်ထဲကအချစ် လွတ်မကျအောင် ကိုယ် ဂရုတစိုက်ရှိခဲ့တယ်။ အချစ်ကို ဂရုစိုက်နေခဲ့လို့ ရှေ့ကလမ်းကို ကိုယ် သေချာမကြည့်ခဲ့မိဘူး။ လေပြင်းတိုက်နေတဲ့ ရာသီဥတုအခြေအနေကိုလည်း သတိမရခဲ့ဘူး။ ကိုယ် သတိတစ်ချက်အလွတ်မှာ ဒီနှစ်ရာသီရဲ့ နံပါတ် (၃)ခုမြောက် "အမုန်တရား" ဆိုတဲ့လေပြင်းက ကိုယ့်လက်ထဲက အချစ်ကို လွတ်ကျအောင် တိုက်ခိုက်သွားခဲ့တယ်။

ကိုယ့်လက်ထဲကအချစ် ပြုတ်ကျပြီး သဲတွေဖြစ်သွားတာကို ကိုယ် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရတယ်။

"ဟင့်အင်း၊ ဒါ ငါ့အချစ်မဟုတ်ဘူး။ ငါ့အချစ်က ပုလဲတွေ"

အရူးတစ်ယောက်လို ကိုယ် အော်ဟစ်မိတယ်။ အချစ်က ဘာဖြစ်လို့ အမုန်တရားဆိုတဲ့ လေပြင်းဒဏ်ကို မခံနိုင်မှန်း ကိုယ် နားမလည်ခဲ့ဘူး။

"အချစ်ဆိုတာ ပင်လယ်ထဲက သဲတွေပါပဲ၊ ကိုယ့်စိတ်နဲ့ တယုတယ ဂရုစိုက်မယ်၊ လွမ်းဆွတ်ခြင်း၊ မျက်ရည်တွေနဲ့ စွတ်စိုစေမှ သူဟာ ကိုယ့်နှလုံးသားထဲ အနယ်ထိုင်ပြီး ပုလဲဖြစ်သွားတာ"

"အချိန်" လို့ခေါ်တဲ့ အဘိုးအိုက မလှမ်းမကမ်းကနေ ကိုယ့်ကို လှမ်းပြောတယ်။

"အချစ်ကို ခင်ဗျား ခွဲထားတာ ကြာခဲ့လို့ ခင်ဗျားရဲ့အချစ်က အရင်လို

ပုလဲမဟုတ်တော့ဘူး၊ ဒါကြောင့် လေပြင်းရဲ့ဒဏ်ကို သူ မခံနိုင်တော့ဘဲ သဲအဖြစ် လွင့်ပါးသွားခဲ့ရပြီ"

လက်ထဲကသဲတွေကို တင်းတင်းဆုပ်ကိုင်ထားရင်း ကိုယ့်ရင်တွေ တဆစ်ဆစ်နာကျင်နေမိတယ်။ အရင်က တန်ဖိုးထားရကောင်းမှန်းမသိခဲ့ဘဲ ခုမှ အဖိုးတန်မှန်း သိတဲ့အချစ်ကို ကိုယ် တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားချင်ခဲ့မိတယ်။ ဒါပေမယ့် သဲတွေက ကိုယ့်လက်ညှိုးကြားထဲက စီးကျသွားကုန်တယ်။ အချစ်က သဲမှုန်အဖြစ် ကိုယ့်အနား လွတ်ကျပျောက်သွားခဲ့ပြန်တယ်။

မူရင်း - http://www.duwenzhang.com/wenzhang/aiqingwen zhang/shanggan/20071109/1207.html

* * *

# ဝေးလွင့်နေရှာ့ဲပေဖော်ဝါရီ(၁၄)

'အချိန်မမီတော့ဘူး ဒေါက်တာ၊
သူ ဆုံးသွားပါပြီ၊ ဝမ်းနည်းပါတယ် ...'

ချမ်းအေးတဲ့ ဖေဖော်ဝါရီဆောင်းညက အရိုးထဲထိအေးစိမ့်စေသလို ချစ်သူတွေရဲ့ရင်ကို နွေးထွေးစေတဲ့လလည်း ဖြစ်တယ်။ လမ်းပေါ်မှာ သွားလာနေကြတဲ့လူတွေက ခွယ်တာအကျီထူတွေနဲ့ အအေးဒဏ်ကို ကြံ့ကြံ့ခံအန်တုနေကြတယ်။

အအေးဒဏ်ကြောင့် ကိုယ်ကိုကျုံ့ပြီး ခပ်သွက်သွက် သွားလာနေသူတွေကို ပြတင်းပေါက်မှန်ချပ်ကနေ ကျော်ငေးကြည့်ရင်း ကျွန်မ ကိုယ်ချင်းစာမိတယ်။ ဒီညမှ အအေးဓာတ်က ပိုလွန်ကဲနေသလို ဒီအချိန်ထိ ဒီလူတွေ အိမ်မပြန်ကြသေးပါလား။ ဘယ်သွားနေကြပါလိမ့်။

"ကဲ ...ဂျူတီပြီးပြီကွာ၊ သူကတော့ ငါ့ကို မျှော်နေရှာမယ်"

အခန်းဘေးနားနေဆောင်က နပ်စ်တစ်ယောက်ရဲ့ ဝမ်းသာပျော်ရွှင်တဲ့အသံကို ကျွန်မ ကြားလိုက်မိတယ်။

"Valentine Day မှာမှ တာဝန်ကျရတာ တကယ်ကံမကောင်းဘူးကွာ"

ပါးစပ်က တတွတ်တွတ်ရွတ်ရင်း နပ်စ်မက ပစ္စည်းတွေကို ကောက်သိမ်းနေတယ်။

"နင်က တော်သေးတယ်၊ အလုပ်ဆင်းတဲ့အချိန်မှာ မျှော်နေမယ့်လူ ရှိသေးတယ်"

နပ်စ်တစ်ယောက်က ဝင်ထောက်တယ်။

"တချို့လူက ရုံးဆင်းရင်တောင် မျှော်မယ့်လူမရှိဘူး"

"ဒေါက်တာယွန်းကို ပြောတာလား"

သူတို့ပြောနေတဲ့ စကားတွေမှာ ကျွန်မနာမည်ပါလာတာကြောင့် နားကို ကျွန်မ ပိုစွင့်ထားလိုက်မိတယ်။

"အင်းပေါ့၊ မနှစ်က ဒီအချိန်ကို မှတ်မိသေးလား"

"သိပ်မှတ်မိတာပေါ့"

သူတို့ စကားဆက်ပြောနေတဲ့ အခန်းနှစ်ခုခြားထားတဲ့ နံရံနား ကျွန်မ ပိုတိုးကပ်သွားမိတယ်။

"အဲဒီတုန်းက ငိုလိုက်အော်လိုက်နဲ့ ဒေါက်တာ အဲဒီလို အပြင်းအထန် ခံစားရတာ ငါ တစ်ခါမှ မတွေ့ဖူးဘူး"

"ခံစားရမှာပေါ့၊ သူ့နေရာမှာ ငါသာဆိုရင် ရူးတောင်ရူးသွားနိုင်တယ်"





"ရှူး ... တိုးတိုး၊ ကြားသွားဦးမယ်"

နံရံမှာနားရှိမှန်း နပ်စ်မလေးနှစ်ယောက် အခုမှ သတိပြုမိပုံရတယ်။ ဒါပေမယ့် နောက်ကျသွားခဲ့ပါပြီ။

"ဟို ... ဟို ... ဒေါက် ... ဒေါက်တာ၊ အိမ်မပြန်သေးဘူးလား"

ကျွန်မကိုမြင်တော့ လူမိသွားတဲ့သူခိုးလို စကားကို ထစ်ထစ်ငေါ့ငေါ့ဆိုရင်း သူတို့မျက်နှာက သူတို့ပါးပေါ် လိမ်းထားတဲ့ မိတ်ကပ်ထက်တောင် ပိုနီမြန်းသွားတော့တယ်။

"ပြန်တော့မယ်၊ ပစ္စည်းတွေသိမ်းနေလို့ပါ"

သူတို့ပြောခဲ့တဲ့ စကားတွေကို ကျွန်မ မကြားမိသလို ဟန်ဆောင်လိုက်တယ်။

"ကျွန် ... ကျွန်မတို့ကို ခွင့်ပြုပါဦးနော် ဒေါက်တာ၊ မနက်ဖြန်မှ တွေ့မယ်နော်၊ Valentine Day မှာ ပျော်ရွှင်ပါစေ" နှစ်ယောက်သား အခန်းထဲကနေ သုတ်သုတ်ပျာပျာ ထွက်သွားခဲ့တယ်။

"ပျော်ရွှင်သော Valentine Day ဖြစ်ပါစေ"

ပြန်လည်နှုတ်ဆက်ရင်း ဆေးရုံကနေ ကျွန်မ ထွက်လာခဲ့တယ်။

မျှော်နေတဲ့ချစ်သူမရှိလည်း ကျွန်မ အိမ်ပြန်ရဦးမယ်။ အိမ်က ကြောင်မလေးမိဆိုး အစာစားဖို့ ကျွန်မကို မျှော်နေတော့မယ်။ အိမ်ပြန်ရောက်ရောက်ချင်း ကျွန်မရဲ့ ပထမဆုံးအလုပ်က မိဆိုးကို အစာကျွေးတာဖြစ်တယ်။ ဒီကြောင်လေးကို ဘယ်အချိန်ကစ ကောက်ယူမွေးခဲ့တယ်၊ ဘာဖြစ်လို့ မိဆိုးဆိုတဲ့နာမည်ကို ပေးခဲ့တယ်ဆိုတာကို ကျွန်မ မမှတ်မိတော့ဘူး။

မနှစ်က Valentine Day မှာဖြစ်တယ်။ အဲဒီ Valentine Day မှာ ကျွန်မဟာ အစွန့်ပယ်ခံကြောင်လေးတစ်ကောင်လို ထိတ်လန့်ချောက်ချား

ခဲ့ဖူးတယ်။ အစွန်ပယ်ခံကြောင်တစ်ကောင်က မငိုတတ်ပေမယ့် ကျွန်မမှာ ရင်ကွဲမတတ် ငိုကြွေးခဲ့ရတယ်။

မိဆိုးက ကျွန်မကိုတွေ့တာနဲ့ တစာစာအော်ပြီး ကျွန်မခြေထောက် နားကို သူ့ခေါင်းနဲ့ အတင်းတိုးဝှေ့ရင်း အစာတောင်းနေတယ်။

"ဒီနို့တွေ ကုန်အောင်သောက်လိုက်၊ မကုန်ရင် တွေ့မယ်"

အစာခွက်ထဲ နွားနို့ကိုဖြည့်ပေးရင်း ကျွန်မ သူ့ကို ကြိမ်းလိုက်မိ တယ်။

ကြောင်က လူစကားကို နားလည်သလို ကျွန်မရဲ့ နိုင်လိုစီးနင်း ပြောကို ဆန့်ကျင်တဲ့မျက်လုံးနဲ့ ပြန်ကြည့်တယ်။ ကြောင်လေးကိုကြည့်ရင်း အဲဒီမျက်လုံးတစ်စုံပါတဲ့ ကျွန်မနဲ့ အရမ်းရင်းနှီးတဲ့ပုံရိပ်တစ်ခုကို မြင်ယောင် လာမိတယ်။

× × × × ×

မနှစ်က ဖေဖော်ဝါရီ (၁၄) ရက်၊ Valentine Day ရဲ့နေ့လယ်ခင်းမှာ ဖြစ်တယ်။ မောင်နဲ့ကျွန်မ နေ့လယ်စာအတူစားဖို့ ချိန်းထားကြတယ်။

"ဒီနေ့က Valentine Day တဲ့၊ မောင် ဘာလို့ ကျွန်မကို လက်ဆောင်ပန်းစည်း မပေးသေးတာလဲ"

မောင့်ကို တွေ့တွေ့ချင်း ကျွန်မ ရန်တွေ့ဆူဆာလိုက်တယ်။

"ဘာလက်ဆောင်ပန်းစည်းများ ပေးစရာလိုလို့လဲ"

မျက်မှောင်ကြုတ်ရင်း မောင် ပြန်မေးတယ်။

"ပန်းစည်းလေး မဟုတ်ရင်တောင် အမှတ်တရကဒ်လေးတော့





မောင် ပေးသင့်တာပေါ့" ကျွန်မ နှုတ်ခမ်းစူပြီး မကျေမနပ် ပြန်ပြောလိုက် တယ်။

"ဒီလိုဆို စားပြီးလို့ အလုပ်ပြန်ရောက်ရင် e-card လေး ပို့လိုက်မယ်၊ ကဲ...ကျေနပ်ပြီမဟုတ်လား"

နားထောင်ရုံနဲ့ ခံစားမှုကို အေးခဲစေတဲ့ ကွန်ပျူတာကတစ်ဆင့် ပေး ပို့မယ့် e-card တဲ့။ မောင်က အဲဒီလိုလူစားမျိုးဖြစ်တယ်။

"တကယ်ပို့ရမယ်နော်၊ ကျွန်မ စောင့်နေမယ်"

မောင်ပို့လာမယ့်ကတ်မှာ ကြင်နာယုယတဲ့ စကားလုံးတွေပါမှာ မဟုတ်မှန်း ကျွန်မ ကြိုသိနေပေမယ့် အိမ်ရောက်တာနဲ့ ကွန်ပျူတာ အရင် ဖွင့်မယ်ဆိုတဲ့စိတ်ကူးနဲ့ ကျွန်မ ပြုံးနေလိုက်မိတယ်။

"မိန်းကလေးတွေက သည်းကိုသည်းတယ်၊ ဘာ Valentine Day လဲ"

မောင်က မကျေမနပ်ရွတ်ရင်း ထမင်းကိုစားနေတယ်။ မောင့်ရဲ့ ဂျစ်ကန်ကန်အပြောကြောင့် သူနဲ့ရန်ဖြစ်ချင်စိတ်များ ထပ်ပေါ်လာပြန်တယ်။

"မောင်ဟာလေ၊ နည်းနည်းမှ စိတ်ကူးမယဉ်တတ်ဘူး၊ ကိုရီးယား ကားတွေ မကြည့်ဖူးဘူးလား"

အမြဲတမ်း အလုပ်တွေနဲ့ မအားမလပ်ဖြစ်နေတဲ့မောင်မှာ ရုပ်ရှင် ကြည့်ဖို့ အချိန်မရှိမှန်းသိလျက်နဲ့ ကျွန်မ ရန်ရှာလိုက်မိတယ်။

"ဘာကိုရီးယားကားလဲ၊ Discovery ပဲ ကြည့်တယ်"

စိတ်မသက်သာတဲ့ပုံနဲ့ ကျွန်မကို တစ်ချက်ကြည့်ရင်း ခေါင်းငုံ့ပြီး မောင် ထမင်းဆက်စားတယ်။

"မောင့်ဘဝက ဘာအဓိပ္ပာယ်မှ မရှိသလိုပဲ၊ ဘာခံစားချက်မှလည်း မရှိဘူး၊ ဟိုတလောကလွှင့်တဲ့ ကိုရီးယားကားဆို တော်တော်လေး ကြည့်လို့ကောင်းတယ်၊ မောင်ကြည့်သင့်တယ်"

ရှိသဲ့သဲ့နဲ့ ကျွန်မ ပြန်ပြောလိုက်တယ်။

"ဟုတ်လား၊ ဘာဇာတ်ကားလေးပါလိမ့်"

ကျွန်မကိုရှုပြီး မောင် ပြန်မေးတယ်။ ဇာတ်လမ်းထဲကအချစ်တွေကို သူ ခံစားလို့မရဘူး။ ဟန်ဆောင်သရုပ်ဆောင်နေကြတယ်လို့ မောင် ပြောဖူးတယ်။

"ဇာတ်လမ်းက အရမ်းခံစားရတယ်၊ ဇာတ်ဝင်တေး "only love" ကလည်း နားထောင်လို့ကောင်းတယ်"

မောင် မကြိုက်မှန်းသိလျက်နဲ့ ကျွန်မ ဆက်ပြောနေလိုက်တယ်။

"အဲဒီသီချင်းကို နားထောင်ဖူးတယ်၊ ကဲ . . . ပြောချင်တယ်ဆိုရင် ဆက်ပြော၊ ဇာတ်လမ်းကို အကျဉ်းချုံးပြီး (၅)မိနစ်နဲ့ ပြီးအောင်ပြော၊ အလုပ်ဝင်ရဦးမယ်"

ကော်ဖီကိုငုံ့သောက်ရင်း စိတ်မရှည်သလို မောင်ကဆိုတယ်။ ဇာတ်လမ်းတစ်ခွေစာကို (၅)မိနစ်နဲ့ လုံလောက်မှာမဟုတ်မှန်း သိပေမယ့် ကျွန်မ ဆက်ပြောနေလိုက်မိတယ်။

"ဒါများ ခံစားရတယ်တဲ့လား"

ကျွန်မစကားအဆုံးမှာ မောင်က ခပ်ဟဟနဲ့ ခံစားချက်မဲ့စွာ ပြောလာတယ်။ ကျွန်မရဲ့မောင်ဟာ အမြဲတမ်း ကျွန်မနဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။

မောင်နဲ့ကျွန်မက အိမ်နီးချင်းတွေလို့ပြောရင် ယုံမယ့်သူရှိမယ် မထင်ဘူး။ ခြံစည်းရိုးတစ်ခုပဲ ခြားထားတဲ့ မောင်နဲ့ကျွန်မက ငယ်ငယ်လေး





ကတည်းက တွေ့လိုက်တာနဲ့ တကျက်ကျက်ရန်ဖြစ်၊ ငြင်းခုန်နေတတ်တယ်။

မှတ်မိပါသေးတယ်။ ကျွန်မတို့မိသားစု အဲဒီရပ်ကွက်ကို ပြောင်းလာစက သူငယ်ချင်းမရှိတဲ့ ကျွန်မမှာ မုန့်စားကျောင်းဆင်းချိန်တိုင်း အတန်းထဲမှာ တစ်ယောက်တည်းထိုင်ပြီး အပြင်ကို ငေးနေတတ်တယ်။ ငေးနေတတ်တဲ့ ကျွန်မကို မောင်က ဆံပင်တွေဖွပြီး "ဟေး . . . ရုပ်ဆိုးမ ဘာတွေငေးနေလဲ" လို့ အမြဲစတတ်တယ်။ ရုပ်ဆိုးမလို့ မောင်စတိုင်း ကျွန်မ မခံနိုင်တော့ဘူး။ ကျွန်မကို အမျိုးမျိုး စနောက်တတ်တဲ့ မောင်ကြောင့် မောင်နဲ့ကျွန်မရဲ့ရန်ပွဲက ဘယ်တော့မှ ပြတ်တယ်လို့ မရှိခဲ့ဘူး။ ကျောင်းမှာမက ခြံချင်းကပ်လျက်မို့ ကျောင်းပိတ်ရက်တွေမှာလည်း ရန်ပွဲက ဆက်နေတတ်သေးတယ်။ ရန်ဖြစ်တိုင်း အိမ်ပြောင်းမယ်လို့ အမြဲပြောတတ်တဲ့ကျွန်မ ယခုထက်ထိ အိမ်မပြောင်းဖြစ်သလို ကံမကောင်းစွာနဲ့ အထက်တန်းတက်ပြန်တော့လည်း မောင်နဲ့တစ်ကျောင်းတည်း၊ တစ်တန်းတည်း အတူတက်ခဲ့ရတယ်။

ကျောင်းတုန်းက တခြားအခန်းက ကောင်လေးတစ်ယောက်ကို ကျွန်မ တိတ်တိတ်လေး စိတ်ဝင်စားခဲ့ဖူးတယ်။ အဲဒီကောင်လေးမှာ ရည်းစားရှိတယ်လို့သိတဲ့နေ့ ကျွန်မ ငိုခဲ့ဖူးတယ်။ လက်ကိုင်ပဝါတစ်ထည်ကို မောင်ကမ်းခဲ့ဖူးတယ်။ ရင်ခွင်ထဲ ကျွန်မကိုဆွဲသွင်းပြီး မောင် နှစ်သိမ့်ခဲ့ဖူးတယ်။ အဲဒီနောက်ပိုင်း ကျွန်မအပေါ် မောင်ကြည့်တဲ့အကြည့်တွေ မရိုးသားဘူးလို့ ကျွန်မခံစားမိလာတယ်။ မောင့်ကိုတွေ့ရင် ခါတိုင်းနဲ့မတူဘဲ ကျွန်မ ရင်ခုန်နှုန်းတွေ ပိုမြန်လာခဲ့တယ်။ မောင်နဲ့ကျွန်မကြားမှာ မမြင်နိုင်တဲ့သံယောဇဉ်ကြိုးတစ်မျှင် ရစ်နှောင်လာခဲ့တယ်။ ဒါပေမယ့် ရန်ကတော့ ဖြစ်မြဲ။

တက္ကသိုလ်တက်ဖို့ လိုင်းရွေးကြတော့ ကျွန်မနဲ့ အမြဲဆန့်ကျင်တဲ့ မောင်က သူ့ဝါသနာပါတဲ့ အင်ဂျင်နီယာလိုင်းကို ရွေးခဲ့သလို ကျွန်မလည်း

ဆေးလိပ်းရွေးခဲ့တယ်။ ကျွန်မတို့နှစ်ယောက် ခွဲရတော့မယ်။ ဒါပေမယ့် ကံကြမ္မာက ကျွန်မတို့ကို မျက်နှာသာပေးနေသေးတယ်။ အိမ်နီးချင်းဖြစ်ကြတဲ့ မိဘတွေက မောင်နဲ့ကျွန်မကို တခြားမြို့မှာ ကျောင်းသွားတက်ရင် စိတ်မချတာကြောင့် အချင်းချင်းကူညီနိုင်အောင် အခန်းချင်းကပ်လျက် အိမ်ခန်းတွေ ငှားပေးခဲ့တယ်။ ကျွန်မနဲ့မောင်က ရန်ဖြစ်မြဲ၊ ငြင်းခုံမြဲ၊ တစ်ယောက်ကိုတစ်ယောက် မမြင်ရရင် မနေနိုင်၊ မထိုင်နိုင်ဖြစ်မြဲ။ တစ်ခါတလေ တစ်ယောက်ကို တစ်ယောက် ခိုးနမ်းကြမြဲ။ ဒါပေမယ့် တစ်ယောက်ကိုတစ်ယောက် ချစ်ကြောင်း ကျွန်မတို့ ဖွင့်မပြောမိကြဘူး။ Valentine Day ကိုလည်း မောင်နဲ့ အတူ ကျွန်မ မကျင်းပခဲ့ဖူးဘူး။

အဲဒီလိုနဲ့ တစ်ခုသော Valentine Day မှာ တခြားယောကျ်ားလေး သူငယ်ချင်းများနဲ့ ညစာစားပြီးပြန်လာတဲ့ ကျွန်မကို မောင်က တံခါးဝမှာ ဒေါသနဲ့စောင့်ကြိုနေခဲ့ပြီး မောင်ကလွဲလို့ နောက်နောင် Valentine Day မှာ အယ်သူနဲ့မှ ညစာသွားမစားဖို့ ကျိန်းတော့တယ်။ မောင့်ကို အတ္တကြီးတဲ့လူလို့ ကျွန်မ မကျေမနပ်ပြောမိပေမယ့် ခေါင်းကိုတော့ သွင်သွင်ညိတ်နေမိတယ်။ ကျွန်မ ကျောင်းပြီးလို့ မောင် အလုပ်ဝင်တဲ့အထိ Valentine Day တိုင်း မောင့်ဘေးမှာ ကျွန်မ အမြဲရှိနေခဲ့တယ်။ အဲဒီအချိန်ထိ မောင်က ကျွန်မကို ချစ်ကြောင်း၊ ထုတ်ဖော်မပြောခဲ့ဖူးပါဘူး။

ဗလာဖြစ်နေတဲ့ မေးလ်ဘောက်စ်ကိုကြည့်ပြီး ကျွန်မ ဝမ်းနည်းသွားမိတယ်။ ပါးစပ်ကလည်း ဖွင့်မပြောသလို စာလေးတစ်စောင်နဲ့လည်း သက်သေမပြတတ်တဲ့ မောင့်အချစ်ကို ကျွန်မ နားမလည်နိုင်ခဲ့ဘူး။ ကျွန်မ ဝမ်းနည်းဒေါသစိတ်နဲ့ မောင့်ကို ဖုန်းဆက်လိုက်တယ်။





"ပို့လိုက်ပြီလေ" ဖုန်းတစ်ဖက်ကနေ အလုပ်များနေတဲ့ မောင်က ဆိုတယ်။

"မရဘူး၊ ထပ်ပို့ပေးပါ" မောင် အလုပ်များနေမှန်းသိလျက်နဲ့ ကျွန်မ ထပ်တောင်းဆိုမိတယ်။

"အစောင် (၁၀၀) ပို့လိုက်မယ်ကွာ၊ ကဲ ... ကျေနပ်ပြီလား"

စိတ်မရှည်သလို စိတ်အနှောင့်အယှက်ဖြစ်သွားပုံနဲ့ မောင်က ပြောတယ်။ ဒါပဲလား။ ကျွန်မအတွက် Valentine Day။

"ညနေစာစားဖို့ လာမခေါ်ပါနဲ့တော့၊ ကျွန်မဘာသာ သွားစားမယ်"

ဒေါသတကြီးနဲ့ ကျွန်မ ဖုန်းချလိုက်မိတယ်။

"ချစ်ပါတယ်" လို့ ဖွင့်မပြောသည့်တိုင် Valentine Dayတိုင်း မောင့်ဘေးမှာ ကျွန်မ ရှိနေခဲ့တာ နှစ်ပေါင်းမနည်းတော့ပါဘူး။ ပန်းလေးတစ်ပွင့်၊ ကတ်လေးတစ်ကတ်တောင် မောင့်ဆီက ကျွန်မ မရခဲ့ဖူးဘူး။ ကျွန်မ တွေးရင်း ပိုဝမ်းနည်းလာမိတယ်။ ဖုန်းကို ကျွန်မ ပိတ်ထားလိုက်မိတယ်။

ညဂျူတီကြောင့် ဆေးရုံကို ကျွန်မ ရောက်လာခဲ့တယ်။ ဖုန်းလာရင် ကျွန်မကိုမခေါ်ဖို့ ဆေးရုံကဝန်ထမ်းတွေကို မှာထားလိုက်တယ်။ လူနာများတာကြောင့် အလုပ်ထဲမှာပဲ ကျွန်မ စိတ်နှစ်ထားလိုက်မိတယ်။ နေ့လယ်က အဖြစ်အပျက်ကို ကျွန်မ တဒင်္ဂမေ့ထားလိုက်မိတယ်။

"ဒေါက်တာ၊ အရေးပေါ်လူနာ"

နပ်စ်မရဲ့ ရေးကြီးသုတ်ပျာအသံကြောင့် နဖူးပေါ်ကချွေးတွေကို ကျွန်မသုတ်ရင်း လိုအပ်တဲ့ပစ္စည်းတွေကို ယူနေချိန်မှာ လူနာတင်ကားတစ်စီး ဥသြဆွဲပြီး ဝင်လာတယ်။ ဒီနေ့ မတော်တဆမှုတွေ တော်တော်များပါလားလို့ တွေးရင်း အရေးပေါ်ခန်းဘက် ကျွန်မ ပြေးသွားလိုက်တယ်။

"ဘယ်လိုဖြစ်တာလဲ"

လူနာတွန်းလှည်းတွန်းလာတဲ့ နပ်စ်ကို ကျွန်မ မေးလိုက်တယ်။

"ယာဉ်တိုက်မှုတဲ့၊ ဒဏ်ရာက ပေါ်တော်ပြင်းတယ်၊ နှလုံးမခုန်တော့ဘူး၊ အသက်အန္တရာယ်ရှိတယ်"

နပ်စ်ရဲ့အဖြေကို ကျွန်မ ခေါင်းညိတ်လိုက်တယ်။

"နှလုံးခုန်စက်ပေးပါ"

တစ်ဆက်တည်းမှာပဲ ဘေးမှာရပ်နေတဲ့ နပ်စ်ကိုပြောရင်း လူနာကို ကျွန်မ သေချာကြည့်လိုက်မိတယ်။ အဲဒီတစ်ခဏ ကျွန်မခေါင်းတစ်ခုလုံး ချာချာလည်သွားခဲ့တယ်။

"မောင်"

ဆောက်တည်ရာမဲ့ နပ်စ်လက်ထဲကစက်ကို ကျွန်မ ဆွဲလုပြီး မောင့်ရင်ဘတ်ပေါ် အကြိမ်ကြိမ်ဖိချလိုက်မိတယ်။ မောင့်ခန္ဓာကိုယ်က လျှပ်စစ်ကြောင့် ခုန်လိုက်ကျလိုက် ပြန်ခုန်လိုက် ပြန်ကျလိုက်။

"မောင် မသေရဘူး၊ မောင် မသေရဘူး"

ပါးစပ်က တဖွဖွအော်ရင်း ကျွန်မ အခေါက်ပေါင်းများစွာ ဖိချလိုက်မိတယ်။ နပ်စ်တွေက ကျွန်မကို ရူးသွားပြီလို့ ထင်နေကြတယ်။ ကျွန်မ ရူးသွားပြီလား၊ ကျွန်မ မသိဘူး။ မောင့်အသက်ကိုကယ်ဖို့ပဲ ကျွန်မ ကြိုးစားနေမိတယ်။

ကျွန်မကို ချစ်တယ်လို့ တစ်ခွန်းလောက်တော့ မောင် ပြောသွားသင့်တယ်။ Valentine Day မှာ ကတ်လေးတစ်ခုတော့ မောင် ပေးသွားသင့်တယ်။ ဝိညာဉ်ကင်းမဲ့နေတဲ့ မောင့်ရင်ဘတ်ကို နှလုံးခုန်စက်နဲ့ ကျွန်မ ထပ်တလဲလဲ ဖိနေမိတယ်။ အားနဲ့ဖိပေမယ့် နာတယ်လို့ တစ်ခွန်းလေးတောင် မောင် မပြောတော့ပါဘူး။ နှလုံးသွေးတွေ ရပ်တန့်ကုန်ပါပြီ။ အေးစက်စက်





မျက်နှာနဲ့ မျက်လုံးစုံမှိတ်ပြီး မောင့်ရဲ့ ဝိညာဉ်မဲ့ခန္ဓာကိုယ်က ကျွန်မကို စတင်နှုတ်ဆက်နေပါပြီ။

"ဒေါက်တာ၊ ရပ်လိုက်တော့"

တခြားဆရာဝန်တစ်ယောက်က ကျွန်မလက်ထဲကစက်ကို အတင်းဆွဲလုပြီးပြောမှ ကျွန်မ သတိဝင်လာခဲ့တယ်။ မျက်ရည်တွေနဲ့ ပြည့်နက်နေတဲ့ ကျွန်မမျက်ဝန်းက မောင့်ကို သဲသဲကွဲကွဲ မမြင်ရတော့ပါဘူး။ ကျွန်မ ငိုမိတယ်။ ရင်ကွဲမတတ် ကျွန်မ ငိုမိတယ်။

"အချိန်မမီတော့ဘူး ဒေါက်တာ၊ သူ ဆုံးသွားပါပြီ၊ ဝမ်းနည်းပါတယ်"

ကျွန်မပခုံးကိုကိုင်ပြီး အားပေးလာတဲ့ ဆရာဝန်ရဲ့စကားကို ကျွန်မ ခေါင်းခါပြီး ငြင်းဆန်မိတယ်။

"မောင် မသေဘူး၊ မောင် မသေရဘူး"

စိတ်မမှန်တဲ့လူတစ်ယောက်လို ကျွန်မ ဆောက်တည်ရာမဲ့ အော်ငိုမိခဲ့တယ်။

"ဒေါက်တာလည်း ဆရာဝန်တစ်ယောက်ပဲ၊ တရားနဲ့ဖြေပါ ဒေါက်တာ"

မှတ်မှတ်ရရ အဲဒီနေ့က ဖေဖော်ဝါရီ (၁၄)ရက်၊ Valentine Day ဖြစ်တယ်။

× × × × ×

မောင့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေ ပြောပြမှ မောင် ဘာဖြစ်လို့ အလုပ်စောဆင်းတယ်ဆိုတာကို နောက်မှ ကျွန်မ သိခဲ့ရတယ်။ အဲဒီနေ့က ကျွန်မ

စိတ်တိုတိုနဲ့ ဖုန်းပိတ်လိုက်ပြီးနောက်ပိုင်းမှာ မောင် ဖုန်းတွေအဆက်မပြတ်ဆက်ခဲ့သေးတယ်။ ဖုန်းခေါ်မရတာနဲ့ စိတ်ပူပြီး အဂေ့ါ်ကိုချ ကျွန်မကိုရှာဖို့ ဆေးရုံကို မောင် ထွက်လာခဲ့တာဖြစ်တယ်။ ကံမကောင်းစွာနဲ့ ဆေးရုံအလာလမ်းမှာ ဆန့်ကျင်ဘက်ကလာတဲ့ ကုန်ကားတစ်စီးနဲ့ မောင် တိုက်မိခဲ့တယ်။

ကျွန်မကြောင့် မောင် သေဆုံးရပြီ။ ကတ်လေးတစ်ကတ်ကြောင့် လူ့လောကကြီးထဲကနေ မောင် အပြီးအပိုင် ခွဲထွက်သွားခဲ့ရတယ်။

အခုတော့ အခန်းလေးထဲမှာ ကျွန်မနဲ့ ကြောင်လေးတစ်ကောင်၊ မဖွင့်ဖြစ်ခဲ့လို့ ဖုန်အလိပ်လိပ်တက်နေတဲ့ ကွန်ပျူတာတစ်လုံးနဲ့ အထီးကျန်နေခဲ့ပါပြီ။

ဒီနေ့ Valentine Day မှာ ပစ်ထားတဲ့ ကွန်ပျူတာကို ကျွန်မဖွင့်လိုက်မိတယ်။ မေးလ်ပို့မယ့်သူမရှိမှန်း သိပေမယ့် မေးလ်ဘောက်စ်ကို ကျွန်မ ဖွင့်လိုက်မိတယ်။ မေးလ်ဘောက်စ်ထဲမှာ မေးလ်တွေစုစုပေါင်း အစောင်(၁၀၀)တိတိ။ အမှိုက်မေးလ်တွေများလား၊ မေးလ်အင်းဘောက်စ်ကို ကျွန်မစိတ်လှုပ်ရှားစွာ ဖွင့်လိုက်မိတယ်။

မေးလ်ပို့ထားတဲ့ရက်စွဲက မနှစ်က ဖေဖော်ဝါရီ (၁၄)ရက်နေ့။

နှင်းဆီအနီရဲရဲတစ်ပွင့်ပါတဲ့ ကတ်လေးတစ်ခုနဲ့ " only love "ဆိုတဲ့သီချင်းလေးက ဆွေးဆွေးမြေ့မြေ့ လွင့်ပျံ့လာတယ်။ ကတ်အောက်မှာ ခံစားရတဲ့ စာစုလေးတစ်ခု။

ယွန်း...

အတူနေခဲ့တဲ့အချိန်တွေ နှစ်ပေါင်းမနည်းတော့ဘူးနော်၊ Valentine Day ရောက်တိုင်း န[illegible]ကို ဘာလက်ဆောင်မှ မပေးခဲ့ဘူးနော်။ ဒီနေ့တော့





နှင်းဆီပန်းလေးတစ်ပွင့် လက်ဆောင်ပေးလိုက်တယ်။ နှင်သိတဲ့အတိုင်း ငါတို့ကအမြဲရန်ဖြစ်ငြင်းခုန်ခဲ့ကြတယ်။ ဒါပေမယ့် တစ်ယောက်ကိုတစ်ယောက် အပျောက်မခံနိုင်ခဲ့ကြဘူး။ ချစ်တယ်လို့လည်း မပြောခဲ့ကြဘူးနော်။ နှင့်အပေါ် မကောင်းမှန်း ငါသိပါတယ်။ ဒီနေ့တော့ ဖြစ်ခဲ့သမျှအတွက် ငါ တောင်းပန်ပါတယ်။ မပြောဘဲ သိမ်းထားတဲ့စကားတစ်ခွန်းကိုလည်း ပြောရဦးမယ်။ နှင့်ကို ငါ အရမ်းချစ်တယ်၊ နောက် နှင်ဝမ်းသာစရာတစ်ခု ပြောဦးမယ်။ လုံလောက်တဲ့ငွေကို ငါ စုမိပါပြီ။ ငါတို့ လက်ထပ်ကြစို့နော် ယွန်း။ ခွင့်ပြုမယ်မဟုတ်လား ယွန်း။

အနားနား မောင်ရောက်လာပြီး စကားပြောနေသလို ကျွန်မ ခံစားမိတယ်။ ကျွန်မ အားပါးတရငိုမိပြန်တယ်။ မောင့်အရိပ်၊ မောင်နဲ့ငြင်းခုန်ရန်ဖြစ်ခဲ့တာတွေကို ကျွန်မ မြင်ယောင်လာမိတယ်။ ကတ်ထဲက သီချင်းသံကလည်း အဆက်မပြတ် ပျံ့လွင့်လို့နေတယ်။

only love can make memory

only love can make moment last.

you were there and all ther world was young and all its songs unsung.

and I remember you then love was all, all you were living for,

and how you gave that love to me ...

ကျန်တဲ့မေးလ်တွေကို ဖွင့်လိုက်တိုင်း သီချင်းသံက ဆွေးဆွေးမြေ့မြေ့ ပျံ့လွင့်လာတယ်။

မေးလ်အစောင် (၁၀၀)လုံးကို ကျွန်မ ဖွင့်ကြည့်မိတယ်။ မေးလ်တိုင်းကို ကျွန်မ ခွင့်ပြုတယ်မောင်လို့ ပြန်ဖြေလိုက်မိတယ်။

မောင် မမြင်နိုင်မှန်းသိလျက်နဲ့ ကျွန်မ အကြိမ်ပေါင်း (၁၀၀)ခေါင်း ညိတ်နေပြီမောင်…

မောင် မကြားနိုင်မှန်းသိလျက်နဲ့ only love သီချင်းကို ကျွန်မ အကြိမ်ပေါင်း (၁၀၀) ဆိုမိပြီ မောင်…

ချမ်းအေးတဲ့ ဖေဖော်ဝါရီ (၁၄)ရက်၊ ခြောက်သွေ့တဲ့အခန်းလေးထဲမှာ အခုတော့ ကျွန်မတစ်ယောက်တည်းပါ မောင်…

မူရင်း - http://www.youthwant.com.tw

* * *

# နှလုံးသားဝန်ဆောင်မှု

'ဒါ အမေ ပထမဆုံးအကြိမ် လေယာဉ်စီးဖူးတာပါ။
ဒီအစားအသောက်တွေကို အမေ
စားလိုက်ချင်ပါတယ်၊ ဒါပေမယ့်…'

– လေကြောင်းဝန်ထမ်းတစ်ဦးကို လူအများက လှပသေသပ်စွာ ဝတ်ဆင်ထားသည်ဟုသာ မြင်ကြပြီး အားကျကြသည်။ တကယ်တော့ ကျွန်မတို့ဘဝတွင် လူတွေမမြင်နိုင်သော အခက်အခဲများလည်း ရှိတတ်သေးသည်။ အချိန်ပိုအလုပ်တွေလုပ်ပြီး အနားယူမအိပ်စက်ရသည့်အပြင် လေယာဉ်ပေါ်တွင် တင်ဆောင်လာသည့် ခရီးသည်ပေါင်းရာကျော်အတွက် အစားအစာများ ပြင်ဆင်ပေးရသလို အခွန်မဲ့ပစ္စည်းများလည်း ရောင်းချရသေးသည်။

ကျွန်မတို့ဘဝကို သေချာခံစားကြည့်လျှင် လူနှစ်ယောက်စာ အလုပ်လုပ်နေရသည်ဟု ထင်ရသည်။ တစ်ခါတရံ စိတ်ပင်ပန်းနွမ်းသောကြောင့် ငိုချင်သော်လည်း မျက်ရည်က မထွက်။

"ကိုယ်ဟာ ဝန်ထမ်းတစ်ယောက်၊ ဒီတစ်ရက်လေးကို သည်းခံမှုတွေနဲ့သာ ကုန်ဆုံးပါစေလေ"ဟု ကိုယ့်ကိုယ်ကို အမြဲပြောဆိုဆုံးမဖြစ်သည်။

ကိုယ့်ကိုယ်ကို ဘယ်လိုပင် ဆုံးမသော်လည်း တစ်ခါတရံ စိတ်၏ဆုံးမမှုများကို ဦးနှောက်က လက်မခံသောအခါ မျက်နှာပေါ်တွင် အပြုံးတုတွေဆင်မြန်းပြီး စိတ်မကြည်လင်စွာ ရှိနေတတ်သည်။

တစ်ခါက လေယာဉ်ပေါ်တွင် ကျွန်မ၏ အကောင်းဆုံးလုပ်ဖော်ကိုင်ဖက်တစ်ဦးက ဝမ်းတွင်းရှုးရောဂါ စွဲကပ်နေသော အဘိုးအိုတစ်ဦးအား မည်သို့ပြုစုလိုက်သည်ကို မျက်မြင်ကိုယ်တွေ့ကြုံလိုက်မှ ကျွန်မကိုယ်ကျွန်မ ဘယ်လောက်ပြုပြင်ပြောင်းလဲဖို့လိုကြောင်း သင်ခန်းစာကောင်းကောင်း ရလိုက်သည်။

"စင်ကာပူ - နယူးယောက်" လေကြောင်းလိုင်းတစ်ခုတွင်ဖြစ်သည်။

လေယာဉ်ပေါ်တက်ပြီး သိပ်မကြာပါ။ အဘိုးအိုတစ်ဦး အပေါ့အပါးသွားချင်လာသည်။ အကြင်နာတရားကင်းမဲ့သော သူ့အိမ်သားများက အဘိုးအိုကိုယ်တိုင် အိမ်သာသို့ သွားစေခဲ့သည်။ သနားစရာ အဘိုးအိုမှာ လေယာဉ်နောက်ပိုင်းတွင်ရှိသော အိမ်သာသို့ တစ်ယောက်တည်း ဖြည်းဖြည်းချင်း လျှောက်သွားခဲ့သည်။ သို့သော် အိမ်သာကထွက်လာပြီးမှ မိမိထိုင်ခုံနေရာကို မမှတ်မိဘဲ ဖြစ်နေခဲ့သည်။ (၈၀)ဆိုသည့် မိမိအသက်ကိုမှ သတိမထားမိတော့ဘဲ ချောက်ချားစွာ လှုသွားစကြံတွင် ထိုင်ငိုတော့သည်။ လေယာဉ်ဝန်ထမ်းများရောက်လာမှ သူ့ကိုယ်ပေါ်တွင် အညစ်အကြေးများ ပေနေသည်ကို သတိထားမိသည်။ သူ အသုံးပြုခဲ့သော အိမ်သာမှာလည်း လူမြင်မကောင်းအောင် ညစ်ပေနေသည်။

အဘိုးအိုကို ဝန်ထမ်းများက ထိုင်ခုံသို့ ပြန်ပို့ပေးခဲ့သည်။ သို့သော် သူ့ကိုယ်ပေါ်ရှိ အညစ်အကြေးအနံ့ဆိုးများက ဘေးမှ ခံရသည်များကို အနှောင့်အယှက် ဖြစ်စေခဲ့သည်။ အဘိုးအိုအား အဝတ်လဲပေးရန် အိမ်သား





များကို တောင်းဆိုခဲ့သော်လည်း အဝတ်သေတ္တာမှာ လေယာဉ်ဂိုထောင်ထဲရောက်နေပြီဖြစ်ကြောင်း၊ ယနေ့လေယာဉ်မှာ ခရီးသည်အပြည့်တင်ဆောင်ထားခြင်း မရှိသည့်အတွက် အဘိုးအိုအား လွတ်နေသောနောက်ဆုံးနေရာတွင် ထိုင်ခိုင်းစေရန် အိမ်သားများက တောင်းဆိုခဲ့သည်။ အမှန်တကယ်လည်း နေရာလွတ်များ ရှိနေသောကြောင့် အိမ်သားများ၏ တောင်းဆိုမှုကို လိုက်လျောခဲ့ရသည်။ ညစ်ပေနေသော အိမ်သာကိုလည်း သော့ခတ်ထားလိုက်ကြသည်။

အဘိုးအိုမှာ နောက်ဆုံးခုံတွင် တစ်ယောက်တည်း ခေါင်းငုံ့ထိုင်လျက် ဝန်ထမ်းများချပေးသော အစားအသောက်များကို မျက်တောင်မခတ်လှမ်းကြည့်ရင်း မျက်ရည်ကျနေသည်။ သို့သော် တစ်နာရီအကြာ မည်သူမျှ သတိမထားမိလိုက်ချိန်တွင် အဘိုးအိုမှာ သန့်ရှင်းသောအဝတ်အစားများ ဝတ်ကာ မိမိနဂိုနေရာတွင် ပြုံးရယ်စွာထိုင်နေပြီး အငွေ့တထောင်းထောင်း ထနေသော အစာများ စားသောက်နေသည်ကို တွေ့လိုက်ရသည်။

လူအများက တအံ့တသြနှင့် အဖြစ်အပျက်ကို သိချင်နေကြသည်။ အကြောင်းရင်းမှာ ကျွန်မ၏ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းက သူမ၏ ထမင်းစားချိန်ကို အသုံးချပြီး အဘိုးအိုအား အဝတ်စိုများဖြင့် သန့်စင်ပေးခဲ့သည်။ လေယာဉ်မှူးထံမှ အဝတ်တစ်စုံငှားပြီး အဘိုးအိုအား လဲပေးလိုက်ခြင်းဖြစ်သည်။ သော့ခတ်ထားသော အိမ်သာကိုလည်း သန့်စင်ပြီး သူမအမြဲသုံးနေကျ ရေမွှေးဖြင့် ပက်ဖျန်းထားလိုက်သည်။

ဝန်ထမ်းတချို့က သူမအား တုံးအသည်ဟု လှောင်ပြောင်ပြက်ရယ်ပြုကြသည်။ သူမ၏ကူညီမှုကို လူများက အသိအမှတ်ပြုမှာမဟုတ်ကြောင်း၊ မှတ်မိကြမှာမဟုတ်ကြောင်း ပြောသည်။

"ပုံသွန်းဆိုင် ၁၀ - နာရီလောက် ကျန်သေးတယ်၊ တကယ်လို့ ကျွန်မ သာ အဲဒီအဘိုးအိုနေရာမှာဆိုရင် ညစ်ပတ်တဲ့အဝတ်အစားနဲ့ အနေရခက် လိမ့်မယ်၊ ခရီးအစမှာ ဒီလိုဖြစ်လိမ့်မယ်လို့ ဘယ်သူမျှော်လင့်မလဲ၊ နောက် ပြီး လူ ၃၀ ရာခိုင်နှုန်း အိမ်သာတစ်လုံးကို သုံးကြရတယ်၊ အိမ်သာတစ်လုံး လျော့သွားတာနဲ့ ပိုအခက်အခဲဖြစ်ကြလိမ့်မယ်၊ ဒါကြောင့် ကျွန်မ ကူညီလိုက် တာပါ၊ ဒါလည်း ကျွန်မတို့ဝန်ထမ်းတွေရဲ့ ဝန်ဆောင်မှုတာဝန်ပဲ မဟုတ်လား" လို့ ခပ်ပေါ့ပေါ့လေး သူပြန်ပြောခဲ့သည်။

သူမစကားကိုကြားပြီး အလုပ်အပေါ် ကျွန်မ အလေးမထားမိခဲ့သည် များကို ပြန်စဉ်းစားကြည့်ရင်း ကိုယ့်ကိုယ်ကို ရှက်ရွံ့မိသည်။ ယခင်က သူမ ပြောခဲ့သော စကားတစ်ခွန်းကို ကျွန်မ သတိရလိုက်မိသည်။

"ရှေးရှေးတုန်းက ကုသိုလ်အရဆုံးအလုပ်က ဘာလဲသိလား၊ လူ တွေကို နေရာတစ်နေရာကနေ နောက်တစ်နေရာကို အန္တရာယ်ကင်းကင်းနဲ့ ပို့ပေးတဲ့ "ကူးတို့"အလုပ်ပဲ၊ သူတို့သွားမယ့်နေရာဟာ ဝမ်းသာတာတွေ၊ ဝမ်း နည်းတာတွေ စောင့်နေပါစေ၊ အန္တရာယ်ကင်းကင်းနဲ့ရောက်အောင် ပို့ပေး လိုက်မှ သူတို့အတွက် ကောင်းသောစတင်ခြင်းတွေ ဖြစ်လာမှာ၊ ဒါကြောင့် အခုလို ဒီဝန်ဆောင်မှုတွေ လုပ်ခွင့်ရနေတာ အရမ်းကံကောင်းတယ်လို့ ဆိုရ မှာပဲ၊ ဒီကံကောင်းခြင်းတွေကို တန်ဖိုးထားမြတ်နိုးတတ်ရမယ်၊ တခြားလူကို ကောင်းတာတွေမျှဝေတာဟာလည်းကောင်းမှုကုသိုလ်တစ်ခုပဲမဟုတ်လား"

ဝန်ဆောင်မှုကို သာမန်အလုပ်သဘောဖြစ်သာ ကျွန်မ ထင်မြင်နေ ချိန်တွင် သူမက ကောင်းမှုကုသိုလ်တစ်ခုအဖြစ် လူတွေ၏နှလုံးသားထဲ ထိ ခိုက်နာကျင်မှုမရှိဘဲ ကြိုးစားပို့ဆောင်ပေးနေပြီဖြစ်သည်။

ရက်များမကြာမီ ဘန်ကောက်မှ စင်ကာပူသို့ပြန်သော လေယာဉ်





ဘတ်စ်ကားပေါ်တွင်ပြီးသည့် ညစာစားချိန်တွင် အမေအိုကြီးသည် သူ့ကို တည်ခင်းဧည့်ခံသော အစားအသောက်များကို မစားဘဲ ထိုင်နေသည်ကို တွေ့ ရသည်။

"အစာနှင့် မတည့်လို့လား၊ လေယာဉ်မူးပြီး နေထိုင်မကောင်းလို့ လား အမေ" ဟု ကျွန်မ မေးလိုက်သည်။

အမေအိုမှာ ကျွန်မကို အားနာစွာတစ်ချက်ကြည့်ပြီး လေသံတိုးတိုး ဖြင့်...

"ဒါ အမေပထမဆုံးအကြိမ် လေယာဉ်စီးဖူးတာပါ၊ ဒီအစား အသောက်တွေကို အမေ စားလိုက်ချင်ပါတယ်၊ ဒါပေမယ့် အမေ့မြေးက လေယာဉ်တစ်ခါမှ မစီးဖူးလို့ ဒီအစားတွေယူပြီး အမေ့မြေးလေးကို ကျွေးချင် လို့ပါ"

အမေ့စကားကြားတော့ ကျွန်မ နွေးထွေးစွာပြုံးလိုက်မိသည်။ "ကိစ္စ မရှိဘူး အမေ၊ အမေ သုံးဆောင်လိုက်ပါ၊ နောက်မှ အမေ့မြေးအတွက် ကျွန်မ သပ်သပ်ထည့်ပေးလိုက်မယ်" ကျွန်မစကားကိုကြားမှ အမေအိုမှာ ဝမ်းသာ အားရ သူ့အစာကို စားတော့သည်။ လေယာဉ်နောက်ခန်းကိုရောက်တော့ ကျွန်မအတွက်ချန်ထားသော အစားအစာများကို သေချာစွာထုပ်လိုက်မိ သည်။

"ဒီနေ့ လေယာဉ်တစ်စီးလုံး အပြည့်ပဲ၊ စားစရာ အပိုမကျန်ဘူး၊ ဘာ လို့ ကိုယ့်ဝေစုကို ပေးလိုက်ရတာလဲ" လုပ်ဖော်ကိုင်ဖက်တစ်ဦးက နားမလည် စွာ မေးသည်။

"ကျွန်မတို့က လူငယ်တွေလေ၊ အဆာခံနိုင်သေးတယ်၊ လေယာဉ် ဆင်းမှ အိမ်ပြန်စားလို့ရတယ်၊ လူအိုတွေက အဆာမခံနိုင်ကြဘူး"

တကယ်တမ်း ကျွန်မစိတ်တွင် တွေးမိသည်က အမေအိုမှာ ကျွန်မ ဝန်ဆောင်လိုက်သော ခရီးသည်ထောင်ပေါင်းများစွာထဲက တစ်ဦးသာဖြစ်သည်။ အကယ်၍အမေအိုသာ နောက်တစ်ကြိမ် နိုင်ငံခြားထွက်ခွင့်၊ လေယာဉ်စီးခွင့် မကြုံခဲ့လျှင် ယခုအကြိမ်သည် သူမအတွက် ပထမနှင့် နောက်ဆုံးအကြိမ် နိုင်ငံခြားသို့ ခရီးထွက်ခြင်းလည်း ဖြစ်နိုင်သည်။ ဤခရီးစဉ်သည် သူမဘဝတလျှောက်လုံးအတွက် အမှတ်တရဖြစ်ခဲ့မည်ဆိုလျှင် ကျွန်မသည်လည်း သူမ၏ အမှတ်တရတစ်ခု ဖြစ်ကောင်းဖြစ်နိုင်လိမ့်မည်ဟု ယုံကြည်မိသည်။

စေတနာရှိရှိ လုပ်ပေးလိုက်ရခြင်းမှာလည်း ကုသိုလ်တစ်ခုပင်မဟုတ်ပါလား။ လူအများကို အခွန်မဲ့ပစ္စည်းများ ရောင်းချနေသလို ကျွန်မတို့၏ စိတ်ရင်းစိတ်ကောင်းများကိုလည်း မျှဝေပေးချင်သေးသည်။

ကျွန်မ နေ့တိုင်းလုပ်နေသော အလုပ်နှင့် ဘေးပတ်ဝန်းကျင်တွင် ရှိနေသူများအတွက် ကျွန်မ တကယ်စေတနာထားနိုင်ခဲ့ပြီလား၊ စေတနာဖြင့် ကျွန်မ ဘယ်လောက်အတိုင်းအတာအထိ ဝန်ဆောင်နိုင်ခဲ့ပြီလဲဆိုတာကို ကျွန်မ အမြဲပြန်စဉ်းစားမိသည်။

လူတွေ စိတ်နှလုံးပျော်ရွှင်ဖို့အတွက် ကျွန်မဟာ နတ်သမီးလား၊ ဒါမှမဟုတ် လူတွေရဲ့အပြုံးကို မောင်းထုတ်တတ်တဲ့ နတ်ဆိုးလား၊ အလုပ်တွင်ဖြစ်စေ၊ ဘဝတွင်ဖြစ်စေ၊ ယနေ့သော်လည်းကောင်း၊ မနက်ဖြန်သော်လည်းကောင်း၊ အနာဂတ်အတွက် ကျွန်မ ရွေးချယ်မိသည်မှာ "နှလုံးသားဝန်ဆောင်မှု"ပင်ဖြစ်သည်။

မူရင်း- http://www.youthwant.com.tw

*  *  *

# သော့

'ဆေးစာရဲ့အောက်တစ်နေရာမှာ ရှင်းလင်းထင်ရှားတဲ့
စာလုံးလေးလုံး 'အရိုးကင်ဆာ'တဲ့ ...'

သူဟာ မိသားစုအပေါ် သံယောဇဉ်ကြီးတဲ့လူတစ်ယောက်ပါ။ လက်ထပ်ပြီးနောက် သူ ကြိုက်နှစ်သက်တဲ့အလုပ်ကို လုပ်စေခဲ့တယ်။ သူငယ်ချင်းတွေနဲ့ ပျော်ပါးပြီး ညဉ့်နက်မှ ပြန်လာတာကိုလည်း ကျွန်မ ခွင့်လွှတ်ခဲ့တယ်။ အားလပ်ချိန်မှာ အိမ်အလုပ် ကူမလုပ်ခဲ့တာကိုလည်း သည်းခံခဲ့တယ်။

သော့တစ်ချောင်း အစပြုလို့ သူ့ကို ကျွန်မ စပြီး သံသယဝင်မိတယ်။ ကျွန်မဟာ အိမ်ထောင့်တာဝန်ကျေပွန်တဲ့ အိမ်ထောင်ရှင်မကောင်းတစ်ယောက် မဟုတ်ခဲ့ပေမယ့် သူ့အပြုအမူ၊ သူ့အရိပ်အကဲကိုကြည့်ပြီး သူ့စိတ်မှာ ဘာတွေဖြစ်နေတယ်ဆိုတာကိုတော့ ကျွန်မ ခန့်မှန်းလို့ရပါတယ်။ သူ့မှာ နဂိုသော့ (၄)ချောင်းရှိတယ်။ အိမ်တံခါးမကြီးသော့၊ အိပ်ခန်းနှစ်ခန်းသော့၊ နောက် သူ့ရုံးခန်းသော့၊ ဘယ်တုန်းကများ သူ့အိတ်ထဲ သော့တစ်ချောင်း ပို

လာတာလဲ၊ ကျွန်မ အလေးမထားသလိုနဲ့ မေးကြည့်ဖူးသေးတယ်။ ဒါပေမယ့် သူ ဘာမှမသိသလိုနဲ့ စကားလမ်းကြောင်းလွှဲလိုက်တယ်။ ဒါကြောင့် အဲဒီ သော့ကို ကျွန်မ ပိုသံသယဖြစ်မိတယ်။

သူ့ကို အကြောင်းမရှိအကြောင်းရှာပြီး ကျွန်မ ဖုန်းဆက်တတ်လာ တယ်။ လမ်းကြုံသလိုနဲ့ သူ့ရုံးခန်းကို သွားတတ်လာတယ်။ ရုံးဆင်းရင်လည်း သူ့ကို သွားကြိုသလိုနဲ့ ကျွန်မ အဲဒီသော့အကြောင်း စုံစမ်းတတ်လာခဲ့တယ်။ အရင်ကလို အလုပ်ကို ကျွန်မ ဦးစားမပေးတော့ဘဲ သူ့ကို ပိုဂရုစိုက်၊ ပိုပြုစု တတ်လာတယ်။ ရုံးပိတ်ရက်တွေဆိုရင်လည်း အပြင်ထွက်မလည်တော့ဘဲ အစားကောင်းတွေ ချက်ပြုတ်ရင်း သူ့အတွက် အိမ်ထောင်ရှင်မကောင်းတစ်ဦး ဖြစ်အောင် ကြိုးစားခဲ့တယ်။ ဒါပေမယ့် ဒါတွေဟာ နှောင်းသွားခဲ့ပြီလား။

သူ အရင်ကထက် စကားနည်းလာတယ်။ အရင်ကလို သူ့စိတ်ထဲမှာ ဘာတွေတွေးနေတယ်ဆိုတာ ကျွန်မကို အသိမပေးတော့ဘူး၊ သန်းခေါင်ယံ နီးလာရင်လည်း လေသာဆောင်မှာ မိုးလင်းပေါက် ထိုင်နေခဲ့တတ်တယ်။ အမြဲစိတ်လှုပ်ရှားနေတတ်ပြီး အရင်လို မသွက်လက်တော့ဘူး။ ဟိုမေ့ဒီမေ့နဲ့ အလုပ်မှာလည်း စိတ်ပါဝင်မှု လျော့လာခဲ့တယ်။ သူ ပြောင်းလဲသွားပြီလား။ ဒါပေမယ့် ကျွန်မအပေါ် ချစ်တဲ့စိတ်၊ ယုယတဲ့စိတ်တော့ မပြောင်းလဲခဲ့ဘူး။ ဒါပေမယ့် ကျွန်မ သံသယဝင်နေဆဲပါပဲ။

နေ့ညမပြတ် အဲဒီသော့ရဲ့ သဲလွန်စကို ကျွန်မ ရှာခဲ့တယ်။ နောက် ဆုံး အဲဒီသော့ဟာ ဘဏ်တစ်ခုရဲ့ မီးခံသေတ္တာသော့ဆိုတာကို ကျွန်မ စုံစမ်း လို့ရခဲ့တယ်။ သော့ကို သူမသိအောင် ကျွန်မ တိတ်တိတ်လေးယူပြီး ဘဏ်ကို သွားလိုက်မိတယ်။ ကျွန်မ တုန်လှုပ်စွာနဲ့ သော့ကိုဖွင့်ရင်း သိချင်စိတ်က အရမ်းပြင်းပြနေခဲ့တယ်။ ဖွင့်လိုက်တဲ့အချိန်မှာတော့ အတွင်းမှာ ရတနာ





သေတ္တာဗူးလေးတစ်ခု။ ကျွန်မအသက်ကို ပြင်းပြင်းရှူရင်း သေတ္တာကို ဖွင့် လိုက်မိတယ်။ "တော်တော်ရိုးအတဲ့လူ" လို့ ရေရွတ်ပြီး ကျွန်မ ပြုံးလိုက်မိ တယ်။

ဗူးထဲမှာ ဓာတ်ပုံတစ်ပုံ။ ပုံက ကျွန်မနဲ့သူ ပထမဆုံး တွဲရိုက်ထားတဲ့ ပုံ၊ နောက် သူ့ကို ရေးပေးခဲ့ဖူးတဲ့ ကျွန်မရဲ့စာတွေ စုစုပေါင်း (၂၈)စောင် ကျွန်မ အချိုမြိန်ဆုံး ပြုံးလိုက်မိတယ်။

စာတွေရဲ့အောက်မှာတော့ ချက်လက်မှတ်နဲ့ သေတမ်းစာ။ "အခုမှ အသက်သုံးဆယ်ကျော်ပဲ ရှိသေးတယ်။ ဘာသေတမ်းစာ ရေးထားတာလဲ။ အိမ်ရောက်မှ ကောင်းကောင်းဆူလိုက်ဦးမယ်" ကျွန်မ ရေရွတ်နေပေမယ့် လည်း ဘာသေတမ်းစာလဲဆိုတာကို အရမ်းစိတ်ဝင်စားသွားမိတယ်။ စာအိတ် ကို ကျွန်မ ဖောက်ကြည့်လိုက်မိတယ်။ သေတမ်းစာထဲမှာတော့ × × × အိမ်နဲ့ စုငွေ ၂၀ ရာခိုင်နှုန်းကို မိဘအတွက်၊ ၁၀ ရာခိုင်နှုန်း အစ်ကိုအတွက်၊ ၃၀ ရာခိုင် နှုန်းကို ဒိုးဘွားရိပ်သာအတွက်၊ ကျန်တဲ့ငွေနဲ့ ရင်းနှီးမြှုပ်နှံငွေတွေမှာတော့ ကျွန်မနာမည် ရေးထားတယ်။ ကျွန်မ ငိုမိတယ်။

ကျွန်မသာ သူ့ကို သံသယဝင်နေခဲ့တာ။ မယုံခဲ့တာ။ တကယ်တော့ သူဟာ ကျွန်မကိုပဲ ချစ်ခဲ့တယ်။ သစ္စာရှိခဲ့တယ်။ စာရွက်တွေကို ဗူးထဲပြန် ထည့်မယ်လုပ်တော့ ကျွန်မလက်ထဲကနေ စာရွက်လေးတစ်ရွက် ပြုတ်ကျ သွားတယ်။ ကျွန်မ ကောက်ယူကြည့်မိတော့ ဆေးစာတစ်စောင် လူနာနေရာ မှာ သူ့နာမည် ရေးထားတယ်။ ဆေးစာရဲ့ အောက်တစ်နေရာမှာ ရှင်းလင်း ထင်ရှားတဲ့ စာလုံးလေးလုံး "အရိုးကင်ဆာ" တဲ့။

လူတိုင်းရဲ့စိတ်မှာ သော့တစ်ချောင်းကိုယ်စီရှိတယ်။ အဲဒီသော့ရဲ့ နာမည်က "သံသယ" တဲ့၊ ကျွန်မကတော့ ပြောလိုက်ချင်ပါတယ်။ လူတိုင်းမှာ

စိတ်တံခါးပေါက် တစ်ပေါက်ရှိတယ်။ အဲဒီတံခါးပေါက်ကို "သံသယတံခါးပေါက်"လို့ ခေါ်တယ်။ "အချစ်"ဆိုတဲ့ သော့သာ အဲဒီတံခါးပေါက်ကို ဖွင့်နိုင်မှာပါ။

(သော့ဆိုတာ တံခါးဖွင့်ဖို့သက်သက်ပဲ မဟုတ်ပါဘူး။ တံခါးခေါက်ဖို့အတွက်လည်း အသုံးဝင်ပါတယ်။ ပစ္စည်းရဲ့ အသုံးဝင်ပုံဟာ သုံးတဲ့လူရဲ့ သုံးတတ်တဲ့အပေါ်မူတည်ပါတယ်။)

မူရင်း - http://www.youthwant.com.tw

* * *

# နှလုံးသွေးမျက်ရည်

'သတိ ... သတိထား ... လူလာနေပြီ
မြန်မြန်သွားတော့ ...'

ည . . . အမှောင်ထုက တဖြည်းဖြည်း လွှမ်းမိုးလာသည်။ ချုံစပ်မှ အကောင်ငယ်လေးများ၏ အော်သံသည် တိတ်ဆိတ်သောညကို ပိုအသက်ဝင်စေသည်။ ချောင်ကျကျသစ်ပင်တစ်ပင်၏ သစ်ရွက်တစ်ရွက်ပေါ်တွင် ခြင်လေးနှစ်ကောင် နားနေသည်။ ခြင်တစ်ကောင်က သစ်ရွက်ပေါ်တွင် တွဲခိုနေသော အေးခဲနေသည့် နှင်းရည်ကို စုပ်ယူရင်း ဘေးတွင် စိတ်ကောက်နေသော ခြင်မအား တစ်ချက်တို့လိုက်ပြီး စိုးရိမ်သောအသံဖြင့် ချော့နေသည်။

"ရှင်မ၊ တစ်နေ့လုံး ဘာမှမစား၊ မသောက်ဘူး၊ နှင်းရည်လေး သောက်လိုက်ပါလား"

ခြင်မက နှင်းရည်များဖြင့် စွတ်စိုနေသော သစ်ရွက်ကို တစ်ချက်ကြည့်ရင်း...

"အေးစက်နေတဲ့ ဒီအရာကို ကျွန်မ ဘယ်လိုမျိုချရမလဲ၊ နေ့တိုင်း ရှင်ဒီစကားပဲပြောနေတာ စိတ်ကုန်လာပြီ"

မငေးကျွေးနုပ်နှင့် မျက်စောင်းခဲ၍ ဆိုသည်။

"လူတွေနဲ့မှ ရင်ဆိုင်ချင်တာလား ရှင်မရယ်၊ သူတို့က အနံ့အသက်အမျိုးမျိုးနဲ့ ကျုပ်တို့ကို ဆွဲဆောင်နေကြတာ၊ အဲဒီအနံ့တွေရတိုင်း ကျုပ်ကတော့ မူးမေ့မတတ်ဘဲ၊ မတော်လို့ ရှင်မ တစ်ခုခု" ခြင်ဖိုက စိတ်ပူစွာပြောသည်။

"ရှင် သိပ်ပျော့ညံ့လွန်းတယ်" အေးစက်စက် တစ်ချက်ကြည့်ရင်း သူမ ထပျံသွားတယ်။

သူမ ပျံဝင်သွားသော အိမ်၏ပြတင်းပေါက်မှ ဖြာကျလာသော အလင်းတန်းကိုကြည့်ပြီး သူ ရတက်မအေးတော့။ ဘာကြောင့်မှန်းမသိ ဒီည တစ်ခုခုဖြစ်မည်ဆိုတာကို သူ ကြိုသိနေသည်။ သစ်ရွက်ပေါ်တွင် နားနေရင်း သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေမိသည်။

သူမကိုတွေ့ချင်စိတ်တွေ ပြင်းပြလာသည်။ သူမ အန္တရာယ်မှ ကင်းပါ့မလား။ လူသွေးကိုမှ တပ်မက်သော သူမ၏ စိတ်ဆန္ဒကို သူ မတားဆီးနိုင်ခဲ့။ သူမ၏ တဇွတ်ထိုးနိုင်မှုက သူတို့ဘဝကို ပျက်ဆီးသွားစေနိုင်သည်ဟု သူ စိတ်မကောင်းစွာတွေးမိသည်။

နှင်းများ ပိုသိပ်သည်းလာသည်။ အအေးဒဏ်ကို ကြံ့ကြံ့ခံရင်း သူမ ထွက်အလာကို ရင်တထိတ်ထိတ်နှင့် စောင့်နေမိသည်။ စိုးရိမ်စိတ်ဖြင့် စောင့်နေရတာကို သူ စိတ်မရှည်ချင်တော့။ မိမိအသက်ကိုမမှုတော့ဘဲ ပြတင်းပေါက်





ထဲ ပျံဝင်သွားသည်။ မီးရောင်မှိန်မှိန်အောက်တွင် လူ၏လက်မောင်းက သွေးကြောထဲ ခေါင်းကိုနှစ်ပြီး အငမ်းမရ စုပ်ယူနေသော သူမကို တွေ့လိုက်မိသည်။ စုပ်အားကြောင့် တောင်ပံလေးတွေ တုန်ခါနေပါလား။ လူ၏သွေးများ သူမခန္ဓာကိုယ်သွေးကြောစိမ်းစိမ်းလေးထဲ ဝင်ရောက်သွားခိုက် ဘယ်ဘက်ပခုံးကို လှုပ်တောင်မလှုပ်ဘဲ လူ၏ညာဘက်လက် မြှောက်လိုက်သည်ကို သူ အထိတ်တလန့် မြင်လိုက်ချိန်မှာတော့...

"မြန်မြန်ရှောင်"

သူ အဆုတ်ကွဲမတတ် အော်ပြီး သတိပေးလိုက်သော်လည်း မမီတော့...

အရှိန်ပြင်းသော လက်ဝါးဒဏ်ကြောင့် သူမ ကြမ်းပြင်ပေါ်သို့ လုံးထွေးပြီး ပြုတ်ကျသွားသည်။ သွေးအလိမ်းလိမ်းဖြင့် လဲကျနေသော သူမထံသို့ သူ ချက်ချင်းရောက်သွားသည်။ သူမကို ရင်ခွင်ထဲဆွဲသွင်းထားလိုက်မိသည်။ မျက်ရည်များ အဆက်မပြတ် ကျလာသည်။ မျက်ရည်များဖြင့် ပြည့်နေသော မျက်စိကို သူမ အားယူဖွင့်ရင်း သူ့ကို ကြည့်လိုက်သည်။

"နမြောဖို့ကောင်းလိုက်တာ၊ အသက်တွေ ဆုံးရှုံးရတော့မှာပါလား"

ညည်းညူနေသော သူမကို ထောင်မတ်ပေးရင်း...

"ဘာဖြစ်လို့ ကျုပ်တားတာကို လက်မခံခဲ့တာလဲ ရှင်မရယ်"

"ရှင်မ သိပါတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ ရှင်မမှာ ကိုယ်ဝန်ရှိနေပြီ၊ နှင်းစက်လေးသောက်ရုံနဲ့ ကလေးတွေအတွက် အာဟာရ မရနိုင်ဘူး၊ အန္တရာယ်ရှိမှန်းသိလည်း ကလေးအာဟာရအတွက် လူသွေးကိုမှ တောင့်တမိတာပါ၊ ရှင်မ သေမယ်ဆိုတာ သိပြီးသားပါ၊ လူတွေကို မဆန့်ကျင်၊ မနာကျင်စေချင်တဲ့ ရှင်ကတော့ မသေနိုင်သေးပါဘူးလေ"

သူမ မျက်တောင်ပုတ်ခတ်ပြီး အားတင်းပြုံးလိုက်ရင်း . . .

"ကလေးမွေးပြီးနောက်ပိုင်း အားအင်တွေ ကုန်ခမ်းနွမ်းနယ်ပြီး သေရမယ့်အတူတူ လူတွေ ရှင်မတို့ကို ဘယ်လောက်မုန်းတီးနေလည်း ရင်သွေးတွေအတွက် အကောင်းဆုံးအာဟာရကို ပေးခဲ့ချင်ပါသေးတယ်"

"ဘာဖြစ်လို့၊ ဘာဖြစ်လို့ အစက မပြောခဲ့တာလဲ ရှင်မရယ်"

"ရှင်မကို သိပ်ချစ်မှန်း သိပါတယ်၊ အစက ပြောပြခဲ့ရင် ရှင်မကိုယ်စား ရှင် ခံရမယ်ဆိုတာ သိလို့၊ ရှင်မကိုယ်စား ရှင် အသေခံမယ်ဆိုတာသိလို့ မပြောရက်ခဲ့တာပါ၊ ရှင့်အတွက် ရင်သွေးလေးတွေ မွေးဖွားခဲ့ရမယ်ဆိုရင် ရှင်မ သေရကျိုးနပ်ပါတယ်။ အရင်ဘဝက ဝဋ်ကြွေးအတွက် ဒီဘဝမှာ ဆပ်ခဲ့ချင်ပါတယ်။ ခုတော့ . . ."

"ဒါတွေဟာ ကျုပ် အသုံးမကျခဲ့လို့ပါ၊ ရှင်မကို ကျုပ် မကာကွယ်နိုင်ခဲ့ဘူး၊ လိုချင်တာကို မပေးနိုင်ခဲ့ဘူး၊ ရှင်မ တော်တော်ခံခဲ့ရတယ်၊ နောင်ဘဝ နောင်ဘဝသာ ရှိမယ်ဆိုရင် ကျုပ်တို့နံကောင်လုပ်ကြရအောင်နော်၊ မင်္ဂလာဦးညမှာ ကျုပ်ကိုစားပြီး ကျုပ်အတွက် ကလေးမွေးပေးပါနော်၊ ကျုပ်ရဲ့သွေးတွေ ရှင်မကိုယ်ထဲလည်ပတ်ပြီး ရင်သွေးတွေအတွက် အာဟာရဖြစ်ခဲ့မယ်ဆိုရင် ကျုပ် သေပျော်ပါပြီ ရှင်မရယ်"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ရှင်မတို့ ပုစဉ်းရင်ကွဲ လုပ်ကြရအောင်၊ နေ့တိုင်း နှင်းရည်တွေသောက်ပြီး ပျော်ရွှင်စရာသီချင်းတွေ ဆိုကြရအောင်နော်၊ သတိ . . . သတိထား . . . လူလာနေပြီ၊ မြန်မြန်သွားတော့" မျက်ရည်များ တလိမ့်လိမ့်ဒီးကျရင်း သူမ အသက်ကို ပြင်းပြင်းရှူပြီး သတိပေးလိုက်သည်။

သူ နောက်ကိုတစ်ချက်လှည့်ကြည့်ရင်း နောင်တမဲ့စွာ ပြုံးလိုက်မိသည်။





"ကျုပ်တို့ နောင်ဘဝကျရင် ပုစဉ်းရင်ကွဲလုပ်ကြမယ်ဆို"

"ဖြန်း"

အားပါသောရိုက်သံနှင့်အတူ တျေနုပ်သော စကားသံတစ်ခု။

"ဟင်း . . . သေစမ်း၊ နောက်တစ်ကောင်"

သူ မသေခင် သူမကို တင်းတင်းလေးဖက်ထားမိသည်။ သူတို့ကိုယ်ပေါ်မှ စီးကျလာသောသွေးများ ရောယှက်မိပြီး အနီရောင်မျက်ရည်စက် တစ်စက်အဖြစ် ပေါင်းစပ်သွားလေတော့သည်။

မှုရင်း - http://www.youthwant.com.tw

* * *

# ရေခဲမြစ်ထဲက ချစ်ပုံပြင်

'နှုးထောက်လို့တုန်ချိနေတဲ့ လက်တစ်စုံက
ရေခဲတုံးကိုဖက်တွယ်လို့ ဖျော့တော့တဲ့မျက်လုံးနဲ့ …'

ဘီလ်တို့ဇနီးမောင်နှံနှစ်ဦးဟာ တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြသလို တောတောင်ရေမြေ သဘာဝအလှတွေကိုလည်း အလွန်မြတ်နိုးကြတယ်။ ဒါကြောင့် Alps တောင်တန်းရဲ့ တောင်ခြေတစ်နေရာမှာ သူတို့ရဲ့ ချစ်စံအိမ်လေးကို တည်ဆောက်ခဲ့ကြတယ်။

မစ္စတာဘီလ်က တောင်တက်ဝါသနာပါပေမယ့် ချစ်ဇနီးကို အိမ်မှာ တစ်ယောက်တည်း မထားခဲ့ရက်ဘူး။ ခန္ဓာဖသေးငယ်တဲ့ မစ္စစ်ဘီလ်က လည်း သူ့ကြောင့် ခင်ပွန်းကို တောင်တက်မပျက်စေချင်ဘူး။ ဒါကြောင့် မစ္စတာဘီလ်ကို တစ်နှစ်မှာတစ်ခါ၊ တစ်ခါမှ တစ်လကြာ တောင်တက်ခွင့်အဖြစ် နှစ်ဦးသဘောတူ ဆုံးဖြတ်လိုက်ကြတယ်။ မစ္စတာဘီလ် တောင်တက်နေတဲ့အချိန်





မှာ ဇနီးဖြစ်သူက မိဘအိမ်ကိုသွားပြီး အဖော်ပြုနေတယ်။ ဒီလိုနဲ့ တစ်နှစ်မှာ တစ်လသာ သူတို့ ခွဲကြတယ်။ ပြန်တွေ့ကြတယ်။ ဘဝဟာ ဘာမှလိုလေသေး မရှိ ပျော်ရွှင်မှုတွေနဲ့ ပြည့်စုံခဲ့တယ်။

တစ်ခါက တောင်မတက်ခင် မစ္စတာဘီလ်က ဇနီးကို ပွေ့ဖက်နမ်းရှုပ်လို့ နားနားကပ်ပြီး "တစ်လပြည့်တာနဲ့ မောင် အချိန်မှန် ပြန်ခဲ့မယ်" လို့ တိုးတိုးလေး နှုတ်ဆက်တယ်။ အဲဒီနှစ်ရဲ့ရာသီဥတုက အရင်လိုပဲ ဘာမှမပြောင်းလဲခဲ့ပါဘူး။ ဇနီးကို နှုတ်ဆက်ပြီး မိတ်ဆွေတောင်တက်သမားတွေနဲ့ တောင်တက်ဖို့ မစ္စတာဘီလ် ခရီးထွက်ခဲ့တယ်။ တစ်လပြည့်လို့ မစ္စစ်ဘီလ် နေအိမ်ကို ပြန်ရောက်ချိန်မှာ မစ္စတာဘီလ်က ပြန်ရောက်မလာခဲ့ဘူး။ စိုးရိမ်မှုတွေ၊ ကြောက်ရွံ့မှုတွေက မစ္စစ်ဘီလ်ရဲ့ရင်ဝထဲ တိုးဝင်လို့လာတယ်။ မျှော်လင့်မထားတဲ့ နေ့ရက်တွေက မဖိတ်မခေါ်ဘဲ ရောက်လာခဲ့ပြီလား။ တောင်တက်မိတ်ဆွေတွေ အသီးသီး တောင်ခြေကို ရောက်လာခဲ့ပေမယ့် ခင်ပွန်းရဲ့အရိပ်အယောင်ကို သူ မမြင်ခဲ့ရပါဘူး။

မစ္စစ်ဘီလ်ရဲ့ မနက်ဖြန်တိုင်းဟာ ဝမ်းနည်းပူဆွေးမှုတွေ ပြည့်နေပြီး နေ့တိုင်း မျက်ရည်နဲ့ မျက်နှာသစ်ခဲ့ရတယ်။ မစ္စတာဘီလ် ပြန်လာမယ်ဆိုတဲ့ မျှော်လင့်ချက်တွေ ရင်ထဲမှာ အမြဲကိန်းအောင်းနေတယ်။ "မောင် အချိန်မှန် ပြန်လာခဲ့မယ်" ဆိုတဲ့စကားကို ယနေ့ထက်ထိ သူ ယုံကြည်နေခဲ့တယ်။ ဒီလိုနဲ့ ရက်မှလ၊ လမှနှစ်၊ နှစ်တွေ တစ်နှစ်ပြီးတစ်နှစ် ကူးပြောင်းသွားခဲ့တယ်။ အရင်လို လှပမြဲ၊ စိမ်းစိုမြဲ တောတောင် သဘာဝအလှတွေက အထီးကျန်နေတဲ့ မစ္စစ်ဘီလ်ကို အဖော်ပြုလို့နေတယ်။

ဒီနှစ်မှာ ပြောင်းလဲနေတဲ့ ကမ္ဘာ့အပူရှိန်ကြောင့် ရေခဲတွေ အရည်ပျော်စပြုပြီး ချောင်းအဖြစ် စီးဆင်းနေတာကလွဲလို့ ပတ်ဝန်းကျင်က အလှတွေ

ဟာ အရင်အတိုင်းပါပဲ။ တသွင်သွင်စီးဆင်းနေတဲ့ ချောင်းက ရေကျသံနဲ့အတူ တစ်ခါတလေမှာ စိုးစိုးစီစီအော်နေတဲ့ ငှက်သံတွေကိုလည်း ကြားရတတ်တယ်။ သာယာတဲ့အသံတွေက မစ္စစ်ဘီလ်ကို ဆွဲဆောင်လို့နေတယ်။ လှုပ်ရှားမှုနေးတဲ့ ခန္ဓာကိုယ်ကို လေးသွဲ့တဲ့ခြေလှမ်းနဲ့သယ်ရင်း ချောင်းဘေးကို သူ ရောက်လာခဲ့တယ်၊ ချောင်းဘေးက နှင်းဖြူဖြူအုပ်ဆိုင်းနေတဲ့ သစ်ပင်ပေါ်မှာ စိမ်းစိမ်းနီနီ အဖူးအညွန့်တွေက ပြူထွက်လို့နေတယ်။ ငှက်ကလေးတွေရဲ့ သီကျူးသံ၊ ရေစီးသံနဲ့ အရောင်စုံတဲ့ အပင်တွေကြောင့် ပတ်ဝန်းကျင်က လှပတဲ့ပန်းချီကားတစ်ချပ်လိုပဲ။ မစ္စစ်ဘီလ်ရဲ့အာရုံကို ဖမ်းစားထားတယ်။

အဲဒီအချိန်မှာ အရည်မပျော်သေးတဲ့ ရေခဲတုံးကြီးတစ်တုံးက မစ္စစ်ဘီလ် ရပ်နေတဲ့နေရာက ချောင်းကမ်းမှာ လာခံနေတယ်။ ဘာများလဲဆိုတဲ့ စူးစမ်းချင်တဲ့စိတ်နဲ့ ရှေ့တိုးပြီး ချောင်းထဲကို သူ ငုံ့ကြည့်လိုက်တယ်။ သူနဲ့ အလွန်ရင်းနှီးတဲ့ပုံရိပ်တစ်ခုက အရည်မပျော်သေးတဲ့ ရေခဲတုံးထဲမှာ ထင်ဟပ်လို့နေတယ်။ ကြည်လင်တဲ့ရေခဲပြင်ကနေ ငယ်ရွယ်နုပျိုတဲ့ မျက်နှာတစ်ခုကို သူ တွေ့လိုက်မိတယ်၊ အဲဒီမျက်နှာကတော့ ရက်လကြာရှည် သူ စောင့်စားနေတဲ့ အသက် (၃၀)အရွယ်က မစ္စတာဘီလ်ပဲဖြစ်တယ်။ သူ့ကိုခွဲသွားစဉ်က အတိုင်းပဲ မစ္စတာဘီလ်ရဲ့မျက်နှာမှာ အပြုံးတွေနဲ့ သူ့ကို ကြည့်လို့နေတယ်။

ချောင်းဘေးမှာတော့ အသက် (၈၀)ကျော် အဘွားအိုတစ်ဦးဟာ ရေခဲတုံးတစ်တုံးရဲ့ရှေ့မှာ ဒူးထောက်လို့တုန်ချိနေတဲ့ လက်တစ်စုံက ရေခဲတုံးကို ဖက်တွယ်လို့ ဖျော့တော့တဲ့မျက်လုံးနဲ့ ဘီလ်ကို စိုက်ကြည့်လို့ ခြောက်သွေ့တဲ့နှုတ်ခမ်းဖျားက တီးတိုးရေရွတ်လို့ "ဘီလ် . . . မင်း တကယ် အိမ်ပြန်ခဲ့ပြီနော်"





မှတ်ချက်

ဒေသခံတွေရဲ့ အပြောအရ ဘီလ်ဟာ လွန်ခဲ့တဲ့ အနှစ် (၅၀)က တောင်တက်ရင်း မတော်တဆ ရေခဲတောင်ပြိုကျပြီး ရေခဲမြစ်တစ်ခုထဲ ကျသွားခဲ့တယ်။ ရေခဲထဲမှာ နှစ်အတော်ကြာ မြှုပ်နှံထားခြင်း ခံခဲ့ရပြီး ရေခဲမြစ်ရဲ့ ရွေ့လျားမှုကြောင့် နောက်ဆုံးမှာ သူပြန်အလာကို စောင့်နေတဲ့ ချစ်ဇနီးဆီကို ပြန်ရောက်လာခဲ့တယ်။ သူပြန်ရောက်လာတဲ့ရုပ်က ခွဲသွားစဉ်က အသက် (၃၀)အရွယ်အတိုင်းပါပဲ။

ပညာရှင်များရဲ့တိုင်းတာချက်အရ ရေခဲမြစ်ထဲက ရေခဲတုံးတွေဟာ တစ်နှစ်မှာ မီတာအကွာအဝေး ၃၀ ကနေ ၅၀ အထိပဲ တဖြည်းဖြည်း ရွေ့လျားတတ်ကြတယ်။

မှရင်း - http://www.youthwant.com.tw

* * *

# ရုပ်လှစရာမလို အနေလှဖို့သာလို

'နှလုံးသားထဲ ချစ်ခြင်းမေတ္တာရှိတဲ့ မိန်းကလေး
တစ်ယောက်ဟာ ဘယ်လောက်ပဲရုပ်ဆိုးနေပါစေ ...'

မိန်းကလေးတစ်ယောက်ဟာ မွေးရာပါ ရုပ်မလှချင်နေ ဒါပေမယ့် ဘဝမှာ လှလှပပတော့ ရှင်သန်သင့်တယ်။ ဘယ်အချိန်အခါပဲဖြစ်ဖြစ် ပြည့်စုံတဲ့အသိပညာ၊ ကောင်းမွန်တဲ့စာရိတ္တ၊ ထက်မြက်တဲ့အပြုအမူ၊ သိမ်မွေ့တဲ့အပြောအဆို၊ ကြီးမြတ်တဲ့စိတ်သဘောထားနဲ့ မေတ္တာနဲ့ပြည့်တဲ့ နှလုံးသားတစ်စုံရှိတဲ့ မိန်းကလေးတစ်ယောက်ဟာ ရုပ်ရည်မလှသည့်တိုင် ဘဝကို အမှန်တကယ်လှပစေနိုင်ပါတယ်။ ဘဝမှာ လှလှပပ ရှင်သန်နိုင်သူဟာ လှပတဲ့စိတ်ခံစားမှု၊ အဆင့်တစ်ခု၊ စိတ်ဝိညာဉ်တစ်ခုကို ပိုင်ဆိုင်နိုင်မှာဖြစ်တယ်။ ကိုယ့်ကိုယ်ကို မစွန့်လွှတ်သရွေ့ ဘယ်သူကမှ ကိုယ့်တက်လမ်းကို တားဆီးပိတ်ပင်နိုင်မှာမဟုတ်ဘူး။





တချို့က မိန်းကလေးတွေဟာ "တောင်တန်း"ပါတဲ့။ ခန့်ညားဝင့်ထည်ပြီး သဘောထားကြီးသတဲ့။ တချို့က မိန်းကလေးတွေဟာ "ရေ"ပါတဲ့။ နူးညံ့ပျော့ပျောင်းပြီး ညင်သာသတဲ့။

မိန်းမကောင်းဆိုတာ စာအုပ်ဖြစ်တယ်။ အသိပညာတွေနဲ့ ပြည့်နှက်လို့နေတယ်။

မိန်းမကောင်းဆိုတာ ဆိပ်ကမ်းဖြစ်တယ်။ ဘေးဒုက္ခကြုံသူကို လုံလုံခြုံခြုံ နားခိုခွင့်ပေးတယ်။

မိန်းမကောင်းဆိုတာ အရက်ဖြစ်တယ်။ မွှေးကြိုင်ခြင်းနဲ့ ပြည့်စုံတယ်။

မိန်းမကောင်းဆိုတာ ရေနွေးကြမ်းဖြစ်တယ်။ အရသာခံသောက်လေ မွှေးလေဖြစ်တယ်။

မိန်းမကောင်းဆိုတာ တက်မဖြစ်တယ်။ အိမ်ထောင်ရေးလမ်းကြောင်းကို ပဲ့ကိုင်ပေးတယ်။ မိန်းမကောင်းဆိုတာ ရှုခင်းဖြစ်တယ်။ ရာသီအလိုက် ရောင်စုံပန်းမန်တွေနဲ့ လှပစေတယ်။

မိန်းမကောင်းဆိုတိုင်း ရုပ်ရည်လှပနေမှ မဟုတ်ဘူး။ ဖြူစင်ရိုးသားတဲ့စိတ် ရှိတယ်။ ကျော်ကြားခြင်းနဲ့ ကြွယ်ဝခြင်းရဲ့ ဖြားယောင်းမြူဆွယ်မှုကြောင့် စိတ်ကို မညစ်နွမ်းစေဘဲ ကိုယ့်လမ်းကိုယ်ဆက်လျှောက်သူ၊ လုပ်သင့်တာကို ဆက်လုပ်သူဖြစ်တယ်။ အနေနိမ့်ကျ၊ ဆင်းရဲဒုက္ခနဲ့ ရင်ဆိုင်ရသည့်တိုင် ရင်ကိုကော့ ခေါင်းကိုမော့ပြီး အပြုံးမပျက်သူဖြစ်တယ်။

ရိုးသားကြင်နာခြင်းဆိုတာ လောကမှာ အလှဆုံးပန်းတစ်ပွင့်ဖြစ်တယ်။ ဘယ်သူတစ်ဦးတစ်ယောက်ကမှ အဲဒီပန်းဖူးပွင့်ဖို့ မငြင်းဆန်တတ်ကြဘူး။

မိန်းမကောင်းဆိုတာ မိခင်ကောင်း၊ ဇနီးကောင်းတစ်ဦးဖြစ်တယ်။ မိန်းမကောင်းဆိုတာ အဲဒီအလုဆုံးပန်းဖြစ်တယ်။ မိန်းမကောင်းတွေဟာ ကိုယ့်ဘဝခရီးတလျှောက်ကို ပန်းတစ်ပွင့်ရဲ့ကြန်အင်လက္ခဏာတွေနဲ့ ပြည့်စုံစေတယ်။

မိန်းမကောင်းတွေက မျက်ရည်နဲ့အပြုံးကို ကွယ်ဝှက်ထားစရာမလိုဘူး။ ရိုးသားကြင်နာခြင်းဟာ သာမန်မိန်းကလေးတစ်ဦးကို ပိုလှပစေတယ်။ ပိုနှစ်လိုစေတယ်။ ကိုယ်ကိုယ်တိုင်ကို ချစ်ခင်နှစ်သက်မယ်။ ဆွေမျိုးသားချင်းတွေကို ချစ်မယ်၊သူငယ်ချင်းမိတ်ဆွေတွေကို ချစ်မယ်။ သဘာဝ၊ သက်ရှိအားလုံး လောကမှာ ချစ်လို့ရတဲ့အရာတွေကို ချစ်ခင်နှစ်သက်မယ်။ နှလုံးသားထဲ ချစ်ခြင်းမေတ္တာရှိတဲ့ မိန်းကလေးတစ်ယောက်ဟာ ဘယ်လောက်ပဲ ရုပ်ဆိုးနေပါစေ။ သူ့မျက်ဝန်းထဲကနေ နွေးထွေး၊ ကြင်နာတဲ့ အရိပ်တွေကို တွေ့နိုင်တယ်။ လင်းလက်တဲ့အပြုံးကို တွေ့မြင်နိုင်တယ်။

မိန်းမကောင်းဆိုတာ စားပွဲပေါ်မှာ အလှထားတဲ့ ပန်းအိုးမဟုတ်ဘူး။ သူတစ်ပါး တန်ဆာဆင်မှ လှပတာမဟုတ်ဘူး။ မိန်းမကောင်းဆိုတာ ကိုယ့်ကိုယ်ကို လေးစားမှုရှိတယ်။ ပျော့ညံ့သူမဟုတ်ဘူး။ ယောကျ်ားတွေကို မှီခိုသူမဟုတ်ဘူး။ ဘုရားသခင်က အာဒံကို ဖန်ဆင်းခဲ့တယ်။ ဧဝကိုလည်း ဖန်ဆင်းခဲ့တာဟာ ယောကျ်ားသားတွေနဲ့အတူ ဒီလောကကို ကူညီထမ်းပိုးဖို့ဖြစ်တယ်။ မိန်းကလေးတိုင်း ထူးချွန်ထက်မြက်မှာ မဟုတ်ဘူး။ ထင်ရှားမှာမဟုတ်ဘူး။ ဒါပေမယ့် ရိုးရှင်းတဲ့ဘဝမှာ သမီးက သမီးဝတ္တရား၊ မယားက မယားဝတ္တရား၊ မိခင်က မိခင်ဝတ္တရားနဲ့ ကိုယ့်ဝတ္တရားကို အတတ်နိုင်ဆုံး၊ အကောင်းဆုံး ကျေကျေပွန်ပွန်ဆောင်ရွက်ပြီး နားလည်မှုနဲ့ လေးစားမှုကို အောင်နိုင်ရယူသူတွေဖြစ်တယ်။





မွေးဖွားရာဒေသကို ကျွန်မတို့ ရွေးချယ်ခွင့်မရှိခဲ့ဘူး။ မွေးရာပါ ရုပ်ရည်လှပဖို့လည်း ကျွန်မတို့ မစွမ်းသာခဲ့ဘူး။ ဆင်းရဲသားမိသားစု၊ ချမ်းသာတဲ့မိသားစုမှာ မွေးဖွားနိုင်ဖို့လည်း ကျွန်မတို့ ရွေးချယ်ခွင့်မရှိခဲ့ဘူး။ ဒါပေမယ့် ရုပ်ရည်မလှပလို့၊ မချမ်းသာလို့၊ ကျွန်မတို့ သိမ်ငယ်စရာမလိုဘူး။ စိတ်လှဖို့ကိုတော့ ကျွန်မတို့ကိုယ်တိုင် ဖမ်းဆုပ်နိုင်ပါတယ်။

တကယ့်မိန်းမချော၊ မိန်းမလှဆိုတာ ပိန်တာ၊ ဝတာနဲ့ မဆိုင်ဘူး။ မျက်နှာပေါက်လှတယ်၊ မလှဘူးနဲ့ မဆိုင်ဘူး။ သဘာဝနဲ့ ဆိုင်တယ်။ ဆွဲဆောင်နိုင်တဲ့အရည်အချင်းနဲ့ ပိုဆိုင်တယ်။ ပြင်ပအလှဖြစ်တဲ့ ရုပ်ဆိုးတယ်၊ ဝတယ်၊ပိန်တယ်ဆိုတာကို ပြောင်းလဲဖို့ခက်ပေမယ့်တကယ့်စိတ်ထဲကဖြစ်လာတဲ့ နှစ်လိုဖွယ်အလှကိုတော့ လူတိုင်း လုပ်နိုင်တယ်။ ကျင့်ကြံနိုင်ပါတယ်။

(၁) မနာလိုစိတ်မရှိတဲ့ မိန်းကလေးတွေဟာ အေးဆေးတည်ငြိမ်တယ်။ မျက်နှာက လမင်းလို ကြည်လင်ဝင်းပတယ်။

(၂) အမုန်းရန်ငြိုးမရှိတဲ့ မိန်းကလေးတွေဟာ နူးညံ့သိမ်မွေ့တယ်။ မျက်ဝန်းထဲမှာ စစ်မှန်တဲ့ရိုးသားမှုတွေ ရှိတယ်။

(၃) စကားပြော ညင်သာပျော့ပျောင်းပြီး စကားကြမ်းမပြောတဲ့ မိန်းကလေးတွေဟာ ပန်းလေးတစ်ပွင့်နဲ့ တူတယ်။ နူးယှသူ့ရဲ့လက်ကို ရနံ့တွေနဲ့ မွှေးကြိုင်စေတယ်။

(၄) ရမ္မက်လောဘကင်းရှင်းတဲ့ မိန်းကလေးတွေဟာ မြင့်မြတ်တဲ့ရုပ်ကို ဆောင်တယ်။ ရည်မွန်ကျော့ရှင်းတယ်။

(၅) စိတ်ကြီးမဝင်တဲ့ မိန်းကလေးတွေဟာ ရိုးသားစစ်မှန်တယ်။ စိမ့်စမ်းရေလို အေးမြတယ်။

(၆) သက်ရှိတွေအပေါ် ချစ်ခင်နှစ်သက်တဲ့ မိန်းကလေးတွေဟာ တန်းတူမေတ္တာနဲ့ ပေးဆပ်တဲ့မိခင်လို မေတ္တာရောင်ခြည်မျိုး ထွန်းတောက်တယ်။ ညှာတာကြင်နာတယ်။

(၇) အလိုမကြီး၊ မငြီးတွားတဲ့ မိန်းကလေးတွေဟာ ကြည်လင်ပြီး စိတ်ရောကိုယ်ပါ ကျန်းမာတယ်။

(၈) အာရုံစိုက်ပြီး လုပ်တတ်တဲ့ စိတ်ရိုးရှင်းတဲ့မိန်းကလေးတွေဟာ အသားအရည်ဝင်းပပြီး တည်ကြည်တယ်။ လရဲ့အလင်းတန်းလို ကြည်လင်ပြီး ဆွဲဆောင်မှုနဲ့ပြည့်လို့နေပါတယ်။

မိန်းကလေးတိုင်း မွေးရာပါရုပ်ရည်မလှပချင်နေပါစေ၊ ဘဝကိုတော့ လှလှပပ ရှင်သန်နေထိုင်သင့်တယ်။

မူရင်း - http://blog.udn.com/asddsa/4374277

* * *

# လမ်းခွဲရှင်းတမ်း

'ရှင်ဟာလည်း အခမဲ့မို့ ရှင့်ကိုလည်း ကျွန်မ ယူဆောင်သွားရလိမ့်မယ် ...'

တစ်ညနေမှာ လင်မယားနှစ်ယောက် လမ်းခွဲပြတ်စဲကြဖို့ ဆွေးနွေးနေကြတယ်။ မိန်းမဖြစ်သူက နီရဲတဲ့မျက်လုံးတစ်စုံနဲ့ လင်ယောကျ်ားကို တစ်ချက်ကြည့်ပြီး လမ်းခွဲရှင်းတမ်းတွေ ရေးနေခဲ့တယ်။

တာအုပ်စင် --- ကျွန်မဝယ်ထားတဲ့အရာ
မှန်ဘောင် --- ကျွန်မဝယ်ထားတဲ့အရာ
တိုင်ကပ်နာရီ --- ကျွန်မဝယ်ထားတဲ့အရာ
ကုလားထိုင် --- ကျွန်မဝယ်ထားတဲ့အရာ

အထက်ကအရာအားလုံး ကျွန်မ ဝယ်ထားတဲ့အတွက် ကျွန်မ ယူဆောင်သွားပါမယ်။

မိန်းမရဲ့ရှင်းတမ်းကိုကြည့်ပြီး ယောကျ်ားကလည်းစာရွက်တစ်ရွက်နဲ့ ရှင်းတမ်းတွေချရေးလိုက်တယ်။

Synergy Publications

စောင် --- အခမဲ့
အကျီစင် --- အခမဲ့
မာတ်ပူး --- အခမဲ့
တယ်လီဖုန်း --- အခမဲ့
တအိတ်နှစ်ရာ --- အခမဲ့
အကြိမ်ပေါင်းများစွာကြိုပို့ --- အခမဲ့
ဂရုစိုက်မှု၊ ကြင်နာမှု၊ စောင့်ကြို့မှု --- အခမဲ့
ရှော့ပင်းကြိုပို့ --- အခမဲ့

အထက်ကအရာအားလုံးဟာ အခမဲ့ဖြစ်တာကြောင့် တပါတည်း ယူဆောင်နိုင်ပါတယ်။ နောက်ပြီး...

အကျီပန်းစည်းအားလုံး အခမဲ့။ သင့်အတွက် စိုးရိမ်ကြောင့်ကြမှု၊ သင် စိတ်ချမ်းသာပျော်ရွှင်မှုအားလုံးဟာလည်း အခမဲ့ပါ။ အထက်ကအရာအားလုံးပေါင်းပြီး သင့်ကိုချစ်ခဲ့တဲ့ အချစ်စစ်ဟာလည်း အခမဲ့ပါပဲ။

ယောကျ်ားရဲ့ရှင်းတမ်းကိုကြည့်ပြီး သုတ်သိမ်းလိုက်တဲ့ မျက်ရည်တွေ မိန်းမရဲ့ပါးပြင်ပေါ် စီးကျလာပြန်တယ်။ နှုတ်ဆိတ်ခေါင်းညိတ်ရာက မျက်နှာမော့ပြီး ယောကျ်ားဖြစ်သူကို ခပ်စူးစူးတစ်ချက် သူကြည့်လိုက်တယ်။ ပြီးနောက် "အထက်က အရာတွေအားလုံး ကျွန်မ ယူဆောင်သွားမှာပါ။ ရှင်ဟာလည်း အခမဲ့မို့ ရှင့်ကိုလည်း ကျွန်မ ယူဆောင်သွားရလိမ့်မယ်"

စကားအဆုံးမှာ ယောကျ်ားဖြစ်သူက မိန်းမကို ရင်ခွင်ထက် တင်းတင်းလေးဆွဲဖေ့ပြီး နားနားကပ်ပြောလိုက်တယ်။

"မောင့်ကို တစ်ပါတည်း ယူဆောင်သွားပါဟန်နီ"

ရေးသားသူ- "Lao Hu"

* * *

# အိမ်ထောင်ရေး (၃) မျိုး

'အိမ်ထောင်ရေးနွေးထွေးတာနဲ့ အိမ်ထောင်ရေး
တည်မြဲပြီလို့ ယူဆလို့မရနိုင်သေးဘူး...'

အိမ်ထောင်ရေး (၃) မျိုးရှိတယ်။

| | |
|---|---|
| ပထမအိမ်ထောင်ရေး | ကိုယ်ချစ်တဲ့လူနဲ့ လက်ထပ်တာဖြစ်တယ်။ |
| ဒုတိယအိမ်ထောင်ရေး | ကိုယ်ချစ်တဲ့လူရဲ့ အကျင့်နဲ့ လက်ထပ်တာဖြစ်တယ်။ |
| တတိယအိမ်ထောင်ရေး | ကိုယ်ချစ်တဲ့လူရဲ့အကျင့်၊ သူ့ရဲ့ဘက်ဂရောင်း (ဆွေမျိုးသားချင်း)နဲ့လက်ထပ်တာဖြစ်တယ်။ |

ပထမအမျိုးအစားနဲ့ လက်ထပ်တဲ့ ဇနီးမောင်နှံရဲ့ အိမ်ထောင်ရေးက တည်မြဲတဲ့အဆင့်မှာ ရှိတယ်။ ဒုတိယအမျိုးအစားနဲ့ လက်ထပ်တဲ့ဇနီးမောင်နှံရဲ့ အိမ်ထောင်ရေးက ပိုတည်မြဲတဲ့အဆင့်မှာ ရှိတယ်။ တတိယအမျိုးအစားနဲ့

လက်ထပ်တဲ့ဇနီးမောင်နှံရဲ့အိမ်ထောင်ရေးက ကွာရှင်းတဲ့လမ်း မမြင်ခဲ့ဘူး။

ဒီလောကကြီးမှာ ဆုံဖြူသွားကျိုးတဲ့အထိ ချစ်နိုင်ကြတဲ့လူတွေဟာ အခြေခံအားဖြင့် ဘဝမှာ (၃)ကြိမ် လက် ထပ်ကြရတယ်။

ပထမအကြိမ်က စာသင်ဆောင်ဆိုင်မှာ၊ ဆိုင်ကြီးကနားမှာ မိသားစု၊ သူငယ်ချင်းအပေါင်းအသင်းတွေရဲ့ ဆုမွန်ကောင်းတွေကြားမှာ ကိုယ်ချစ်တဲ့သူနဲ့ လက်ထပ်တာဖြစ်တယ်။

ဒုတိယအကြိမ်က အိမ်မှာလက်ထပ်တာဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦး သဘာဇာတဖြစ်အောင် တစ်ဖက်သားရဲ့အကျင့်နဲ့ လက်ထပ်တာဖြစ်တယ်။

တတိယအကြိမ်က အမျိုးတွေကြားမှာ လက်ထပ်တာဖြစ်တယ်။ တစ်ဖက်သားရဲ့ ဆွေမျိုးသားချင်းတွေနဲ့ သင့်မြတ်အောင် လက်ထပ်တာဖြစ်တယ်။

ဒုတိယအကြိမ်နဲ့ တတိယအကြိမ်လက်ထပ်တာက ပထမအကြိမ်နဲ့ လုံးဝကွဲပြားတယ်။ အဲဒီလက်ထပ်ပွဲတွေမှာ ခမ်းနားတဲ့ မင်္ဂလာအဆောင်အယောင်တွေ မပါသလို၊ သူငယ်ချင်းမိတ်ဆွေတွေရဲ့ ဆုမွန်ကောင်းတွေ မပါခဲ့ဘူး။ အခမ်းအနားမှာ နှစ်ဦးသားရဲ့နားလည်မှုပဲရှိခဲ့တယ်။

တကယ်လက်ထပ်တယ်ဆိုတာက နောက်ဆုံးနှစ်ကြိမ်နဲ့ ပိုဆိုင်ပါတယ်။

အခုခေတ်လူအများရဲ့ အိမ်ထောင်ရေးက လက်ထပ်ပြီး နှစ်တိုတိုအတွင်းမှာ ကွာရှင်းကြတယ်။ ကွာရှင်းကြတဲ့အကြောင်းရင်းကို ဆန်းစစ်ကြည့်ရင် ကိုယ်လက်ထပ်ခဲ့တဲ့ ပထမအကြိမ်ကို ဒုတိယအကြိမ်ထိ အရောက်မတွန်းပို့နိုင်ခဲ့လို့ဖြစ်တယ်။





အားလုံးသိကြတဲ့အတိုင်း ရေနွေးဆူဆူက ပိုးမွှားတွေကို သတ်ပစ်နိုင်သလို အချိန်မြင့်တဲ့ အချစ်ဒီဂရီက ချစ်သူရဲ့အားနည်းချက်နဲ့ မပြည့်စုံမှုကို ဖျက်ကွယ်ပြုနိုင်တယ်။

ချစ်နေတဲ့အချိန်မှာ မမြင်ခဲ့မိတဲ့ အားနည်းချက်၊ မပြည့်စုံမှုတွေက လက်ထပ်ထိမ်းမြားခြင်းဆိုတဲ့ မပူ၊ မအေးတဲ့ရေထဲ ရောက်သွားတဲ့အခါ အဲဒီအားနည်းချက်နဲ့ မပြည့်စုံမှုတွေက ပိုးမွှားတွေလို ပြန်ရှင်သန်လာတတ်တယ်။

ဒီလိုအချိန်မျိုးမှာ ဒုတိယအကြိမ် လက်ထပ်ခြင်းကို ကိုယ်ရွေးချယ်သင့်ပါတယ်။ သူ့အကျင့်နဲ့ လက်ထပ်မယ်။ သူ့ရဲ့အားနည်းချက်နဲ့ မပြည့်စုံချင်းတွေကို နားလည်ခွင့်လွှတ်ပေးမယ်၊ ဒီလိုမှမဟုတ်ရင် အိမ်ထောင်ရေးက အမြစ်ပါသွားတဲ့သစ်ပင်လို တဖြည်းဖြည်း ကျုံ့ဝင်ခြောက်ကပ်သွားနိုင်တယ်။

အရမ်းချစ်ပြီး ယူထားကြသူနှစ်ဦးက နှစ်တိုတိုလေးအတွင်းမှာ ကွာရှင်းကြတာဟာလည်း ဒုတိယအကြိမ် လက်ထပ်ခြင်းဆီ အရောက်မသွားနိုင်ခဲ့လို့ဖြစ်တယ်။

ဒုတိယအကြိမ် လက်ထပ်ခြင်းထဲ ဝင်ရောက်နိုင်သူနှစ်ဦးက "ကွာရှင်းမယ်" ဆိုတဲ့စကားကို အပြောနည်းသွားတတ်တယ်။ သူတို့ရဲ့စိတ်ထဲမှာတစ်ဖက်သားရဲ့အကျင့်စရိုက်နဲ့ မပြည့်စုံမှုတွေကို နားလည်လက်ခံထားလို့ဖြစ်တယ်။ တစ်ခါတလေ တစ်ဖက်သားရဲ့ ဒီလိုမပြည့်စုံမှုက ကိုယ့်ကိုယ်ကို ဂရုစိုက်မှုအသွင် ပြောင်းစေခဲ့လို့ဖြစ်တယ်။

ဒီလိုအချိန်မျိုးမှာ အိမ်ထောင်ရေးက ချိုမြိန်နွေးထွေးနေပြီး အချင်းချင်း နားလည်ခွင့်လွှတ်ခြင်းတွေနဲ့ ပြည့်နေပါလိမ့်မယ်။

အိမ်ထောင်ရေးနွေးထွေးတာနဲ့ အိမ်ထောင်ရေးတည်မြဲပြီလို့ ယူဆလို့ မရနိုင်သေးဘူး။ အိမ်ထောင်ရေးတည်မြဲဖို့ တတိယအကြိမ်လက်ထပ်ခြင်း

ကို အရောက်တက်လှမ်းနိုင်ဦးမယ်။ အဲဒါက တစ်ဖက်သားရဲ့ဆွေမျိုးသားချင်းနဲ့ လက်ထပ်တာပဲဖြစ်တယ်။

တစ်နည်းပြောရရင် သူ့အ[illegible]တွေးတဲ့ ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာတွေ သူ့မိဘ၊သူ့ဆွေမျိုးသားချင်းဆီ အရောက်ဖြန့်ကျက်နိုင်ဖို့ဖြစ်တယ်။ ဒီလိုချစ်ခြင်းမေတ္တာမျိုးမှာ အိမ်ထောင်ရေးအတွက် အသိဉာဏ်တွေကို ပေးတယ်။

ကိုယ့်ရဲ့တစ်ခြမ်းကို ကိုယ်ပဲပိုင်ဆိုင်တာ မဟုတ်ပါဘူး။ သူ့ကို သူ့မိဘ၊ သူ့ဆွေမျိုးသားချင်းတွေလည်း ပိုင်ဆိုင်ပါတယ်။ ပြီးတော့ သူ့ကိုယ်သူ ပိုင်ဆိုင်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ အိမ်ထောင်ရေးက တည်မြဲပြီး ခွဲချင်တယ်ဆိုရင်တောင် အလွယ်တကူ မခွဲနိုင်တော့ပါဘူး။

ချစ်ခြင်းလောကမှာ ယောကျ်ားအများစုက အိမ်ထောင်ရေးဆိုတာ မိန်းမတစ်ယောက်ကို လက်ထပ်ယူလိုက်တာပဲလို့ ထင်မှတ်ကြတယ်။ အဲဒီမိန်းကလေးရဲ့လိုအင်နဲ့ သူ့ရဲ့ နောက်ခံဘက်ဂရောင်းကို လျစ်လျူရှုထားတတ်ကြတယ်။

မိန်းကလေးအများစုကလည်း အိမ်ထောင်ရေးဆိုတာ ယောကျ်ားတစ်ယောက်ကို လက်ထပ်တာလောက်ပဲသိခဲ့ပြီး အဲဒီယောကျ်ားရဲ့ အကျင့်စရိုက်နဲ့ သူ့ရဲ့နောက်ခံဘက်ဂရောင်း ဆွေမျိုးသားချင်းတွေနဲ့လည်း လက်ထပ်ရမယ်ဆိုတာကို မသိနားမလည်ခဲ့ဘူး။

ဒီလို မသိနားမလည်ခြင်းကြောင့် အခုခေတ်မှာ အိမ်ထောင်ပြိုကွဲသူတွေ ပိုများလာတာကို တွေ့ကြရတယ်။

မူရင်း - Liu Yanmin

* * *

# ယောကျ်ားတွေကို ကျဆုံးစေသော

'မိဘတွေရှေ့မျက်နှာလုပ်ပြီး ကျွန်မကိုသာ 'တစ်' နေရာမှာထားကြောင်း ...'

ယောကျ်ားနဲ့မိန်းမ အတူပေါင်းသင်းတာက ခက်ခဲတဲ့အလုပ်ဖြစ်သလို အနုပညာတစ်မျိုးဆိုလည်း ဟုတ်ပါတယ်။ ဒီလိုပေါင်းသင်းရာမှာ ကိုယ့်ဘက်က တစ်ခုခုချွတ်ယွင်းတာပဲဖြစ်ဖြစ် သူ့ဘက်က တစ်ခုခုချွတ်ယွင်းတာပဲဖြစ်ဖြစ် မလိုအပ်တဲ့ အတိုက်အခိုက်တွေ ပေါ်လာနိုင်ပါတယ်။ တစ်ခါတလေ မိန်းကလေးတစ်ယောက်ရဲ့ မျက်စောင်းတစ်ချက်၊ အပြုအမူတချို့က ယောကျ်ားတွေကို အံကြိတ်စေနိုင်ခဲ့တယ်။ သင့်ရဲ့ အိမ်ကြီးရှင်မမှာ အောက်က ယေဘုယျအချက်တွေ ရှိပါသလား။

(၁) ချိန်းတွေ့ချိန် တမင်နောက်ကျခြင်း

"ချိန်းတွေ့ချိန် နောက်ကျခြင်းအနုပညာ" ကို ဘယ်အချိန်ကစပြီး မိန်းကလေးတွေ နှစ်သက်ခဲ့မှန်း မသိပါဘူး။ ယောကျ်ားလေးရဲ့ စိတ်ရှည်သည်းခံနိုင်မှုအပေါ်လိုက်ပြီး ချိန်းထားချိန်နဲ့ (၅)မိနစ်၊ (၁၀)မိနစ်ထိ တချို့ကဒီ့ထက်ပိုနောက်ကျတတ်ကြပြီး ကိုယ့်အပေါ်ထားတဲ့ ယောကျ်ားလေးရဲ့ ခံစားချက်ကို စမ်းသပ်ခဲ့ကြတယ်။ စိုးရိမ်တဲ့အထိ၊ စိတ်ပူတဲ့အထိ ပြီးတော့ စိတ်တိုတဲ့အထိ စောင့်နိုင်းစေပြီး "နောက်တစ်ကြိမ် ဒီလိုမဖြစ်စေနဲ့"လို့ ကိုယ့်ကို လေသံမာနဲ့အော်ငေါက်ခဲ့ရင် နောက်တစ်ကြိမ် ချိန်းတဲ့အခါ မသွားဘဲ နေလိုက်တတ်ကြတယ်။ ဒါပေမယ့် ယောကျ်ားလေးအများစုက အောင့်အီးသည်းခံပြီး အပြုံးမျက်နှာနဲ့ "ကိစ္စမရှိဘူး၊ ကိုယ်လည်း အခုမှရောက်တယ်"လို့ ပြောတတ်ကြတယ်။ တကယ်တော့ စောင့်နေရင်းက ဆေးလိပ်တစ်ထုပ်ကို စိတ်တိုတိုနဲ့ အားရပါးရ သူ့ သောက်ခဲ့ပြီးဖြစ်တယ်။

(၂) တကယ်လို့ ကျွန်မနဲ့ ရှင့်မေမေ ချောင်းထဲကျသွားရင် ရှင် ဘယ်သူ့ကို အရင်ကယ်မှာလဲ။

ဒါဟာ ရှေးအရမ်းကျတဲ့ ခပ်တုံးတုံးရွေးချယ်မှု ပုစ္ဆာတစ်ပုဒ်ဖြစ်တယ်။ ဒီပုစ္ဆာက လူမဆန်တဲ့အပြင် စိတ်ကြည်နူးစရာလည်း မကောင်းပါဘူး။ ယောကျ်ားလေးအတွက် အင်မတန်ရက်စက်တဲ့၊ ရှေ့မတိုး နောက်မဆုတ်သာတဲ့ ရွေးချယ်မှုဖြစ်တယ်။ ဒါဟာ ယောကျ်ားလေးကို ချောက်ထဲတွန်းချတာနဲ့ မခြားပါဘူး။





(၃) "ကျွန်မကို ချစ်လား" "ဘယ်လောက်ထိ ချစ်လဲ"

ဒီလိုအမေးတွေကို တစ်နေ့ (၈) ကြိမ်မြောက်မေးရလည်း မိန်းကလေးတွေက မငြီးငွေ့တတ်ကြဘူး။ တကယ်လို့ ယောကျ်ားလေးသာ စိတ်မရှည်ဘဲ မဖြေခဲ့မိရင် ငါ့ကို အလေးမထားဘူး၊ ဂရုမစိုက်ဘူးဆိုပြီး ယောကျ်ားလေးဆီကနေ ကတိ၊ သစ္စာတွေကို တောင်းခံတတ်တယ်။ မိန်းကလေးတွေ ထက်စာရင်ယောကျ်ားလေးတွေရဲ့ဦးနှောက်ခံစားချက်နဲ့ ပြောဆိုဆက်ဆံရေးက သိပ်ဆက်သွယ်မထားဘူး။ ဒါကြောင့် "နင့်ကို ငါ ချစ်တယ်" ဆိုတဲ့စကားကို သူတို့ အလွယ်တကူ မပြောတတ်ကြဘူး။ ဒီလိုအချိန်မှာ ယောကျ်ားလေးတွေက သူတို့ခံစားချက်ကို ထုတ်ဖော်တာမျိုးမဟုတ်ဘဲ ကိစ္စတစ်ခုကို ဖြေရှင်းနေတာမျိုး ဖြစ်သွားတတ်တယ်။

(၄) ငိုတယ်၊ ရစ်တယ်၊ ပြီးရင် လမ်းခွဲမယ်

ငိုတာကို လက်ခံနိုင်ပါတယ်၊ ငိုတယ်ဆိုတာ မိန်းမသားတွေရဲ့မူပိုင်မို့ လှပပါတယ်။ ရစ်တာက ခေါင်းခြောက်စရာဆိုပေမယ့် ချစ်စရာကောင်းတဲ့အချိန်လည်း ရှိပါတယ်။ ဒါပေမယ့် "လမ်းခွဲမယ်" ဆိုတဲ့စကားက အကျည်းတန်ဆုံးဖြစ်တယ်။ မိန်းကလေးတချို့က မားထက်ထက်သွေးပြီး အစိမ်းသက်သက် ခုတ်ဖြတ်မယ်ပုံစံနဲ့ "အတုသရုပ်ဆောင်"ပြီး ယောကျ်ားလေးကို ခြိမ်းခြောက်တတ်ကြတယ်။ အဲဒီလိုအချိန်မှာ မိန်းကလေးတွေပေးတဲ့ စိတ်ဖိအားကို မခံနိုင်တဲ့ တချို့ယောကျ်ားလေးတွေက တကယ်လမ်းခွဲလိုက်တတ်တယ်။

(၅) "Shakira ကို ကြိုက်လား"

မိန်းကလေးတချို့က ဒီလိုအမေးမျိုးမေးပြီး ယောကျ်ားလေးဖြေ

မယ့်အဖြေကို စိတ်ဝင်တစားနဲ့ စောင့်နေတတ်တယ်။ တကယ်တော့ အများအားဖြင့် မိန်းကလေးတွေက ယောကျ်ားလေးတွေဆီက "ပြီးပြည့်စုံတဲ့အဖြေ" ကိုပဲ ကြားချင်ပြီး "တကယ့်ရင်ထဲကလာတဲ့အဖြေ" ကို ကြားချင်ခဲ့တာမဟုတ်ဘူး။ ဒီလိုအမေးက ယောကျ်ားလေးတွေကို အဖြေရကျပ်စေတယ်။ တခြားမိန်းကလေးတွေကို မကြည့်ရှု၊ မခံစားတတ်တဲ့ယောကျ်ားလေးဆိုတာ မရှိပါဘူး။ ယောကျ်ားအများစုက မိန်းကလေးတွေကို ငေးမောပြီး စိတ်ကူးယဉ်တတ်ကြတယ်။ ဒီသဘောကို နားလည်ခဲ့ရင် ကျားတစ်ကောင်ကို အတင်းအဓမ္မ ကြောင်လုပ်ခိုင်းပြီး ကြွက်ဖမ်းခိုင်းမနေသင့်တော့ပါဘူး။

(၆) သူငယ်ချင်းက အရေးကြီးတာလား၊ ကျွန်မက အရေးကြီးတာလား

ချစ်သူရှိပြီဟေ့ဆိုတာနဲ့ ယောကျ်ားလေးတွေမှာ လွတ်လပ်မှုတွေ ဆုံးရှုံးကုန်တယ်။ တကယ်လို့ သူငယ်ချင်းတချို့နဲ့ တွေ့ဆုံပျော်ပါးပြီး ချစ်သူကောင်မလေးအိမ်ကို မီးချောင်းလဲဖို့ နောက်ကျခဲ့ရင် ဒါဟာ မီးတောင်ပေါက်ကွဲတာထက် ပိုပြင်းထန်တဲ့ကိစ္စတစ်ရပ် ဖြစ်နိုင်ခဲ့တယ်။ မိဘတွေရှေ့ မျက်နှာလုပ်ပြီး ကျွန်မကိုသာ "တစ်" နေရာမှာထားကြောင်း သူ ပြချင်သလိုဖြစ်တယ်။ တကယ်တော့ ကိုယ့်ကို သူ အလေးပေးသလို သူ့မှာလည်း သူငယ်ချင်းတွေလိုကြောင်း မိန်းကလေးတွေ သိထားသင့်ပါတယ်။ သူ့ကို သီးသန့်ခွဲပြီး မိတ်ဆွေသူငယ်ချင်းတွေနဲ့ ခွဲထားခဲ့ရင် သူ့အတွက် အိမ်ထောင်ဆိုတာ ထောင်နဲ့ မခြားတော့ပါဘူး။

(၇) စိန်လက်စွပ်မှ

တချို့မိန်းကလေးက ကြွားဝါပြိုင်ဆိုင်လိုစိတ် ပြင်းကြတယ်။ လက်





ထပ်ချိန် သူ့ဘက်က အဆင်ပြေ၊ မပြေမသိဘဲ "စိန်လက်စွပ်" မပါရင် မရဘူးဆိုပြီး ယောကျ်ားလေးတွေကို ဖိအားပေးတတ်တယ်။ လက်မထပ်မီ စိုးရိမ်ကြောင့်ကြစိတ်က ယောကျ်ားလေးတွေကို အဝေးထွက်ပြေးချင်စိတ် ဖြစ်စေတတ်ပါတယ်။ တကယ်တော့ အချစ်ကို ဂုဏ်ပကာသနတွေနဲ့ ဝင့်ကြွားသက်သေပြစရာ မလိုပါဘူး။ မှီနိုင်တဲ့ယောကျ်ား၊ ပွေ့ဖက်နိုင်တဲ့ယောကျ်ား ဖြစ်ဖို့ပဲ လိုပါတယ်။

(၈) လူပုံအလယ်မှာ သွန်သင်ပြီး စားပွဲခုံအောက်ကနေ ခြေထိုးတတ်သူ

ယောကျ်ားလေးတွေက မျက်နှာသာပေးတာကို လိုချင်ကြတယ်။ ဖနီးချောလေး ပိုင်ဆိုင်ထားတယ်လို့ သတင်းမွှေးပြီး လူပုံအလယ်မှာ အဲဒီဖနီးချောရဲ့ အဆုံးအမကို ခံရမှာ ယောကျ်ားလေးတွေ အကြောက်ဆုံးဖြစ်တယ်။ ဒါဟာ သူတို့ရဲ့ အရှိက်ကိုထိစေပြီး မယားကြောက်လို့ အရှက်ရစေပါတယ်။ မယားကြောက်သူတစ်ယောက်မှာ ဘာလေးစားမှု၊ ဘာဂုဏ်ယူစရာတွေ ရှိနိုင်ဦးမလဲ။

(၉) ယောက္ခမကို မျက်နှာသေပြသူ

ယောကျ်ားလေးတွေ အကြောက်ဆုံးက ယောက္ခမနဲ့ ချွေးမ မတည့်တာဘဲဖြစ်တယ်။ မိန်းမသားနှစ်ယောက်ရဲ့ စစ်ပွဲမှာ နောက်ဆုံးဗုံးထိခံရသူက သူပဲဖြစ်ခဲ့လို့ဖြစ်တယ်။ ယောက္ခမနဲ့ချွေးမ မတည့်ခဲ့ရင် ပြဿနာတွေက အလိုလိုနေရင်း ပေါ်နေတတ်တယ်။ ဒီလိုအခြေအနေမျိုးမှာ ယောကျ်ားလေးက ငရဲရောက်နေတတ်တယ်။

(၁၀) ဖုန်းစစ်ဆေးသူ၊ အိတ်ကပ်နှိုက်သူ

ယောကျ်ားလေးရဲ့ဖုန်းကို စစ်တတ်သူက သူ့ရဲ့ "နေ့စဉ်ဘဝကို" သတိထားသူဖြစ်ပြီး အိတ်ကပ်နှိုက်သူက သူ့ရဲ့ "ငွေဝင်ငွေထွက်" ကို စစ်ဆေးသူဖြစ်တယ်။ တစ်နေရာမှာ "ဘက်" အသေးစားရှိနေမလား။ ထိန်ချန်ပြီး စာရင်းပြသလား။ ဝင်ငွေကို လျှော့ပြသလား စတဲ့ "မယုံကြည်မှု" တွေကြောင့် ဖြစ်တယ်။ ဒီလိုမိသားစုမှာ ဦးဆောင်ရတဲ့ ယောကျ်ားပေါ့က တကယ်ပဲ ဖိအားများပြီး ပင်ပန်းရပါတယ်။ အများတွေ အလွယ်တကူလုပ်မိတတ်ပါတယ်။

(၁၁) ဘေးအိမ်က ကားအသစ်လဲပြီတဲ့

မိန်းကလေးတွေရဲ့ ဒီလို လိုချင်တပ်မက်မှုတွေက ယောကျ်ားတစ်ယောက်ကို ဦးနှောက်ခြောက်စေသလို သိမ်ငယ်စိတ်တွေ ဝင်စေပါတယ်။ ကိုယ့်တပ်မက်စိတ်ရဲ့ ဖိအားကြောင့် ယောကျ်ားတချို့က သည်းမခံနိုင်ဘဲ "ဘေးအိမ်ကမိန်းမ အသစ်လဲပြီ" တဲ့လို့ ပြောထွက်တတ်ပါတယ်။ ဒီလိုအချိန်မျိုးမှာ မိန်းမက သူ့ဝင်ငွေနည်းတာကို လှောင်ပြောင်ပြီး သူ့ဝင်ငွေနဲ့ မိသားစုတန်ဖိုးကို ပိုင်းဖြတ်လိုက်တယ်လို့ သူ ထင်တတ်ပါတယ်။ ဒါဟာ သူ့ရဲ့ အသုံးမကျမှုကို မထေမဲ့မြင်လုပ်နေတာနဲ့ အတူတူပဲဖြစ်တယ်။

မိသားစုတာဝန်၊ အိမ်ထောင့်တာဝန်တွေနဲ့ ဖိအားများလွန်းပေမယ့် ယောကျ်ားတွေက အလွယ်တကူ မညည်းညူတတ်ကြဘူး။ ဆင်းရဲပင်ပန်းပေမယ့် မျက်နှာက အလွယ်တကူ မညှိုးကျတတ်ဘူး။ သူတို့ရဲ့ အကြောတစ်ချောင်း ဆွဲနှုတ်လိုက်တာတောင်မှ ယောကျ်ားတွေက ကြံ့ကြံ့ခံဟန်ဆောင်နိုင်ကြတယ်။ ဒါပေမယ့် ကိုယ်ချစ်တဲ့မိန်းမတစ်ယောက်ရဲ့ စကားတစ်ခွန်း၊





အပြုအမူတစ်ခု၊ မတော်တဆ ထိခိုက်နာကျင်မှုတစ်ခုက သူတို့ဘဝကို ဆုံးရှုံးစေနိုင်ခဲ့တယ်။ ယောကျ်ားတွေထက် မိန်းမတွေ ပိုအသက်ရှည်တာက ဒီသဘောတရားပဲဖြစ်တယ်။ မိန်းမပြတ်တစ်ယောက်က ယောကျ်ားတစ်ယောက်ကို ထွက်လမ်းလေး ပေးသင့်ပါတယ်။ တကယ်တော့ ယောကျ်ားတွေက မိန်းမတွေရဲ့ဂရုစိုက်မှုကို ပိုလိုအပ်ခဲ့ကြတယ်။

တကယ်တော့ မူရင်းမှာ (၁၅)ချက်ပါပါတယ်။ (ပါးစပ်)ဆင်ဆာမလွတ်မှာစိုးလို့ တချို့အချက်ကို ကျွန်မ ချန်ခဲ့ပါတယ်။

မူရင်း - http://lady.people.com.cn

* * *

# အိမ်ထောင်ရေးမည်သောဖိနပ်တစ်စုံ

'ငွေမက်တဲ့အိမ်ထောင်ရေးက နိုင်ငံခြားကလာတဲ့
ထိပ်ချွန်ဒီဇိုင်းဆန်းတဲ့ဖိနပ်မျိုးနဲ့ တူတယ် ...'

ဖိနပ်ကို အမျိုးမျိုးသော ဝတ္ထုပစ္စည်းတွေနဲ့ လုပ်ကြတယ်။ အလွယ်ဆုံးနဲ့ အရှင်းဆုံးဖိနပ်က ငှက်ပျောရွက်နဲ့လုပ်တာဖြစ်နိုင်သလို တန်ဖိုးအကြီးဆုံးနဲ့ အရှုပါးဆုံးက စင်ဒရဲလားရဲ့ လက်လက်ထနေတဲ့ ဖိနပ်လည်း ဖြစ်နိုင်တယ်။ ဘယ်လိုဖိနပ်မျိုးဖြစ်ဖြစ် အဓိကက ခြေထောက်နဲ့တော်ဖို့၊ ကိုက်ညီဖို့ဖြစ်ပြီး ဘယ်လိုအိမ်ထောင်ရေးမျိုးဖြစ်ဖြစ် အဓိကက စည်းချက်ညီဖို့နဲ့ သဘာဓာတဖြစ်ဖို့ပဲ ဖြစ်ပါတယ်။

ထက်မြက်တဲ့ယောက်ျားနဲ့ ထက်မြက်တဲ့မိန်းမတို့ရဲ့အိမ်ထောင်ရေးက နာမည်ကြီးတံဆိပ်ဖိနပ်နဲ့ တူတယ်။ လှပပြီး အဖိုးတန်သလို ကြည့်လိုက်တာနဲ့ လူကို ကြည်နူးစေတယ်။ ဒါပေမယ့် တန်ဖိုးကြီးမားပြီး လှပတာကြောင့်





ရွံ့အပေမခံဘူး။ ရွံ့နည်းနည်းပေတာနဲ့ ကြည့်ရရုပ်ဆိုးတာကြောင့် အမြဲတမ်း ဂရုတစိုက် ပြုပြင်ထိန်းသိမ်းပေးရတယ်၊ တန်ဖိုးထားရတယ်။

ငယ်ပေါင်းကြီးဖော်အိမ်ထောင်ရေးက အဝတ်စနဲ့ချုပ်ထားတဲ့ ဖိနပ်နဲ့တူတယ်။ ရိုးရှင်းပြီး တန်ဖိုးမကြီးပေမယ့် စီးလို့ကောင်းတယ်။ ကြည့်လိုက်တာနဲ့ ပေါ့ပါးပြီး သွက်လက်စေတယ်။ တခြားလူ ယူသွားမှာလည်း စိုးရိမ်စရာမလိုဘူး။ ဒါပေမယ့် စီးတဲ့အချိန် သိပ်လျှောလျှောရှူရှူ ဖြစ်မနေတတ်ဘူး။

ဆင်းရဲဒုက္ခကို အတူတကွ ဖြေရှင်းတဲ့အိမ်ထောင်ရေးက အားကစားဖိနပ်နဲ့ တူတယ်။ ပုံစံဆန်းပြီး စီးရတာလည်း သက်သောင့်သက်သာရှိတယ်။ အကောင်းဆုံးအချက်က လေဒဏ်၊ မိုးဒဏ်၊ ရွှံ့နွံဒဏ်ကိုခံရလည်း ဖိနပ်အောက်ခံ ပျက်စီးသွားတာမျိုး မရှိဘူး။ စီးလိုက်တိုင်း ခြေထောက်နဲ့ တစ်သားတည်း အံဝင်ခွင်ကျဖြစ်နေတတ်တယ်။ ဒါကြောင့် ဘယ်လိုဆူးခင်းလမ်း၊ ခရောင်းတောလမ်းပဲဖြစ်ဖြစ် ခြေထောက်ကို မပွန်းပဲ့စေဘဲ တာရှည်ခိုင်မြဲစေပါတယ်။

ရိုမန်တစ်ဆန်တဲ့ အိမ်ထောင်ရေးက အကာဖိနပ်နဲ့တူတယ်။ ပေါ့ပါး၊ တက်ကြွပြီး ကြော့ရှင်းတယ်။ ဒါပေမယ့် ပြောင်ချောတဲ့ အကခွင်ကြမ်းပြင်က ခွာတာနဲ့ ဒီလိုဖိနပ်မျိုးက စီးလို့အသုံးမဝင်တော့သလို စီးရတာလည်း ခက်သွားပါတယ်။

စီးပွားဆန်အိမ်ထောင်ရေးက အပြေးဖိနပ်နဲ့တူတယ်၊ လှမ်းတဲ့ခြေလှမ်းနောက် ထပ်ကြပ်မကွာလိုက်ပြီး စောင့်ရှောက်တယ်။ အောင်မြင်မှုတွေ ဆွတ်ခူးတယ်၊ ဒါပေမယ့် စီးပွားရေးပြေးလမ်းက ခွဲထွက်သွားတာနဲ့ စီးလို့ မကောင်းတော့ပါဘူး။

အသက်ကြီးတဲ့ယောကျ်ားနဲ့ အသက်ငယ်တဲ့မိန်းမတို့ရဲ့အိမ်ထောင်ရေးက ခုံမြင့်ဖိနပ်ဖြစ်တယ်။ ခရီးဝေးအတွက် စီးလို့မသင့်လျော်ပေမယ့် ကြည့်ရတာ ထူးခြားတယ်။

အသက်ကြီးတဲ့မိန်းမနဲ့ အသက်ငယ်တဲ့ယောကျ်ားတို့ရဲ့အိမ်ထောင်ရေးက ညအိပ်ဖိနပ်နဲ့တူတယ်။ ကြည့်ရတာ ရယ်ချင်စရာကောင်းနေပေမယ့် စီးရတာ အဆင်ပြေတယ်။ ချွတ်ရတာလည်း လွယ်ကူတယ်။ ဒီလိုဖိနပ်မျိုးကို အိမ်မှာပဲစီးရအဆင်ပြေတယ်။ အပြင်စီးထွက်ရင် လူပြောစရာဖြစ်တယ်။

ပွင့်လင်းတဲ့အိမ်ထောင်ရေးက လျှာချင်းဖိနပ် (Sandal) နဲ့တူတယ်။ ရာသီမရွေးစီးလို့ရတယ်။ ခံစားချက်တွေ ပူနွေးစေတဲ့နွေရာသီမှာ ခြေထောက်ကို အေးမြစေတဲ့ လျှာချင်းဖိနပ်ကို စီးထားနိုင်ပြီး ခံစားချက်တွေ အေးခဲတဲ့ ဆောင်းရာသီမှာ ဖိနပ်ကို ချွတ်ထားလို့ရပါတယ်။

ဖောက်ပြန်တဲ့အိမ်ထောင်ရေးက အိမ်နေစီးဖိနပ်နဲ့တူတယ်။ စီးလို့ကောင်းတယ်။ လွယ်ကူအဆင်ပြေတယ်ဆိုပေမယ့် အပြင်စီးထွက်လို့ မရဘူး။ လမ်းမကြီးပေါ် လျှောက်လို့မရဘူး။ ခရီးဝေးဝေး သွားလို့မဖြစ်ဘူး။

ငွေမက်တဲ့အိမ်ထောင်ရေးက နိုင်ငံခြားကလာတဲ့ ထိပ်ချွန်ဒီဇိုင်းဆန်းတဲ့ ဖိနပ်မျိုးနဲ့ တူတယ်။ ကြည့်ရတာ လှပပေမယ့် စီးလို့မကောင်းဘူး။ စီးလိုက်တာနဲ့ စီးရအဆင်မပြေဘဲ ခြေထောက်နာတတ်တယ်။

အတင်းအကျပ်လုပ်တဲ့ အိမ်ထောင်ရေးက သံဖိနပ်နဲ့တူတယ်။ ကြီးလေးပြီး ရှေ့ကိုလျှောက်လှမ်းဖို့ ခက်ခဲစေတယ်။ ချွတ်ပစ်လည်း ခြေကြော၊ ခြေရိုးတွေကို နာကျင်စေတယ်။ အသားတွေကို ပွန်းပဲ့စေတယ်။

အားရကျေနပ်ဖို့ကောင်းတဲ့ အိမ်ထောင်ရေးကို ရွေးချယ်တာက စီးလို့ကောင်းတဲ့ ဖိနပ်တစ်စုံကို ရွေးယူတာနဲ့တူတယ်။ အဓိကက ခြေထောက်





ရဲ့အတိုင်းအတာနဲ့ ဖိနပ်အတိုင်းအတာ ကိုက်ညီဖို့ဖြစ်တယ်။ ဘယ်လိုခြေထောက်မျိုးက ဘယ်လိုဖိနပ်မျိုးစီးရင် သင့်တော်မလဲဆိုတာ သိဖို့လိုလိမ့်မယ်။

သက်သောင့်သက်သာရှိတဲ့ဖိနပ်က ခြေထောက်ကို မပွန်းပဲ့စေဘူး။ ဒါပေမယ့် သက်သောင့်သက်သာရှိတဲ့ဖိနပ်တိုင်း လှပရမယ်လို့ မဟုတ်ပါဘူး။ ဖိနပ်စီးရတာ အဆင်ပြေမပြေ စီးတဲ့ခြေထောက်ကပဲ သိပါတယ်။ ခရီးဝေးသွားရင် ဖိနပ်စီးမှားမှာကို လူတိုင်း ကြောက်ကြတယ်။ အိမ်ထောင်ပြုရင် လူတိုင်း အနိုင်ကျင့်ခံရမှာကို ကြောက်ကြတယ်။ ဖိနပ်က ခြေထောက်ကို အရမ်းပွန်းပြီး နာကျင်စေခဲ့ရင် ဖိနပ်အောက်ခြေ မပါးခင် ခြေထောက်လည်း မထိခိုက်ခင် သင့်လျော်တဲ့ အသစ်တစ်ရံကို ပြောင်းလဲသင့်ပါတယ်။

ကိုယ်နဲ့မသင့်လျော်တဲ့ အဖိုးတန်ဖိနပ်ကို စီးထားတာဟာ ကိုယ့်ကို နာကျင်အောင် လုပ်တာနဲ့တူတယ်။ သူတစ်ပါးက ကိုယ့်ရဲ့တန်ဖိုးကြီးလှပတဲ့ ဖိနပ်ကို တွေ့မြင်နိုင်တယ်ဆိုပေမယ့် စီးထားတဲ့ကိုယ့်ခြေထောက် နာကျင်တာကို ကိုယ်ပဲသိပါတယ်။ ခြေထောက်က ဖိနပ်ထက် အရေးပါပါတယ်။ ဒါပေမယ့် တချို့က တန်ဖိုးကြီးလှပတဲ့ ဖိနပ်ကြောင့် ဒီအချက်ကို မေ့ခဲ့ကြတယ်။

ရေခဲစကိတ်စီးရင် စကိတ်စီးဖိနပ်ကို စီးရတယ်။ နင်းတောကြားမှာ နင်းဖိနပ်ရှည်ကို စီးရတယ်။ ခရီးဝေးသွားရင် ခရီးသွားဖိနပ်ကို စီးရတယ်။ လောကကြီးမှာ ကိုယ်နဲ့သင့်တော်တဲ့ ဖိနပ်တွေအများကြီး ကိုယ့်စိတ်ကြိုက် ရွေးယူနိုင်ပါတယ်။ ခြေထောက်က တစ်စုံပဲရှိတာမို့ ကိုယ့်ခြေထောက် နာစေတဲ့ဖိနပ်မျိုး အရွေးမမှားစေချင်ပါဘူး။

အသက်အရွယ် အကန့်အသတ်တစ်ခုထိ ခြေထောက်တွေ ရှည်လျားကြီးထွားနိုင်ပါတယ်။ ဒါပေမယ့် ဖိနပ်တွေက မပြောင်းလဲပါဘူး။ ခြေထောက်နဲ့ဖိနပ် ဘယ်အရာက အင်အားကြီးသလဲ။ ခြေထောက်ကြီးတယ်လို့ ထင်ပါတယ်။ ဖိနပ်ရှိအောင်၊ ပွန်းအောင်၊ ခြေထောက်ကပဲ လုပ်နိုင်ခဲ့ပါတယ်။

အသက်အရွယ်တစ်ခုမှာ ခြေထောက် ဆက်မကြီးထွားတော့တဲ့ အချိန်က ကျွန်မတို့ ရင့်ကျက်တဲ့အချိန်ဖြစ်ပါတယ်။ ဒီအချိန်မှာ ကိုယ်နဲ့သင့်လျော်တဲ့ ဖိနပ်တစ်မျိုးကို ရွေးဖို့ အချိန်ကျပါပြီ။ ခြေထောက်တစ်ဖက်က ယောက်ျားဆိုရင် နောက်တစ်ဖက်က မိန်းကလေးဖြစ်ပါလိမ့်မယ်။ ဖိနပ်က အဲဒီခြေထောက်နှစ်ဖက်ကို တစ်စုံဖြစ်အောင် အတူတကွ ပေါင်းစည်းလိုက်ပါတယ်။ ပြီးတော့ ဘဝခရီးဆုံးခန်းတိုင်ထိ လျှောက်လှမ်းကြရပါတယ်။

ကိုယ်နဲ့သင့်လျော်တဲ့ ဖိနပ်ကမှ ပိုဝေးတဲ့ခရီးကို လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။

မူရင်း - http://health.nmgnews.com.cn

* * *

# အိမ်ထောင်ရေးဆိုတဲ့ကားတစ်စီး

"အမျိုးသမီးက" ဟုတ်ကဲ့၊
ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်မ သိပါပြီ ..."

လက်ထပ်ပြီး သိပ်မကြာသေးတဲ့ အမျိုးသမီးတစ်ဦးဟာ ခင်ပွန်းဖြစ်သူနဲ့မကြာခဏရန်ဖြစ်လေ့ရှိတယ်။ ရန်ဖြစ်တိုင်းတစ်ယောက်ကိုတစ်ယောက် အနိုင်မခံ အရှုံးမပေးကြတာကြောင့် နှစ်ဦးနှစ်ဖက်လုံး နာကျင်ထိခိုက်ကြရတယ်။ ရုံးပိတ်ရက်တစ်ရက်မှာ လင်မယားနှစ်ယောက် စကားများရန်ဖြစ်ကြပြန်တယ်။ ဒီတစ်ခေါက်တော့ ဇနီးလုပ်သူက မခံမရပ်နိုင်ဖြစ်ပြီး ကွာရှင်းဖို့ ရှေ့နေတစ်ဦးဆီရောက်လာခဲ့တယ်။

"ကျွန်မရဲ့ အိမ်ထောင်ရေး အဆင်မပြေဘူး။ ကျွန်မ ဘယ်လိုလုပ်ရမလဲ"

အမျိုးသမီးရှင်းပြတာကို နားထောင်ပြီး ရှေ့နေက မဖြေခင် မေးခွန်း တစ်ခုထုတ်လိုက်တယ်။

"ကုန်အပြည့်တင်ထားတဲ့ ႑နိုကားတစ်စီးက တံတားတစ်ခုကို ဖြတ်မယ်ဆိုပါစို့၊ ကားပေါ်မှာရှိတဲ့ ကုန်တွေက တံတားဘောင်ထက် နည်း နည်းမြင့်နေကယ်၊ ကားပေါ်ကကုန်ကို မချဘဲ တံတားကလွတ်အောင် ဘယ် လိုမောင်းမလဲ"

အမျိုးသမီးက ရှေ့နေရဲ့အမေးကို အတန်ကြာစဉ်းစားပေမယ့် အဖြေ မထွက်ခဲ့ဘူး။ နောက်ဆုံး ရှေ့နေရဲ့ အရိပ်အမြွက်ကြောင့် "ဘီးကို လေနည်း နည်းလျှော့လိုက်မယ်" လို့ သူ ဖြေခဲ့တယ်။

"သိပ်မှန်တာပေါ့၊ ဘီးကို လေလျှော့လိုက်ရင် ကားနိမ့်သွားလိမ့် မယ်၊ ဒါမှ တံတားကို ဖြတ်လို့ရမယ်။ ဒီလိုပဲ အိမ်ထောင်ရေးအပေါ်ထားတဲ့ ကိုယ့်တောင်းဆိုမှုတွေ အရမ်းမြင့်နေသလား၊ အိမ်ထောင်ရေးဆိုတဲ့ဒီကား ကြီး အလွယ်တကူမောင်းနှင်နိုင်ဖို့ ကိုယ့်ရဲ့ လေ (စိတ်)ကိုလည်း လျှော့သင့် တယ်မဟုတ်လား"

ရှေ့နေပြောတာကို နားထောင်ပြီး အမျိုးသမီးက "ဟုတ်ကဲ့၊ ဘယ်လို လုပ်ရမယ်ဆိုတာ ကျွန်မ သိပါပြီ" ဆိုပြီး ပြန်သွားခဲ့တယ်။ အဲဒီနောက်ပိုင်း အိမ် ထောင်ရေးအပေါ်ထားသင့်တဲ့ လျှို့ဝှက်ချက်တချို့ကို သူမ ရှာတွေ့ခဲ့တယ်။ ခွင့် လွှတ်သည်းခံတာတွေ၊ လေးစားမြတ်နိုးမှုတွေ၊ အနိုင်မယူ နောက်ဆုတ်တတ် မှုတွေနဲ့ မိမိစိတ်ကို လျှော့ချတတ်မှုတွေကြောင့် သူတို့ရဲ့ အိမ်ထောင်ရေးဟာ တဖြည်းဖြည်း ရန်လိုမှုတွေနည်းလာပြီး ပျော်ရွှင်မှုတွေ များလာခဲ့တယ်။

တကယ်တော့ အိမ်ထောင်ရေးက ကားတစ်စီးနဲ့တူတယ်။ အဲဒီကား ပေါ် ကျွန်မတို့ဘဝရဲ့ မျှော်လင့်ချက်၊ အိပ်မက်တွေကို တင်ဆောင်ထားတယ်။





ကားက ကုန်အပြည့်နဲ့ ရှေ့ကိုမောင်းနှင်နေစဉ်မှာ ကျွန်မတို့က ဘီးကို လေ ဖြည့်ပေးတတ်ရမယ်။ ဒါမှ ကားက ရှေ့ကို အလွယ်တကူသွားနိုင်မယ်။ ထို့ အတူ အခက်အခဲ၊ အတားအဆီးဖြစ်တဲ့ တံတား၊ လိုဏ်ခေါင်းတွေနဲ့ တွေ့တဲ့ အခါ ကျွန်မတို့က ဘီးလေကို လျှော့ပေးတတ်ရမယ်။ ဒါမှ အိမ်ထောင်ရေးဆို တဲ့ကားကြီးက ဘဝရဲ့အတားအဆီး၊ အခက်အခဲတွေကို အလွယ်တကူ ကျော် ဖြတ်နိုင်မှာဖြစ်တယ်။

အသေအချာစဉ်းစားကြည့်ရင် အိမ်ထောင်ရေးတင် မကပါဘူး။ လူ့ ဘဝရဲ့အရာအားလုံးမှာလည်း အခက်အခဲ၊ အတားအဆီးတွေ ရှိနိုင်တယ်။ လူ အချင်းချင်း ဆက်ဆံရာမှာလည်း တစ်ယောက်ကိုတစ်ယောက် အလျှော့ မပေးဘဲ တင်းခံကြရင် နောက်ဆုံးမှာ နှစ်ဖက်လုံး ထိခိုက်ဒဏ်ရာရကြရတယ်။ အချင်းချင်း စိတ် (လေ)လေး နည်းနည်းလျှော့ခဲ့ကြရင် အရာအားလုံးက အဆင်ပြေပြီး ဘဝရဲ့ဘီးလုံးက ရှေ့ကို ချောချောမွေ့မွေ့နဲ့ ဆက်လှိမ့်နိုင်မှာဖြစ်ပါ တယ်။

မူရင်း - http://www.duwenzhang.com

* * *

# ခွင့်လွှတ်ခြင်းကိုရွေးချယ်သူ

'သူ့ကြောင့် ကျွန်မရဲ့နှလုံးသား အစိပ်စိပ်
အမြွာမြွာ ကွဲအက်ခဲ့ရသလို သူလည်း ...'

အပိုင်း(က)

(၁)

သူမ ကျွန်မလောက် ရုပ်မချောဘူး။ ကျွန်မထက် ပညာအဆင့်အတန်း မမြင့်ဘူး။ ဒါပေမယ့် ချစ်သူက ကျွန်မနဲ့သူမကြားမှာ နှစ်နှစ်ကြာလောက် လူးလားခေါက်ပြန် ကူးချည်သန်းချည် ပြုခဲ့တယ်။ တစ်နေ့မှာ ကျွန်မဆီ သူမ ရောက်လာပြီး နေရာလာလုခဲ့တယ်။ အဲဒီတစ်ခဏ ကျွန်မရဲ့နှလုံးသားတွေ သေလုလုဖြစ်ခဲ့တယ်။ နောက်ဆုံးမှာ ချစ်သူက ကျွန်မကို အတင်းအဓမ္မတောင်းပန်ပြီး သူမရဲ့ဖြားယောင်းသွေးဆောင်မှုကို သူ ခံခဲ့ရကြောင်း၊ နောက်ပိုင်း ဘယ်လိုဆွာဆွာ ဆွာမရခဲ့ကြောင်း ရှင်းပြတယ်။





ဒီကမ္ဘာပေါ်မှာ ဒီလိုမျိုးမိန်းမတွေ ရှိတတ်မှန်း ကျွန်မ ယုံကြည်တယ်။ အမှားကြောင့် စိတ်ပြန်လည်လာတဲ့ချစ်သူကို ကျွန်မ ရွေးချယ်ခဲ့ပါတယ်။ သူ့စိတ်က အမြဲတမ်း ကျွန်မဆီမှာပဲ ရှိကောင်းရှိပါလိမ့်မယ်။ ယောကျ်ားအများ ကျူးလွန်တတ်တဲ့အမှားတစ်ခုကို သူ ကျူးလွန်မိချိန် ကျွန်မသာ သူ့ကို လက်လွှတ်ခဲ့မယ်ဆိုရင် ဒီတစ်သက် ကျွန်မ နောင်တရလို့ ဆုံးတော့မှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပြဿနာ ဖြေရှင်းပြီးနောက် ကျွန်မကို သူ ပိုချစ်၊ ပိုဂရုစိုက်လာခဲ့လို့ပါပဲ။ တစ်ခါတလေမှာ နောက်ဆုတ်ခဲ့တဲ့ ခြေလှမ်းလေးတစ်လှမ်းက ရှေ့တိုးဖို့ ခြေလှမ်းကြီးတစ်လှမ်းဖြစ်ခဲ့တယ်။

(၂)

သူနဲ့ကျွန်မ အိမ်ထောင်သက် (၈)နှစ်ရှိခဲ့ပါပြီ။ အိမ်ထောင်သက် (၆)နှစ်ခွဲမှာ မပြေလည်မှုက ကျွန်မဘက် ခြေဦးလှည့်လာခဲ့တယ်။ ရုပ်ဖြောင့်တဲ့ ကျွန်မခင်ပွန်းဘေးမှာ ရုပ်စုံ၊ ရောင်စုံမိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာ ကျွန်မအတွက် မထူးဆန်းတော့ပါဘူး။ ဒါပေမယ့် သူမက ကျွန်မခင်ပွန်းကို ကောင်းကောင်းချုပ်ကိုင်နိုင်ခဲ့တယ်။ ကျွန်မအပေါ် ဆက်ဆံတဲ့ ခင်ပွန်းရဲ့ အပြုအမူတွေ တဖြည်းဖြည်း အေးစက်လာခဲ့တယ်။ ကျွန်မနှလုံးသားကို နာကျင်စေခဲ့တယ်။ ခင်ပွန်းကို ဒီအကြောင်း အလျင်စလို ကျွန်မဘက်ကစပြီး မမေးရဲခဲ့ဘူး။ အိပ်ဆေးအကူနဲ့ ကျွန်မ အိပ်ခဲ့ရတဲ့ညတွေ မရေမတွက်နိုင်ခဲ့ဘူး။ စိတ်မာတတ်တွေ၊ မျှော်လင့်ချက်တွေ အကုန်လုံး လဲပြိုခဲ့ရတယ်။

တစ်နေ့မှာ ကလေးကစားစရာတွေ တစ်ပွေ့တစ်ပိုက်နဲ့ ရုတ်တရက် ခင်ပွန်း ပြန်ရောက်လာခဲ့ပြီး ကျွန်မကို သူနဲ့သူမအကြောင်း ပွင့်ပွင့်လင်းလင်း

ပြောပြလာခဲ့တယ်။ ခွင့်လွှတ်ခြင်းကို ကျွန်မ ရွေးချယ်ခဲ့ပါတယ်။ ဒါဟာ ကျွန်မ လိုချင်တဲ့ နောက်ဆုံးဇာတ်သိမ်းပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမက သူ့ထက်ချမ်းသာတဲ့လူကို ရွေးသွားခဲ့လို့ဖြစ်တယ်၊ ကျွန်မရှေ့မှာ ကလေး တစ်ယောက်လို သူ ငိုကြွေးခဲ့တယ်။ သူ့ကြောင့် ကျွန်မရဲ့နှလုံးသား အစိပ်စိပ် အမွှာမွှာ ကွဲအက်ခဲ့ရသလို သူလည်း တခြားလူကြောင့် ထိခိုက်ဒဏ်ရာရခဲ့ပြီ မဟုတ်လား။

တစ်ခါတလေ သူမကို သူ သတိရနေတတ်မယ်ဆိုတာ ကျွန်မ သိ တယ်၊ ဒါပေမယ့် ဒီအတွက် သူ သင်ခန်းစာကောင်းကောင်းရခဲ့လို့ သူ့ကို ဆက်ပြီး ကျွန်မ အပြစ်မဆိုခဲ့တော့ဘူး၊ တစ်ဖက်လူက အလံဖြူပြ အရင်နုတ် ထွက်ခဲ့ပေမယ့် ဒီအိမ်ထောင်ရေးစစ်ပွဲမှာ ကျွန်မ အနိုင်ရခဲ့ပြီဆိုတာကို ကျွန်မ ကောင်းကောင်းနားလည်လိုက်တယ်၊ ခွင့်လွှတ်ခြင်းကို ကျွန်မ ရွေးချယ်ခဲ့ပြီ လေ။

(၃)

သူ ဘီးချော်နေပြီဆိုတာကို သူ့ကွန်ပျူတာချက်ရွှန်းထဲကတစ်ဆင့် ကျွန်မ သိခဲ့ရတယ်၊ ချက်ရွှန်းထဲက ကောင်မလေးတစ်ယောက်နဲ့ သူ ချစ်နေ တာ (၁)နှစ်ကျော်ကြာခဲ့ပြီ။ ကျွန်မ ခံစားခဲ့ရတယ်၊ နာကျင်ခဲ့ရတယ်။ ဘဝထဲ က တကယ့်လက်တွေ့အချစ်တစ်ခုက စိတ်ကူးယဉ်ကမ္ဘာ့အင်တာနက်ထဲက အချစ်လောက် ဘာကြောင့် မလေးနက်ခဲ့သလဲဆိုတာကို ကျွန်မ နားမလည် နိုင်ခဲ့ဘူး။ ဒါပေမယ့် နာကျင်ခြင်းက ကျွန်မကို လှုပ်နှိုးခဲ့ပါတယ်၊ အင်တာနက် အချစ်က အင်တာနက်ပေါ်မှာပဲ ရှိခဲ့တယ်၊ သူ့ဘေးမှာ တကယ်ချစ်နေတာက





ကျွန်မပို့ ဆင်ခြေတွေပေးပြီး သူ့ကို ကျွန်မ လက်မလွှတ်ခဲ့မိဘူး။ ခွင့်လွှတ်ခြင်း ကို ကျွန်မ ရွေးချယ်ခဲ့ပါတယ်။

အချစ်နဲ့အချစ်ကြားမှာ သဲတစ်ပွင့်တောင် အဝင်မခံဘူးတဲ့။

အချစ်ထဲက ယောကျ်ားနဲ့မိန်းမတို့ဟာ သာမန်လူတွေပါ။ သာမန် လူတွေ အမှားလုပ်ရင် နောင်တရပြင်ဆင်နိုင်တဲ့ အခွင့်အရေးတစ်ခုတော့ ရှိ သင့်သတဲ့။ နောင်တရ၊ စိတ်ပြန်လည်လာသူကို သင် လက်လွှတ်မလား။ ပြု ပြင်ဖို့အခွင့်အရေး ပေးမလား။

မူရင်း - လန်ဒန်ထုတ် တရုတ်သတင်းစာ lgtes.com မှ

* * *

# စွန့်လွှတ်ခြင်းကို ရွေးချယ်သူ

'တစ်ခုခုကို ဆုံးရှုံးသွားတဲ့ပုံစံနဲ့
ငေးငိုင်သွားတဲ့ သူ့ကိုကြည့်ပြီး ...'

အပိုင်း(၁)

သူနဲ့ကျွန်မ ချစ်သူသက်တမ်း (၂) လပြည့်တဲ့အချိန်မှာ တခြားကောင်မလေးတစ်ယောက်နဲ့ သူ ရှုပ်နေတယ်ဆိုတဲ့အကြောင်း ကျွန်မ သိလိုက်ရတယ်။ ဒီလိုကိစ္စမျိုးကို ကျွန်မ လုံးဝလက်မခံနိုင်ခဲ့ဘူး။ ပြီးတော့ အဲဒီကောင်မလေးက ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်း ဖြစ်နေခဲ့တယ်။ ရုပ်ရှင်တွေထဲက ဒီလို အပ်ကြောင်းထပ်တဲ့ဇာတ်လမ်းမျိုး ကျွန်မကိုယ်တိုင် ကြုံရတဲ့အချိန် ကျွန်မ ဘာကိုမှစဉ်းစားမနေဘဲ သူ့ကို အဆက်ဖြတ်ပစ်လိုက်တယ်။ ဒီလိုယောကျ်ားမျိုးက ကျွန်မကို စိတ်ကို အောင့်နလုံးနာစေသလို၊ သူ့အပေါ်စိတ်လှုပ်ရှားဖို့ ကျွန်မကို ဘယ်လိုမှ မစွမ်းဆောင်နိုင်ခဲ့တော့ဘူး။

တစ်ခါတလေမှာ ကိုယ့်ကိုယ်ကို မိန်းကလေးဖြစ်ရတာကို ဂုဏ်ယူမိတယ်။ မိန်းကလေးတွေက နူးညံ့သိမ်မွေ့တယ်။ လှပတယ်။ ဘုရားသခင်က





ကျွန်မတို့မိန်းကလေးတွေကို လှပတဲ့အရာတွေ အများကြီးပေးခဲ့တယ်။ ဒါပေမယ့် တစ်ခါတလေမှာ ကိုယ့်ကိုယ်ကို မိန်းကလေးဖြစ်ရတာကို သနားမိတယ်။ ကျွန်မတို့က ရိုးသား၊ ရိုးအလွန်းတယ်။ အထူးသဖြင့် ယောကျ်ားတွေနဲ့ ကြုံတဲ့အချိန်မှာဖြစ်တယ်။

ကျွန်မတို့ အိမ်ထောင်သက် (၃)နှစ်အထိ အစစအရာရာကို ခင်ပွန်းကတာဝန်ယူခဲ့သလို ကျွန်မကိုလည်းအရမ်းချစ်ခဲ့တယ်။ ဒါပေမယ့် သူ့အတွင်းရေးမှူးမနဲ့ သူ ဇာတ်လမ်းစခဲ့ပြီးနောက် အေးချမ်းတဲ့ ကျွန်မတို့ရဲ့ အိမ်ထောင်ရေးက မီးနီပြခဲ့တယ်။ မိသားစု၊ နှစ်ချီကြာချစ်ခဲ့တဲ့ အချစ်တွေနဲ့ အကြောင်းပြပြီး သူ့စိတ်ကိုဆွဲထားဖို့ ကျွန်မ ကြိုးစားခဲ့သေးတယ်။ ဒါပေမယ့် နောက်ဆုံးမှာ ကျွန်မလုပ်သမျှက အချည်းနှီးသာဖြစ်ခဲ့တယ်။ မကြာခဏရန်ဖြစ်ငြင်းခုန်ပြီးနောက် အကျိုးအကြောင်းတစ်ရပ်ကို ကျွန်မ တဖြည်းဖြည်း သဘောပေါက်နားလည်လာခဲ့တယ်။ အဲဒီအကြောင်းက "တကယ်လို့ မိန်းကလေးတွေက ကိုယ့်ကိုယ်ကို လေးစားရမှန်း နားမလည်ခဲ့ရင် တစ်သက်လုံး ယောကျ်ားတွေရဲ့ကစားစရာအရုပ်ဖြစ်သွားနိုင်တယ်။ အမြဲခွင့်လွှတ်နေရင် နောက်ထပ်အမှားလုပ်ဖို့အတွက် သူတို့ ဝန်လေးတော့မှာမဟုတ်ဘူး။ ကျွန်မတို့ကိုလည်း ရှိတယ်လို့ သူတို့ ဂရုစိုက်တော့မှာမဟုတ်ဘူး"

ကွာရှင်းဖို့ သူ့ကို ကျွန်မဘက်ကစပြီး တောင်းဆိုလိုက်တယ်။ တစ်ခုခုကို ဆုံးရှုံးသွားတဲ့ပုံစံနဲ့ ငေးငိုင်သွားတဲ့ သူ့ကိုကြည့်ပြီး ကျေနပ်တဲ့ အောင်နိုင်မှုတစ်ခုကို ကျွန်မ ရလိုက်တယ်။ အတွင်းရေးမှူးနဲ့ သူ့ဇာတ်လမ်းအကြောင်း ကျွန်မကို စရှင်းပြတယ်။ ဒီမိသားစု၊ ဒီအိမ်ထောင်ရေးကို လက်လွှတ်ဆုံးရှုံးဖို့ သူ ဘယ်တော့မှ မစဉ်းစားခဲ့ကြောင်း၊ အတွင်းရေးမှူးမနဲ့က စိတ်ပြေလက်ပျောက်ဖြစ်ခဲ့ကြောင်း ရှင်းပြတယ်။ အခုချိန်မှာ သူ့ရဲ့ အပိုစကားတွေ ဘာ

တစ်ခွန်းမှ ကျွန်မ နားမထောင်ချင်ခဲ့ဘူး။ စိတ်ချမ်းသာပျော်ရွှင်မှုကိုပဲ ကျွန်မ လိုလားခဲ့တယ်။

မိန်းကလေးတွေ ကိုယ့်ဂုဏ်သိက္ခာနဲ့ကိုယ် ရှင်သန်သင့်တယ်။ ကိုယ့်ကိုယ်ကို လေးစားသင့်တယ်။ ဒီလိုဘီးချော်တဲ့ယောကျ်ားမျိုး၊ နောက်မီးလင်းတဲ့ယောကျ်ားမျိုးကို စွန့်ပစ်သင့်တဲ့အချိန်မှာ စွန့်ပစ်နိုင်ရမယ်။

(က) အမျိုးသမီး

သူ နောက်မီးလင်းနေပြီလို့ ကျွန်မ သိတဲ့တစ်နေ့ သူ့ပါးကို ခပ်နာနာလေး ကျွန်မ ရိုက်ပစ်လိုက်တယ်။ ဒါတောင် သူက ကျွန်မကို အရင်လို မနူးညံ့၊ မသိမ်မွေ့ဘဲ ရန်ရှာ၊ ရန်လိုတဲ့မိန်းမလို့ စွပ်စွဲခဲ့တယ်။ စာနာစိတ်မရှိတဲ့ ဒီလိုယောကျ်ားမျိုးကို ကျွန်မ ပားတိုက်ရယ်ပစ်လိုက်ချင်တယ်။ နောက်ဆုံးမှာ သူ့အမှားကို သူမတွေ့ဘဲ အားလုံးက ကျွန်မအမှားတွေ ဖြစ်ခဲ့ရတယ်။ ကျွန်မက ရန်လို၊ ရန်မူတတ်တဲ့ မိန်းမကြမ်းဆိုရင် သိမ်မွေ့နူးညံ့တဲ့မိန်းမကို သူ ရှာနိုင်ဖို့ သူ့ကို ကျွန်မ စွန့်လွှတ်လိုက်တယ်။

(ခ) အမျိုးသမီး

ယောကျ်ားတစ်ယောက်မှာ ငွေရှိလား၊ ကားရှိလား၊ ကျောထောက်နောက်ခံကောင်းသလားဆိုတာကို ကျွန်မ နည်းနည်းမှ ဂရုမစိုက်ခဲ့ဘူး။ စိတ်မဝင်စားခဲ့ဘူး။ သူနဲ့အတူ ဒိုးတူပေါင်ဖက် ကျွန်မ ကြိုးစားရုန်းကန်ရဲတယ်။ ဒါပေမယ့် ကျွန်မ နှစ်နှစ်ကာကာချစ်တဲ့ ယောကျ်ားတစ်ယောက် နောက်မီးလင်းတာကိုတော့ ကျွန်မ နည်းနည်းမှ သည်းမခံနိုင်ခဲ့ဘူး။ စိတ်ဓာတ်နဲ့ပဲဖြစ်ဖြစ်၊ ခန္ဓာကိုယ်နဲ့ပဲဖြစ်ဖြစ် ဒီလိုယောကျ်ားမျိုးအတွက် နောင်တမရတဲ့





ဆုံးဖြတ်ချက်တစ်ခုကို ကျွန်မ ပိုင်ပိုင်နိုင်နိုင် ချရဲတယ်။ အဲဒါက သူ့ကို စွန့်ပစ်ဖို့ပဲ။

အချစ်နဲ့အချစ်ကြားမှာ သဲတစ်ပွင့်တောင် အဝင်မခံဘူးတဲ့။ အချစ်ထဲက ယောကျ်ားနဲ့မိန်းမတို့ဟာ သာမန်လူတွေပါ။ သာမန်လူတွေ အမှားလုပ်ရင် နောင်တရပြောင်းလဲနိုင်တဲ့ အခွင့်အရေးတစ်ခုတော့ ရှိသင့်သတဲ့။ နောင်တရ စိတ်ပြန်လည်လာသူကို သင် လက်လွှတ်မလား။ ပြုပြင်ဖို့ အခွင့်အရေးပေးမလား။

အပိုင်း(က)ကို မိန်းကလေးတော်တော်များများ မကြိုက်ကြဘူး။ ခြံကျော်တဲ့လူတစ်ယောက်ကို ခွင့်လွှတ်နိုင်ဖို့ဆိုတာ တော်တော်လေး စိတ်သဘောထားပြည့်ဝတဲ့ မိန်းကလေးမှ လုပ်နိုင်မယ်ထင်ပါတယ်။ ကျွန်မရဲ့ သဘောထားက အပိုင်း(က)ကွန်မန့်ထဲကအတိုင်း အဲလောက်မပြည့်ဝနိုင်ခဲ့ဘူး။

မူရင်း - လန့်ဒန်ထုတ် တရုတ်သတင်းစာ 1gtes.com မှ

* * *

# စကားနှစ်ခွန်းလျှော့ပြောပါ

'ဟယ် ... တကယ်ပဲတော့၊ ရေချိုးခန်းက
တစ်ခါမှ ဒီလောက်ထိ မတောက်ပြောင်ဖူးဘူး၊
နှင် အရမ်းတော်တာပဲ ...'

မိန်းမတွေက မွေးရာပါ ဗျစ်တောက်ဗျစ်တောက်တွေ ဖြစ်တယ်။ ပစ်ပစပ်များတယ်။ ဒါပေမယ့် အချစ်မှာ တချို့အခြေအနေမှာ နှုတ်ပိတ်နေတာက အကောင်းဆုံးဖြစ်တယ်။ "Silence is golden" ဆိုသလို တစ်ခါတလေမှာ နှုတ်ဆိတ်နေခြင်းက သင့်ကို အကောင်းတွေ သယ်လာပေးနိုင်ပါတယ်။

(၁) သူ မီးဖိုချောင်ဝင်တဲ့အခါ

မီးဖိုချောင်က ကိုယ့်နယ်ပယ်လို့သတ်မှတ်ပြီး မီးဖိုချောင်ဝင်သူတိုင်းကို ကိုယ် အမိန့်ပေးလို့ရတယ်လို့ မသတ်မှတ်ပါနဲ့။ သူ စိတ်ပါလို့ မီးဖို





ချောင်ဝင်တဲ့နေ့မှာ လိမ္မာပါးနပ်တဲ့သင်က ဟင်းရွက်ဆေးကူ၊ အိုးခွက်ပန်းကန်ဆေးပေးရုံကလွဲရင် တစ်နေရာကို ရှောင်နေလိုက်ပါ။ စားဖို့အဆင်သင့်ဖြစ်ချိန်မှာ သင် ပါးစပ်ဖွင့်ပါ။ သူချက်တဲ့ဟင်းက ဘယ်လောက်စားကောင်းကြောင်း၊ ဟင်းချက်အစီအစဉ်မှာ ဝင်ပြိုင်သင့်ကြောင်း ချီးကျူးစကားပြောပါ။ မီးဖိုချောင်ကို အချက်အပြုတ်သင်တန်းကျောင်းလို သူ့မှားကိုင်နည်းက မမှန်ဘူး၊ ဒယ်အိုးကိုင်နည်းက ပုံမကျဘူး၊ အရသာ ပေါ့သလေ၊ ငန်သလေနဲ့ ကဲ့ရဲ့လှောင်ပြောင်ပြီး ဆရာသွားမလုပ်ပါနဲ့။ သူ စိတ်ထိခိုက်ပြီး မီးဖိုချောင်ကို လုံးဝမဝင်တော့တဲ့အခါ သင်သာလျှင် နေ့တိုင်း မီးဖိုချောင်စောင့်နတ် ဖြစ်သွားပါလိမ့်မယ်။

(၂) သန့်ရှင်းရေး ဝိုင်းကူလုပ်တဲ့အခါ

ဂျပန်နိုင်ငံက ပညာရှင်တချို့ရဲ့ လေ့လာဆန်းစစ်ချက်အရ အခုခေတ်မှာ ခေတ်စားနေတဲ့ ကွာရှင်းပြတ်စဲခြင်းရဲ့ အဓိကတရားခံက နောက်မီးလင်းလို့ မဟုတ်သလို၊ ရိုက်နှက်ရန်ဖြစ်ကြလို့လည်း မဟုတ်ဘူး။ "အိမ်အလုပ်ကို သူ ကူမလုပ်ဘူး" ဆိုတာပဲ ဖြစ်ပါသတဲ့။ မိန်းကလေးတွေကလည်း စဉ်းစားကြည့်သင့်တယ်။ ကိုယ့်လင်တော်မောင်က ကိုယ့်ကြောင့် အကျင့်ပျက်သွားတာလား။ သူ ကိုယ့်ကို သန့်ရှင်းရေးကူလုပ်တဲ့အခါ ကိုယ်က ဘေးကနေ ဟိုလိုလုပ်ပါလား၊ ဒီလိုမဟုတ်ဘူး၊ နှေးလိုက်တာလို့ ဗျစ်တောက်ဗျစ်တောက် ရေရွတ်နေခဲ့သလား။

တလောက သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောဖြစ်တယ်။ သူတို့အိမ်က ရေချိုးခန်းကို သန့်ရှင်းဖို့ သူ့လင်တော်မောင်က အထူးစီမံထားတဲ့

ရေမြှုပ်တွေ သွားဝယ်ခဲ့သတဲ့။ ပြီးတော့ အဲဒီရေမြှုပ်ဟာ ဘယ်လောက်ကောင်းကြောင်း၊ ချေးကပ်နေတဲ့ ဘေဇင်နဲ့ ရေစက်ခေါင်းတွေကို ပြောင်လက်အောင် ဆေးနိုင်ကြောင်း ပြောတယ်။ သူငယ်ချင်းက ဘာမှမပြောဘဲ ဧည့်ခန်းမှာ ကြောင်ကလေးနဲ့ သွားဆော့နေခဲ့ပြီး လင်တော်မောင် ဆေးကြောနေတာကို စိတ်ဝင်တစား မကြာခဏ သွားချောင်းကြည့်ရုံကလွဲလို့ စကားတစ်ခွန်းမှ မဟခဲ့ဘူး။ ပြောင်လက်အောင် ဆေးကြောပြီးနောက် လင်တော်မောင်က...

"တွေ့တယ်မဟုတ်လား၊ ဒီရေမြှုပ်နဲ့ဆေးရတာ လွယ်လည်းလွယ်တယ်၊ ပြောင်လည်း ပြောင်တယ်" လို့ပြောတော့ သူ့စိတ်ထဲမှာ "နင်သာလုပ်မယ်ဆိုရင် ဘာနဲ့သုံးသုံး ကောင်းတယ်" လို့ တွေးဖြစ်ပေမယ့် ပါးစပ်က "ဟယ် တကယ်ပဲတော့၊ ရေချိုးခန်းက တစ်ခါမှ ဒီလောက်ထိ မတောက်ပြောင်ဖူးဘူး၊ နင် အရမ်းတော်တာပဲ" သူ့စကားကို လင်တော်မောင်က တဟားဟားနဲ့ သဘောကျပြီး "ညစ်ပတ်သွားရင် နောက်တစ်ပတ်ကို ပြန်ဆေးပေးမယ်" လို့ ပြောလိုက်တယ်။ ကဲ . . . ဒီလိုမိန်းကလေးမျိုးကို လိမ္မာပါးနပ်တယ်လို့ မခေါ်ဘူးလား။

(၃) သူ ဒေါသထွက်တဲ့အခါ

အပြင်ကိစ္စတစ်ခုခုကြောင့် သူ ဒေါသထွက်တဲ့အချိန် အဲဒီကိစ္စမှာ သူမှားခဲ့လည်း သူ့ကို စကားကြီးခွန်းငယ်ဖွဲ့ပြီး အပြစ်သွားမတင်သင့်ဘူး။ ဒီလိုလုပ်ခြင်းအားဖြင့် မိန်းမကောင်းတစ်ယောက်ရဲ့ သွင်ပြင်ကို ရုပ်ပျက်စေနိုင်သလို သူ့ဒေါသကို ဆွပေးသလို ဖြစ်သွားနိုင်တယ်။ စကားတစ်ခွန်းမှမပြောဘဲ သူ့ကိုပဲ စိုက်ကြည့်နေလိုက်ပါ။ ဖြစ်နိုင်ရင် မျက်ရည်အဝဲသားနဲ့ကြည့်ပါ။ အဲဒီ





နောက် မျက်ရည်တွေ မျက်လုံးအိမ်ကနေ တဖြည်းဖြည်း စီးကျလာပါစေ။ သူ့ဒေါသသံတွေ တဖြည်းဖြည်းတိုးလာပြီး နေမထိထိုင်မသာ ဖြစ်လာမယ်ဆိုတာကို အာမခံပါတယ်။ နောက်ပိုင်း သူ မှားသွားကြောင်း ကိုယ့်ကိုယ် ပွေ့ဖက်တောင်းပန်လာလိမ့်မယ်။ မငိုနဲ့ . . . မငိုနဲ့တော့လို့ သူ ချော့လာပါလိမ့်မယ်။

(၄) သူ ရင်ဖွင့်လာတဲ့အခါ

အလုပ်မှာ အဆင်မပြေတဲ့အချိန် သူဌေး ဒါမှမဟုတ် လုပ်ဖော်ကိုင်ဖက်တွေရဲ့ အနိုင်ကျင့်တာကို ခံရချိန် အိမ်ပြန်ရောက်ပြီး ကိုယ့်ကို သူ ရင်ဖွင့်လာပါလိမ့်မယ်။ အဲဒီအခါ သူက ထိခိုက်ဒဏ်ရာရလာတဲ့ ကလေးတစ်ယောက်လို ကိုယ့်ဆီက နှစ်သိမ့်အားပေးစကားကို မျှော်လင့်နေပါလိမ့်မယ်။ အဲဒီလို အခြေအနေမျိုးမှာ သူ့ကို ပွေ့ဖက်ပေးလိုက်ပါ။ ခေါင်းကို ပွတ်သပ်ပေးပါ။ ပြဿနာဖြစ်သူတွေကို သွားဂရုစိုက်မနေဖို့ နှစ်သိမ့်ပါ။ သူ ခံနိုင်ရည်မရှိကြောင်း၊ စိတ်ဓာတ်တွေ မကြံ့ခိုင်ကြောင်း သင်ခန်းစာ သွားမပေးပါနဲ့၊ သွားမလှောင်ပါနဲ့။ ထိခိုက်ခံစားနေတဲ့ သူ့စိတ်အပေါ် အေးစက်တဲ့စကားတွေ ထပ်လောင်းမိရင် နှစ်ဦးကြားအခြေအနေက ပိုဆိုးသွားပါလိမ့်မယ်။

(၅) သူ ပင်ပန်းလာတဲ့အခါ

အလုပ်မှာ တစ်နေကုန် ပင်ပန်းခဲ့လို့ အိမ်ရောက်တာနဲ့ ထမင်းစား၊ ရေချိုးပြီး သူ အိပ်ရာဝင်ချင်နေတယ်။ ကိုယ်ကလည်း သူနဲ့ စကားပြောချင်နေတယ်။ ဒီလိုအချိန်မျိုးမှာ အိပ်ချင်ပြီး မအိပ်ရသူရဲ့စိတ်က ဒေါသထွက်လွယ်ပါတယ်။ တကယ်လို့ ကိုယ်က ဘေးမှာနေပြီး ထပ်ပြောနေဦးမယ်ဆိုရင် နောက်

Synergy Publications

ဆုံးမှာ နှစ်ဦးစလုံး ဒေါသစိတ်နဲ့ အိပ်ရာဝင်ရပါလိမ့်မယ်။ အိပ်ချင်သူကို အိပ်ရေးဝဝ အိပ်ပါစေ။ နောက်တစ်နေ့မနက် မနက်စာစားချိန်၊ သတင်းစာကြည့်ချိန်မှာ ကိုယ်ပြောချင်တဲ့စကားကို ပြောရင်လည်း နောက်မကျပါဘူး။ ဒါဟာလည်း နားလည်ပေးတတ်တဲ့ ကိုယ့်ရဲ့စိတ်ကို ထုတ်ဖော်နေသလိုပါပဲ။

အကြင်လင်မယားတိုင်း ချစ်တတ်ကြပါစေ။

မှုရင်း - Maw Li

* * *

# အိမ်ထောင်ရေးကယ်တင်ကြိုးပမ်းပွဲ

"ဖုန်းလာကိုင်တဲ့ကလေးက "ဦးဦး မရှိဘူး
ဦးဦးနဲ့ဒေါ်လေး တခြားမြို့ကို သွားလည်တယ်""

ဥပမာ(၁)

ရေးသားသူ Gina

သူနဲ့ကျွန်မ ချစ်သူသက်တမ်း (၁၀)နှစ်ကြာမှ လက်ထပ်ခဲ့ကြသူတွေဖြစ်တယ်။ တစ်ယောက်အကြောင်း တစ်ယောက် လုံးဝနားလည်ပြီလို့ ထင်ခဲ့ပေမယ့် လက်ထပ်ပြီးမှ နေထိုင်စားသောက်တဲ့ အမူအကျင့်တွေ၊ စရိုက်တွေ အခြားနားကြီးခြားနားကြောင်း သိလိုက်ရတယ်။ ဒါကြောင့် လက်ထပ်ပြီး နှစ်ဝက်မပြည့်ခင်မှာဘဲ ကိစ္စအသေးအမွှားတွေနဲ့ ကျွန်မတို့ မကြာခဏ စကားများခဲ့ကြတယ်။ "ကွာရှင်းမယ်"ဆိုတဲ့စကားလုံးက ပါးစပ်ကနေ ခုန်ပေါက်ထွက်လာခဲ့တယ်။ နောက်တော့ နှစ်ယောက်စလုံး ခေါင်းအေးအေးထား၊ စိတ်

တည်ငြိမ်မှုတွေယူပြီး ကွာရှင်းခြင်းဆိုတဲ့အန္တရာယ်ချောက်ကမ်းပါးနားရောက်နေတဲ့ အိမ်ထောင်ရေးကို ကယ်တင်ဖို့ ကြိုးစားလိုက်ပါတယ်။ ပြဿနာအဖုအထုံးကိုရှာဖွေနိုင်ဖို့ကျွန်မတို့နှစ်ယောက်အိမ်ထောင်ရေးပညာပေးသင်တန်းကို တက်ခဲ့ကြတယ်။ သင်တန်းဆရာရဲ့ သင်ပြမှုအောက်မှာ "လူ၊ အလုပ်၊ နေရာ၊ ပစ္စည်းဥစ္စာ" တွေက အိမ်ထောင်ရေးရဲ့ သားသတ်သမားတွေဖြစ်နိုင်သလို အိမ်ထောင်ရေးတည်မြဲဖို့လည်း ကူညီနိုင်တယ်လို့ ကျွန်မတို့ သိလိုက်ရတယ်။ အဲဒီလိုနဲ့ "အိမ်ထောင်ရေးကယ်တင်ခြင်းစီမံကိန်း" ကို ကျွန်မတို့ စပြီး အကောင်အထည်ဖော်ခဲ့ကြတယ်။

(၁) ဟန်းနီးမွန်းခရီးတွေထွက်ပြီး ပျားရည်လိုချိုမြိန်တဲ့နေ့ရက်တွေကို ရှာဖွေမယ်

အလုပ်တွေပစ်၊ အိမ်မှုကိစ္စတွေပစ်ပြီး နှစ်ဦးစလုံးရဲ့အားလပ်ရက်မှာ ခရီးတစ်ခေါက်ထွက်မယ်။ စိတ်ခွန်အားကို အားဖြည့်မယ်။ အချစ်နဲ့ချိုမြိန်ဖူးတဲ့နေ့ရက်တွေကိုပြန်လည်တူးဆွမယ်။

(၂) ပတ်ဝန်းကျင်နဲ့လူကို အမြဲဆန်းသစ်အောင် ပြောင်းလဲမယ်

အိမ်ထဲက အိမ်အသုံးအဆောင် ပရိဘောဂတွေကို မကြာခဏ နေရာရွှေ့ပြောင်းပေးမယ်။ နွေးထွေးသန့်ရှင်းတဲ့ ပတ်ဝန်းကျင်ဖြစ်အောင် ဖန်တီးမယ်။ အိပ်ရာမဝင်ခင် ဖိအားတွေလျော့ချစေနိုင်တဲ့ အမွှေးဆီတွေကို ထွန်းညှိမယ်။ ရေနွေးကြမ်းတစ်အိုးကို သူနဲ့အတူ အရသာခံသောက်ပြီး တစ်နေ့တာအတွေ့အကြုံကို မျှဝေမယ်။ စကားတွေဖလှယ်မယ်။ "Communicate" နဲ့ နှစ်ဦးကြားမှာ ဝေးနေတဲ့ အကွာအဝေးကို ဆွဲစေ့မယ်။ မင်္ဂလာနှစ်ပတ်လည်





နေ့ပဲဖြစ်ဖြစ်၊ မွေးနေ့ပဲဖြစ်ဖြစ်၊ လက်ဆောင်ပစ္စည်း ဒါမှမဟုတ် အပြုအမူတစ်ခုခုနဲ့ တစ်ဖက်လူအံ့ဩဝမ်းသာအောင် လုပ်မယ်။ အချစ်၊ ပျော်ရွှင်ခြင်းတွေကို နှစ်ဦးစလုံးရဲ့ရင်ဘတ်ထဲမှာ စုနိုင်သမျှထည့်စုမယ်။

(၃) ဟာသဉာဏ် EQ တွေကို မွေးမြူမယ်

လင်မယားစကားများရင် အတတ်နိုင်ဆုံး အဆိပ်ရှိတဲ့စကားလုံးမျိုးကို ရှောင်ပါ။ တစ်ဖက်သားရဲ့ အားနည်းချက်၊ သိက္ခာကို မထိခိုက်မိပါစေနဲ့။ EQ သုံးပြီး ရန်ပွဲကနေ အမြန်ဆုံးခွာပါ။ စိတ်တည်ငြိမ်မှုရမှ ဘာကြောင့် စကားများရတယ်ဆိုတဲ့ အရင်းအမြစ်နဲ့ ဖြေရှင်းနိုင်မယ့်အဖြေကို ရှာပါ။

"အိမ်ထောင်ရေး" ဆိုတာ အလှအဖိုးတန်တဲ့ နင်းဆီပန်းတစ်ပွင့်နဲ့ တူတယ်။ နှစ်ဦးနှစ်ဖက်လုံး ပြုစုယုယသင့်တယ်။ ရှင်သန်ကြီးထွားဖို့ မကြာခဏ မြေဩဇာတွေ ထည့်ပေးရတယ်။ အဲဒီလိုမှမဟုတ်ဘဲ သူ့ဘာသာသူ ကြီးချင်သလို ကြီးပါစေဆိုပြီး မြေဩဇာမထည့်၊ ပေါင်းမနုတ်ဘဲ ပစ်ထားရင် တစ်ခါတလေမှ တိုက်ခတ်တတ်တဲ့ လေဒဏ်၊ မိုးဒဏ်တောင် သူ ခံနိုင်မှာ မဟုတ်ပါဘူး။ အလွယ်တကူ ညှိုးနွမ်းသေကျေနိုင်ပါတယ်။ ဒါကြောင့် ဒီနင်းဆီလေး လှပအောင်၊ လန်းဆန်းနေအောင် နှစ်ဦးစလုံး ကြိုးစားသင့်ပါတယ်။

ဥပမာ(၂)

ရေးသားသူ Xin Lan

ကလေးမွေးပြီးနောက် ကလေးကို ကလေးထိန်းနဲ့ ကျွန်မ အပ်ခဲ့တယ်။ ကြိုပို့ရ လွယ်ကူအောင်ဆိုပြီး လက်ရှိအလုပ်ကထွက်ပြီး အိမ်နဲ့နီးတဲ့နေရာမှာ ကျွန်မ နောက်အလုပ်တစ်ခုကို ရှာခဲ့တယ်။ ဒီလိုနဲ့ ယောက်ျားနဲ့

အတူ အလုပ်အတူသွား၊ အတူဆင်းတဲ့ ကျွန်မရဲ့နေ့ရက်က ပြီးဆုံးသွားခဲ့တယ်။

တစ်နေ့မှာ ကျွန်မယောက်ျားရဲ့ ကျောင်းနေဖက်အမျိုးသမီးသူငယ်ချင်းတစ်ဦး အိမ်ကိုရောက်လာပြီး သစ်သီးခြင်း လာပို့ခဲ့တယ်။ ကျွန်မယောက်ျားက သူ့ကို အလုပ်သွား၊ အလုပ်ပြန် နေ့တိုင်း ကြိုပို့ခဲ့လို့ ကျေးဇူးတင်ကြောင်း လာပြောတာဖြစ်တယ်။ ဒီအမျိုးသမီးက လွန်ခဲ့တဲ့ နှစ်ဝက်လောက်မှာ ကျွန်မတို့အိမ်ပတ်ဝန်းကျင်နား ပြောင်းလာတဲ့သူဖြစ်တယ်။ သူ့အလုပ်က ကျွန်မယောက်ျားအလုပ်နဲ့ နီးတယ်။ ဒါကြောင့် ကားကြုံစီးနေတာလည်း နှစ်ဝက်လောက်ရှိနေပါပြီ။

ဒီကိစ္စက ဘာကြီးကြီးမားမားကိစ္စ မဟုတ်ပေမယ့် ဘာဖြစ်လို့ ဒီကိစ္စကို ကျွန်မယောက်ျား လုံးဝမဟာခဲ့တာကို ကျွန်မ နားမလည်ခဲ့ဘူး။ သူ့ပုံစံကလည်း ပုန်းပုန်းလျှိုလျှိုပဲ။ သူ့ကို စပြီး ကျွန်မ သံသယဖြစ်လာခဲ့မိတယ်။ သူ့ကို ကျွန်မ အမြဲတမ်း စစ်မေးခဲ့တယ်။ "မဟုတ်ပါဘူး" ဒါမှမဟုတ် "ဒီကြိုပို့တဲ့ အလုပ်ကို အဆုံးသတ်လိုက်မယ်" ဆိုတဲ့ သူ့ဆီက စကားသံကိုပဲ ကျွန်မ မျှော်လင့်ခဲ့တယ်။

ဒါပေမယ့် တစ်နေ့မှာ မထင်မှတ်ဘဲ သူ့ဆီက "ငါ ရှေ့တစ်လှမ်းဆက်တိုးမှာကို သူ မျှော်လင့်နေတာကြာပြီ၊ နင်နဲ့ ကလေးတွေရဲ့တာဝန်ကြောင့် ငါ မလှုပ်ဘဲ နေရာမှာတင် ရပ်နေခဲ့တာ အခုချိန်အထိပဲ" ဆိုတဲ့စကားကို ကျွန်မ ကြားလိုက်ရတယ်။ ဘုရားရေ၊ ကျွန်မနဲ့ ကလေးတွေရဲ့တာဝန်ကြောင့်တဲ့၊ ဒါဟာ သူ့ဘက်ကလည်း ဟိုအမျိုးသမီးကို စိတ်ဝင်စားတယ်။ ဒါပေမဲ့ တာဝန်ကြောင့် ရှေ့မတိုးခဲ့တာလား။ ကျွန်မကိုချစ်လို့ ရှေ့မတိုးခဲ့တာမှ မဟုတ်ခဲ့တာ။





အိမ်ထောင်ရေးရဲ့ အရေးအကြီးဆုံးအချိန်က တဖြည်းဖြည်း ချဉ်းကပ်နေပြီဆိုတာကို ကျွန်မ တုန်လှုပ်စွာ ခံစားလိုက်မိတယ်။ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီး မဆုံးဖြတ်နိုင်ခဲ့ရင် လင်ယောက်ျားက အမြန်ဆုံးနည်းနဲ့ ဘီးချော်တော့မယ်။

ဒီလိုနဲ့ ရှာကယောက္ခမကို အိမ်ခေါ်ပြီး ကလေးထိန်းစေခဲ့တယ်။ ကျွန်မလည်း လက်ရှိအလုပ်ကထွက်ပြီး အရင်အလုပ်နဲ့နီးတဲ့နေရာမှာ အလုပ်တစ်ခု ထပ်ရှာခဲ့တယ်။ ယောက်ျားနဲ့အတူ အလုပ်အတူသွား၊ အတူဆင်းတဲ့ နဂိုပုံစံထပ်ဖြစ်အောင် ကျွန်မ ကြိုးစားခဲ့တယ်။ ကားကြုံစီးတဲ့ အမျိုးသမီး နောက်ဆုတ်သွားလိမ့်မယ်လို့ ကျွန်မ ထင်ပေမယ့် သူ နောက်မဆုတ်ခဲ့ဘူး။ အလုပ်သွား၊ အလုပ်ပြန်မှာ ကားကို ကျွန်မတို့သုံးယောက် အတူစီးခဲ့ကြတယ်။ သူတို့နှစ်ယောက်က ပြောလို့၊ ရယ်လို့။ ကျွန်မရင်ထဲမှာ အော်ဆဲတာထက် ပိုခံခဲ့ရတယ်။

ဒီလိုနဲ့ ကျွန်မယောက်ျားရဲ့ ကျောင်းနေဖက်သူငယ်ချင်း နောက်အမျိုးသမီးတစ်ယောက်ကို ကျွန်မ သွားရှာခဲ့တယ်။ ဒီကားကြုံစီးတဲ့ အမျိုးသမီးရဲ့ အချစ်ရေး၊ ကြိုက်နှစ်သက်တတ်တဲ့ အမျိုးအစားတွေ အဲဒီအမျိုးသမီးဆီ ကျွန်မ မေးမြန်းခဲ့တယ်။ အရပ်မြင့်မယ်၊ သဘောကောင်းမယ်၊ ကြင်နာတတ်မယ်။ အလုပ်အကိုင်ရှိတဲ့ ယောက်ျားဆိုရင် သူ ကြိုက်နှစ်သက်ပါတယ်တဲ့။ ဒီလိုနဲ့ ကျွန်မသူငယ်ချင်းရဲ့ယောက်ျား (ကျွန်မသူငယ်ချင်းက ကားအက်ဆီးဒင့်နဲ့ ဆုံးသွားပါတယ်) နဲ့ ကားကြုံစီးတဲ့အမျိုးသမီးကို မိတ်ဆက်ပေးလိုက်တယ်။ အရပ် ၁၇၅ cm ရှိတဲ့ သွားဆရာဝန်နဲ့ မိတ်ဆက်ပေးတော့ သူက စစချင်းမှာ အင်တင်တင်ပါ။ နောက်တော့လည်း အဆင်ပြေသွားကြပါတယ်။ ကျွန်မယောက်ျားရဲ့ ကားကြုံကိုလည်း သူ မစီးတော့ဘဲ အလုပ်နဲ့နီးတဲ့ဘက်ကို အိမ်

ပြောင်းသွားခဲ့ပါတယ်။ အဲဒီအချိန်ကျမှ ကျွန်မရင်ထဲက အလုံးကြီးကို ချလိုက်နိုင်တော့တယ်။

နှစ်တွေကြာခဲ့ပါပြီ။ ဒီနေ့အထိ ကားကြုံစီးတဲ့ အမျိုးသမီးအကြောင်းကို ကျွန်မ မဟာခဲ့ဘူး။ ကျွန်မယောကျ်ားရဲ့ နှလုံးသားထောင့် တစ်နေရာမှာ အဲဒီအမျိုးသမီးနဲ့ပတ်သက်တဲ့ အရာလေး ကျန်နေဦးမယ်ဆိုရင်တောင် သူ ဖွင့်ဟမလာခဲ့ရင် လေးစားမှုနဲ့ ခွင့်လွှတ်မှုက ကျွန်မရင်ထဲမှာ အမြဲရှိနေပါတယ်။

ဥပမာ (၃)

ရေးသားသူ Lin

သူ့ရဲ့ အသည်းအသန်ပိုးပန်းမှုကြောင့် မိဘတွေကိုဆန့်ကျင်ပြီး သူ့နောက် ကျွန်မ လိုက်ခဲ့တယ်။ ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် မွေးဖွားခဲ့တယ်။ တစ်ယောက်ပြီးတစ်ယောက် ပြုစုပျိုးထောင်ခဲ့တယ်။ စရိတ်တွေ တစ်နေ့ထက်တစ်နေ့ ကြီးလေးလာခဲ့တယ်။ အဖက်ဖက်က ဖိအားကြောင့် သူ့ရဲ့ စိတ်နေသဘောထားနဲ့ ခံနိုင်ရည်အားက တဖြည်းဖြည်း ရုပ်လုံးပေါ်လာခဲ့တယ်။ ဒါပေမယ့် ကျွန်မရဲ့ရွေးချယ်မှုကို ကျွန်မ ယုံကြည်ခဲ့တယ်။ ကိုယ့်ရဲ့ အလုပ်နဲ့ မိသားစုအလုပ်ကိုပစ်ပြီး သူ့ကို ကျွန်မ အားပေးခဲ့တယ်။ ညအထိ ရုံးပိတ်ရက်တွေမှာတောင် သူ အချိန်ပိုဆင်းခဲ့တယ်။ ကျွန်မရဲ့ အချိန်တွေက ကလေးသုံးယောက်နဲ့ပဲ ကုန်လွန်ခဲ့ရတယ်။

တစ်နေ့မှာ မိတ်ဆွေတစ်ယောက်က သူ့ကို တခြားမိန်းကလေးတစ်ယောက်နဲ့ တွေ့လိုက်ကြောင်း ကျွန်မကို လာပြောပါတယ်။ အိမ်အလုပ်၊ ကလေးတွေနဲ့ အလုပ်ရှုပ်နေခဲ့တဲ့ ကျွန်မကို မိတ်ဆွေက "နင့်ယောကျ်ား





ဖောက်ပြန်နေပြီနော်၊ တခြားသူနဲ့တော့ မဟုတ်ဘူး၊ နင့်အိမ် အမြဲလာတဲ့ မိန်းမနဲ့"လို့ သတိပေးလာပါတယ်။ ရက်စိတ်၊ အံ့သြစိတ်နဲ့ သူ့ကို ကျွန်မ မေးမြန်းခဲ့တယ်။ ဒါပေမယ့် သိက္ခာတရားကြောင့် ကျွန်မရဲ့အမေးက သူ့ကို ဒေါသတွေ ထွက်စေခဲ့တယ်။ ကျွန်မတို့ အကြီးအကျယ် စကားများခဲ့ကြတယ်။ ဝမ်းနည်းစိတ်၊ ရက်စိတ်၊ ယုံကျုံးမရစိတ်နဲ့ ကျွန်မ အကြီးအကျယ် ခံစားခဲ့ရတယ်။ ကိုယ်အလေးချိန်တွေ ကျခဲ့တယ်။ အိုစာနေတဲ့မျက်နှာက ပိုအကြည့်ရရုပ်ဆိုးသွားခဲ့တယ်။

အဲဒီနောက် ဆရာတော်တစ်ပါးရဲ့ "တခြားလူရဲ့အမှားကိုယူပြီး ကိုယ့်ကို အပြစ်မပေးပါနဲ့"ဆိုတဲ့ ဆုံးမစကားကို ကျွန်မ သတိရမိပြီး မိသားစုနဲ့ ကလေးကို ကာကွယ်စောင့်ရှောက်ဖို့ ကျွန်မ စလှုပ်ရှားခဲ့တယ်။ ဦးဆုံး အိမ်ကို အမြဲလာတတ်တဲ့ အမျိုးသမီးရဲ့ယောကျ်ားဆီ ဖုန်းဆက်ပြီး ကိုယ့်မိန်းမရဲ့အပြုအမူတွေကို သတိထားကြည့်ဖို့ ပြောလိုက်တယ်။ ပြီးတော့ သူ့မိန်းမနဲ့ ကျွန်မယောကျ်ား ဖောက်ပြန်နေကြောင်း ပြောလိုက်တယ်။ ကလေးတွေကို စိတ်ချယုံကြည်ရသူဆီအပ်ပြီး မိတ်ဆွေတွေနဲ့ ဂိတ်ပြေလက်ပျောက် ကျွန်မ ခရီးထွက်ခဲ့တယ်။ စိတ်အပြောင်းအလဲဖြစ်အောင် အားလပ်ချိန်မှာ သင်တန်းတစ်ခုခု တက်တယ်။ လုံးဝပြောင်းလဲသွားတဲ့ ကျွန်မရဲ့ အပြုအမူကိုကြည့်ပြီး သူ အသိတရားရလာလို့ပဲလား၊ ဒါမှမဟုတ် သူ့ကို အားပေးကူညီမယ့်သူ မရှိတော့လို့ပဲလား။ ကျွန်မရဲ့စိတ်တွေ သူ့ဆီပြန်လည်လာအောင် အိမ်အလုပ်တွေ၊ အိမ်စရိတ်တွေ သူ တာဝန်ယူမယ်။ ကျွန်မကို ကြိုက်တဲ့သင်တန်းတက်လို့ ပြောလာပါတယ်။ ရုံးပိတ်ရက်တွေမှာလည်း ကျွန်မကို အပြင်ခေါ်လည်တတ်လာတယ်။ အစားကောင်းတွေကို ဝယ်ပြန်လာတတ်ခဲ့ပါတယ်။

# မိန်းကလေးတွေ လှကြစမ်းပါ

'ခါတိုင်း ဘောင်းဘီပဲဝတ်တတ်တဲ့ မိန်းကလေးက ရုတ်တရက်
စကတ်နဲ့မိတ်ကပ်တွေ ပြင်လာပြီဆိုရင် ...'

မိန်းကလေးတွေ အလှအပကြိုက်ကြတယ်။ ပျင်းတဲ့မိန်းကလေးပဲ ရှိမယ်။ ရုပ်ဆိုးတဲ့မိန်းကလေးဆိုတာ မရှိဘူးတဲ့။ အသက် (၃၀)မတိုင်ခင် ကိုယ့်ရုပ်ရည်ကိုမိဘတွေက တာဝန်ယူတယ်။ အသက် (၃၀) ကျော်ပြီးနောက် ကိုယ့်ရုပ်ရည်ကို ကိုယ့်ဘာသာ တာဝန်ယူပါတဲ့။ ဒီလိုစကားမျိုးတွေရှိပေမယ့် တချို့မိန်းကလေးတွေက အိမ်ထောင်ဘက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မြင်ရသူကို ခေါင်းခါချင်လောက်အောင် ပိုသီဖတ်သီနိုင်လွန်းခဲ့ပါတယ်။

ချစ်သူရှိစမှာ မိန်းကလေးတွေက အလှအပတို့ အလေးထားတတ်ကြတယ်။





ဒီလိုမျိုး မိန်းကလေးမျိုးကို ကိုယ်ပတ်ဝန်းကျင်မှာ အများအပြာ
တွေ့ရတတ်တယ်။ အခုဒီပို့စ်ကို ဖတ်နေတဲ့ မိန်းကလေးတွေလည်း အပါအဝ
ပါပဲ။ ချစ်သူဖြစ်စနဲ့ ဖြစ်ပြီးနောက်ပြီး အပြောင်းအလဲက သိသာလွန်းလှတယ
ချစ်သူရှိစမှာ မိန်းကလေးတွေရဲ့ မျက်နှာအရောင်လေးက ဝင်းလက်လို့
တယ်။ အိမ်ကမထွက်ခင် လှလှပပဖြစ်အောင် စိတ်ရှည်လက်ရှည် ပြင်တတ
ကြတယ်။ ဆံပင်ပုံ၊ အဝတ်အစားစတာတွေ လိုက်ဖက်အောင် ဝတ်ဆင်ကြ
တယ်။ လက်ကောက်၊ လက်သည်းနီပါမကျန် လက်ကိုင်အိတ်ကိုတော
ကိုယ်ဝတ်ထားတဲ့ အဝတ်အစားနဲ့ လိုက်မလိုက် အသေးစိတ် ရွေးချယ်တ
ကြတယ်။

ခါတိုင်း ဘောင်းဘီပဲဝတ်တတ်တဲ့ မိန်းကလေးက ရုတ်တရ
စကတ်နဲ့ မိတ်ကပ်တွေ ပြင်လာပြီဆိုရင် ချစ်သူ သို့မဟုတ် ကိုယ်ကြိုက်တဲ့
ရှိလာလို့ဖြစ်တယ်။ အထူးသဖြင့် ကိုယ်အလေးချိန် သိသိသာသာ ကျလ
တယ်။ ဝိတ်လျှော့ဖို့ ကြိုးစားလာကြတယ်ဆိုရင် ချစ်သူရှိလာဖို့ပါပဲ။ ချစ်
ရှိတဲ့ မိန်းကလေးတွေက ပိန်ချင်ကြတယ်။ ကိုယ်အလေးချိန်ကို ဂရုစိုက်လ
တတ်တယ်။ ဝိတ်ကိုလျှော့လာတတ်တယ်။ ချစ်သူပွေ့ဖက်တာကို ခံရချိ
ခါးနားက အဆီတုံးကြီးကို မကိုင်မိဖို့ စိုးရိမ်လာတတ်ကြတယ်။ ဒါကြော
အိပ်ရာမဝင်ခင် လေ့ကျင့်ခန်းလုပ်လာကြတယ်။ အိပ်ရာထတာနဲ့ ပေါင်ချိ
ကြည့်တတ်တယ်။ ဝိတ်ကျဆေးတွေ လိမ်းတယ်၊ သောက်တယ်။ တီဗွီ
လာတဲ့အမျိုးသမီးအစီအစဉ်ကို မလွတ်တမ်း ကြည့်တတ်လာကြတယ
ဒီအချိန်မှာ ဒီလိုမိန်းကလေးတွေက အလှဆုံးဖြစ်တယ်။ သူတို့ရဲ့မျက်နှာလေ
တွေက ကန်ရေပြင်လို ကြည်လင်လှပနေတတ်တယ်။

# မိန်းကလေးတွေလှုကြစမ်းပါ

'ခါတိုင်း ဘောင်းဘီပဲဝတ်တတ်တဲ့ မိန်းကလေးက ရုတ်တရက်
စကတ်နဲ့မိတ်ကပ်တွေ ပြင်လာပြီဆိုရင် ...'

မိန်းကလေးတွေ အလှအပကြိုက်ကြတယ်။ ပျင်းတဲ့မိန်းကလေးပဲ ရှိမယ်။ ရုပ်ဆိုးတဲ့မိန်းကလေးဆိုတာ မရှိဘူးတဲ့။ အသက် (၃၀)မတိုင်ခင် ကိုယ့်ရုပ်ရည်ကိုမိဘတွေက တာဝန်ယူတယ်။ အသက် (၃၀) ကျော်ပြီးနောက် ကိုယ့်ရုပ်ရည်ကို ကိုယ့်ဘာသာ တာဝန်ယူပါတဲ့။ ဒီလိုစကားမျိုးတွေရှိပေမယ့် တချို့မိန်းကလေးတွေက အိမ်ထောင်ဘက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မြင်ရသူကို ခေါင်းခါချင်လောက်အောင် ပိုသီဖတ်သီနိုင်လွန်းခဲ့ပါတယ်။

ချစ်သူရှိစမှာ မိန်းကလေးတွေက အလှအပကို အလေးထားတတ်ကြတယ်။





ဒီလိုမျိုး မိန်းကလေးမျိုးကို ကိုယ်ပတ်ဝန်းကျင်မှာ အများအပြား တွေ့ရတတ်တယ်။ အခု ဒီပို့စ်ကို ဖတ်နေတဲ့ မိန်းကလေးတွေလည်း အပါအဝင် ပါပဲ။ ချစ်သူဖြစ်စနဲ့ ဖြစ်ပြီးနောက်ပြီး အပြောင်းအလဲက သိသာလွန်းလှတယ်။ ချစ်သူရှိစမှာ မိန်းကလေးတွေရဲ့ မျက်နှာအရောင်လေးက ဝင်းလက်လို့နေတယ်။ အိမ်ကမထွက်ခင် လှလှပပဖြစ်အောင် စိတ်ရှည်လက်ရှည် ပြင်တတ်ကြတယ်။ ဆံပင်ပုံ၊ အဝတ်အစားစတာတွေ လိုက်ဖက်အောင် ဝတ်ဆင်ကြတယ်။ လက်ကောက်၊ လက်သည်းနီပါမကျန် လက်ကိုင်အိတ်ကိုတောင် ကိုယ်ဝတ်ထားတဲ့ အဝတ်အစားနဲ့ လိုက်မလိုက် အသေးစိတ် ရွေးချယ်တတ်ကြတယ်။

ခါတိုင်း ဘောင်းဘီပဲဝတ်တတ်တဲ့ မိန်းကလေးက ရုတ်တရက် စကတ်နဲ့ မိတ်ကပ်တွေ ပြင်လာပြီဆိုရင် ချစ်သူ သို့မဟုတ် ကိုယ်ကြိုက်တဲ့လူ ရှိလာလို့ဖြစ်တယ်။ အထူးသဖြင့် ကိုယ်အလေးချိန် သိသိသာသာ ကျလာတယ်။ ဝိတ်လျှော့ဖို့ ကြိုးစားလာကြတယ်ဆိုရင် ချစ်သူရှိလာဖို့ပါပဲ။ ချစ်သူရှိတဲ့ မိန်းကလေးတွေက ပိန်ချင်ကြတယ်။ ကိုယ်အလေးချိန်ကို ဂရုစိုက်လာတတ်တယ်။ ဝိတ်ကိုလျှော့လာတတ်တယ်။ ချစ်သူပွေ့ဖက်တာကို ခံရချိန် ခါးနားက အဆီတုံးကြီးကို မကိုင်မိဖို့ စိုးရိမ်လာတတ်ကြတယ်။ ဒါကြောင့် အိပ်ရာမဝင်ခင် လေ့ကျင့်ခန်းလုပ်လာကြတယ်။ အိပ်ရာထတာနဲ့ ပေါင်ချိန်ကြည့်တတ်တယ်။ ဝိတ်ကျဆေးတွေ လိမ်းတယ်၊ သောက်တယ်။ တီဗွီက လာတဲ့အမျိုးသမီးအစီအစဉ်ကို မလွတ်တမ်း ကြည့်တတ်လာကြတယ်။ ဒီအချိန်မှာ ဒီလိုမိန်းကလေးတွေက အလှဆုံးဖြစ်တယ်။ သူတို့ရဲ့မျက်နှာလေးတွေက ကန့်ရေပြင်လို ကြည်လင်လှပနေတတ်တယ်။

အချစ်တည်ငြိမ်လာချိန်မှာ ပြင်ဆင်မှုတွေ လျော့ပါး၊ ပုံပျက်လာတတ်တယ်။

တည်ငြိမ်တဲ့အချစ်တစ်ခု ရပြီဆိုတာနဲ့ မိန်းကလေးတွေက အလှအပ၊ အပြင်အဆင်ကို လျော့လာကြတယ်။အမြဲတမ်း အသင့်အနေအထားမျိုး ပြင်ဆင်ထားရမယ်လို့ မဆိုလိုပါဘူး။ လျော့ကျင့်မှုတော့ လိုပါလိမ့်မယ်။ တချို့ မိန်းကလေးရဲ့ အပြောင်းအလဲက လန့်စရာကောင်းလောက်အောင် ပိုသိသာမြန်ဆန်ပါတယ်။ ကိုယ်အလေးချိန် တိုးလာရုံတင်မက အပြင်အဆင်ကိုလည်း ဖြစ်သလို ပြင်ဆင်လာခဲ့တယ်။ အချစ်တွေ တည်ငြိမ်လာတော့ သူ ငါ့ကို လွယ်လွယ်နဲ့ထားသွားမှာ မဟုတ်ဘူးဆိုပြီး အလှအပပြင်ဆင်မှုတွေ လျော့လာခဲ့တယ်။ အထူးသဖြင့် အိမ်ထောင်ကျပြီးတဲ့ မိန်းကလေးတွေက ပိုသိသာပါတယ်။

တချို့မိန်းကလေးတွေက အိမ်ထဲအိမ်ပြင် မခွဲခြားဘဲ အိမ်နေအကျီကို အလုပ်ဝတ်သွားတတ်တယ်။ ဒါမှမဟုတ် ညအိမ်ပြန်ရောက်ချိန်မှာ လိမ်းထားတဲ့မိတ်ကပ်ကို မဖျက်ဘဲ သွားမတိုက်၊ မျက်နှာမသစ်ဘဲ အိပ်ရာဝင်တယ်ဆိုတာကို ယောကျ်ားတွေက တဖြည်းဖြည်း သတိထားလာမိတတ်ကြတယ်။ ချစ်စ၊ ကြင်စ၊ အိမ်ထောင်ကျစမှာ ဝတ်တတ်တဲ့ (Sexy) ညဝတ်အကျီတွေက အခုတော့ တခြားအဝတ်အစားဖားဖားကြီးတွေ ဖြစ်လို့နေတယ်။ ခေါင်းအုံးဘေးမှာ အိပ်နေသူကို အိပ်ရင်းအိပ်ရင်း ဘယ်ကအဘွားကြီးလဲလို့ ထင်ရလောက်အောင် ပြောင်းလဲတတ်ခဲ့ပါတယ်။

အပြင်ပန်းအပြင်အဆင် ပေါ့လျော့တဲ့အပြင် တချို့မိန်းကလေးတွေကတိုးတက်လိုစိတ် မရှိတတ်ကြဘူး။ အပေါင်းအသင်းတွေ ရှိရင် ဟိုအတင်း၊ ဒီအတင်းလေး ပြောမယ်။ အလုပ်ချိန်မှာ msn နဲ့ အချိန်ဖြုန်းမယ်။ ရသစာလေး





ဖတ်ရရင် အချိန်ကုန်အားစိုက်ရတယ်ဆိုပြီး အာဟာရမရှိတဲ့ ဟီဗွီအစီအစဉ်တွေကို ပိုနှစ်သက်တတ်တယ်။ စာအုပ်အရောင်းဆိုင်နဲ့ ရုပ်ရှင်ရုံဆိုရင် ခြေဦးတောင် မလှည့်မိတတ်ကြတော့ပါဘူး။ ထမင်းကောင်း၊ ဟင်းကောင်းလေး တစ်ဝိုင်းစားဖို့ဆိုတာလည်း မရှိတော့ပါဘူး။ ဒီလိုမိန်းကလေးမျိုးအတွက် ပြောစရာစကား ဘာများရှိပါသေးသလဲ။

တချို့ယောကျ်ားတွေက ရုပ်ရည်မကြည့်ပါဘူး၊ အတွင်းစိတ်ဖြူစင်ရင် ရပါပြီလို့ ပြောတတ်ကြပေမယ့် သူတို့စိတ်ထဲမှာတော့ "လူကြားထဲ တွဲခေါ်သွားနိုင်တဲ့၊ မီးဖိုချောင်နိုင်နင်းတဲ့၊ အိမ်ခန်းတာဝန်ကျေတဲ့" မိန်းမမျိုးကို လိုချင်ကြတာချည်းပါပဲ။ ယောကျ်ားတွေရဲ့ မျှော်လင့်ချက်အောက်မှာ မိန်းမတွေ ရှင်သန်စရာမလိုဘူးဆိုပေမယ့် ကိုယ့်သတ်မှတ်ချက်အထက်မှာတော့ ကိုယ် ရှိသင့်တယ်လို့ ထင်ပါတယ်။ အတင်းအဖျင်းတွေနဲ့ အချိန်ကုန်မယ့်အစား ဘာဖြစ်လို့ ကိုယ့်ကို အချိန်ပိုပေးပြီး လှပဖို့ အခွင့်အရေး မယူချင်ကြတာလဲ မိန်းကလေးတို့ရယ်။

မိန်းကလေးတို့ရေ၊ ကိုယ့်ကိုယ်ကို စိုးရိမ်စိတ်လေး နည်းနည်းထားပါ။ ကိုယ့်ကိုယ်ကို နည်းနည်းပိုချစ်ပါ။ တစ်ခါတလေ ကောင်မငယ်လေးတွေလို နေထိုင်ပါ။ အလုပ်ဆင်းတာနဲ့ အိမ်တန်းပြန်ဖို့ပဲ မလောပါနဲ့။ ရှော့ပင်းလေးသွားပါ။ ဆံပင်ပုံစံ ပြောင်းကြည့်ပါ။ ရှုပ်ထွေးနေတဲ့စိတ်ကို ပြောင်းလဲကြည့်ပါ။ စာအုပ်ဆိုင်တွေ လည်ပတ်ပါ။ ရုပ်ရှင်ကြည့်ပါ။ အော်ဂင်းနစ်အစာတွေ စားသုံးပါ။ တရားထိုင်ကြည့်ပါ။ ဒါမှမဟုတ် ကိုယ့်ကို ကော်ဖီတစ်ဖျော်စာ အချိန်လေးပေးပြီး ရှုပ်ထွေးတဲ့ အလုပ်ကနေ တစ်ခဏလောက် ခွာကြည့်ပါ။ စိတ်ကို ကြည်ကြည်လင်လင် ထားကြည့်ပါ။

မိန်းကလေးတိုင်း အသက်အရွယ် အကန့်အသတ်မရှိဘဲ လှပနိုင်ကြပါတယ်။ အပြင်ပန်းနဲ့ အတွင်းစိတ်ကို ပြောင်းလဲချင်တယ်။ အထက်ကို မနားတမ်းတက်ချင်တဲ့စိတ်ရှိရင် ဖြစ်ကိုဖြစ်နိုင်ပါတယ်။

ကျွန်မကိုများ စောင်းရေးထားသလား ထင်ရလို့ ဘာသာပြန်မျှဝေလိုက်ပါတယ်။ ကိုယ့်အသက်အရွယ်နဲ့ မလိုက်ဖက်တဲ့ အလွန်အကျွံအပြင်အဆင်တွေနဲ့ အလှအပအတွက် ပိုမသုံးဖြုန်းမိဖို့တော့ ဆင်ခြင်သင့်ပါတယ်။

မူရင်း - Wo Lai Bao

* * *

# မိန်းကလေးတွေ လှကြစမ်းပါ (၁)

'ချစ်သူအပေါ် သူ ဘယ်လောက်အရေးထားတယ်ဆိုတာကို
သူပြင်ထားတဲ့ အလှကနေ ခွဲခြားနိုင်ပါတယ် ...'

နှစ်ယောက်အတူတွေ့ဖို့ ချိန်းတိုင်း ချစ်သူက ဖုန်းတစ်ဖက်ကနေ "ဘာဖြစ်လို့ အလှပြင်နေသေးလဲ၊ ခင့်ရဲ့ ဘာမှလိမ်းမထားတဲ့ ဖြူဖြူစင်စင် မျက်နှာလေးကိုပဲ မောင်က ချစ်တာ" လို့ အမြဲပြောတတ်တယ်။

ချစ်သူရဲ့ အဲဒီလိုစကားမျိုးကို ယောင်လို့တောင် နားမဝင်လိုက်ပါနဲ့။ ယောကျ်ားအများစုက ကိုယ့်မိန်းမ၊ ကိုယ့်ချစ်သူကို တစ်ချိန်တစ်ခါက ဒီလို "နားဝင်ချို" တဲ့စကားမျိုး ပြောဖူးကြပါလိမ့်မယ်။ တကယ်တမ်းကျတော့ စိတ်ရှည်သည်းခံမှုနည်းတဲ့ယောကျ်ားတွေမှာမှ ဒီလိုစကားမျိုးကို ကြားရတတ်ပါတယ်။ သူတို့ရဲ့စကားကို နားဝင်ပြီး သူတို့နဲ့ချိန်းတွေ့တဲ့အချိန် ဘာမှလိမ်းမထားဘဲ သွားခဲ့ရင် အဲဒီနေ့တစ်နေ့လုံး ကိုယ်က တခြားမိန်းကလေးထက် ပိုရုပ်ဆိုးနေသလို ခံစားရပြီး ကိုယ့်ချစ်သူ၊ ကိုယ့်ခင်ပွန်းကို တခြားမိန်းမလှလေးတွေ ကြည့်ရှုဖို့ အခွင့်အရေးပေးလိုက်သလို ဖြစ်သွားပါလိမ့်မယ်။

အကြံ(၁) ကိုယ်လုတယ်ထင်တဲ့အရာက ယောက်ျားတွေက လှတယ်လို့ မခံစားမိဘူး

အလှပြင်ထားတဲ့ မိန်းကလေးတစ်ယောက်ဟာ ကိုယ်ကိုယ်တိုင်ကို လန်းဆန်းတက်ကြွမှုတွေ ဖြစ်စေသလို မြင်ရသူကိုလည်း စိတ်ချမ်းသာစေပါတယ်။ ဒါပေမယ့် ယောက်ျားနဲ့မိန်းမတို့ရဲ့ အတွေးအခေါ်က ခြားနားမှုကြီးမားတတ်တော့ တစ်ခါတလေ ကိုယ်ဆိုးလိုက်ရင် ဆွဲဆောင်မှုပိုရှိသွားမယ်လို့ ထင်တဲ့ နှုတ်ခမ်းနီအရောင်က သူတို့အတွက် မလှမပ ဖြစ်သွားတတ်ပါတယ်။

အကြံ (၂) အလှဆိုတဲ့ယဉ်ကျေးမှုက ကိုယ့်ဘွင်ပြင်လက္ခဏာကို ဖော်ပြနေသလိုပဲ

မိန်းကလေးတွေ အလှပြင်တာနဲ့ပတ်သက်ပြီး ယောက်ျားတွေမှာ ပြောစရာစကားက ရှိလာတယ်။ ယောက်ျားတချို့က မပြင်မဆင်တဲ့ သဘာဝအလှရှင်မိန်းကလေးတွေကို ကြိုက်ကြသလို တချို့က ပြင်ပြင်ဆင်ဆင်ရှိတဲ့ ရင့်ကျင့်အလှရှင် မိန်းကလေးတွေကို သဘောကျကြတယ်။ မိန်းကလေး အလှပြင်တာကို ယောက်ျားတချို့က လက်ခံကြတယ်။ ဥပမာ - ကိုအောင်မင်းက မိန်းကလေးတွေ အလှပြင်တာကို နှစ်သက်တဲ့ မန်နေဂျာတစ်ယောက် ဖြစ်တယ်။ မိန်းကလေးတွေ အလှပြင်ပြီးနောက် မျက်နှာတွေ ပိုဝင်းပလာတယ်လို့ သူထင်တယ်။ မိန်းကလေးတစ်ယောက်ရဲ့ ဘွင်ပြင်လက္ခဏာကို သူ ပြင်ထားတဲ့အလှထဲကနေ မြင်နိုင်တယ်လို့ သူထင်တယ်။ ဒါကြောင့် အလုပ်က မိန်းကလေးဝန်ထမ်းတွေ အလှပြင်တာကို သူ နှစ်သက်တယ်။ ကြည့်သူကို ကြည်လင်ရှင်းသန့်မှုတွေ ပေးတဲ့အပြင် အလုပ်လုပ်နေတဲ့အချိန်မှာ ပိုတက်ကြွမှုရှိစေတယ်။ မိန်းကလေးတွေ အလှပြင်တာလည်း ယဉ်ကျေးမှုတစ်ခုပါပဲ။





ချစ်သူနဲ့ချိန်းတွေ့ချိန်မှာ ချစ်သူအပေါ် သူ ဘယ်လောက်အရေးထားတယ်ဆိုတာကို သူပြင်ထားတဲ့ အလှကနေ ခွဲခြားနိုင်ပါတယ်။

အကြံ (၃) အလှပြင်တဲ့အခါ သိပ်အိုဗာမဖြစ်စေနဲ့

ကွန်ပျူတာအင်ဂျင်နီယာတစ်ယောက်ဖြစ်တဲ့ ကိုမင်းမင်းက သူ အလုပ်လုပ်တဲ့ ပတ်ဝန်းကျင်က မိန်းကလေးတွေ အလှသိပ်မပြင်ကြဘူးလို့ ဆိုပါတယ်။ နှုတ်ခမ်းနီလောက်နဲ့ပဲ ပြီးသွားကြတဲ့မိန်းကလေးတွေ များတယ်လို့ သူ ပြောပါတယ်။ အလုပ်ထဲမှာ မိန်းကလေးတွေများပေမယ့် အလှပြင်တဲ့ မိန်းကလေးတွေကို သူ နှစ်သက်ကြောင်း ကိုမင်းမင်းက ဝန်ခံပါတယ်။ ဒါပေမယ့် မိတ်ကပ်၊ နှုတ်ခမ်းနီတွေနဲ့ အိုဗာဖြစ်အောင် ပြင်ဆင်ထားရင်တော့ သူ ကြည့်မရကြောင်း ပြောပါသေးတယ်။ မိန်းကလေးတွေ နှုတ်ခမ်းနီဆိုးတာကို သူ ပိုနှစ်သက်ကြောင်း၊ မိတ်ကပ်တွေနဲ့ လွှန်လွှန်ကျွံကျွံမပြင်ထားရင်တောင် အနည်းဆုံး နှုတ်ခမ်းပေါ် အရောင်လေးတင်လိုက်ရုံနဲ့တင် မြင်သူကို စိတ်ချမ်းသာစေကြောင်း ကိုမင်းမင်းက ဆက်ပြောပါတယ်။

အကြံ (၄) မလိုက်ဖက်တဲ့အရောင်က မြင်သူကို စိတ်ပျက်စေတယ်

အားကစားမှူးတစ်ဦးဖြစ်တဲ့ ကိုရဲက မိန်းကလေးတွေရဲ့ မျက်လုံးကို ကြည့်ရတာ နှစ်သက်ကြောင်းပြောပါတယ်။ ဒါကြောင့် မျက်လုံးပေါ်မှာ အရောင်လေးတင်မယ်၊ ဥပမာ - မျက်ရစ်၊ လိုင်နာတွေဆိုးထားတဲ့ မိန်းကလေးဆိုရင် ကိုရဲက အမှတ်တိုးပေးတတ်တယ်။ မျက်လုံးတစ်ဝိုက် အရောင်ခြယ်တတ်ရင် အဲဒီမိန်းကလေး အရမ်းလှတယ်လို့ သူ ခံစားရတယ်။ ဒါပေမယ့် အရောင်အရမ်းတောက်ရင် လွှန်လွှန်ကျူးကျူးဖြစ်နေရင်တော့ မြင်ရသူကို

စိတ်ပျက်စေတယ်။ တချို့မိန်းကလေးတွေက ကိုယ်နဲ့မလိုက်ဖက်တဲ့ မိတ်ကပ်ရောင်၊ နှုတ်ခမ်းနီရောင်တွေကို သုံးစွဲတတ်ဘယ်။ အဲဒီအခါ နဂိုရှိရင်းစွဲမျက်နှာအလှက ပိုမပေါ်လွင်တော့ဘဲ မိတ်ကပ်အရောင်ကြောင့် ပိုအကြည့်ရရုပ်ဆိုးသွားတတ်ပါတယ်။ ဒါကြောင့် အလှပြင်ပစ္စည်းတွေကို မဝယ်ခင် ကိုယ်နဲ့လိုက်ဖက်မှုရှိမရှိ အရောင်းဝန်ထမ်း ဒါမှမဟုတ် သူငယ်ချင်းတွေကို မေးမြန်းပြီးမှ ဝယ်သင့်ပါတယ်။

အကြံ (၅) မျက်နှာပေါ်ကအလှ သုံးမိနစ်နဲ့ ပေါ်လွင်ရအောင်

မိန်းကလေးတွေ အလှပြင်တာကို ပတ်ဝန်းကျင်က ယောကျ်ားလေးတွေ ဘယ်လိုပဲမြင်မြင်၊ ဘယ်လိုပဲပြောပြော သူတို့ရဲ့အကြံကို လက်ခံတာကိုယ့်အတွက်တော့ မမှားပါဘူး။ အထက်က ယောကျ်ားတွေရဲ့အကြံကို ကြည့်ခြင်းအားဖြင့် ယောကျ်ားအများစုက မိန်းကလေးတွေ အလှပြင်တာကို ပိုနှစ်သက်ကြတယ်ဆိုတာကို တွေ့ရတယ်။ ဘယ်လိုနေရာမျိုးမှာ ဘယ်လိုအပြင်အဆင်မျိုး ပြင်ဆင်သင့်တယ်ဆိုတာကို မိန်းကလေးတွေ နားလည်ဖို့လိုပါတယ်။ ဒါကြောင့် နောင်တစ်ကြိမ်မှာ ချစ်သူ ဒါမှမဟုတ် ယောကျ်ားကစောင့်ဆိုင်းဖို့ စိတ်ရှည်သည်းခံမှု မရှိခဲ့ရင်တောင် သုံးမိနစ်အလှပြင်နည်းနဲ့ကိုယ့်ကိုယ်ကို လန်းဆန်းတက်ကြွအောင် ပြင်ပါ။ သူတို့ပြောတဲ့ "နားဝင်ချို" စကားကို နားထောင်ပြီး မျက်နှာပြောင်နဲ့ အိမ်ကနေ ထွက်မသွားလိုက်ပါနဲ့။

မှရင်း- ပန်းကလေးရဲ့ "မိန်းကလေးတွေ အလှပြင်တာနဲ့ ပတ်သက်ပြီး ယောကျ်ားတွေမှာ ပြောစရာစကားရှိတယ်"ကို ဆီလျော်အောင် ဘာသာပြန်ပါတယ်။

* * *

# ယောကျ်ားတွေ ယောကျ်ားပီသကြစမ်းပါ

'သူက ဘာကိုမှ ကြံ့ကြံ့မခံနိုင်တဲ့ စတော်ဘယ်ရီ ယောကျ်ားဆိုတာ အခုမှ ငါ သိလိုက်ရတယ် ...'

Taxi စီးတိုင်း ခရီးသည်တွေနဲ့ စကားဖောင်ဖွဲ့တတ်တဲ့ ကားဆရာကို ကျွန်မ တွေ့ခဲ့ရတယ်။ ဒီတစ်ခေါက်တော့ ဆံပင်တွေဖွေးဖွေးဖြူနေတဲ့ အမျိုးသမီးကားဆရာကို ကျွန်မ တွေ့ခဲ့ပါတယ်။ ကားဆရာက သူ့မှာ သမီးတစ်ယောက်ရှိပြီး သမီးက နိုင်ငံခြားနာမည်ကြီးကျောင်းတစ်ကျောင်းမှာ ကျောင်းပြီးခဲ့ကြောင်း၊ အခုချိန်မှာ ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်လုပ်နေကြောင်း၊ ပြောပါတယ်။ အသက်အရွယ် မငယ်တော့ပေမယ့် ချစ်သူရည်းစားမရှာချင်ကြောင်း ပြောပါတယ်။ အမေရဲ့ ဂုဏ်ယူဝင့်ကြွားတဲ့ စကားသံတွေထဲမှာ အိမ်ထောင်မပြုချင်တဲ့ သမီးကို ဆူပူတဲ့အသံလေး ပါနေခဲ့တယ်။

အသက် (၃၀) အရွယ်တုန်းက ကျွန်မအဖြစ်ကို သွားသတိရမိပါတယ်။ အဲဒီအချိန်တုန်းက မေမေဟာ အိမ်မှာ အိမ်ဖော်မပြုတဲ့ သမီးရှိနေရင် မိခင်တာဝန် မကျေပွန်သလိုနဲ့ ကျွန်မကို နေ့နေ့ညည အိမ်ထောင်ပြုဖို့ပဲ တိုက်တွန်းနေခဲ့တယ်။

တကယ်တော့ ကျွန်မတို့လို အပျိုကြီးတွေရဲ့ ရင်ထဲမှာလည်း စိုးရိမ်စိတ်တွေ ရှိကြပါတယ်။ ချစ်သူမရှိတဲ့ ဒုက္ခကို ပြောမထွက်ရဲသလို လမ်းဘေးက တွေ့ရတဲ့လူကို ကောက်ယူလို့လည်း မရခဲ့ပါဘူး။ ဒီခေတ်ယောကျ်ားတွေမှာလည်း ကိုယ့်ကို အားကိုးမှီခိုလာသူတစ်ယောက်ကို လုံခြုံအောင်၊ ယုံကြည်အောင် ထားနိုင်ကြတာမဟုတ်ပါဘူး။

အလုအပကြိုက်တဲ့ ယောကျ်ားလေးတွေ ဘာအသုံးဝင်လဲ။

တကယ့်ယောကျ်ားပီသသူဆိုတာ အာဖရိကမြင်းခင်းပြင်က ရဲဝံ့တဲ့ ခြင်္သေ့တွေလို တစ်လောကလုံးကို အောင်နိုင်တဲ့ ရဲစွမ်းသတ္တိနဲ့ ခြင်္သေ့မတွေကို ဆွဲဆောင်ခဲ့တာကို ခေါ်တာလား။

ဒါပေမယ့် အခုခေတ် အာရှမှာ ဂျပန်နိုင်ငံကနေစပြီး ကြည့်မယ်ဆိုရင် ဂျပန်အမျိုးသားတွေရဲ့ အလှအပကြိုက်ပုံက တောမီးလို ပြန့်နှံ့နေခဲ့ပါတယ်။ သူတို့ဟာ လှပအောင် ဆေးရောင်ခြယ်ထားတဲ့ အမွေးအတောင်နဲ့ ငှက်မတွေကို ဆွဲဆောင်မြူဆွယ်နေတဲ့ ငှက်တွေနဲ့တူနေတယ်။ ဒီလို အလှအပကြိုက်တဲ့ ယောကျ်ားတွေကို ဂျပန်တွေက ပန်းပွင့်နဲ့တူတဲ့ ယောကျ်ားလို့ နိုင်းနိုင်းပါတယ်။ ပန်းတစ်ပွင့်လို နေနေလို့ပါတဲ့။

အပြင်ပန်းကို သပ်သပ်ရပ်ရပ် လှပအောင် ပြင်ဆင်တတ်တဲ့ ယောကျ်ားတွေကို နား ည်ပေးလို့ရပေမယ့် ယောကျ်ားဖြစ်ပြီး နေ့လယ်





နေ့ခင်းမှာ မြူတီစလွန်းတက်မယ်။ ညမှာ ကိုယ့်ချစ်သူနဲ့ မှန်တင်ခုံလုပြီး မျက်နှာပေါင်းတင်မယ်။ မျက်ခုံးမွေးနုတ်နေမယ်ဆိုရင် ဒီလိုယောကျ်ားမျိုးကို ရင့်ကျက်တဲ့ အပျိုကြီးကျွန်မ သည်းခံနိုင်မှာမဟုတ်ပါဘူး။

ကျွန်မတို့လိုချင်တာက ရေဘောစင်ကို ဘယ်လိုပြင်မယ်၊ ဖန်ချောင်းမီးသီးကို ဘယ်လိုလဲမယ်၊ တူကိုင်ပြီး အိမ်ကိုပြင်ဆင်တတ်တဲ့ ယောကျ်ားမျိုးပါ။ ကိုယ့်ထက် အသားအရည် ပိုနူးညံ့ချောမွတ်နေတဲ့ ယောကျ်ားမျိုး မဟုတ်ပါဘူး။ ဒေါင်းတစ်ကောင်လို လှပနေတဲ့ ယောကျ်ားလေးထက် ရဲဝံ့တဲ့ ခြင်္သေ့တစ်ကောင်ကိုပဲ ကျွန်မ ရွေးချင်ပါတယ်။

အဖိအထောင်းမခံနိုင်တဲ့ စတော်ဘယ်ရီလို ယောကျ်ားတွေ ဘာလုပ်မလဲ။

ဒီခေတ်မှာ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းပြီး အလုပ်လုပ်နေကြတဲ့ အမျိုးသမီးတွေ မနည်းပါဘူး။ ပင်ပန်းပေမယ့် မျက်မှောင်တစ်ချက်မကျုံ့တဲ့ အမျိုးသမီးတွေလည်း ဒုနဲ့ဒေးပါ။ ဒါပေမယ့် တချို့ယောကျ်ားတွေက ၆-ပေဆိုတဲ့ ကိုယ့်အရပ် ထောင်ထောင်မောင်းမောင်းကိုမှ အားမနာ ပင်ပန်းမှုဒဏ်ကို ခံရတဲ့အခါ အားနွဲ့တဲ့ စတော်ဘယ်ရီပင်လို အဖိအထောင်း မခံနိုင်ကြပါဘူး။

လွန်ခဲ့တဲ့ တစ်နှစ်ခန့်က ကျွန်မသူငယ်ချင်းတစ်ယောက်ရဲ့ ချစ်သူ အလုပ်ထုတ်ခံလိုက်ရပါတယ်။ ယုံကြည်မှုတွေ လဲပြိုခံခဲ့ရလို့ သူ့ချစ်သူက အိမ်ထဲကအိမ်ပြင်မထွက်ဘဲ အိမ်တွင်းပဲပုန်းနေခဲ့တယ်။ သူငယ်ချင်းမိတ်ဆွေတွေက အလုပ်ရှာပေးမယ်လို့ သွားရောက်အားပေးစကား ပြောခဲ့ပေမယ့် ချစ်သူမောင်တော်က အပြင်အလုပ်လုပ်ရင် ပင်ပန်းတယ်။ ရုံးခန်းထိုင်ပြန်ရင်

လည်း ပျင်းတယ်ဆိုပြီး ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ အလုပ်မရှာဘဲ နေခဲ့ပါတယ်။

သူငယ်ချင်းက အသုံးမကျတဲ့သူချစ်သူကို ကျွန်မဆီရင်ဖွင့်တိုင်းပြောမကုန်တဲ့စကားတွေ ရှိခဲ့ပါတယ်။ နှစ်ယောက်သား ရှေ့ဆက်လျှောက်ကြရမယ့် လမ်းခရီးက မှုန်ဝါးနေခဲ့တယ်။ သူငယ်ချင်းက "သူက ဘာကိုမှ ကြံ့ကြံ့မခံနိုင်တဲ့ စတော်ဘယ်ရီယောက်ျားဆိုတာ အခုမှ ငါ သိလိုက်ရတယ်။ အခက်အခဲကြုံတာနဲ့ စိတ်ဓာတ်က ပိပြားသွားရတယ်။ ယောက်ျားတစ်ယောက်နဲ့ကို မတူဘူး။ ကံကောင်းလို့ ငါ သူ့ကို မယူရသေးတာ" လို့ ရင်ဖွင့်ခဲ့တယ်။ ကြည့်ရတာ ဒီလိုပျင်းရိတဲ့ မကြံ့ခိုင်တဲ့ယောက်ျားကို လက်ထပ်ဖို့အထိ သူ ရွေးတော့မယ် မထင်ပါဘူး။

အကျင့်သီလမမြဲတဲ့ ယောက်ျားတွေ ဘာအသုံးဝင်လဲ။

နောက်[illegible]ကျ ဆိုးပေတဲ့ ခေတ်စတိုင်လ်ယောက်ျားမျိုးပါ။ အချစ်ရဲ့စံနှုန်းကို [illegible]ကျယ်ပြန့်ပြန့်ထားတယ်။ အမြင်တွေကို လွတ်လပ်ခွင့်ပေးထားတယ်။ မတူတဲ့[illegible]တွေအကြံတွေကို လက်ခံတယ်လို့ဆိုပေမယ့် သီလမရှိတဲ့ ယောက်[illegible]ပါ။

မိန်းမမယူ၊ [illegible]ကျားမယူသေးရင် ပတ်သက်လို့ရတယ်။ ခိုးစားရင် အပြစ်မရှိဘူးလို့ ထင်သူတွေဖြစ်ပြီး "ရည်းစားများများ မထားကြည့်ရင် ကိုယ်နဲ့ ဘယ်တစ်ယောက် သင့်တော်မယ်ဆိုတာ မသိနိုင်ဘူး" လို့ ပြောတတ်သူတွေဖြစ်တယ်။ "အချစ်နဲ့ ခန္ဓာ (လိင်)မတူဘူး" လို့လည်း ထင်တတ်သူတွေဖြစ်တယ်။ သူတို့ရဲ့စကားကို မိန်းကလေးဘယ်နှစ်ယောက်က[illegible]သဘောတူနိုင်မလဲ။ တလောက နာမည်ကြီးနိုင်ငံလက်ရွေးစင် ဘက်စကတ်ဘောသမား





လို မွေးလုဆဲချစ်သူကိုထားပြီး အဆိုတော်တစ်ယောက်နဲ့ တိတ်တိတ်ပုန်းခဲ့ပါတယ်။ ကလေးမွေးတော့မယ်ဆိုပေမယ့် လက်မထပ်ရသေးလို့ လက်မထပ်ခင် အခွင့်အရေးလေးယူ၊ ကိုယ့်ကိုယ်ကို တစ်ကိုယ်တော်လူလွတ်ပါဆိုပြီး ခိုးစားခဲ့တယ်။ နောက်ပိုင်း လက်ထပ်ပြီးတာတောင် ဆက်ခိုးစားနေခဲ့တယ်။ နောက်ဆုံး သတင်းစာတစ်စောင်က ထုတ်ဖော်ပြောခဲ့မှ ဇာတ်သိမ်းသွားခဲ့ရတယ်။ ဒီလို သီလမရှိ၊ မစင်ကြယ်တဲ့ယောက်ျားမျိုးကို တစ်သက်လုံး လက်တွဲဖော်အဖြစ် ကျွန်မ မရွေးရဲပါဘူး။

တကယ့်ယောက်ျားပီသသူတွေ ဘယ်ရောက်ကုန်ပြီလဲ။ ကျွန်မတို့အပျိုကြီးတွေ ရွေးလွန်းတယ်၊ ဂျီးများလွန်းတယ်လို့ မထင်ပါနဲ့။ ကျွန်မတို့လည်း ကျွန်မတို့ကို ယုံကြည်မှုပေးနိုင်တဲ့ "လူကောင်း၊ သက်ဆုံးတိုင်လက်တွဲသွားနိုင်သူ" ကို ရှာချင်တာလေးပါပဲ။ ယောက်ျားတွေရယ်၊ ယောက်ျားပီသကြစမ်းပါ။

မူရင်း - Mao Li

* * *

# ဆင်းရဲဒုက္ခကိုကျော်လွှားတဲ့အမျိုးသမီး

အမေရိကန်သမ္မတရွေးကောက်ပွဲမှာ အနိုင်မရခဲ့တဲ့ Hillary Clinton ဟာ နိုင်ငံခြားရေးဝန်ကြီးရာထူးကို ခန့်အပ်ခြင်းခံခဲ့ရတယ်။ တာဝန်လွှဲပြောင်းပွဲကို ဟီလာရီဟာ ခင်ပွန်းဖြစ်သူ သမ္မတဟောင်း ကလင်တန်နဲ့ အတူ တက်ရောက်ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့တယ်၊

ကျေးဇူးတင်စကားပြောစဉ်မှာ ဟီလာရီက ခင်ပွန်းကလင်တန်ကို "ကျွန်မ သူ့ကို အရမ်းကျေးဇူးတင်မိတယ်၊ ဒီတစ်သက် ကျွန်မကို အတွေ့အကြုံ အမျိုးမျိုး သူ ပေးခဲ့တယ်"လို့ထည့်ပြောခဲ့တယ်။ စကားထဲမှာ ဟီလာရီက "အမျိုးမျိုး"ဆိုတဲ့နေရာအရောက်မှာ အသံကို ပိုမြှင့်လိုက်တယ်။ တစ်ချိန်က ကလင်တန် ရှုပ်ပွေခဲ့တာကို ရည်ညွှန်းသလိုရှိတာမို့ ပရိသတ်တွေရဲ့ရယ်မောသံက အတော်မသတ်ခဲ့ဘူး။

ခင်ပွန်းသည်ရဲ့ လူမှုရေးရိုးဖောက်မှုနဲ့ အရှက်တရားအောက်ကနေ ရုန်းထွက်နိုင်ခဲ့တဲ့ အမျိုးသမီး၊ အတင်းသတင်းဆိုးတွေကြားမှာ ရှင်သန်နိုင်ခဲ့တဲ့ အမျိုးသမီးဟာ စိတ်ဓာတ်ကြံ့ခိုင်သူဆိုရင် ဧကန်အမှန်ဖြစ်ပါတယ်၊





သူမရဲ့ ဂုဏ်သိက္ခာတွေ ကျဆင်းအောင်လုပ်ခဲ့သူဟာ ခင်ပွန်း ကလင်တန်ကလွဲလို့ ဘယ်သူရှိနိုင်ဦးမလဲ။ ဒါပေမယ့် စင်ပေါ်တက်စကား ပြောတိုင်း အဲဒီကိစ္စကို ဟီလာရီ ချန်မထားဘူး။ သူမကပဲ အစဖော်ပြီး ပြောခဲ့တယ်၊ အဲဒီသတင်းဆိုးကြားမှာပဲ သူမ ရှင်သန်ခဲ့တယ်။ ဖြစ်ပျက်ခဲ့သမျှကို သူမ ရင်ဆိုင်တယ်။ လက်ခံတယ်၊ ဆုံးဖြတ်ချက်ချတယ်။ သတင်းဆိုးတွေက သူမကို မနှစ်မြှုပ်နိုင်ခဲ့ဘူး။ သူမရဲ့စိတ်ဓာတ်ကို ဆွဲမချနိုင်ခဲ့ဘူး။

ကလင်တန်ကို ကျေးဇူးတင်သင့်ပါတယ်။ "အတွေ့အကြုံအမျိုးမျိုး" ဆိုတဲ့စကားကို ဘယ်လိုပြက်လုံးထုတ်ပြီးပြောလည်း ဒါဟာ အမှန်တကယ် ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ပါ။

ဆင်းရဲဒုက္ခက အဆင်ပြေချောမွတ်ခြင်းထက် ကျွန်မတို့ကို အတွေ့အကြုံပေးနိုင်ခဲ့ပါတယ်။ ကိုယ်နဲ့အရင်းနှီးဆုံးလူက ကိုယ့်ကိုယ် စိတ်ဆင်းရဲမှုတွေ ပေးတယ်။ ရင်ကွဲမတတ် စိတ်ထိခိုက်မှုတွေ ပေးတယ်။ အဲဒီလို ဘဝ အတွေ့အကြုံနဲ့ ခံစားချက်က ဘဝအတွက် တကယ်တန်ဖိုးရှိနိုင်မယ်လို့ ထင်ပါတယ်။

အခက်အခဲအမျိုးမျိုး၊ ခါးသီးတဲ့အတွေ့အကြုံနဲ့ ရှင်သန်ရတာက ဘာမှန်းညာမှန်းမသိဘဲ ရှင်သန်နေတာထက်စာရင် သာပါတယ်။ မကျော်ဖြတ်နိုင်တဲ့ကိစ္စဆိုတာ မရှိသလို၊ ပြန်ပြီး ထမရပ်နိုင်လောက်တဲ့ အခက်အခဲဆိုတာ မရှိပါဘူး။ စိတ်ဓာတ်ကြံ့ခိုင်တဲ့ အမျိုးသမီးက တခြားအမျိုးသမီးတွေထက် သာလို့လုပါတယ်။ မိန်းကလေးတို့ရေ၊ ဘာအကြောင်းကြောင့်မှ ကိုယ့်စိတ်ဓာတ်ကို အနစ်မွန်းမခံလိုက်ပါနဲ့၊

မူရင်း- Zeng Wei-Yu

* * *

# မိန်းမသားတွေရဲ့စိတ်နေသဘောထား

"ချစ်သူက "အချိန်ပိုဆင်းနေတာမဟုတ်လား၊ အလုပ်ပျက်မှာစိုးလို့
မဆက်တာ၊ မက်ဆေ့ချ်ပို့လိုက်တယ်လေ ..."

မိန်းမတွေရဲ့ စိတ်နေသဘောထားက အပြောင်းအလဲ မြန်လွန်းတယ်ဆိုတာ မိန်းမတွေကိုယ်တိုင်တောင် သိနိုင်ပါရဲ့လား။ တစ်ခါတလေမှာ မိန်းမတွေရဲ့စိတ်က မနက်ခင်းနေရောင်ခြည်လို နူးညံ့လန်းဆန်းတတ်သလို၊ တစ်ခါတလေမှာ ဒေါသကြီးတဲ့ခြင်္သေ့လို အနားကပ်လာသူကို အလွယ်တကူ ဟိန်းဟောက်တတ်တယ်။ မိန်းမတွေရဲ့ စိတ်နေသဘောထားက အမြဲတမ်း ပြောင်းလဲတတ်သလို ပြောင်းလဲနှုန်းကလည်း မြန်လှပါတယ်။

ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တဲ့ မိဆိုးက အလုပ်အဏ်၊ ပင်ပန်းအဏ်ကြောင့် အအိပ်မမှန်၊ အစားမမှန်ခဲ့ဘူး။ ဒါကြောင့် မိန်းမသဘာဝဓမ္မတာမလာခင် ရှေ့ရက်တွေမှာ ပိုစိတ်တို၊ ဒေါသထွက်လွယ်ခဲ့တယ်။ ဒီလိုဖြစ်လာတိုင်း





မိဆိုးက ဒေါသစိတ်နဲ့ ချစ်သူကို ဖုန်းဆက်ပြီး ဘာဖြစ်လို့ မနေ့ညက ဖုန်းမဆက်တာလဲ။ ဘာလုပ်နေတာလဲ။ စတာတွေ မေးမြန်းပြီး ရန်ရှာတတ်တယ်။

ချစ်သူက "အချိန်ပိုဆင်းနေတာ မဟုတ်လား၊ အလုပ်ပျက်မှာစိုးလို့ မဆက်တာ၊ မက်ဆေ့ချ်ပို့လိုက်တယ်လေ၊ မကြည့်ရသေးဘူးလား" လို့ ညင်ညင်သာသာ ပြန်ဖြေပါတယ်။ ဒီလိုစကားလေးတစ်ခွန်းကပဲ ဒေါသစိတ်တွေ ပြည့်နေတဲ့ မိဆိုးရဲ့စိတ်က ရေထိတဲ့မီးလို ငြိမ်းသွားခဲ့တယ်။ ချစ်သူကို တမင်ရန်ရှာမိတဲ့ ကိုယ့်စိတ်ကိုလည်း ရှက်ရွံ့မိခဲ့တယ်။

စိတ်တိုတယ်၊ ဒေါသထွက်တယ်၊ ပျော်တယ် စတဲ့ စိတ်အခြေအနေ (mood) တွေကို သက်ရောက်စေတဲ့ အချက်တွေကလည်း များလှပါတယ်။ မိန်းကလေးတွေရဲ့ ခန္ဓာကိုယ်ဟော်မုန်းအပြောင်းအလဲကလည်း တစ်ခုအပါအဝင်ဖြစ်တယ်။ စိတ်အပြောင်းအလဲက ဓမ္မတာမလာခင် ရှေ့ရက်တွေမှာ ပိုသိသာပါတယ်။ အဲဒီအချိန်မှာ စိတ်ဟာ အရမ်းအားပျော့ပြီး စိတ်ညစ်ဝမ်းနည်းစရာ၊ အားငယ်စိတ်တွေ အလွယ်တကူ ဝင်ရောက်တတ်ပါတယ်။ ချစ်သူရဲ့ မတော်တဆ စကားအမှားတစ်ခွန်းကြောင့် စိတ်တွေမကြည်မလင်ဖြစ်ပြီး ခံစားချက်တွင်းနက်ကြီးထဲ အလွယ်တကူ ခုန်ဆင်းတတ်ကြတယ်။ ဒါပေမယ့် နောက်တစ်စက္ကန့်မှာ ချစ်သူရဲ့ယုယကြင်နာစကားကြောင့် မုန်တိုင်းမိပြီး ညှိုးနွမ်းနေတဲ့ ပန်းတစ်ပွင့် နေထိသွားသလို ချက်ချင်းလန်းဆန်းလာတတ်ကြတယ်။ ချစ်သူရဲ့ အကြင်နာနေရောင်စကားနဲ့ မျှော်လင့်ချက်တွေ တဖန်နိုးထလာပြီး အပျော်တွေ ဖူးပွင့်လာတတ်တယ်။

မိန်းမတွေရဲ့ ခန္ဓာတည်ဆောက်ပုံက ယောကျ်ားတွေထက် ပိုရှုပ်ထွေးပါတယ်။ ဒါကြောင့် စိတ်အပြောင်းအလဲတွေ မြန်တတ်ကြတယ်။ ဒါပေမယ့် ယောကျ်ားတွေရဲ့ ဂရုစိုက်မှု၊ နှစ်သိမ့်မှု၊ ကြင်နာမှု၊ နားထောင်မှုတွေက

အဲဒီစိတ်အပြောင်းအလဲတွေအတွက် အကောင်းဆုံးဆေးဖြစ်တယ်။ မိန်းမတွေကလည်း ပင်ပန်းတဲ့၊ ဖိစီးမှုများတဲ့ ကိုယ့်စိတ်ကို ဖြေလျှော့တတ်ဖို့ လိုအပ်ပါတယ်။ တစ်ယောက်တည်း ထီးထီးမနေဘဲ မိတ်ဆွေ၊ သူငယ်ချင်း၊ ချစ်သူ၊ မိသားစုတွေနဲ့ ရောနှောဆက်ဆံ၊ ပြောဆိုဖို့လည်း လိုပါတယ်။ ဓမ္မတာရှေ့ (Premenstrual Syndrome) စိတ်အခြေအနေ အပြောင်းအလဲတွေနဲ့ အလုပ်၊ လူမှုရေး၊ စားဝတ်နေရေးတွေကို မထိခိုက်အောင်နေတတ်မှ တကယ့်ထက်မြက်တဲ့ မိန်းမတွေရဲ့ အပြုအမူတွေဖြစ်ပါတယ်။

မှုရင်း - http://www.netsermon. org/story

* * *

# မိန်းမသားတွေရဲ့စိတ်နေသဘောထား (၁)

"မိတ်ဆုံစားပွဲ ရှိပြန်ပြီလား၊ ဒီနေ့ ပန်းခြံလိုက်ပို့မယ်လို့ အရင်တစ်ပတ်က ကတိပေးထားတယ်လေ၊ ခင့်ကို မောင် နည်းနည်းမှ အလေးမထားခဲ့ပါလား"

"မောင့်ကို ခင်ပြောနေတယ်လေ၊ မောင် နားရောထောင်နေရဲ့လား၊ NBA ကြည့်နေလို့ မအားဘူး ဟုတ်လား၊ ဒီလိုဆိုလည်း ဘတ်စကတ်ဘောနဲ့ပဲ ချိန်းနေခဲ့တော့"

ဒီလိုစကားမျိုးက မိန်းကလေးတွေဖုန်းဆက်ရင် ကြားရတတ်တဲ့စကားတွေဖြစ်တယ်။

ယောကျ်ားတွေကလည်း ယောကျ်ားတွေပါပဲ။ ချစ်သူဖြစ်စနဲ့ ဖြစ်ပြီးသက်တမ်းကြာတဲ့ စိတ်တွေက ကွဲပြားကြတယ်။ ချစ်စအချိန်မှာတော့ "ခင်က မောင့်ရဲ့ လေထုလေးပါ၊ မောင့်ဘဝမှာ ခင်မရှိလို့ မဖြစ်ဘူး၊ ခင့်ကို မောင် အချိန်

နဲ့အမျှ အကာအကွယ်ပေး ချစ်သွားမယ်နော်"လို့ ပြောတတ်ကြသလို တာဝန်ကျေတဲ့ ဒါရိုက်ဘာတစ်ဦးလို "ခင် ဘယ်သွားချင်သလဲ ပြော၊ ခင့်အတွက်ဆို မောင်က လိုက်ပို့ဖို့ အဆင်သင့်ပဲ"ဆိုပြီး ရာခိုင်နှုန်းအပြည့် တာဝန်ကျေပစ်လိုက်တယ်။

ချစ်သူသက်တမ်းလေး နည်းနည်းကြာလာတော့ မှတ်ဉာဏ်တွေက လျော့ပါးနေးကွေးလာကြတယ်။ စိတ်မရှည်ဟန်နဲ့ "မောင် လုပ်စရာတွေများနေတယ်၊ လိုက်မပို့နိုင်ဘူး၊ ကိုယ့်အားကိုယ်ကိုးပြီး နည်းနည်းရင့်ကျက်ကြည့်စမ်းပါ"လို့ ဆိုတတ်သလို ဆရာဟန်ပန်နဲ့ "ကိုယ့်အားကိုယ်ကိုးခိုင်းတာ ခင့်အတွက် ပြောနေတာ"ဆိုပြီး ရာခိုင်နှုန်းအပြည့် ဆုံးမတတ်တယ်။

အချစ်အတွက်ဆိုရင် မိန်းကလေးတွေက ပေးဆပ်၊ အနစ်နာခံရမှာကို မကြောက်တတ်ကြဘူး။ ဒါပေမယ့် ကာလကြာလာတာနဲ့ ပေးဆပ်ခဲ့တာကို အသိအမှတ်ပြုမခံရမှာကိုတော့ ကြောက်တတ်ကြတယ်။ မိန်းကလေးတွေ စိတ်ပျက်၊ အားငယ်နေတဲ့အချိန် အခက်အခဲနဲ့ ကြုံနေရတဲ့အခါ တစ်ကိုယ်ကောင်းဆန်ပြီး ယောကျ်ားပီသစွာနဲ့ နောက်တစ်ယောက်ပြောင်းပြီး အသစ်မရှာလိုက်ကြပါနဲ့။

တစ်ခါတလေမှာ စကားအခွန်းတစ်ထောင်ထက် နွေးထွေးတဲ့ပွေ့ဖက်မှုလေးတစ်ခုက မိန်းကလေးတွေရဲ့စိတ်ကိုကြည်နူးမှုတွေ အကြာကြီးပေးနိုင်ပါတယ်။ ဂရုစိုက်စကားလေးတစ်ခွန်း၊ နွေးထွေးတဲ့ ပွေ့ဖက်မှုလေးတစ်ခု၊ မိန်းကလေးတွေလိုချင်တဲ့အရာက ဒီလောက်ပဲ ရိုးရှင်းလွယ်ကူခဲ့ပါတယ်။

မူရင်း - Xin Deng

* * *

# တိုးတိုးတိတ်တိတ်စကား (၁၀) ခွန်း

"မိန်းကလေးတစ်ယောက်ကို ရိုက်တတ်တဲ့
ယောကျ်ားလောက် အောက်တန်းကျတာ မရှိဘူး ..."

မိန်းကလေးတွေရဲ့စိတ်ကို ဖောက်ထွင်းမြင်ချင်ပါသလား။ အောက်ကစာကို ဆက်ဖတ်ပါ။

(၁) မနိုင်းနဲ့

"သူ့မိန်းမက အိမ်ထောင်မှု ဘယ်လောက်ထိန်းနိုင်တယ်၊ သူ့ချစ်သူက ဘယ်လိုကြင်နာတတ်တယ်"လို့ ကိုယ့်မိန်းမ၊ ကိုယ့်ချစ်သူကို တခြားမိန်းကလေးတွေနဲ့ မနိုင်းနဲ့။ ကိုယ်ချစ်တဲ့သူနဲ့ အတူနေခွင့်ရတာ မင်္ဂလာတစ်ပါးပါ။ မိန်းကလေးအများက ကိုယ်ချစ်တဲ့လူဆီက ကြားရတဲ့ ချီးကျူးစကား

တစ်ခွန်းကို အခြားလူတွေဆီက ကြားရတဲ့ ချီးကျူးစကားတွေထက် ပိုတန်ဖိုးပါတယ်။

(၂) လျစ်လျူမရှုနဲ့

မိန်းကလေးတွေရဲ့ ခံစားမှုအာရုံက လှုပ်ရှားလွယ်တယ်။ ကိုယ်ချစ်တဲ့လူနဲ့ ပတ်သက်လာရင် မကောင်းတဲ့ဘက် တွေးမြင်လွယ်တယ်၊ သဝန်တို၊ အူတိုလွယ်တယ်၊ ကိုယ် အခက်အခဲကြုံတဲ့အခါ သူ့ကို ဖွင့်ပြောတိုင်ပင်ပြီး မျှဝေခံစားမယ်။ သူ ဝမ်းနည်းအားငယ်တဲ့အခါ လက်ကို တင်းတင်းဆုပ်ကိုင်ပြီး အကြင်နာငွေ့တွေနဲ့ ကူညီအားပေးမယ်။ အလုပ်မသွားခင် ပုစဉ်းရေနားအနမ်းလေးနဲ့ နှုတ်ဆက်မယ်၊ အိမ်ပြန်ရောက်ရင်လည်း ပြန်ရောက်ကြောင်း ပွေ့ဖက်နှုတ်ဆက်မယ်။ အဲဒီလို ကိုယ့်အတွက် အပန်းမကြီးတဲ့ နှုတ်ဆက်ခြင်းတွေ၊ အပြုအမူတွေက မိန်းကလေးတွေအတွက် တစ်သက်လုံး တွေးတိုင်း ကြည်နူးစေနိုင်ပါတယ်။

(၃) မျက်နှာထား မပြနဲ့

မိန်းကလေးတစ်ယောက်ကို ဒေါသမျက်နှာနဲ့ တင်းပြတတ်တဲ့ ယောကျ်ားလောက် ကြည့်ရဆိုးတာ မရှိဘူး။ ကိုယ်က အပြင်မှာ မအားမလပ် စီးပွားရှာနေသလို သူလည်း အိမ်မှုကိစ္စ၊ ကလေးတွေနဲ့ အလုပ်ရှုပ်နေတယ်ဆိုတာ သတိရပေးပါ။ နောက်ကနေ လိုအပ်သမျှ ဖြည့်ဆည်းပေးတဲ့သူရှိလို့ အပြင်မှာ စိတ်ချလက်ချ အလုပ်လုပ်နိုင်တယ်ဆိုတာ သတိရပေးပါ။ ကိုယ် အလုပ်ကပြန်ရောက်ရင် "မိန်းမရေ၊ ပင်ပန်းနေပြီလား"နဲ့ "မပင်ပန်းပါဘူး၊





အပြင်ထွက်အလုပ်လုပ်တဲ့ ယောကျ်ားက ပိုပင်ပန်းတာ"ဆိုတဲ့ အပြန်အလှန်စကားပုံရိပ်တွေက လှပတဲ့ ပန်းချီကားတစ်ချပ်လိုပါပဲ။ လူကို ကြည်နူးစေပါတယ်။

(၄) ပြိုင်ကြတယ်

ယောကျ်ားတွေက အလုပ်ပြိုင်၊ ရာထူးပြိုင်သလို မိန်းကလေးတွေလည်း ကိုယ့်ယောကျ်ား၊ ကိုယ့်ကလေးအကြောင်း ပြိုင်တတ်ကြတယ်။ ဒါကြောင့် လူတွေရှေ့မှာ မိန်းကလေးတွေကို မဟောက်၊ မအော်ဘဲ အကြင်နာတွေ၊ ဂရုစိုက်မှုတွေ ပေးပါ။ တခြားမိန်းကလေးတွေ မနာလိုဝန်တို ဖြစ်စေလောက်တဲ့ အချစ်ကို ရထားတဲ့ မင်းသမီးလို့ သူ့ကိုယ်သူထင်မြင်အောင် ကြင်နာပြပါ။ သူဟာထက်မြက်တဲ့မိန်းကလေးဖြစ်ခဲ့ရင်ကိုယ့်အပေါင်းအသင်းရှေ့မှာလည်း ကိုယ်ဟာ မိန်းမကို ဂရုစိုက်ကြင်နာသူအဖြစ် သူ မျက်နှာသာပြန်ပေးပါလိမ့်မယ်။

(၅) ကြည့်တတ်တယ်

မိန်းမလှလေးတွေမြင်ရင် ယောကျ်ားလေးတွေ ကြည့်တတ်ကြသလို ယောကျ်ားလေးချောချောတွေကိုမြင်ရင်လည်း မိန်းကလေးတွေ ကြည့်တတ်ပါတယ်။ ဒါကို သဝန်တို၊စိတ်တိုနိုင်ပေမယ့် ချောတဲ့ယောကျ်ားကိုကြည့်တဲ့ မိန်းကလေးရဲ့အကြည့်က ချောတဲ့မိန်းကလေးကိုကြည့်တဲ့ ကိုယ့်အကြည့်ထက် ရိုးသားပါတယ်။ မိန်းကလေးတွေကြည့်တဲ့အကြည့်က လှတဲ့ပစ္စည်းတစ်ခု၊ ပန်းချီကားတစ်ချပ်ကို ကြည့်ရှုခံစားသလိုပဲ ယောကျ်ားလေးတွေလို ကြည့်ပြီး စိတ်ကူးယဉ်တာတွေ မပါပါဘူး။

(၆) မရိုက်နဲ့

မိန်းကလေးတစ်ယောက်ကို ရိုက်တတ်တဲ့ ယောကျ်ားလောက် အောက်တန်းကျတာ မရှိဘူး။ သူ့ကို တကယ်ချစ်ရင် အပြန်အလှန် လေးစားမှုဆိုတာ ရှိသင့်တယ်။ လက် မ[illegible]သင့်ဘူး။ သူ့ကို မချစ်တော့ရင် ကိုယ့်နှလုံးသားကို ပြန်မေးကြည့်ပါ၊ သူ့ကိုပျော်အောင် ဆက်ထားနိုင်မလား။ တကယ်လို့ ပထားနိုင်ခဲ့ရင် ဆုပ်ကိုင်မထားပါနဲ့။ လက်လွှတ်လိုက်ပါ။ သူ လွတ်လပ်ပါစေ။

(၇) နူးညံ့ပါ

မိန်းကလေးတစ်ယောက်ဟာ ဘယ်လောက်ပဲ ထက်မြက်နေပါစေ၊ ယောကျ်ားတစ်ဦးရဲ့ ဦးဆောင်ဆုံးဖြတ်မှုကို ပိုအလေးထားကြတယ်။ ဒါမှ ကိုယ့်အတွက် ဘေးကင်းလုံခြုံတယ်လို့ ထင်တတ်ကြတယ်။ မိန်းမတွေဟာ ယောကျ်ားတွေရဲ့ နူးညံ့သိမ်မွေ့တာကို မလွန်ဆန်နိုင်ဘူး။ တကယ်လို့ မိန်းမတစ်ယောက်ရဲ့ နူးညံ့သိမ်မွေ့မှုက ယောကျ်ားတစ်ယောက်ကိုရင်ဆိုင်ဖို့ လက်နက်ဖြစ်ခဲ့တယ်ဆိုရင် ယောကျ်ားတစ်ယောက်ရဲ့ နူးညံ့သိမ်မွေ့မှုက မိန်းကလေးအတွက် အနုမြူပဲဖြစ်တယ်။ ဒါပေမယ့် မိန်းကလေးတွေမှာ မွေးရာပါ မိခင်စိတ်ရှိတာကြောင့် တစ်ခါတလေ ကိုယ့်ကို ကလေးလေးတစ်ယောက်လို အစစအရာရာ စိုးရိမ်စိတ်တွေပိုပြီး ဗျစ်တောက်ဗျစ်တောက် လိုက်ပြောမယ်၊ အလိုလိုက်တတ်သလို၊ ဟိုဟာမလုပ်နဲ့၊ ဒီလိုလုပ်လို့ လိုက်စွက်ဖက်မယ်။ ဒါတွေကို အပြစ်မမြင် ဖွေမယူ၊ ဒေါသမထွက်ဘဲ နူးညံ့ပေးပါ။ သူဟာ မိခင်စိတ်ရှိတဲ့ မိန်းမသားဖြစ်နေလို့ပါပဲ။





(၈) မိသားစုဟာ ပထမ

ယောကျ်ားတွေဟာ အလုပ်ကို တာဝန်ယူရတယ်။ အလုပ်အတွက် စာရိတ္တကောင်းရတယ်။ အလုပ်ထဲမှာ ပျော်ရွှင်အောင် နေတတ်ဖို့နဲ့ အလုပ်ရဲ့ ကျေးကျွန်မဖြစ်ဖို့ သိတတ်ရတယ်။ အလုပ်လုပ်တာဟာ မိသားစုပျော်ရွှင်ဖို့ အတွက်၊ မိသားစု စားဝတ်နေရေးအတွက်ဆိုရင် ကိုယ်ချစ်တဲ့သူနဲ့ ကိုယ့်သားသမီးတွေ ပျော်ရွှင်ဖို့ ကိုယ်နဲ့အတူနေခွင့်အချိန်ကို မကြာခဏ ပေးပါ။

(၉) ယောက္ခမဆိုတာလည်း မိဘပဲ

မိန်းမကို တကယ်ချစ်ရင် သူ့မိဘတွေကိုလည်း ချစ်ပါ။ စိတ်ထဲမှာ ဒါ ကိုယ့်မိဘတွေပဲလို့ ထည့်ထားပါ။ ယောက္ခမတွေကို ကိုယ့်မိဘအရင်းလို သဘောထားနိုင်ရင် သူတို့ကလည်း ကိုယ့်ကို သားအရင်းလို သဘောထားကြပါလိမ့်မယ်။ လူတွေက အသက်ကြီးအိုမင်းလာရင် ကလေးလေးနဲ့ တူသွားတတ်သတဲ့။ ဒါကြောင့် တစ်နေ့တခြား အိုမင်းလာတဲ့ ယောက္ခမ၊ မိဘတွေကို ကလေးတစ်ယောက်လို သဘောထားပြီး ဂရုစိုက်ပါ။ ပြုစုပါ။ သူတို့ပျော်ရွှင်အောင် ချော့မြူပါ။ ကိုယ်လည်းတစ်နေ့နေ့မှာ အိုမင်းလာနိုင်တဲ့အတွက် ကြည့်မှန်တစ်ချပ်ကို ပြုလုပ်နေသလိုပဲ။ ကိုယ့်သားသမီးတွေ အတုယူနိုင်ဖို့ လူအိုတွေကို ဘယ်လိုဂရုစိုက် လေးစားရမယ်ဆိုတာကို သူတို့သိမြင်ပါစေ။ ဒါမှ နောင်တစ်ချိန်မှာ ကိုယ့်ကို သူတို့ ပြန်လေးစားပါလိမ့်မယ်။

(၁၀) သစ္စာ၊ ယုံကြည်ခြင်း၊ ခွင့်လွှတ်ခြင်း၊ နားလည်ခြင်း

လူနှစ်ယောက်ပေါင်းစပ်ဖို့ ဒါတွေလိုအပ်ပါတယ်။ ကိစ္စတိုင်းကို ဖွင့်ပြောတိုင်ပင်သင့်တယ်ဆိုပေမယ့် တစ်ခါတလေ မတတ်သာတဲ့အချိန်မှာ

ချိုသာတဲ့မှုသားကိုလည်း သုံးနိုင်ပါတယ်။ ပြဿနာတစ်ခုခု ရင်ဆိုင်ရပြီဆိုရင် မိန်းကလေးကို အပြစ်မတင်ခင် ကိစ္စတစ်ခုရဲ့ အတိမ်၊ အနက်ကို ဝေဖန်ပိုင်းခြားတတ်ဖို့လိုပြီး ရှုထောင့်အမျိုးမျိုးကနေ အရင်ကြည့်ရှုခံစားပေးပါ။ မိန်းကလေးဘက်ကနေ ဝင်ရောက်ခံစားတတ်ဖို့လည်း လိုပါလိမ့်မယ်။ ကိုယ်ဟာ သူ့ရဲ့အချစ်ရဆုံးဖြစ်တဲ့အတွက် သူ့ကို နားလည်ပေးပါ။ အားပေးပါ။ ခွင့်လွှတ်ပေးပါ။

အင်တာနက်မှာဖတ်မိတာကို ဆီလျော်အောင် ဘာသာပြန်ပါတယ်။

* * *

# လက်ထပ်ရှင်းတမ်း

'ငါ့ရှေ့မှာ ကွာရှင်းပေးပါလို့
ငါ့မျက်နှာကြည့်ပြီး နင်ပြောခဲ့ရင် ...'

လွန်ခဲ့တဲ့ ၁၄ – နှစ်က မိုးသည်းသည်းမည်းမည်းရွာတဲ့ညတစ်ညမှာ မိဘဆွေမျိုးတွေကို ဆန့်ကျင်ပြီး သိပ်ချစ်ရတဲ့နင့်နောက် ငါ လိုက်ခဲ့တယ်။ နင့်မှာ ဖျားနာနေတဲ့ မိခင်ရယ်၊ အိုမင်းနေတဲ့ဖခင်နဲ့ သွပ်တစ်ခြမ်းခွာရောင်းထားတဲ့ အိမ်အိုတစ်လုံးအပြင် ငါရှိခဲ့သေးတယ်မဟုတ်လား။ ဒီမြို့ကို အလုပ်လုပ်ဖို့လာခဲ့တဲ့ ခရီးစရိတ်အတွက် ငါ အစားထိုးဆရာမ တစ်လလုပ်ခဲ့ရတယ်။ ငါ အပင်ပန်းခံခဲ့သမျှက နင်နဲ့အတူ သက်ဆုံးထိတိုင် နေသွားရဖို့ပါပဲ။

ငါ လူရွေးမမှားခဲ့ဘူးလို့ပဲ ပြောရမယ်။ နင် အလုပ်ကြိုးစားခဲ့တယ်။

၁၀ - နှစ်လွန်သွားတော့မှ ငါ့အိမ်ကလူတွေ ငါ့အတွက် သက်ပြင်းချနိုင်ခဲ့တယ်။ ငါ့မိဘတွေ ငါ လူရွေးမမှားခဲ့မှန်းသိပြီး ခွင့်လွှတ်တဲ့အချိန်မှာ တိုက်တွေ၊ ကားတွေ ငါတို့ ပိုင်ဆိုင်ခဲ့ပြီလေ။ ဥစ္စာပစ္စည်းတွေ ပိုင်ဆိုင်လာသလို နင့်မှာ "နှလုံးသားချင်း နားလည်တဲ့သူ" နောက်တစ်ယောက်ရှိလာတယ်လို့ နင် ငါ့ကို ပွင့်ပွင့်လင်းလင်းပဲ ပြောလာခဲ့တယ်။ ကွာရှင်းစာချုပ်မှာ ငါ လက်မှတ်ထိုးပေးရင် ပိုင်ဆိုင်သမျှနဲ့ ကလေးတွေ ငါ့ကိုပေးမယ်လို့ နင်ပြောတယ်။

ငါ ရယ်ပြီး နင့်ကို နောက်သုံးရက်နေ့မှ အဖြေပေးမယ်လို့ ပြောခဲ့တယ်။ လေးရက်မြောက်နေ့မှာ အချက်အလက်တွေခွဲပြီး ငါရေးထားတဲ့ စာရင်းစာရွက် နင့်ကိုပြခဲ့တယ်။

(၁) အိမ်ထောင်သက် ဆယ်နှစ်မှာ ညဝတ်အင်္ကျီ ၃ - စုံ၊ အိမ်နေစီးဖိနပ် ၄ - ရံနဲ့ သားရေဖိနပ် ၂၁ - ရံ နင်စီးခဲ့တယ်။ သားရေဖိနပ်အရေအတွက်က ပိုများနေတယ်။ အကြောင်းက ငွေရှာတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အပြင်မှာပဲ နင် အနေများခဲ့တယ်။ ဒါကြောင့်လည်း "နှလုံးသားချင်း နားလည်တဲ့သူ"နဲ့ နင် တွေ့ခဲ့တာဖြစ်တယ်။

(၂) အိမ်ထောင်သက် ဆယ်နှစ်မှာ ညဝတ်အင်္ကျီ ၁၀ - စုံ၊ အိမ်နေစီးဖိနပ် ၁၁ ရံနဲ့ သားရေဖိနပ် ၁၆ - ရံ ငါစီးခဲ့တယ်။ ငါ့ရဲ့ အိမ်နေစီးဖိနပ်ရော၊ သားရေဖိနပ်ရော များခဲ့တယ်။ မိသားစုတာဝန်နဲ့ ကလေးတွေကို ပြုစုစောင့်ရှောက်ပြီး အိမ်မှာပဲ ငါ အနေများခဲ့လို့ဖြစ်တယ်။ နင်နဲ့အတူ အပြင်ထွက်ပြီး ဒိုးတူပေါင်ဖက် ငါတို့ ရုန်းခဲ့တဲ့အချိန်လည်း ရှိတာပဲ။ ပင်ပန်းတဲ့ဒဏ်ကြောင့် လတ်ဆတ်မှုမရှိတော့တဲ့ ငါ့ရုပ်ရည်က နင့်အတွက် အိမ်မှာသိမ်းထားဖို့ပဲ ဖြစ်ခဲ့ရတယ်။





(၃) အိမ်ထောင်သက် (၁၀)နှစ်မှာ နင့်အရည်အချင်းတွေ X ဆ တက်ခဲ့တယ်။ ကွာရှင်းပြီးတဲ့နောက် "အဖက်ဖက်မှာ အောင်မြင်ပြီး ရင့်ကျက်နေတဲ့ "နင့်ကို ယူဖို့ တန်းစီစောင့်နေတဲ့ မိန်းတွေထဲမှာ ကြိုက်တဲ့တစ်ယောက်ကို နင် ရွေးယူလို့ရတယ်။

(၄) အိမ်ထောင်သက် (၁၀)နှစ်မှာ ငါ့ရုပ်ရည်၊ ငါ့ဖျတ်လတ်မှုတွေ အဆတစ်သောင်း ထိုးကျသွားတယ်။ အမှန်အတိုင်းပြောရရင် နောက်အိမ်ထောင်ပြုဖို့ ငါ့အတွက် အခွင့်အရေးက ၁ - ရာခိုင်နှုန်းပဲ ရှိတယ်။ ငါနဲ့ရွယ်တူကို ငါ မယူနိုင်တော့သလို ကလေးတွဲလောင်းနဲ့ တစ်ခုလပ်မကို ဘယ်ယောကျာ်းကများ ယူချင်မလဲ။

(၅) အိမ်ထောင်သက် ၁၀ - နှစ်မှာ အလုပ်များတဲ့နင် ငါ့ကို ထမင်း ၂၆ - ခါ ချက်ကျွေးဖူးတယ်။

(၆) အိမ်ထောင်သက် ၁၀ - နှစ်မှာ အလုပ်များတဲ့ငါ နင့်ကို ၃၆၅ - ရက်လုံးလုံး တစ်နေ့ သုံးနပ်ချက်ကျွေးခဲ့တယ်။

(၇) အိမ်ထောင်သက် ၁၀ - နှစ်မှာ ကလေးတစ်ယောက်မွေးဖို့ ငါ ၁၀ - လ အချိန်ယူခဲ့တယ်။ မွေးဖွားပြီး ၁၀ - နှစ်လောက် ငါပြုစုစောင့်ရှောက် ပျိုးထောင်ခဲ့ရတယ်။

(၈) အိမ်ထောင်သက် ၁၀-နှစ်မှာ ကလေးတစ်ယောက်မွေးပြီး နာမည်မှည့်ပေးဖို့ နင် ၁၀-မိနစ် အချိန်ယူခဲ့တယ်။

(၉) အိမ်ထောင်သက် ၁၀-နှစ်မှာ နင့်မိဘတွေနဲ့ ငါ သင့်မြတ်အောင် နေခဲ့တယ်။ နင့်မိဘတွေကို ငါ ဘယ်တော့မှ စကားကျယ်ကျယ်မပြောခဲ့ဖူးဘူး။

(၁၀) အိမ်ထောင်သက် ၁၀-နှစ်မှာ ငါ့ကိုချစ်တဲ့ နင့်မိဘတွေကို နင် လုံးဝခွင့်မလွှတ်နိုင်ခဲ့ဘူး။ အဖေ၊ အမေလို့လည်း နင် တစ်ခွန်းမှ မခေါ်ခဲ့ဖူးဘူး။ နင်ဆင်းရဲသားဘဝတုန်းက သူတို့ကိုခေါ်ရင်လည်း ပြန်မထူးမှာစိုးလို့ နင် မခေါ်ခဲ့သလို ချမ်းသာလာလည်း နင် သူတို့ကို အရေးလုပ်ပြီး မခေါ်ခဲ့ဘူး။ နင်လည်းနင့်သမီးကို ချမ်းသာတဲ့လူနဲ့ပဲ ရစေချင်တယ်မဟုတ်လား။

ငါရေးထားတဲ့ စာရင်းတွေကိုဖတ်ပြီး ငါ့ရှေ့မှာ ကွာရှင်းပေးပါလို့ ငါ့မျက်နှာကြည့်ပြီး နင်ပြောခဲ့ရင် ကွာရှင်းစာချုပ်မှာ အချိန်မရွေး ငါ လက်မှတ်ထိုးပေးမယ်။

ဒီလိုနဲ့ပဲ နင် ပြောလာမယ့်ရက်ကို ငါ တစ်နှစ်စောင့်ခဲ့တယ်။ ကွာရှင်းဖို့ နင် လုံးဝမဟတဲ့အပြင် အိမ်စောစောပြန်လာတတ်တယ်၊ အိမ်အလုပ် ကူလုပ်လာတယ်။ လုပ်ခဲ့မိတဲ့အမှားတွေအတွက် အပြစ်တွေကို နင် ပေးဆပ်နေတာလား၊ ဒါမှမဟုတ် စာနာစိတ်ရှိတဲ့လူတွေ ပိုများလာလို့ပဲလား။ ဒါကြောင့်ဒီလောကမှာ လူနေအိမ်တွေက ထောင်ထက် ပိုများလာခဲ့တယ်။

* * *

# ချမ်းသာသူကို ဘယ်လိုလက်ထပ်ယူရမလဲ

'ရုပ်ရည်ဟာ ခင်ဗျားရဲ့အရင်းအနှီးဆိုရင်
နောင် ၁၀-နှစ်မှာ ခင်ဗျား ဘာမှမရှိတော့ဘူး ...'

လှပချောမောတဲ့ မိန်းမပျိုတစ်ယောက် အမေရိကားရှိ စီးပွားရေးဖိုရမ်တစ်ခုမှာ "ကျွန်မ ဘယ်လိုလုပ်မှ ချမ်းသာတဲ့သူကို ရနိုင်မလဲ" လို့ ခေါင်းစဉ်တပ်ပြီး အောက်ပါအတိုင်း မေးခဲ့တယ်။

"အောက်စာတွေက ကျွန်မစိတ်ထဲက စကားတွေပါ။ ကျွန်မအသက် ၂၅-နှစ်၊ လှတကာငေးမောရလောက်အောင် လှတယ်၊ စကားပြော ယဉ်ကျေးတယ်၊ သိမ်မွေ့တယ်။ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၅-သိန်းဝင်ငွေရှိသူကို လက်ထပ်ယူချင်ပါတယ်၊ ကျွန်မကို လောဘကြီးတယ်လို့ လူတွေထင်ကြ

မယ်။ ဒါပေမယ့် နယူးယောက်လို နေရာမျိုးမှာ တစ်နှစ်ကို ဒေါ်လာ ၁၀ - သိန်း ရသူကတောင် အလယ်အလတ်တန်းစားဖြစ်တဲ့အတွက် ကျွန်မ တောင်းဆိုတာ မများဘူးလို့ထင်ပါတယ်။

ဒီဖိုရမ်မှာ တစ်နှစ် ၅ - သိန်းဝင်ငွေရှိတဲ့လူ မရှိဘူးလား။ သူတို့ လက်ထပ်ကုန်ပြီလား။ အားလုံးကို ကျွန်မ မေးခွန်းတစ်ခု မေးချင်ပါတယ်။ ကျွန်မ ဘယ်လိုလုပ်မှ ရှင်တို့လိုသူဌေးတွေကို ရနိုင်မလဲ။ ကျွန်မ ချိန်းတွေ့ဖူးတဲ့လူတွေထဲမှာ အချမ်းသာဆုံးက တစ်နှစ် ဝင်ငွေ ၂ - သိန်းခွဲရတဲ့လူတွေဖြစ်တယ်။ ဒါ ကျွန်မရဲ့ အနိမ့်ဆုံးကန့်သတ်ချက်ပေါ့။ နယူးယောက်မြို့လယ်မှာ နေဖို့ဆိုတာ တစ်နှစ်ဝင်ငွေ ၂ - သိန်းခွဲနဲ့ ဘယ်လိုမှ မလောက်နိုင်ပါဘူး။ ကျွန်မက တကယ်အကြံဉာဏ်လာတောင်းသူပါ။ ကျွန်မ ထပ်မေးချင်ပါတယ်။

(၁) သူဌေးလူလွတ်တွေ ဘယ်မှာ အချိန်ဖြုန်းကြသလဲ။
(အရက်ဘား၊ ဟိုတယ်၊ gym စတာတွေရဲ့ လိပ်စာအတိအကျကို သိချင်ပါတယ်)

(၂) ဘယ်အရွယ်သူဌေးတွေကို ကျွန်မ ပစ်ထားရမလဲ -

(၃) ဘာဖြစ်လို့ တချို့သူဌေးတွေရဲ့ ဇနီးမယားတွေက ရုပ်ရည်အသင့်အတင့်ပဲ ရှိကြတာလဲ။ ကျွန်မမြင်ဖူးတဲ့ တချို့မိန်းကလေးရဲ့ရုပ်ရည်က ရွက်ကြမ်းရေကျိုပဲ၊ ဘာဆွဲဆောင်မှုမှ မရှိကြဘူး။ ဒါပေမယ့် သူတို့ သူဌေးတွေကို လက်ထပ်နိုင်ခဲ့တယ်။ လူတကာငေးမောရတဲ့ အရမ်းလှ၊ အရမ်းချောတဲ့ မိန်းမတွေက ကံမကောင်းကြဘူး။





(၄) ဘယ်မိန်းကလေးမျိုးကို လက်ထပ်မယ်၊ ဘယ်မိန်းကလေးမျိုးကိုတော့ အပျော်တွဲမယ်လို့ ရှင်တို့ ဘယ်လိုသတ်မှတ်ကြသလဲ။ (အခု ကျွန်မရဲ့ ရည်ရွယ်ချက်က လက်ထပ်ဖို့ပါ) Bowers

သူ့အမေးကို နယူးယောက် Wall Street မှာ အလုပ်လုပ်နေသူ တစ်ဦးက အောက်ပါအတိုင်း ဖြေခဲ့တယ်။

"ချစ်လှစွာသော Bowers ရေးထားတဲ့စာအားလုံးကို ကျွန်တော် စိတ်ဝင်တစား ဖတ်ခဲ့ပါတယ်။ မိန်းကလေးအများကလည်း ခင်ဗျားလိုပဲ မေးချင်ကြမယ်ထင်ပါတယ်။ ခင်ဗျားရဲ့အမေးကို ရင်းနှီးမြှုပ်နှံသူ ရှုထောင့်ကနေ ကျွန်တော် ဖြေပါရစေ။ ကျွန်တော့်ရဲ့ နှစ်စဉ်ဝင်ငွေ ဒေါ်လာ ၅ - သိန်း ကျော်ပါတယ်။ ဒါကြောင့် လူတွေရဲ့အချိန်ကို ကျွန်တော် မဖြုန်းဘူးလို့ ယုံကြည်ပါတယ်။

စီးပွားရေးသမားတစ်ဦးရဲ့အမြင်ကနေကြည့်ရင် ခင်ဗျားနဲ့လက်ထပ်တာ အဆိုးဝါးဆုံး ရောင်းဝယ်မှုပဲဖြစ်တယ်။ အကြောင်းက ရှင်းရှင်းလေးပါ။ ကျွန်တော် ရှင်းပြပါရစေ။ ခင်ဗျားပြောတဲ့ စကားအရဆိုရင် ဒါဟာ "ရုပ်ရည်"နဲ့ "ငွေကြေး" လဲလှယ်မှုတစ်ခုပါပဲ။ တစ်ဖက်က ရုပ်ရည်ပေးမယ်။ တစ်ဖက်က ငွေကြေးပေးမယ်။ ဒါဟာ သင့်မြတ်တဲ့ လဲလှယ်မှုပေါ့။ ဒါပေမယ့် မပြောမဖြစ် ပြောစရာတစ်ခုရှိတယ်။ ခင်ဗျားရဲ့ရုပ်ရည်က ပျောက်ပျက်တတ်တယ်။ ငွေတွေက ဘာမှမလုပ်ဘဲနဲ့တော့ မပျောက်ပျက်သွားတတ်ဘူး။ ကျွန်တော့်ရဲ့ ဝင်ငွေက တစ်နှစ်ထက်တစ်နှစ် တိုးနေမှာပဲ။ ခင်ဗျားက တစ်နှစ်ထက်တစ်နှစ် လှပနိုင်မှာမဟုတ်ဘူး။

စီးပွားရေးပညာအရ ပြောရမယ်ဆိုရင် ကျွန်တော်က တန်ဖိုးတက်ပစ္စည်း၊ ခင်ဗျားက တန်ဖိုးကျပစ္စည်းဖြစ်တယ်။ ကျတာတောင်မှ အရှိန်အမြင့်နဲ့ ကျမယ့် ပစ္စည်းဖြစ်တယ်။ ခင်ဗျား အခု ၂၅ - နှစ် နောက်ထပ် ၅ - နှစ်မှာ ခင်ဗျား အခုလို လှပတဲ့ကိုယ်လုံး၊ မြင်သူငေးတဲ့ရုပ်ရည်က တစ်နှစ်ထက်တစ်နှစ် ဆုတ်လျော့လာမှာပဲ။ လှပတဲ့မျက်နှာက ဆုတ်လျော့တာ ပိုမြန်လိမ့်မယ်။ တကယ်လို့ ရုပ်ရည်ဟာ ခင်ဗျားရဲ့အရင်းအနှီးဆိုရင် နောင် ၁၀ - နှစ်မှာ ခင်ဗျား ဘာမှမရှိတော့ဘူး။

ကျွန်တော်တို့ Wall Street စကားအရ ပြောရမယ်ဆိုရင် ရောင်းဝယ်တဲ့ပစ္စည်းတိုင်းမှာ အနေအထားတစ်ခုတော့ ရှိတယ်၊ ခင်ဗျားနဲ့ဆိုရင်တော့ လဲလှယ်မှုအနေအထား (Trading Position) ပေါ့။ ဈေးကျတာနဲ့ ချက်ချင်း လက်လွှတ်လိုက်ရတယ်။ ကြာရှည်သိမ်းထားလို့ မဖြစ်ဘူး။ ဈေးကျမြန်တဲ့ ပစ္စည်းတစ်ခုကို လူတွေက အပိုင်ဝယ်မထားဘဲ ခဏတဖြုတ်သာ ဈေးငှားကြမှာပဲ။ တစ်နှစ်ဝင်ငွေ ၅ - သိန်းဝင်တဲ့လူတွေက လူတုံးလူအတွေတော့ မဟုတ်ကြဘူး။ ဒါကြောင့် ကျွန်တော်တို့ဟာ ခင်ဗျားကို ခဏတဖြုတ်ပဲ တွဲကြမယ်။ လက်ထပ်ဖို့အထိတော့ ရည်ရွယ်ကြမှာမဟုတ်ဘူး။ သူဌေးတွေကို ဘယ်လိုလက်ထပ်ယူရမလဲဆိုတဲ့ လျှို့ဝှက်ချက်ကို ပင်ပင်ပန်းပန်း ရှာမနေပါနဲ့လို့ ကျွန်တော် အကြံပေးပါရစေ။

ကိုယ့်ကိုယ်ကို တစ်နှစ်ဝင်ငွေ ၅ - သိန်းဝင်တဲ့လူဖြစ်အောင် ကြိုးစားတာက တုံးအတဲ့သူဌေးတစ်ယောက်ကို လက်ထပ်ယူတာထက်စာရင် ပိုမြတ်တယ်လို့ နောက်ဆုံးစကားတစ်ခွန်း ပါးလိုက်ပါတယ်။

* * *

# ယောကျ်ားများကြောက်သောမိန်းမ

'လမ်းခွဲစကားပြောခြင်းသည်
အခံရခက်သော ဝေဒနာတစ်ခုဖြစ်သည် ...'

ဘယ်လို မိန်းကလေးမျိုးကို ယောကျ်ားများ ကြောက်ကြပါသလဲ။ မိန်းကလေးတိုင်း (၁၀)မျိုးထဲတွင် တစ်မျိုးမက နှစ်မျိုးပါဝင်နေမည်မှာ ဧကန်မလွဲပင်။ သင်သည် ဘယ်လိုမိန်းကလေးမျိုးလဲ။ ကိုယ့်ကိုယ်ကို သုံးသပ်ဖူးပါသလား။

(၁) ညစ်ပတ်သော မိန်းမ

ညစ်ပတ်သောယောကျ်ားမှာ ချစ်သူရနိုင်သော်လည်း ညစ်ပတ်သော မိန်းကလေးကိုမူ နှာခေါင်းရှုံ့ချင်ကြသည်။ မသန့်ရှင်းသော မိန်းကလေးများ၏ အိပ်ခန်းမှာ အမှိုက်ပုံးများ ပေါက်ကွဲထားသလို ကျောချစရာမရှိအောင်

ရှုပ်ပွနေတတ်သည်၊ ပစ္စည်းတစ်ခုပျောက်လျှင် လွယ်လွယ်နှင့် ရှာလို့မရတော့ပေ။ ၎င်းကဲ့သို့သော မိန်းကလေးသည် အပြင်ထွက်လျှင် ရှုပ်ပွနေသော အိတ်ထဲမှ သော့ကို အလွယ်တကူ ရှာမတွေ့နိုင်တော့။ ဝတ်ထားသော အဝတ်အစားမှာလည်း အဝတ်လျှော်စက်ထဲက ယခုမှထုတ်လာသည့်အတိုင်းပင်။ ဝတ်ထားသော အနွေးထည်မှာလည်း ကြယ်သီးများပြုတ်၊ ချုပ်ရိုးများပြေနေတတ်သည်။ လက်သည်း၊ ခြေသည်းများလည်း ကျိုးများနှင့် မဲနေတတ်ပြီး ဆိုးထားသောလက်သည်းနီများလည်း ညီညာမှုမရှိပေ။ အဆိုးဆုံးမှာ စကားပြောဖို့ပါးစပ်ဟလိုက်သည်တွင် အာပုပ်နံ့ရနေတတ်သည်။ သွားများတွင်လည်း ဟင်းဖတ်များ ကပ်နေတတ်သည့်အပြင် နှုတ်ခမ်းနီများလည်း ပေကျံနေတတ်သည်၊

## (၂) အတင်းပြောသော မိန်းမ

BMW ကုမ္ပဏီမှထုတ်သော ကားများကို ယောကျ်ားများကြိုက်ကြသော်လည်း BMW (Big Mouth Women) မိန်းကလေးများကိုတော့ လန့်တတ်ကြသည်၊ တစ်အိမ်တက်ဆင်းဖြင့် အတင်းပြောနေရလျှင် ထမင်းမေ့ဟင်းမေ့သောသူ ဖြစ်သည်၊ တစ်ခါတရံ သူမပြောသော စကားများသည် အမှန်ဖြစ်ကြောင်း ယောကျ်ားလေးများကို သူမအား ထောက်ခံရန် မဲဆွယ်တတ်သေးသည်၊ တချို့ယောကျ်ားလေးများက မထောက်ခံလျှင် သူမသာ အမှန်ဖြစ်ကြောင်း ငြင်းချက်များထုတ်တတ်သေးသည်။ ထိုမိန်းကလေးမျိုးကို အိမ်ထောင်ပြုမိပါက ယောက္ခမနှင့် ချွေးမတို့၏ စစ်ပွဲစတင်ခြင်းပင် ဖြစ်သည်။ ၎င်းအပြင် ဆွေမျိုးသားချင်း သူငယ်ချင်းများကပါ စက်ကွင်းမလွတ်နိုင်တော့ချေ။ အတင်းပြောတတ်သော မမှန်မကန်စကားပြောတတ်သော မိန်းကလေးများကို ယောကျ်ားလေးများသာမက မိန်းကလေးများလည်း ဝေးဝေးရှောင်နိုင်ရမည်။ သူမ၏ မမှန်မကန်ပြောသော စကားလေပွေထဲတွင် ဝင်မပါမိအောင် သတိထားရမည်ဖြစ်သည်။

## (၃) စကားများသောမိန်းမ

ထိုမိန်းကလေးမျိုးသည် စကားပြောရာတွင် မိမိပြောချင်ရာ ဖွတ်ပြောတတ်သည်။ စဉ်းစားဆင်ခြင်မှု နည်းသည်၊ မပြောသင့်သော စကားကို အချိန်အခါမဟုတ် မပြောထိုက်သောလူကို ပြောတတ်သည်၊ ဆွေမျိုးသားချင်း သူငယ်ချင်းများကြားတွင် အထင်လွဲစရာဖြစ်အောင် ပြောခြင်း၊ သူတစ်ပါး သိက္ခာကျအောင် လေးစားမှုလျော့အောင်ပြောခြင်းများ ပြုလုပ်တတ်သည်။ ကိုယ့်ကိုယ်ကို သွက်လက်ချက်ချာသည်ဟု အထင်ကြီးနေတတ်သူဖြစ်သည်။

## (၄) ခိုင်းနှိုင်းဘတ်သော မိန်းမ

ထိုမိန်းကလေးမျိုးသည် စိတ်အနှောင့်အယှက်အပေးဆုံး မိန်းကလေးဖြစ်သည်။ ဘယ်အရာမဆို နှိုင်းယှဉ်နေတတ်သည်၊ တခြားမိန်းကလေး၏ ရည်းစား (သို့) ယောကျ်ားကို နှိုင်းယှဉ်ကြည့်ပြီး အသုံးမကျသော ယောကျ်ားဟူ၍ လက်ညှိုးထိုးပြီး ဆဲတတ်သောမိန်းကလေးမျိုးဖြစ်သည်၊ တကယ်တမ်းဆိုရလျှင် အသုံးဝင်သော ယောကျ်ားကို သူမ ရွေးသင့်ပြီး ထိုအသုံးမဝင်သော ရည်းစား (သို့)ယောကျ်ားအတွက် စိတ်မတိုနေသင့်ပေ။ တခြားသူနှင့်နှိုင်းယှဉ်ပြီး ဆဲနေစရာမလိုပေ။ မိမိရွေးယူထားသောကြောင့် မိမိကိုယ်သာ အပြစ်တင်ရမည်ဖြစ်သည်။ လူတိုင်းတွင် အရည်အချင်းတစ်ခုစီ ရှိတတ်ကြသည်။ ယောကျ်ားလေးတစ်ယောက် မိမိကိုယ်ကို ယုံကြည်မှု

နည်းသွားအောင် တခြားလူနှင့်နိုင်းနှိုင်းပြီး မဆဲသင့်ပေ။ ထိုယောကျ်ားလေးအတွက် ကံမကောင်းဆုံးအရာ အသုံးမကျဆုံးအရာမှာ ထိုမိန်းကလေးမျိုးကို ရွေးမိခြင်းပင်ဖြစ်သည်။

(၅) နှုတ်ကြမ်းသောမိန်းမ

စကားပြောကြမ်းသော မိန်းကလေးမျိုးသည် လုပ်ငန်းခွင်တွင်ဖြစ်စေ၊ ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ ဆက်ဆံရခက်သော မိန်းမဟု နာမည်ကြီးတတ်သည်။ ပစ္စည်းတစ်ခု သွားဝယ်သည်ဖြစ်စေ၊ အစားသွားစားသည်ဖြစ်စေ၊ ဆိုင်ဝန်ထမ်းနှင့် ရန်ဖြစ်ခဲ့ရမှ ကျေနပ်သော မိန်းကလေးမျိုးဖြစ်သည်။ ထိုမိန်းကလေးမျိုးနှင့် အတူအပြင်ထွက်မိလျှင် ရှက်လွန်း၍ မျက်နှာဝှက်ထားစရာမရှိအောင် ဖြစ်တတ်သောကြောင့် သူမနှင့်မရင်းနှီးသလို ဟန်ဆောင်ကာ ခပ်လှမ်းလှမ်းတွင် နေချင်ကြသည်။ ထစ်ခနဲဆို ရန်ဖြစ်ချင်သော နှုတ်ကြမ်းသော မိန်းကလေးမျိုးကို လက်ထပ်ပြီး မိဘနှင့်အတူ နေရမည့်ပုံရိပ်ကို မြင်ယောင်ဖူးပါသလား။ ထိုမိန်းကလေးမျိုးကို ရွေးချယ်မည့်အစား သူမလောက်အသုံးမဝင်သော၊ တုံးအသော၊ သာမန်ဖြစ်သော မိန်းကလေးမျိုးကိုသာ ယောကျ်ားလေးအများစုက ရွေးချယ်မည်ပင်။

(၆) သဝန်တိုလွယ်သောမိန်းမ

ထိုမိန်းကလေးမျိုးသည် မိမိကိုယ်ကို ယုံကြည်မှုနည်းသလို တစ်ပါးသူကိုလည်း မယုံကြည်သော မိန်းကလေးဖြစ်သည်။ ယောကျ်ားလေးအသက်ရှူမချောင်နိုင်လောက်အောင် ချုပ်ချယ်တတ်သော မိန်းကလေးမျိုးလည်းဖြစ်သည်။ သံသယစိတ်ဝင်လာလျှင် ရှင်းပြတာကို နားထောင်မနေ





တော့ သဝန်တိုစိတ်ကောက်ဖို့က ပထမပင်။ သူမ၏ရည်းစား (သို့)ယောကျ်ား၏သူငယ်ချင်းများကိုလည်း မိမိရည်းစားနှင့် အပေါင်းအသင်းမလုပ်ရန် ပြောတတ်သောကြောင့် သူငယ်ချင်းများက ထိုမိန်းမမျိုးနှင့် ပတ်သက်သော ယောကျ်ားလေးကိုပါ ရှောင်လာတတ်ကြသည်။ ထိုအခါ ယောကျ်ားလေးမှာ အကျဉ်းချထားသလို ခံစားရသော်လည်း မိန်းကလေးမှာမူ ပျော်ရွှင်နေတတ်သည်။ လူဆိုသည်မှာအဖွဲ့အစည်း၊အသိုင်းအဝန်းနှင့်နေသောအမျိုးဖြစ်သည်။ အသက်ရှူရန် နေရာလေးတစ်ခု ချန်မထားဘဲ ချုပ်ချယ်တတ်သော ထိုမိန်းကလေးမျိုးကို ယောကျ်ားလေးများက ရှောင်ချင်ကြသည်။

(၇) တုံးအသောမိန်းမ

အာလာဒင် ပုံပြင်ကို နားထောင်ဖူးကြပါသလား။ ထိုပုံပြင်ထဲက အာလာဒင်၏ တုံးအသောမိန်းမသည် မသိနားမလည်သည်ကို မမေးဘဲ ဆီမီးခွက်ကို ခွက်စုတ်ဟုအထင်ဖြင့် ရောင်းလိုက်ဖူးသည်။ ထိုမိန်းကလေးမျိုးသည် ဥစ္စာပစ္စည်းပေါ်တွင်ဖြစ်စေ၊ အတွေးအခေါ်ပိုင်းတွင်ဖြစ်စေ၊ အလွယ်တကူ အလိမ်မိတတ်သည်။ ယခုခေတ်တွင် ထိုကဲ့သို့ တုံးအသောမိန်းကလေးမျိုး နည်းပါးသွားပြီလား။ ထက်မြက်ပြီး တွေးခေါ်ဆင်ခြင်ဉာဏ်ရှိသော မိန်းကလေးမျိုးကို ယောကျ်ားလေးက လေးစားသော်လည်း တုံးအသော မိန်းကလေးမျိုးမှာမူ ယောကျ်ားလေးအတွက် ဆူးညှောင့်ခလုတ်တစ်ခုလိုပင်။ ယခုခေတ်မိန်းကလေးများသည် မိမိကိုယ်ကို ထက်မြက်မှု အပြည့်အဝနှင့် ယုံကြည်မှုရှိနေသင့်သည်။ သူတစ်ပါး ကြင်နာလာအောင် တုံးအဟန်ဆောင်မနေသင့်ပေ။ တုံးအတိုင်း အပြစ်မဲ့သည်မဟုတ်။ တုံးအလျှင် ဖယ်ထုတ်ခြင်းခံရမည်မှာ ဧကန်မလွဲပင်။

(၈) ငွေသုံးကြမ်းသော မိန်းမ

Shopping Machine ကဲ့သို့သော မိန်းကလေးမျိုးမှာ လိုအပ်သည်ဖြစ်စေ၊ မလိုအပ်သည်ဖြစ်စေ ပစ္စည်းအဝယ်ကြမ်းသောသူဖြစ်သည်။ ယောကျ်ားလေးအနည်းစုမှာ ထိုမိန်းကလေးမျိုးနှင့်ကြုံရန် မကြောက်ကြသော်လည်း အကောင်းမြင် အမြင့်ကြိုက်သော သူမအတွက် မိမိအိတ်ထဲမှ ငွေများအလဟဿ စီးဆင်းကုန်မည်ကို ကြောက်တတ်ကြသည်။ ဥစ္စာပစ္စည်း ထဲတွင်သာ နစ်မြောနေတတ်သော မိန်းကလေးမျိုးသည် အများအားဖြင့် စိတ်သဘောထား သေးသိမ်တတ်သည်။ တစ်ကိုယ်ကောင်းဆန်တတ်သည်။ စိတ်တိမ်းညွတ်လွယ်သည်။ လိုချင်သောပစ္စည်းရရန် မိမိကိုယ်ကို သစ္စာဖောက်ခြင်း၊ တန်ဖိုးမထားခြင်းများဖြင့် ရှုပ်ထွေးထဲတွင် နစ်နေတတ်ကြသည်။ မြင်သမျှ ဝယ်ယူတတ်သော မိန်းကလေးမျိုးနှင့် ဈေးသွားဝယ်ဖူးသော ယောကျ်ားလေးများမှာ ရင်ထဲတွင် နာကျင်နမြောသမျှကို ဖုံးကွယ်ရင်း ဒုတိယ အကြိမ် သွားရမည်ကို ခေါင်းခါကြမည်ပင်။

(၉) လမ်းခွဲစကားပြောလွယ်သော မိန်းမ

ဘာမဟုတ်သော ကိစ္စလေးတစ်ခုဖြင့် လမ်းခွဲဖို့ပြောတတ်သော ထိုမိန်းကလေးမျိုးသည် တကယ်စွာရခက်သော မိန်းကလေးမျိုးဖြစ်သည်။ လမ်းခွဲကြစို့ဟု အမြဲပြောတတ်သည်မှာ သူမ၏ အကျင့်တစ်ခုလို ဖြစ်နေသည်။ တကယ်တမ်း ယောကျ်ားလေးဘက်က လမ်းခွဲတော့မည်ဆိုလျှင် ငိုယိုပြီး လက်မခံတော့။ လမ်းခွဲစကားပြောခြင်းသည် အခံရခက်သော ဝေဒနာတစ်ခုဖြစ်သည်။ ပြောသူက အကျင့်တစ်ခုအနေဖြင့် ပြောသော်လည်း ခံရသူ





မှာ တစ်ခါပြောတိုင်း တစ်ခါ အသဲနှင့်အောင် ခံစားရတတ်သည်။ နှလုံးသားတွင် အမာရွတ်အထုံးများ ကျန်နေခဲ့တတ်သည်။ တကယ့်လမ်းခွဲတော့မည်ဆိုလျှင် တစ်ကြိမ်တည်းဆုံးဖြတ်၊ တစ်ခါတည်း လမ်းစဖျောက်လိုက်တာက ခံရပိုသက်သာဦးမည်။ လမ်းခွဲစကားဖြင့် တစ်ဖက်သားကို ခြိမ်းခြောက်နေသောသူသည် နုံအသောသူသာလျှင်ဖြစ်သည်။

(၁၀) ချွဲနွဲ့လွန်သော မိန်းမ

မိန်းကလေးတိုင်း ချွဲနွဲ့တတ်သည်မှာ သဘာဝပင်ဖြစ်သည်။ သို့သော် အချွဲနွဲ့လွန်သော မိန်းကလေးများမှာ လူအမြင်ကပ်စရာဖြစ်သည်။ ထိုမိန်းကလေးမျိုးသည် အမြဲတမ်း အချော့ခံချင်၊ လူတွေဂရုစိုက်နေတာကို ခံချင်နေသော မိန်းကလေးမျိုးဖြစ်သည်။ လူရှေ့တွင် စကားပြောလျှင် နှုတ်ခမ်းလေး မဟာချင်ဟာချင်နှင့် (ခေတ်စကားနှင့်ပြောရလျှင်ပဲများလွန်းနေခြင်းဖြစ်သည်။) လူကွယ်ရာတွင်မှ ဆန့်ကျင်ဖက်ဖြစ်နေတတ်သည်။ ယခုခေတ်မိန်းကလေးများသည် တစ်ဖက်သား သနားကြင်နာလာအောင် ညှာတာလာအောင် ဟန်ဆောင်ချွဲနွဲ့ပြီး အားနွဲ့မနေသင့်တော့ပေ။ ယောကျ်ားလေးတွေနှင့် တန်းတူမဟုတ်တောင် ယောကျ်ားလေးနီးနီး လုပ်နိုင်ကိုင်နိုင်စွမ်းရှိကြောင်းကို ပြသင့်သောအချိန်ပင်ဖြစ်သည်။

* * *

# ကျိန်စာသင့်မျက်နှာဖုံး

'ကြောက်စရာကောင်းတဲ့ မျက်နှာတစ်ခုက
သူ့ရှေ့မှာ ဘွားခနဲပေါ်လာတယ် ...'

ကစ်ခါက မကောင်ဆိုးဝါးတစ်ကောင်ရဲ့ မျက်နှာဖုံးတစ်ခု လမ်းတစ်နေရာမှာကျကျန်ခဲ့တယ်။ကျခဲ့တဲ့မျက်နှာဖုံးကိုကောင်မလေးတစ်ယောက်က ကောက်ယူကြည့်ပြီး မျက်နှာပေါ် တပ်လိုက်မိတယ်။ တပ်ကြည့်လိုက်တယ်ဆိုရင်ပဲ ကောင်မလေးဟာ ကျိန်စာမိသွားတဲ့အလား မျက်နှာဖုံးကို ပြန်ချွတ်မရဖြစ်ခဲ့တယ်။ ကောင်မလေးဟာ ကြောက်လန့်တကြား အိမ်ကိုအပြေးပြန်ပြီး မိခင်ကို ရှာခဲ့တယ်။ မိခင်က သူ့ကို မမှတ်မိတဲ့အပြင် ရွာကလူတွေနဲ့ပေါင်းပြီး သူ့ကို မကောင်းဆိုးဝါးအထင်နဲ့ ရွာပြင်ကို မောင်းထုတ်ခဲ့တယ်။

သနားစရာကောင်မလေးဟာ ရွာပြင်မှာ တစ်ယောက်တည်း ဝမ်းနည်းပက်လက် ငိုကြွေးနေခဲ့တယ်။ ကောင်မလေးကို မှတ်မိတယ်ဆိုလို့ ငယ်





ပေါင်းကစားဖော်ကစားဖက် ကောင်လေးတစ်ယောက်ပဲ ရှိခဲ့တယ်။ နောက်ဆုံးတော့ ကောင်လေးရဲ့အကူနဲ့ ကောင်မလေးကို လူတွေက အယုံအကြည်ရှိလာခဲ့တယ်။ နောက်ဆုံးမှာ ကောင်မလေးမျက်နှာပေါ်က မျက်နှာဖုံးကို ချွတ်လိုက်နိုင်ခဲ့တယ်။

× × ×

"မနက်ဖြန် ငါ့ကို လေယာဉ်ကွင်း လိုက်ပို့ဦးမလား" သူမနားနား သူတိုးတိုးလေး ကပ်မေးလိုက်တယ်။

"ဟင့်အင်း၊ ငါ ငိုမိမှာ" နှုတ်ခမ်းလေးစူပြီး ငိုမဲ့မဲ့ပြောတဲ့ သူမပုံစံက သူ့ကို ပိုအချစ်ပိုစေခဲ့တယ်။

သူနဲ့သူမက နှစ်ဖက်လူကြီး သဘောတူစေ့စပ်ထားတဲ့ ချစ်သူနှစ်ဦးဖြစ်တယ်။ အလုပ်ကိစ္စကြောင့် နိုင်ငံရပ်ခြားမှာ တစ်နှစ်ကြာ သူ သွားရောက်နေထိုင်ရတော့မယ်။ ဖြစ်နိုင်ရင် သူမကို သူနဲ့အတူ ခေါ်သွားချင်ပေမယ့် သူမမိဘတွေက ခွင့်မပြုခဲ့ဘူး။

"နင် ဟိုကိုရောက်ရင် ငါ့ကို လွမ်းနေနော်"

"နင်ကလွဲရင် ငါ ဘယ်သူ့ကိုမှ မလွမ်းဘူး"

"တကယ်နော်"

"အင်း...ကတိ"

သူမနာခေါင်းကို သူ ချစ်စနိုးလိမ်ဆွဲလိုက်တယ်။ အတားအဆီးမဲ့ မျက်ရည်တွေက နီရွှေနေတဲ့ သူမပါးပြင်ပေါ်အလိုက်မသိ စီးဆင်းလာခဲ့တယ်။ သူမကြောင့် ဒီအလုပ်ကို သူ လက်လွှတ်ဖို့ကြိုးစားခဲ့သေးတယ်။

"မငိုနဲ့နော်၊ နင့်အနား ငါ အမြန်ဆုံး ပြန်လာခဲ့မှာပါ၊ ပြီးရင် ငါတို့ လက်ထပ်ကြမယ်၊ အဲဒီနောက် ငါတို့ ဘယ်တော့မှ မခွဲတော့ဘူး"

"အင်း . . . ပါ" ငိုသံတစ်ဝက်နဲ့ စကားလုံးတချို့ သူမနှုတ်ခမ်းဖျားမှာ တစ်ဆို့နေခဲ့တယ်။

"နင်ငိုတော့ ငါ စိတ်မကောင်းဘူး၊ နင့်ကို ငါ အရမ်းချစ်တယ်"

"ငါလည်း နင့်ကို အရမ်းချစ်တယ်" ဒီတစ်သက် ဒီဘဝ သူမကိုပဲ သူ ချစ်ခဲ့တယ်။

သူ နိုင်ငံခြားထွက်ပြီး လအတန်ကြာမှာ ကြိုတင်တွက်ဆမထားတဲ့ ကံကြမ္မာဆိုးတစ်ခု သူမဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တယ်။ သူငယ်ချင်းနဲ့အတူ လျှောက်လည်တဲ့လမ်းမှာ သူမ မတော်တဆ ယာဉ်တိုက်မှုဖြစ်ပွားခဲ့တယ်။ အသက်ကို ကယ်တင်နိုင်ခဲ့ပေမယ့် သူမမျက်နှာတစ်ခုလုံး ရုပ်ရာမရှိအောင် ပျက်စီးခဲ့တယ်။ မအောင်မြင်တဲ့ခွဲစိတ်ကုသမှုမှာ မသပ်ရပ်တဲ့ ချုပ်ရိုးတွေကြောင့် သူမမျက်နှာ ပိုအကျည်းတန်ခဲ့ရတယ်။ လှပတဲ့မျက်နှာ တစ်ခု ပျောက်ဆုံးခဲ့ရလို့ နေ့နေ့ညည သူမ ငိုခဲ့တယ်။ မကောင်းဆိုးဝါးတစ်ကောင်လို မလှပတဲ့မျက်နှာနဲ့ အသက်ဆက်ရှင်ဖို့ ဝန်လေးခဲ့မိပေမယ့် သူငယ်ချင်းတွေရဲ့ အားပေးမှု၊ မိဘတွေရဲ့ဖေးမမှုအောက်မှာ ရှင်သန်ဖို့ သူမ ကြိုးစားခဲ့တယ်။

"သူ့ဆီ အီးလ်မေးပို့ ဆက်သွယ်မလား"

မျက်နှာပေါ်က ဒဏ်ရာတင်မက လူတွေနဲ့ မခေါ်မပြောရဲလောက်အောင် စိတ်ဓာတ်ကျအားငယ်ပြီး စိတ်ဒဏ်ရာပါရသွားတဲ့ သူမကို သူငယ်ချင်းတွေက အကြံပေးတယ်။ ကိုယ့်ရဲ့အချစ်ဆုံးကိုတောင် အဆက်အသွယ်မလုပ်ရဲလောက်အောင် သူမ ကြောက်နေမိတယ်။





"သူ အရမ်းစိတ်ပူနေတယ်၊ နင် ဘာတွေဖြစ်ခဲ့လဲဆိုတာကို သူ အရမ်းသိချင်နေတယ်"

"သူ့ကို ငါ အမှန်အတိုင်း ပြောရမလား၊ ဒီမျက်နှာနဲ့ သူ့ကို ငါ ဘယ်လိုသွားပြောမလဲ၊ အဖေအမေတို့ကတောင် ငါ့ကို လက်မခံနိုင်တော့တာ၊ သူ ဆိုရင် ပိုဆိုးမှာပေါ့။ သူနဲ့ငါ မျက်နှာချင်းမဆိုင်ရဲဘူး"

ပုံပျက်နေတဲ့မျက်နှာကို လက်နဲ့စမ်းရင်း အရူးတစ်ယောက်လို သူမ အော်ဟစ်မိတယ်။ အရင်လို မလှပတော့တဲ့ သူမကို သူ ခံစားနိုင်ဦးမလား။ သူ ချစ်နိုင်ဦးမလား။ သူ လက်ထပ်နိုင်ဦးမလား။ သူမ ဘာကိုမှ ဆက်မတွေးရဲခဲ့တော့ပါဘူး။

"ဒါဟာ နင့်အပေါ်ထားတဲ့ သူ့သဘောထားကို စမ်းသပ်မဲ့အချိန်ပေါ့"

သူငယ်ချင်းတွေရဲ့ တိုက်တွန်းစကားကြောင့် သူ့ကို သူမ ပြန်ဆက်သွယ်ဖြစ်ခဲ့တယ်။ ဖြစ်ပျက်ခဲ့သမျှအားလုံး သူ့ကို ပြောဖြစ်ပေမယ့် သူမရဲ့ လက်ရှိအခြေအနေကို မပြောရဲခဲ့ဘူး။

တစ်နှစ်ဆိုတဲ့အချိန်က မျက်စိတစ်မှိတ်အတွင်းမှာ မြန်မြန်ဆန်ဆန် ကျော်ဖြတ်ခဲ့တယ်။ သူပြန်လာမယ့်ရက် တစ်နေ့ထက်တစ်နေ့ နီးကပ်လာခဲ့တယ်။ သူပို့တဲ့စာမှာ သူပြန်လာပြီးနောက် သူတို့ရဲ့အနာဂတ်ကို ဘယ်လိုတည်ဆောက်မယ်၊ နှစ်ယောက်အတူ ဘယ်လိုခရီးဆက်မယ်ဆိုတာကို အားတက်သရော ရေးထားတယ်။ စာဖတ်ပြီး သူမအသဲ ကြွေခဲ့ရတယ်။ ကြောက်ရွံ့ထိတ်လန့်တဲ့စိတ်တွေက သူမရင်ထဲ အတိုင်းမသိ တိုးဝင်လာခဲ့တယ်။ သတ်မှတ်ထားတဲ့ နေ့ရက်မှာ သူငယ်ချင်းတွေနဲ့အတူ လေဆိပ်ကို သူမ ရောက်လာခဲ့တယ်။ ရင်ထဲမှာ အားငယ်စိတ်တွေ ပြည့်နှက်နေတယ်။ ကြောက်ရွံ့မှုတွေ

ကို သူမအနားမှာပဲ ရှိစေချင်ခဲ့တယ်။ သူမနားလည်အောင် သူ ရှင်းပြဖို့ကြိုးစား ပေမယ့် ဘာကိုမှ အယုံအကြည်မရှိနိုင်လောက်အောင် စိတ်ဒဏ်ရာတွေက ူမကို ဖိစီးနေခဲ့ပါပြီ။ တဖြည်းဖြည်း အကြောင်းမရှိ၊ အကြောင်းရှာပြီး သူမ ပါက်ကွဲလာတတ်တယ်။ အရူးတစ်ယောက်လို သူ့ရဲ့ အပြုအမူတိုင်းကို ံသယဝင်လာတတ်တယ်။ သူ့ရဲ့ခြေလှမ်းတိုင်းအတွက် သူမကို ဖြေရှင်းချက် တွ ပေးနေရတယ်။ သူမနားလည်အောင် ဖြေရှင်းခဲ့ပေည်း သူ့ကို သံသယ င်နေတုန်းပဲ။

ထပ်ခါတလဲလဲ ဖြစ်ပျက်ဖန်များလာတော့ အလုပ်ဖိအား၊ စိတ် အား၊ အဘက်ဘက်က ဖိအားနဲ့ သူမဆီက သံသယဖိအားတွေက သူ့ကို ဝါး မတတ် ခံစားလာမိတယ်။

"လက်စသတ်တော့ နင့်ရဲ့စိတ်ပါ အရုပ်ဆိုးအကျည်းတန်သွားပါ ား" မပြောရက်တဲ့စကားတစ်ခွန်းကိုပြောပြီး အိမ်ကနေ သူ ထွက်လာခဲ့ ယ်။ သူမ ရှုံးပွဲချငိုမိခဲ့တယ်။ ဒီလိုအဖြစ်မျိုး သူမ မဖြစ်ချင်ခဲ့ပေမယ့် သူ့ကို က်လွှတ်ဆုံးရှုံးမှာကို သူမ အရမ်းကြောက်ခဲ့မိတယ်။ သူမအနားမှာပဲ သူ့ကို င်းတင်းချည်နှောင်ထားချင်ခဲ့မိတယ်။ သူမရဲ့စိတ်နှလုံးတွေ လိုက်အကျည်း န်ခဲ့တဲ့ တရားခံဟာ အရင်လို မလှပတော့တဲ့ သူမမျက်နှာကြောင့်၊ အရုပ်ဆိုး တဲ့ မျက်နှာကြောင့်ဆိုတာ သူမ နားလည်လိုက်တယ်။

မှားယွင်းသွားတဲ့ အမှားအတွက် သူ့ကိုတောင်းပန်ဖို့ သူမ ဆုံးဖြတ် ိုက်တယ်။ ကုမ္ပဏီကို ဖုန်းလှမ်းဆက်တော့ သူ အစည်းအဝေးတက်နေ ယ်လို့ သိလိုက်ရတယ်။ လူကိုယ်တိုင် မျက်နှာချင်းဆိုင်ပြီးတောင်းပန်ဖို့ ုမ္ပဏီထိ သူ လိုက်လာခဲ့တယ်။ သူ ဒီနေ့ ရုံးမတက်ဘူးဆိုတဲ့ စကားတစ်ခွန်း





က သူမကို ကြိုနှင့်နေခဲ့တယ်။ သူ့ဟမ်းဖုန်းကိုဆက်တော့ စက်ပိတ်ထားပါ သည်ဆိုတဲ့အသံက သူမကို ခြောက်လှန့်နေသလိုပဲ။ သူမ ပိုကြောက်လာမိ တယ်။ သူ့မှာ တခြားကောင်မလေးများ ရှိနေပြီလား။ နဖူးကို တစ်ချက်တွန့်ပြီး သူမ တွေးလိုက်မိတယ်။ ပြီးတော့ အရူးတစ်ယောက်လို ခေါင်းခါပြီး ဒီလိုမယုံ သင့်တဲ့သံသယအတွေးတွေကြောင့် သူ စိတ်တိုသွားတာ။ ငါ ဒီလိုမတွေးသင့် ဘူးလို့ စဉ်းစားရင်း သံသယစိတ်ကို ဖိုးရိမ်စိတ်အဖြစ် ပြောင်းလဲကြည့်လိုက် တယ်။ သူ့ကို ယုံကြည်ရမယ်လို့ သူမကိုယ်သူမ သတိပေးလိုက်မိတယ်။

ကုမ္ပဏီကထွက်လာပြီး အိမ်အပြန်မှာ လမ်းဘေးက ကော်ဖီဆိုင် တစ်ဆိုင်ထဲ သူမအကြည့် ရောက်သွားခဲ့တယ်။ ဇာတ်တိုက်ထားသလိုပါပဲ။ သူနဲ့ တခြားကောင်မလေးတစ်ယောက် အတူထိုင်နေတာကို တွေ့လိုက်မိ တယ်။ သူမရဲ့ သံသယစိတ်တွေ အသက်ဝင်ခဲ့ပါလား။ ပြုံးရယ်နေတဲ့ သူတို့ နှစ်ယောက်ကို မုန်ပြတင်းဖြတ်ပြီး ထင်ထင်ရှားရှား သူမ တွေ့လိုက်ရတယ်။ လှပချောမောတဲ့ မျက်နှာပိုင်ရှင်ကောင်မလေးကြောင့် အရုပ်ဆိုးတဲ့သူမကို သူ ပစ်သွားခဲ့ပြီ။

မုန်းတယ်။ သူ့ကို မုန်းတယ်။ ပြုံးရယ်နေတဲ့ သူတို့နှစ်ယောက်ကို မျက်ရည်တသွင်သွင်နဲ့ သူမ ဆက်ရပ်ကြည့်နိုင်စွမ်း မရှိတော့ဘဲ အိမ်ကို အပြေးပြန်လာခဲ့မိတယ်။ နောက်ရက်မှာတော့ သူမဘက်ကလက်ထပ်မင်္ဂလာ ဖျက်သိမ်းလိုက်ကြောင်း သူ့ကို အကြောင်းကြားခဲ့တယ်။ သူ နားမလည်နိုင် အောင်ဖြစ်ပြီး သူမကိုရှင်းပြဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ နွေ၊ မိုး၊ ဆောင်း ပြောင်းသွားခဲ့ပါပြီ။ အကျည်းတန်တဲ့မျက်နှာနဲ့ ဘဝတစ်ခုကို သူမ ပင်ပင်ပန်းပန်း ဖြတ်ကျော်နေခဲ့ရတယ်။ ဒီမျက်နှာနဲ့ လူတွေရဲ့ တကယ့်စိတ်

ကို သူမအနားမှာပဲ ရှိစေချင်ခဲ့တယ်။ သူမနားလည်အောင် သူ ရှင်းပြဖို့ကြိုးစား ခဲ့ပေမယ့် ဘာကိုမှ အယုံအကြည်မရှိနိုင်လောက်အောင် စိတ်ဒဏ်ရာတွေက သူမကို ဖိစီးနေခဲ့ပါပြီ။ တဖြည်းဖြည်း အကြောင်းမရှိ၊ အကြောင်းရှာပြီး သူမ ပေါက်ကွဲလာတတ်တယ်။ အရူးတစ်ယောက်လို သူ့ရဲ့ အပြုအမူတိုင်းကို သံသယဝင်လာတတ်တယ်။ သူ့ရဲ့ခြေလှမ်းတိုင်းအတွက် သူမကို ဖြေရှင်းချက် တွေ ပေးနေရတယ်။ သူမနားလည်အောင် ဖြေရှင်းခဲ့လည်း သူ့ကို သံသယ ဝင်နေတုန်းပဲ။

ထပ်ခါတလဲလဲ ဖြစ်ပျက်ဖန်များလာတော့ အလုပ်ဖိအား၊ စိတ် ဖိအား၊ အဘက်ဘက်က ဖိအားနဲ့ သူမဆီက သံသယဖိအားတွေက သူ့ကို ဝါး မျိုမတတ် ခံစားလာမိတယ်။

"လက်စသတ်တော့ နင့်ရဲ့စိတ်ပါ အရုပ်ဆိုးအကျည်းတန်သွားပါ လား" မပြောရက်တဲ့စကားတစ်ခွန်းကိုပြောပြီး အိမ်ကနေ သူ ထွက်လာခဲ့ တယ်။ သူမ ချုံးပွဲချငိုမိခဲ့တယ်။ ဒီလိုအဖြစ်မျိုး သူမ မဖြစ်ချင်ခဲ့ပေမယ့် သူ့ကို လက်လွှတ်ဆုံးရှုံးမှာကို သူမ အရမ်းကြောက်ခဲ့မိတယ်။ သူမအနားမှာပဲ သူ့ကို တင်းတင်းချည်နှောင်ထားချင်ခဲ့မိတယ်။ သူမရဲ့စိတ်နှလုံးတွေ လိုက်အကျည်း တန်ခဲ့တဲ့ တရားခံဟာ အရင်လို မလှပတော့တဲ့ သူမမျက်နှာကြောင့်၊ အရုပ်ဆိုး ခဲ့တဲ့ မျက်နှာကြောင့်ဆိုတာ သူမ နားလည်လိုက်တယ်။

မှားယွင်းသွားတဲ့ အမှားအတွက် သူ့ကိုတောင်းပန်ဖို့ သူမ ဆုံးဖြတ် လိုက်တယ်။ ကုမ္ပဏီကို ဖုန်းလှမ်းဆက်တော့ သူ အစည်းအဝေးတက်နေ တယ်လို့ သိလိုက်ရတယ်။ လူကိုယ်တိုင် မျက်နှာချင်းဆိုင်ပြီးတောင်းပန်ဖို့ ကုမ္ပဏီထိ သူ လိုက်လာခဲ့တယ်။ သူ ဒီနေ့ ရုံးမတက်ဘူးဆိုတဲ့ စကားတစ်ခွန်း





က သူမကို ကြိုနှင့်နေခဲ့တယ်။ သူ့ဟမ်းဖုန်းကိုဆက်တော့ စက်ပိတ်ထားပါ သည်ဆိုတဲ့အသံက သူမကို ခြောက်လှန့်နေသလိုပဲ။ သူမ ပိုကြောက်လာမိ တယ်။ သူ့မှာ တခြားကောင်မလေးများ ရှိနေပြီလား။ နဖူးကို တစ်ချက်တွန့်ပြီး သူမ တွေးလိုက်မိတယ်။ ပြီးတော့ အရူးတစ်ယောက်လို ခေါင်းခါပြီး ဒီလိုမယုံ သင်္ကာသံသယအတွေးတွေကြောင့် သူ စိတ်တိုသွားတာ။ ငါ ဒီလိုမတွေးသင့် ဘူးလို့ စဉ်းစားရင်း သံသယစိတ်ကို စိုးရိမ်စိတ်အဖြစ် ပြောင်းလဲကြည့်လိုက် တယ်။ သူ့ကို ယုံကြည်ရမယ်လို့ သူမကိုယ်သူမ သတိပေးလိုက်မိတယ်။

ကုမ္ပဏီကထွက်လာပြီး အိမ်အပြန်မှာ လမ်းဘေးက ကော်ဖီဆိုင် တစ်ဆိုင်ထဲ သူမအကြည့် ရောက်သွားခဲ့တယ်။ ဖာတ်တိုက်ထားသလိုပါပဲ။ သူနဲ့ တခြားကောင်မလေးတစ်ယောက် အတူထိုင်နေတာကို တွေ့လိုက်မိ တယ်။ သူမရဲ့ သံသယစိတ်တွေ အသက်ဝင်ခဲ့ပါလား။ ပြုံးရယ်နေတဲ့ သူတို့ နှစ်ယောက်ကို မှန်ပြတင်းဖြတ်ပြီး ထင်ထင်ရှားရှား သူမ တွေ့လိုက်ရတယ်။ လှပချောမောတဲ့ မျက်နှာပိုင်ရှင်ကောင်မလေးကြောင့် အရုပ်ဆိုးတဲ့သူမကို သူ ပစ်သွားခဲ့ပြီ။

မုန်းတယ်။ သူ့ကို မုန်းတယ်။ ပြုံးရယ်နေတဲ့ သူတို့နှစ်ယောက်ကို မျက်ရည်တသွင်သွင်နဲ့ သူမ ဆက်ရပ်ကြည့်နိုင်စွမ်း မရှိတော့ဘဲ အိမ်ကို အပြေးပြန်လာခဲ့မိတယ်။နောက်ရက်မှာတော့သူမဘက်တလက်ထပ်မင်္ဂလာ ဖျက်သိမ်းလိုက်ကြောင်း သူ့ကို အကြောင်းကြားခဲ့တယ်။ သူ နားမလည်နိုင် အောင်ဖြစ်ပြီး သူမကိုရှင်းပြဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ နေ့၊ မိုး၊ ဆောင်း ပြောင်းသွားခဲ့ပါပြီ။ အကျည်းတန်တဲ့မျက်နှာနဲ့ ဘဝတစ်ခုကို သူမ ပင်ပင်ပန်းပန်း ဖြတ်ကျော်နေခဲ့ရတယ်။ ဒီမျက်နှာနဲ့ လူတွေရဲ့ တကယ့်စိတ်

ရင်း။ လူတွေရဲ့စစ်မှန်တဲ့မျက်နှာကို သူမ တွေ့ခွင့်ရခဲ့ရလို့ ထပ်မံခွဲစိတ်ကုသဖို့ သူငယ်ချင်းတွေ တိုက်တွန်းခဲ့ပေမယ့် သူမ ငြင်းဆန်ခဲ့မိတယ်။ ဒါပေမယ့် မိဘတွေပါ ခွဲစိတ်စေချင်တဲ့ဆန္ဒကြောင့် ကိုယ့်အတွက် နောက်ဆုံးအခွင့်အရေးအနေနဲ့ ခွဲစိတ်ဖို့ သူမ ဆုံးဖြတ်လိုက်တယ်။ ခွဲစိတ်နေတဲ့အတောအတွင်း သူ့ကို သူမ သတိရမိတယ်။ သူ့ကို အနားမှာရှိစေချင်ခဲ့တယ်။

နာမည်ကြီးခွဲစိတ်ဆရာဝန်က လုံးဝပျက်စီးနေတဲ့ သူမရဲ့မျက်နှာကို အသားအစားထိုးနည်းနဲ့ အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့တယ်။ ဓာတ်ပုံထဲက သူမနဂိုပုံအတိုင်း လှပတဲ့မျက်နှာကို သူမ ထပ်ပိုင်ဆိုင်ခွင့်ရခဲ့တယ်။ ဒီမျက်နှာပဲ သူမကို အမုန်းတွေပေးခဲ့တာ။ ဒီမျက်နှာပဲ သူမကို အပျော်တွေပေးခဲ့တာ။

× × ×

နာမည်ကြီးခွဲစိတ်ဆရာဝန်တစ်ဦးကို ကျေးဇူးတင်ဖို့ ကောင်လေးနဲ့ ကောင်မလေးတစ်ယောက် ဆေးရုံကို ရောက်လာခဲ့တယ်။ ဆေးရုံထောင့်ချိုးတစ်နေရာမှာ မျက်နှာပတ်တီးအဖွေးသားနဲ့ လူတစ်ယောက်ကို ကောင်မလေး တိုက်လိုက်မိတယ်။

"ဆောရီးပါနော်"

ပတ်တီးနဲ့လူက ကောင်မလေးကို တအံ့တသြကြည့်ပြီး...

ခပ်သုတ်သုတ်ထွက်သွားမယ်အလုပ်မှာ ကောင်မလေးက "ဒီဆေးရုံကဆရာဝန်တွေ အရမ်းတော်တယ်၊ ခွဲစိတ်ခံလိုက်ရင် ရှင့်မျက်နှာလည်း ကောင်းလာလိမ့်မယ် သိလား၊ ကြည့် ... ကျွန်မမျက်နှာလည်း ခွဲစိတ်ခဲ့တယ်လေ၊ မလှဘူးလား၊ ရှင် အားမငယ်နဲ့နော်"





"...."

ပတ်တီးမျက်နှာနဲ့လူ ဘာမှမပြောခင်မှာ ကောင်လေးက ကောင်မလေးကို...

"မြန်မြန်၊ မောင်တို့ သွားစရာရှိသေးတယ်" လို့ လောလိုက်တယ်။

ပြုံးပြုံးရွှင်ရွှင်နဲ့ထွက်သွားတဲ့ချစ်သူစုံတွဲကိုမျက်စိတစ်ဆုံးငေးကြည့်ရင်း ပတ်တီးမျက်နှာနဲ့လူ မျက်ရည်တွေကျမိတယ်။

"သူ့ကို ရှင် အရမ်းချစ်တာပဲလားဟင်၊ သူ့အတွက်နဲ့ ကိုယ့်မျက်နှာက အသားကိုတောင် ရှင် ဖြတ်လှူခဲ့တာတောင် ရှင့်ကို သူ လုံးဝမမှတ်မိခဲ့ဘူးနော်၊ လွန်ခဲ့တဲ့တစ်နှစ်ကတည်းက ဒီလိုခွဲစိတ်မှုလုပ်ဖို့ ကျွန်မနဲ့ တိုင်ပင်ခဲ့တယ်၊ အခု ရှင် ကျေနပ်ရဲ့လား" ရှင့်မျက်နှာ နဂိုအတိုင်းပြန်ဖြစ်လာဖို့ ကျွန်မ တာဝန်ယူပါတယ်"

"တော်ပါပြီ၊ ကျွန်တော့်ကို သူ မမှတ်မိလည်း ဘာမှမဖြစ်ပါဘူး၊ သူ ပျော်ရွှင်နေရင် ကျွန်တော် ကျေနပ်ပါပြီ၊ ဒီအကျည်းတန်တဲ့မျက်နှာနဲ့ပဲ ကျွန်တော် ရှင်သန်သွားပါရစေ"

ပါးပြင်ပေါ်က မျက်ရည်တွေနဲ့ ဆရာဝန်အပါးကနေ သူ တစ်လှမ်းချင်း ထွက်ခွာလာခဲ့တယ်။ ကောင်မလေးဆီက ကျန်ရစ်ခဲ့တဲ့ ကိုယ်သင်းနံ့ တချို့က သူ့ကို ပိုအထီးကျန်စေခဲ့တယ်။

× × ×

ကောင်မလေး သူ့ကို မှတ်မိနိုင်မလားလို့ သိချင်တဲ့စိတ်နဲ့ ကောင်မလေးမျက်နှာပေါ်က ချွတ်လိုက်တဲ့ မျက်နှာဖုံးကို ကောင်လေး တပ်ကြည့်

လိုက်မိတယ်။ ကောင်မလေးက သူ့ကို မမှတ်မိတဲ့အပြင် သူ့ကို မကောင်းဆိုးဝါးတစ်ကောင်လို့ ထင်မှတ်ပြီး ကြောက်လန့်တကြား ငိုယိုထွက်ပြေးသွားခဲ့တယ်။ နောက်ဆုံးမှာ ကျိန်စာသင့်မျက်နှာဖုံး တပ်ဆင်ထားတဲ့ ကောင်လေးတစ်ယောက် ဘဝကို တစ်ယောက်တည်း ဖြတ်ကျော်ခဲ့ရတယ်။

မူရင်း - http://www.youthwant.com.tw

လေးစားစွာဖြင့်

နိုင်းနိုင်းစနေ

*   *   *

## နိုင်းနိုင်းစနေ ရေးသားထုတ်ဝေပြီးသော စာအုပ်များ

၁။ အမေ့လက်ရေးစာစုများ
၂။ ပျော်ရွှင်ခြင်းရဲ့လျှို့ဝှက်အမှတ် အောင်မြင်သူရဲ့လမ်း
၃။ လင်းလက်တဲ့ချစ်မီးအိမ်
၄။ ဟိုတုန်းက အမှတ်တရနှင့် အခြားဝတ္ထုတိုများ
၅။ စမ်းချောင်းလေးရဲ့ခရီးစဉ် (စိတ်ခွန်အားဖြည့်စာစုများ)
၆။ ဥယျာဉ်ထဲက ပန်းတစ်ပွင့် (ဝတ္ထုတိုများ)
၇။ မေတ္တာတို့ပေါင်းစုရာ
၈။ ရတနာများနှင့် ဆက်သွယ်ခြင်း
၉။ သတ္တိရှိတဲ့ ပထမခြေလှမ်း
၁၀။ ကျွန်မဖတ်ဖို့
၁၁။ နှလုံးသားဝန်ဆောင်မှု
၁၂။ ၉၀ - ၁၀ နိယာမ
၁၃။ ကျွန်မဖတ်ဖို့ (၂)
၁၄။ လျှို့ဝှက်တဲ့ သန်းကြွယ်သူဌေး
၁၅။ ကျေးဇူးပြု၍ မေမေ့ကို ကြည့်ရှုစောင့်ရှောက်ပါ
၁၆။ နေရာ
၁၇။ ကျွန်မဖတ်ဖို့ (၃)
၁၈။ ထင်ရှားသူတို့ဘဝပုံပြင်
၁၉။ မျောလွင့်သွားတဲ့ရိုးသားဖြောင့်မတ်ခြင်းနှင့်အရှုံးကိုဝန်ခံတဲ့အရည်အချင်း

၂၀။ ကိုယ်ဟန်အမူအရာပြောင်းလဲခြင်းမှသည် အောင်မြင်ခြင်းဆီသို့
၂၁။ ရှင်ဘုရင်တစ်ပါးရဲ့ချစ်ပုံပြင်
၂၂။ ကျွန်မဖတ်ဖို့ (၄)
၂၃။ အင်္ဂါဆယ်ထည်သာ လိုသည်နှင့် မေမေနဲ့ သမီးရဲ့ကစားပွဲ
၂၄။ နှင်းဆီမြစ်နှင့် အခြားဝတ္ထုတိုများ
၂၅။ ကံကောင်းခြင်းတံခါးလာခေါက်တဲ့အခါ
၂၆။ ကျွန်မဖတ်ဖို့ (၅)
၂၇။ နေကြာပန်းလေးတစ်ပွင့်လိုပြုံးပါ
၂၈။ အမှတ်တရရက်စွဲလေးများ
၂၉။ ဒေါက်တာလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန်မှုခင်းများ